www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ညို့ချက်ပြင်းသော ချစ်ခြင်းဆီ

ရှင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
၁၂ွန်း(၁)လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (မြ ၁၀၀၉၈)
(ရွှေခြေသံ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၀၉၈၉၄

၈၉၅.၈၃
ရှင်မြတ်နိုး
ညို့ချက်ပြင်းသောချစ်ခြင်းဆီ/ရှင်မြတ်နိုး၊ ရန်ကုန်၊
ရဲအောင်စာပေ၊ ၂၀၁၂။
(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ညို့ချက်ပြင်းသောချစ်ခြင်းဆီ


အခန်း ( ၁ )

"ဟယ် ... တူယုဥ်မို ... ဒါ ... ဒါက ဘယ်လိုပုံစံကြီးဖြစ်လာတာလဲ ..." ကြည့်စမ်းပါဦးဟယ် ... နင့်ဆံပင်တွေ နင့်ဆံပင်တွေက"

အပတ်စဥ်ထုတ်နေကျ သတင်းဂျာနယ်စာစောင်လေး အေးအေးဆေးဆေးထိုင်ဖတ်နေတဲ့ သဝဏ်လွှာတစ်ယောက် အချစ်ရဆုံးသောသူငယ်ချင်းမလေးရဲ့ပုံစံလေးကိုကြည့်ပြီး အလန့်တကြားပင်ဖြစ်သွားရသည်။

"ဟင်း ... ဟင်း ... အရမ်းအံ့သြသွားပြီလားလွှာ ... ဒါက စတိုင်လ်သစ်လေ ... ဘယ်နှယ့်လဲ ... အိုကေတယ် မဟုတ်လား ဒီပုံစံဖြစ်အောင် မနည်းပြင်ထားရတာနော်၊ ဒီနေ့ကစပြီး [illegible] တို့ ငါရင်ဆိုင်တော့မှာလေ ... အဲဒီလိုရင်ဆိုင်နိုင်ဖို့အတွက် [illegible] ငါလုပ်ရမှာက ပန်းရောင်းတဲ့ကောင်မလေးပုံစံမဲ့လေလွှာ ... ဒါကြောင့် ... ဆံပင်ပုံစံကို စပြင်ထားတာ ... ဘယ်နှယ့်လဲ ..."

"ဒါဆို ... နင့်ဆံပင်တွေက တကယ်ညှပ်ဝစ်လိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အတုစွပ်ထားတာဟ … မဆိုးဘူး၊ နှင်တောင် ငါ့ကို တအံ့တသြဖြစ်သွားရင် ငါလုပ်တာသေသပ်သွားပြီပေါ့လေ … ဟုတ်လားလွှာ … "

"အင်း … တော်တော်လေးလက်ရာသေသပ်တယ် တူယှဉ်မှို နှင့်ကိုစမြင်မြင်လိုက်ခြင်း ဆံပင်တွေအတိုညှပ်ချလိုက်တယ်လို့တောင် ထင်မိတာ … ငါလန့်သွားတာပဲဟယ် … "

"ဟင်း … ဟင်း … မညှပ်ပါဘူးလွှာရယ် … "

"တူယှဉ်မှို … "

"ဘာလဲ … လွှာ"

"နှင်က … နှင်းဆီပန်းတွေ ဘယ်မှာသွားရောင်းမှာလဲ"

"ဟဲ့ … ဘယ်မှာသွားရောင်းရမှာလဲ … ဒေါ်မဟာစံပိုင်ဆိုင်တဲ့ စံတော်ဝင်ရတနာကုမ္ပဏီရှေ့မှာ သွားရောင်းမှာပေါ့လွှာရဲ့ … "

"ဖြစ်ပါ့မလားဟယ် … ပြဿနာတွေလည်းတက်နေဝဦးမယ် … နှင့်စိတ်ထဲ ထင်ကရာတွေ စွတ်လုပ်မနေနဲ့တူယှဉ်မှို … ငါ နှင့်ကို စိုးရိမ်တယ် … "

"ဟား … ဟား … ဘာလဲ … နှင်ကကြောက်နေတာလားလွှာ … "

"မဟုတ်ပါဘူး … တူယှဉ်မှိုရယ်၊ ငါက ဘာကိုကြောက်ရမှာလဲ၊ နှင့်အတွက်ပဲ စိတ်ပူလို့သတိပေးတာပါ၊ အဲဒီမိန်းမကြီးကိုမုန်းတဲ့စိတ်တစ်ခုတည်းနဲ့ ဘာမှမမြင်နိုင်လောက်အောင် နှင့်စိတ်တွေ





ထွက်ထွက်သွားမှာ စိုးလို့ပါ … "

"အေးပါ … လွှာရယ်၊ ငါသတိထားပါ့မယ် … "

"ဒါနဲ့ … နှင်က ဒီဆံပင်ပုံစံပြောင်းတာလေးနဲ့တင် ပြီးပြီလား တူယှဉ်မှို … ဒေါ်မဟာစံရဲ့ကုမ္ပဏီရှေ့မှာ ပန်းသွားရောင်းမယ့်ပုံစံက ဒါပဲလား၊ ဟင်း … ဟင်း … နှင့်ပုံစံက လမ်းဘေးနှင်းဆီပန်းလိုက်ရောင်းနေတဲ့ ကောင်မလေးပုံစံ လုံးဝမပေါက်ဘူးသိလား … လှပဖူးစင်နေတဲ့ နှင့်မျက်နှာလေးက ပန်းသည်မလေးဆိုတဲ့ စာတန်းနဲ့ နည်းနည်းလေးမှကို မအပ်စပ်ဘူး တူယှဉ်မှို … "

"မပြီးသေးဘူးလေ လွှာရဲ့ … ဆန္ဒတွေဘာဖြစ်လို့စောနေရတာလဲ … တစ်နှစ်တိတိအချိန်ပေးပြီး ကြိုးစားပမ်းစားသင်ယူခဲ့ရတဲ့ မိတ်ကပ်ဆံပင်သင်တန်းက အလကားမှမဟုတ်တာ၊ နှင်နောက်ထပ်နာရီဝက်ပဲစောင့် … ဟောဒီမှာ တွေ့လား … ငါဝယ်လာခဲ့တဲ့ မိတ်ကပ်အကောင်းစားဗူးတွေ၊ ဒါတွေနဲ့ ဆင်းရဲသားကောင်မလေးပုံစံဖြစ်အောင် ငါအသွင်ပြောင်းပြမယ်လွှာ … နှင်ခဏပဲ သည်းခံပြီးစောင့်ကြည့်ပေး … "

ပြောပြီး တူယှဉ်မှိုက အခန်းလေးထဲပြန်ဝင်သွားပြီး ဆန္ဒတွေ ပြင်းထန်နေတဲ့ တူယှဉ်မှို့အကြောင်းစဉ်းစားမိရင်း လေးကို လေးတွဲ့စွာပင် ခါယမ်းကာ သက်ပြင်းလေးသာ ကြိတ်ချမိပါတော့၏။ မတတ်နိုင်ဘူးလေ … ကံကြမ္မာက ဒီအတိုင်းဖန်လာတာကို။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် နာရီဝက်ပဲစောင့်ကြည့်လိုက်ဆိုသည့်အတိုင်းပင် နာရီဝက်ခန့်အကြာတွင် တူယှဉ်မှိုတစ်ယောက် အပြင်ဘက်သို့ ပြန်ထွက်လာပါသည်။

"ဘုရားရေ ... "

သဝဏ်လွှာ့မျက်လုံးတွေ မယုံကြည်နိုင်လောက်အောင်ပင် ပြူးကျယ်ဝိုင်းစက်သွားရပြီ။ အချိန်ခဏလေးအတွင်းမှာပဲ ပန်းသည်ကောင်မလေးပုံစံ အသွင်ပြောင်းသွားအောင်ကို တူယှဉ်မှိုက ရုပ်ဖျက်ပြလိုက်တာလေ။ ဝတ်ထားတဲ့အဝတ်အစားကအစ တကယ့်ကို ဆင်းရဲသားပုံစံအဟောင်းထည်လေးတွေနဲ့ ဆံပင်က ခပ်တိုတိုဂုတ်ဝဲလေး။

ဝင်းအိနေတဲ့အသားအရည်လေးကအစ ညိုညစ်ညစ်လေးနဲ့ နေလောင်ခံအသားလိုပါ။ မိတ်ကပ်အစွမ်းပကားကတော့ ရှယ်ပါပဲ။ သဝဏ်လွှာပင် လက်ဖျားခါသွားရပြီ။

"ဘယ်နှယ့်လဲ ... သဝဏ်လွှာ၊ ဒီလောက်အနေအထားဆိုရင် အဆင်ပြေပြီ မဟုတ်လား"

"အံ့သြစရာကောင်းလိုက်တာ ငါတောင် နင့်ကိုမမှတ်မိတော့ဘူး တူယှဉ်မှိုရယ် ... နင်တော်လိုက်တာဟာ၊ နင့်ရဲ့မိတ်ကပ်ပညာက တကယ့်ကို ပြောင်မြောက်တာပဲ၊ ငါတောင်အားကျသွားပြီ တူယှဉ်မှို၊ နင့်ကို ဒီပုံစံနဲ့လမ်းမှာတွေ့ရင် ငါလေ ဒါဟာ တူယှဉ်မှိုပါလားဆိုတာတောင် သိမှာမဟုတ်ဘူးသိလား ... နင်အရမ်းတော်တာပဲ တူယှဉ်မှိုရယ် ... "

"ဖြစ်ရမယ်လေ ... အဲဒီလိုပဲဖြစ်ရမှာပေါ့ တူယှဉ်မှိုပဲဟာ၊ ဟင်း ... ဟင်း ... "

တူယှဉ်မှိုတစ်ယောက် သူမရဲ့လှပဖူးစင်နေတဲ့ မျက်နှာလေးရယ်၊ ဝင်းနှစ်နေတဲ့ လည်တိုင်ကျော့ကျော့လေးရယ်၊ ဖြူဝင်းအိနေတဲ့ လက်မောင်းသားလေးတွေရယ်၊ ခြေသလုံးသားလေးတွေရယ်၊ ခြေဖမိုးလေးတွေရယ်၊ ခြေချောင်းလေးတွေကအစ ညိုညစ်ညစ်မိတ်ကပ်ရောင်တွေသုံးပြီး ကာလာပြောင်းပစ်လိုက်သည်။

အဝတ်အစားတွေကိုလည်း အဆင်အပြေဆုံးဖြစ်အောင် လဟာပြင်ဈေးထဲက အဟောင်းဆိုင်ကနေ စိတ်ကြိုက်ရွေးဝယ်လာခဲ့မိ၏။ ပထမဦးဆုံး အိမ်မှာအစမ်းပြင်ဆင်လိုက်တာပါ။

"တူယှဉ်မှို ... "

"ပြောလေ ... သဝဏ်လွှာ"

"နင့်ပုံစံကို အခုလိုမြင်ရတာ စိတ်ဆင်းရဲစရာတော့ တော်တော်လေးကောင်းတယ်သိလား။ တကယ့်ကို ဆင်းရဲတဲ့ပန်းသည်ကောင်မလေးရဲ့ဒီဇိုင်းအပြည့်ပဲ ... ဒါပေမယ့် အသားလေးတော့ ညိုညစ်နေပေမယ့် နင့်မျက်နှာလေးက အရမ်းကိုချစ်စရာကောင်းနေတာပါပဲတူယှဉ်မှိုရယ် ... ဝိုင်းစက်နေတဲ့ နင့်ရဲ့မျက်ဝန်းလေးတွေ ကော့ရွှန်းနေတဲ့ နင့်ရဲ့မျက်တောင်လေးတွေ ဝင်းလက်နေတဲ့နှာတံချွန်လေးတွေနဲ့ ပြည့်တင်းဖူးစင်နေတဲ့ နင့်ရဲ့နှုတ်ခမ်းလေးတွေက







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသားပေမယ့် သိပ်လှတဲ့ဆင်းရဲသူမလေးပုံစံကိုဖြစ်နေတာ သိလား။ ပြီးတော့ … နင်ပိုင်ဆိုင်ထားတဲ့ ခန္ဓာကိုယ်တောင့်တောင့် တင်းတင်းလေးကလဲ ဘယ်လိုအဝတ်အစားမျိုးကိုပဲ ဝတ်ထား ဝတ်ထား စွဲမက်စရာကိုကောင်းနေတာဟ … ”

“ဘာပဲပြောပြော … ငါ့ပုံစံလေးပြောင်းသွားတာကတော့ အမှန်ပဲ မဟုတ်လား သဝဏ်လွှာ … ”

“အင်း … ဟုတ်တယ် … တူယှဉ်မှီရဲ့နဂိုပုံစံကတော့ ပျောက်သွားပြီ … ဒါနဲ့ နင်က ဒီပုံစံနဲ့ နှင်းဆီပန်းရောင်းပြီး ဒေါ်မဟာစံဆိုတဲ့ ဘုန္ဓာဇီပိုင်ရှင်သူဌေးမကြီးကို ဘယ်လိုလက်စားချေမှာလဲဟင်၊ အဲဒါ — ငါသိချင်လို့မေးတာပါ … ”

“သူတို့ စိတ်ချောက်ချားနေအောင် လုပ်ချင်လို့ … ”

“ဘာ — ဘယ်လို … တူယှဉ်မှီ … ”

“ဟုတ်တယ် — လွှာ၊ သူ့စိတ်တွေ ချောက်ချားသွားအောင် လုပ်ချင်လို့လေ — အဲဒီမိန်းမကြီးက နှင်းဆီပန်းတွေကိုမြင်တိုင်း အမြဲသွေးလန့်တုန်လှုပ်နေတာတဲ့သူပဲ၊ ဒါကြောင့် … သူသိပ်မုန်းတီးကြောက်ရွံ့နေတာတဲ့ နှင်းဆီပန်းတွေနဲ့ သူ့စိတ်တွေမတည်ငြိမ်အောင် ဖန်တီးမှာ — ”

ပြောနေရင်းနဲ့ တူယှဉ်မှီရဲ့ရင်ထဲမှာ နာကျင်စူးရှသွားရသည်။

“သူ့ကုမ္ပဏီရှေ့ကိုသွားပြီး နှင်းဆီပန်းတွေကို အလကားပေးသလောက်ဈေးနဲ့ကို သွားရပ်ရောင်းမှာလွှာ … အဲဒါ … သူ့ကို လက်





စားချေဖို့ ငါရေးဆွဲထားတဲ့ အစီအစဉ်နံပါတ်တစ်ပဲ၊ အဲဒီအစီအစဉ်အတိုင်း မနက်ဖြန်ကစပြီး ငါစလှုပ်ရှားတော့မှာလေလွှာ — ”

“နေပါဦး တူယှဉ်မှီ … အဲဒီ စံတော်ဝင်ရတနာဘုန္ဓာဇီပိုင်ရှင် သူဌေးမကြီး ဒေါ်မဟာစံက ဘာကြောင့် နှင်းဆီပန်းတွေကိုမြင်တိုင်း သွေးပျက်မတတ် တုန်လှုပ်ချောက်ချားနေရတာလဲ၊ အဲဒါက — ဘာသဘောလဲ တူယှဉ်မှီ၊ ဘယ်လိုပတ်သက်ဆက်နွယ်နေလို့လဲဟင်”

“အဟင်း … ဟင်း … ပတ်သက်တာပေါ့လွှာရယ် … ”

တူယှဉ်မှီရဲ့နှုတ်ခမ်းလေးတွေက လှပစွာကွေးညွတ်သွားပြီး အပြုံးလေးတစ်ခုပေါ်လာသည်။ ထိုအပြုံးလေးထဲတွင်တော့ နာကျင်မှုတွေက အပြည့်နဲ့ပေါ့။

“အခုဆိုရင် ကုမ္ပဏီလုပ်ငန်းစီးပွားရေးပိုင်းမှာ ဒေါ်မဟာစံဆိုတဲ့ မိန်းမကြီးက အရမ်းကိုပဲအောင်မြင်ကျော်ကြားနေတာလေ၊ လူကလည်း အခုမှအသက်လေးဆယ်ကျော်ပဲ ရှိသေးတာဆိုတော့ အရမ်းကိုပဲ နုပျိုပြီးလန်းဆန်းနေတာပေါ့ဟာ၊ ဒီအသက်အရွယ်နဲ့ လုပ်ငန်းတွေအများကြီးလုပ်နေတဲ့ ဒေါ်မဟာစံရဲ့ ဂုဏ်သတင်းကျော်ဇောမှုက အံ့မခန်းပဲလေ၊ မဟာစံဆိုတဲ့ နာမည်နဲ့ထိုက်အောင် သိန်းချီတန်တဲ့ ချိတ်တွေကိုထည်လဲဝတ်ပြီး အလှူအတန်းတွေ ညည့်ခံပွဲတွေ၊ ဖက်ရှင်ရှိုးပွဲတွေ တက်တက်ကြွကြွ နှင်းခြင်း မဟုတ်လားလွှာ … ”

“အေး … ဟုတ်တယ်နော် တူယှဉ်မှီ၊ နင်ပြောသလို ငါသူ့ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ကိုမျက်လုံးထဲပြန်မြင်ယောင်လာမိတယ်၊ ရေရေလည်လည်လှတဲ့ အမျိုးသမီးပဲ တူယုဉ်မို့၊ လှတာထက် သူ့မျက်နှာနဲ့ကိုယ်နေဟန်က ကျက်သရေရှိတာဟ၊ မဟာစံတာသိလား၊ အောက်ကချိတ်ထမီနဲ့ အပေါ်က ပိုးပြောင်လေးတွေကို ဒီဇိုင်းလှလှလေးတွေ ချုပ်ဝတ်ထားတတ်တဲ့ သူ့ပုံစံက တကယ့်ကိုပြီးပြည့်စုံတဲ့အလှတရားတွေနဲ့ ပျော်ဝင်နေတဲ့ ပန်းချီကားတစ်ချပ်ကိုကြည့်ရသလိုပဲ၊ တကယ့်ကို အသက်ဝင်တယ် တူယုဉ်မို ... "

"အေး ... အဲဒါပဲပေါ့ ... ငါပြောချင်တာက အဲဒါပဲလွှာ၊ ဒီအရွယ်မှာတောင် ဒီလောက်လှရင် သူ့အသက်တစ်ဆယ့်ရှစ်နှစ်လောက်က ဘယ်လောက်ထိတောင် လှပကြွရှနေလိမ့်မလဲဆိုတာ နင်စဉ်းစားသာကြည့်တော့လွှာ ... "

"အင်းနော် ... နင်ပြောတာလဲဟုတ်တယ် တူယုဉ်မို ... ဒေါ်မဟာစံတော်တော်လေး လှခဲ့မှာပဲ ... "

"အေး ... အဲဒီလောက်သိပ်လှတဲ့ဒေါ်မဟာစံက အဲဒီတစ်ဆယ့်ရှစ်နှစ်အရွယ်တုန်းက အရမ်းကိုဆင်းရဲတဲ့မိန်းကလေးတစ်ယောက်ဖြစ်ခဲ့တာလေ၊ မနီမိုး ထရံကာ ဝါးကြမ်းလေးကိုခင်းထားတဲ့ အိမ်လေးထဲမှာ အဖေက အရက်သမား၊ အမေကလမ်းဘေးဈေးသည် နေခဲ့တာက ဆင်ခြေဖုံးမြို့သစ်လေးမှာလေ ... "

"အို ... "

တူယုဉ်မို့စကားကြောင့် သဝဏ်လွှာမှာ အံ့ဩမယုံကြည်နိုင်





သလိုဖြစ်ခဲ့ရပြီ။

"နင်အရမ်းအံ့ဩသွားတယ်မဟုတ်လားလွှာ ... "

"ဟုတ်တယ် ... တူယုဉ်မို၊ အခုချိန်မှာ စီးပွားရေးလောကမှာ အအောင်မြင်ဆုံးဖြစ်နေတဲ့ ဒေါ်မဟာစံဟာ လွန်ခဲ့တဲ့တစ်ဆယ့်ရှစ်နှစ်သမီးအရွယ်လောက်က အရမ်းဆင်းရဲခဲ့တာဆိုတော့ နှစ်နှစ်ဆယ်ကျော်အတွင်း ဘာတွေများလုပ်ခဲ့လို့ ဒီလောက်တောင် ကျိုကျိုတက် လက်ညှိုးထိုးမလွဲတဲ့ စည်းစိမ်ချမ်းသာမှုတွေနဲ့ ပြည့်စုံသွားရတာလဲ တူယုဉ်မို ... "

"အဲဒါပဲ လွှာ ... အဓိကသော့ချက်က အဲဒါပဲလေ ... တစ်ဆယ့်ရှစ်နှစ်အရွယ် ပန်းသည်မလေး မဟာစံက ... အရမ်းကို ကြွယ်ဝချမ်းသာသွားရတဲ့အချက်ကို ငါပြောပြမယ် ... "

"ဘာရယ် ... ဘယ် ... ဘယ်လို တူယုဉ်မို ... ပန်းသည်မလေး မဟာစံ ... ဟုတ်လား ... "

"အဲဒီအချိန်တုန်းက ဒေါ်မဟာစံက နှင်းဆီပန်းတွေရောင်းတဲ့ ပန်းသည်မလေးလေလွှာ ... "

"အို ... နှင်းဆီပန်းရောင်းတယ် ... "

အမှတ်မထင်ဘဲ ကြားလိုက်ရတဲ့စကားကြောင့် သဝဏ်လွှာ့ မျက်လုံးလေးတွေပင် ပြူးဝိုင်းလို့။

"ဟင်း ... ဟင်း ... နှင်းဆီပန်းပွင့်လေးတွေနဲ့ သူ့ရှားအိမ်ထောင်ရေးကိုဖျက်ဆီးပြီး ကျိုကျိုတက်ချမ်းသာသွားတဲ့ ဒေါ်မဟာစံ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရက်စက်တဲ့လှည့်စားမှု ... ဒါကို အကောင်းဆုံးလက်စားပြန်ချေနိုင်ဖို့ ပန်းရောင်းတဲ့ကောင်မလေးပုံစံ ငါပြန်လုပ်ထားတာ၊ နှင်းဆီပန်းပွင့်လေးတွေကို မြင်တိုင်း သူ့လိပ်ပြာသူမလုံလို့ အဝေးကနေရှောင်နေတဲ့ ဒေါ်မဟာစံရှေ့ကို ငါကိုယ်တိုင် နှင်းဆီပန်းလေးတွေရောက်အောင်ကိုပို့ဖို့ ဆုံးဖြတ်ထားတာလေ ... နှင်းဆီပန်းကိုမြင်ရင် တစ္ဆေအခြောက်ခံနေရသလို သွေးလန့်တုန်လှုပ်နေတတ်တဲ့ ဒေါ်မဟာစံဆိုတဲ့ မိန်းမကြီးဆီ နှင်းဆီပန်းတွေပို့ဖို့ပဲ ငါဆုံးဖြတ်ခဲ့တာ — "

"ငါသဘောပေါက်ပြီ တူယှဉ်မှီ ... "

"အဲ့ ... ဒေါ်မဟာစံ ဖျက်ဆီးဒုက္ခပေးခဲ့တဲ့သူတွေကရော တူယှဉ်မှီ — ဘယ်သူတွေလဲဟင် ... ငါသိခွင့်ရှိလားတူယှဉ်မှီ သိချင်လို့မေးတာသက်သက်ပဲနော် ... နင်အခက်အခဲဖြစ်တယ်ဆိုလည်း မပြောပါနဲ့တူယှဉ်မှီ ... ရပါတယ် ... "

တူယှဉ်မှီအသံလေး တိတ်ဆိတ်သွားသည်။ ပင့်သက်လေးကို ချလိုက်မိ၏။ သဝဏ်လွှာဆိုတာ တစ်ခြားသူမှမဟုတ်တာ။ တူယှဉ်မှီရဲ့ အခင်မင်ရဆုံးသူငယ်ချင်းမလေးပဲလေ။ နယ်ကနေရန်ကုန်ကို တက်လာနိုင်တာ သဝဏ်လွှာကျေးဇူးပါပဲ။ သဝဏ်လွှာအဒေါ် ပိုင်ဆိုင်တဲ့တိုက်ခန်းမှာနေပြီး အလှပြင်သင်တန်းကို သင်ခဲ့ရသည်။ သဝဏ်လွှာက ပညာရေးနဲ့ပတ်သက်တဲ့ အပြင်သင်တန်းတွေ တက်သလို တူယှဉ်မှီကတော့ အလှပြင်သင်တန်းကို အကျွမ်း





ကျွင်ဆုံးဖြစ်အောင်ကို သင်ခဲ့တာပဲလေ။

ခုတော့ ...

တူယှဉ်မှီက ရန်ကုန်မှာတိုက်ခန်းတစ်ခန်း ဝယ်လိုက်ပြီ။ သဝဏ်လွှာနဲ့ပဲ အတူတူနေကြ၏။ စီးပွားရေးလုပ်ငန်းအနေနှင့်ပဲ တူယှဉ်မှီအလှပြင်ဆိုင်ကြီးတွေ သုံးဆိုင်လောက်ဖွင့်ထားသေးသည်။

"သဝဏ်လွှာ ... "

ဟင် ... "

ဒေါ်မဟာစံ ရက်ရက်စက်စက် ဒုက္ခပေးသွားတာ ငါအန်တီကို့ လင်မယားကိုလေ ... "

"အို ... "

သဝဏ်လွှာတစ်ယောက် ပါးစပ်အဟောင်းသားကလေးကို ဖြစ်သွားရတော့တာပါပဲ။

တူယှဉ်မှီရဲ့အန်တီလေးတို့ လင်မယားကိုတဲ့လေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"နှင်းဆီပန်းတွေရမယ်နော် ... "

"နှင်းဆီပန်းတွေရမယ် ... တစ်ပွင့်မှနှစ်ဆယ်တည်းပါ"

"လျှော့ဈေး ... လျှော့ဈေး ... "

ဝန်းသည်ကောင်မလေးရဲ့ အော်သံလေးကြောင့် စံတော်ဝင်ရထားနားကုမ္ပဏီထဲမှ ဝန်ထမ်းကောင်မလေးတွေရော ကောင်လေးတွေပါ အပြင်ဘက်ကအော်သံစူးစူးလေးဆီ အာရုံတွေစုဝေးကျရောက်နေကြ၏။

"တန်လိုက်တာဟယ် ... နှစ်ဆယ်ဆိုပဲ ... ကြည့်စမ်း"

"အေးလေ ... ဟုတ်ပ ... တန်လိုက်တာ သွားကြည့်ရအောင်"

"ထူးဆန်းလိုက်တာ ... အရင်က ဒီနှင်းဆီပန်းသည်လေးကို ဒီနေရာမှာ လာရောင်းတာတစ်ခါမှ မတွေ့ဖူးပါဘူး"

"ကုမ္ပဏီရှေ့မှာ လာအော်ပြီးရောင်းနေတာဟဲ့ ... "





"မဆိုးဘူးနော် ကောင်မလေးက ချောချောလေး မျက်နှာသေးသေး ချစ်စရာကောင်းလိုက်တာ ... "

ကုမ္ပဏီထဲမှာတစ်ယောက်တစ်ပေါက် ပြောဆိုသံတွေနှယ် ကူယှဉ်မှီကတော့ နည်းနည်းလေးမှကို ဂရုမစိုက်။

နှင်းဆီပန်းလေးတွေကို စူးဆူးမှာစိုးလို့ အင်ဖက်ကလေးနဲ့သေချာပတ်ကာ ပန်းစည်းကိုရင်မှာပွေ့ပြီး မတ်တတ်လေးရပ်ကာ အသံကျယ်ကျယ်နှင့်ပင် အော်ရောင်းနေမိသည်။

ဆင်းရဲသားပန်းသည်ကောင်မလေးရဲ့ စတိုင်လ်အပြည့်နဲ့ပါ။ ဝတ်ထားတဲ့အင်္ကျီလေးက အဟောင်းအနွမ်းလေး၊ ထမိလေးဆိုရင်လည်း ဆေးရောင်ဖျော့ပြီး ညိုးညိုးမှိန်မှိန်လေးဖြစ်နေတာလေ။

သို့သော် ...

သူမကလေးရဲ့မျက်နှာလေးကတော့ ပျော်ရွှင်လန်းဆန်းလို့နေ၏။ တက်ကြွနေတဲ့ ဟန်ကလေးကလည်း အထင်းသားကလေးကို ပေါ်လွင်နေသည်။

"နှင်းဆီပန်းတွေ ရမယ်နော် ... "

"နှင်းဆီပန်းတွေရမယ် ... "

"တစ်ပွင့်မှ နှစ်ဆယ်တည်းပဲ ... လျှော့ဈေး ... လျှော့ဈေး"

ကူယှဉ်မှီ ရင်ခုန်သံလေးတွေမြန်နေရသည်။ [illegible]ရဲ့ အရိပ်အခြည်ကို သူမစောင့်ကြည့်နေတာလေ။ ခုချိန်ထိ [illegible] မတွေ့ရသေးချေ။



www.burmeseclassic.com

www.burmeseclassic.com

"ဟိတ် … ဟိတ် ကောင်မလေး … မင်းဘာဖြစ်လို့ ဒီနေရာ ခုလာရောင်းနေတာလဲ … သွား … သွား … တစ်ခြားနေရာမှာ သွားရောင်း … ဒီကုမ္ပဏီပိုင်ရှင် ဒေါ်မဟာစံက နှင်းဆီပန်းဆို သိပ်မုန်းတာ၊ သူတွေ့ရင် ပြဿနာတက်လိမ့်မယ် ကောင်မလေး … "

"ဟာ … ဘာဆိုင်လို့လဲ … ဦးလေးရဲ့၊ သူမုန်းတာနဲ့ပဲ ဈေးမရောင်းရတော့ဘူးလား၊ ဒီနေရာလေးက လူသွားလူလာများနေလို့ ရောင်းတာပါ … "

ကားပါကင်နေရာချပေးတဲ့ အစောင့်ဝန်ထမ်းဦးလေးကြီးက တူယှဉ်မှိုကိုလာတားဆီးသည်။ သူ့မျက်နှာမှာလဲ စိုးရိမ်ပူပန်နေရိပ်တွေက အထင်းသားနဲ့။ တူယှဉ်မှိုကတော့ အေးဆေးပါပဲ။ ကုမ္ပဏီရှေ့မှာ ဈေးရောင်းစားနေတာ သူမတစ်ယောက်တည်းမှမဟုတ်တာ။ ဟိုဘက်မှာဆို စာစောင်ဂျာနယ်တွေရောင်းတဲ့သူရှိတယ်။ မုန့်ပန်းလေးတွေ ချရောင်းနေတဲ့ ဈေးသည်ရှိတယ်။ ကုမ္ပဏီအရှေ့ မျက်နှာစာနဲ့လွတ်တယ်ဆိုပေမယ့် သူတို့က ဆိုင်ခုံနဲ့ရောင်းတာလေ။ သူမက လက်ပွေ့ရောင်းတဲ့သူ။ ဘာမှလာပြောလို့မရဘူး။

"မဖြစ်လို့ပါ ကောင်မလေးရယ် … မင်းကိုစေတနာနဲ့ပြောတာ မင်းဒုက္ခရောက်မှာစိုးလို့ ဦးလေးတို့ကုမ္ပဏီပိုင်ရှင်က နှင်းဆီပန်းတွေကိုအရမ်းမုန်းတာ … အခု မင်းရင်ခွင်ထဲမှာပိုက်ထားတာက နှင်းဆီပွင့်လေးတွေလေ … တစ်ခြားပစ္စည်းရောင်းတာဆိုရင် ဦးမကန့်ကွက်ပါဘူး … ဥပမာ ခပါယ်ကုံးလေးတွေ လက်ပွေ့ရောင်း





…ချိုးပေါ့ … အခု မင်းရောင်းနေတာက ဒေါ်မဟာစံအရမ်းမုန်းတဲ့ နှင်းဆီပန်းတွေဖြစ်နေလို့လေ … ဒါကြောင့် မင်းကိုပြောတာပါ။ ဒေါ်မဟာစံ သိပ်မကြာခင် ကုမ္ပဏီကိုရောက်လာတော့မှာ ကောင်မလေး … သူမလာခင် မင်းထွက်သွားတာ အကောင်းဆုံးပဲ … "

"ဒေါ်မဟာစံ … ဟုတ်လား … "

"ဟုတ်တယ် … ဒီစံတော်ဝင်ရတနာကုမ္ပဏီပိုင်ရှင်သူဌေးမကြီးပဲ … "

"ရပါတယ် … သူမုန်းလို့မဝယ်ချင်လဲ မဝယ်နဲ့ပေါ့ … ကျွန်မ တခြားလူတွေကို ရောင်းမယ် … "

"ကျွတ် … "

တူယှဉ်မှိုရဲ့စကားလေးကြောင့် ဝန်ထမ်းလူကြီးက … စိတ်ချက် စုပ်သပ်လိုက်သည်။

"ဟာ … မင်း … မင်းကွာ … တော်တော်ပြောရခက်တာပဲ … "

ဟင် …

ဝန်ထမ်းဦးလေးကြီးရဲ့ မျက်လုံးတွေပြူးကာ ပြောလက်စ စကားလဲ တစ်ဝက်တစ်ပျက်နဲ့ ရပ်သွားပြီ။ နောက်ဆုံးပေါ် …ဘင်းစားကား အနက်ရောင်ကြီးတစ်စီးက သူမတို့ရပ်နေတဲ့ နေရာလေးရဲ့ဘေးနားမှာကပ်ပြီး ခေါင်းထိုးရပ်သွားတာလေ။ သိလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ … ဒေါ်မဟာစံရဲ့ကား။

တူယုဉ်မို့နှုတ်ခမ်းလေးတွေ တွန့်ခနဲ ပြုံးသွား၏။ တွေ့ချင်နေတာလေ။ သူမ အရမ်းတွေ့ချင်နေတာပါ။

ဝန်ထမ်းလူကြီး သူမဆီမှာ အာရုံမထားနိုင်တော့။ ထိုးရပ်သွားတဲ့ကားကြီးဆီ အပြေးတစ်ပိုင်းသွားပြီး ကားတံခါးကို ဖွင့်ပေးနေတာလေ။

တူယုဉ်မိုမျက်နှာကို ကားကြီးဆီတည့်တည့်ကြည့်လိုက်ပြီး ပါးစပ်ကနေ မနားတမ်းအော်လိုက်တာက …

"နှင်းဆီလေးတွေ ရမယ်နော် … "

"နှင်းဆီလေးတွေ … "

"ဟော့ဒီမှာ … တစ်ပွင့်ကိုမှ နှစ်ဆယ်တည်းပဲ လျှော့ဈေးနဲ့ရောင်းတာနော် … ဘယ်သူမှ မရောင်းနိုင်တဲ့ဈေးနဲ့ကို ရောင်းနေတာ၊ ဝယ်ထားကြ … ဝယ်ထားကြ … နှင်းဆီလေးတွေရမယ်"

ဒိုး …

ဆောင့်ကြီးအောင့်ကြီး ပြန်ပိတ်လိုက်တဲ့ ကားတံခါးသံကကျယ်ကျယ်လောင်လောင်။ ပြီးနောက် … ခွာမြင့်ဒေါက်ဖိနပ်သံနဲ့အတူ သူမရှိနေတဲ့နေရာလေးဆီ လျှောက်လာတာက ဒေါ်မဟာစံ။

တူယုဉ်မိုက ဒါကိုမသိချင်ဟန်ပဲဆောင်လိုက်ပြီး တစ်ဖက်သို့မျက်နှာလေးလှည့်လိုက်ပြီး …

"နှင်းဆီပန်းတွေနော် … နှင်းဆီပန်းတွေရမယ် … "





"တစ်ပွင့်မှ နှစ်ဆယ်တည်း … "

"နှင်းဆီပန်းတွေရမယ် … "

"ဟော့ … ဟော့ … ဒီမှာ … ဒီမှာကွ … "

သူမနောက်ကျောဘက်ဆီမှ ခေါ်သံစူးစူးလေးကြောင့် ခေါင်းငုံ့ကြည့်လိုက်တော့ အားပါးပါး … ဒေါ်မဟာစံပါလား။ ကြည့်စမ်းပါဦး … အသက်လေးဆယ်ကျော် ငါးဆယ်နီးပါးတောင်ရှိနေတဲ့ အမျိုးသမီးတစ်ယောက်ဆိုတာ ကျိန်ဆိုပြရင်တောင် ယုံမှာမဟုတ်သည်။

ကုမ္ပဏီပိုင်ရှင်သူဌေးမကြီးဆိုတဲ့ အရှိန်အဝါနဲ့ ကိုက်ညီလောက်အောင် မျက်နှာထားက တင်းတင်းလေးမော့ချီနေ၏။ ဆံပင်အတိုင်း သိန်းချီတန်တဲ့ ချိတ်ကိုပိုးပြောင်အကျီနှင့် ချပ်ချပ်ရပ်ရပ်လေးဝတ်ဆင်ထားပြီး ပလက်တီနမ်နဲ့စိန်ရောကွပ်ထားတဲ့ ဘယက်ကို မျက်စိကြိမ်းလောက်အောင်ပင် ဆင်မြန်းထားပါသည်။ လက်မှာလည်း စိန်ကိုပလက်တီနမ်နဲ့ ခတ်ထားတဲ့ စိန်လက်ကောက်၊ စိန်လက်စွပ်တွေက မြင်ရသူအဖို့ ကြက်သီးမွေးညှင်းထလောက်စရာ အံ့သြငေးမောယူရလောက်စရာ ကောင်းအောင်ဝတ်ဆင်ထားသည်။

ချမ်းသာနေလိုက်တာ။

သူများပိုက်ဆံတွေနဲ့ ကောင်းစားနေလိုက်တာ။

"ဒီမှာ … ကောင်မလေး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် …"

"မင်း … ဒါဘာလုပ်နေတာလဲ"

"ရှင် … ကျွန်မ … ကျွန်မဘာလုပ်နေလို့လဲအန်တီ … ကျွန်မ နှင်းဆီပန်းလေးတွေရောင်းနေတာလေ …"

"အေး … အဲဒါကိုပဲငါကပြောနေတာ … မင်းနားမလည်ဘူးလား … ဒီနားမှာဈေးလာမရောင်းရဘူးဆိုတာ မင်းမသိဘူးလား"

"ဘာဖြစ်လို့လဲ … အန်တီ …"

"ဘာဖြစ်ရမှာလဲ ဒါက … ငါပိုင်တဲ့ ကုမ္ပဏီလေ ငါခွင့်ပြုတာ မဟုတ်ဘဲ မင်းမှာရောင်းခွင့်မရှိဘူး … သွား … အခုချက်ခြင်းထွက်သွား … တစ်ခြားနေရာမှာသွားရောင်း …"

ဟန်ပါပါ၊ မာန်ပါပါနဲ့သာ မောင်းထုတ်နေတာ နှင်းဆီပန်းတွေကိုကြည့်ပြီး ဖြူဖတ်ဖြူလျော်ဖြစ်နေတဲ့ မျက်နှာကိုတော့ ဘယ်လိုမှကို ဖုံးမရချေ။ ဒါကို မမိုတ်မသုန် စောင့်ကြည့်နေမိတဲ့တူယုဉ်မီက မျက်ဝါးထင်ထင်မြင်တွေ့လိုက်တာလေ။

ရယ်ချင်လိုက်တာ …

အသံကျယ်ကျယ်နဲ့ကို ဟားတိုက်ပစ်လိုက်ချင်တာ။

"ဟိတ် … မင်းကို ငါပြောနေတာ ကြားရဲ့လား …"

"ဟုတ် … ဟုတ်ကဲ့ ကြားပါတယ် ဒါပေမယ့် ဘယ်လိုလုပ်မှာလဲဟင် … အန်တီ၊ ဒီပန်းလေးတွေကုန်မှ ထမင်းစားရမှာရှိပါ အန်တီရယ် … ဒီနေရာလေးက လူစည်လို့ရောင်းနေတာပါ၊ မြန်မြန်





ကုန်သွားမှ ကျွန်မအိမ်ပြန်ရမှာပါ အန်တီရယ် … ဒီမှာ ပန်းလေးတွေက သိပ်လည်းမကျန်တော့ပါဘူး … ဟိုလေ … ဒီလိုလုပ်ပါလား အန်တီ … အန်တီဆက်မရောင်းစေချင်ရင် ဒီကျန်နေတဲ့နှင်းဆီပန်းလေးတွေကို အန်တီပဲ ကျုန်ဖြတ်ဖြတ်လိုက်ပါလားဆောင် … ကျွန်မ လျှော့ပေးလိုက်ပါ့မယ် … ဟင်း … ဟင်း …"

"ဘာ … ဘာပြောတယ်၊ မင်း … မင်းက ဒီနှင်းဆီပန်းတွေငါ့ကိုရောင်းနေတာလား …"

"ဟုတ်တယ်လေ … အန်တီ၊ ဘာဖြစ်လို့လဲ … ကျွန်မ ပန်းလေးတွေက လန်းဆန်းပြီး လတ်ဆတ်ပါတယ် … ဟော့ဒီမှာကြည့်"

"အမလေး …"

ရုတ်တရက် …

ဆယ်ပွင့်ပါတဲ့ ပန်းစည်းလေးတစ်စီးကိုယူပြီး ဒေါ်မဟာစံ မျက်နှာရှေ့ထိုးပြလိုက်ရာ နဂိုကတည်းကမှ သွေးပျက်ချင်နေတဲ့ ဒေါ်မဟာစံတစ်ယောက် အလန့်တကြားပင် ထအော်တော့သည်။

"ဘာဖြစ်လို့လဲ … ဘာဖြစ်လို့လဲဟင်အန်တီ … နှင်းဆီပန်းတွေကိုကြောက်လို့လား …"

"ဆုတ်စမ်း … မင်းလက်တွေကို နောက်ဆုတ်လိုက်စမ်း ကောင်မလေး …"

ပြောပြီး သူမနောက်မဆုတ်ရသေးခင်ပဲ ဒေါ်မဟာစံက ခြေ နှစ်လှမ်းစလောက် နောက်ဆုတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်တိုး ... မောင်တိုး ... "

"ဗျာ ... မမကြီး ... "

"သွားစမ်း ... သူ့လက်ထဲက ကျက်သရေမရှိတဲ့ပန်းတွေကို ယူပြီး ခပ်ဝေးဝေးက အမှိုက်ပုံးထဲသွားလွှင့်ပစ်လိုက်စမ်း ... "

"ဗျာ ... "

မောင်တိုးဆိုတဲ့လူကြီး အံ့သြနေဆဲ ...

"ရော့ ... ကောင်မလေး ... ယူလေ"

ငါးထောင်တန်တစ်ရွက်ကို သူမဆီကမ်းပေး၏။ တူယှဉ်မှီ အံ့လေးကိုတင်းတင်းစေ့ကြိတ်လိုက်မိသည်။

"ဟော့ ... ယူလေ ... ညည်းအတွက်ပေးနေတာ"

"ပန်း ... ပန်းတွေဝယ်လိုက်တာလား၊ အမလေး ... ကျေးဇူးတင်လိုက်တာအန်တီရယ် ... ဒါပေမယ့် အန်တီပေးတဲ့ပိုက်ဆံက များနေတယ်၊ အကုန်လုံးစာအတွက် သုံးထောင်ပဲပေး ... ကျွန်မ တန်ရာတန်ကြေးပဲ ယူပါရစေ အန်တီရယ် ... မတရားမယူပါရစေနဲ့ သူတစ်ပါးဆီက မတရားယူတဲ့သူက ကိုယ့်အလှည့်ကျရင်လဲ မတရားပြန်ပေးရတတ်တယ်တဲ့၊ ကျွန်မ မယူချင်ဘူး အန်တီ ... "

"ဘာ ... ဘာပြောတယ် ... မင်း ... မင်းကများ ... "

"ဟိုလေ ... ကျွန်မမိဘတွေ ဆုံးမသွန်သင်ထားတဲ့စကားပါ အန်တီ ... "

"ကြီးကျယ်လို့ ... ဟွန်း ... "





"သုံးထောင်ပဲပေးပါ ... အန်တီ ... "

"တောက် ... ခေါင်းရှုတ်စရာကောင်းလိုက်တာ ... ရော့ ရော့ ... သုံးထောင်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲအန်တီ ... "

"မလိုပါဘူး ... "

ပြောပြီးတာနဲ့ အနားကနေ ချာခနဲလှည့်ထွက်သွားတဲ့ ဒေါ်မဟာစံ။ နှင်းဆီပွင့်တွေကိုမြင်ပြီး သွေးပျက်မတတ် တုန်လှုပ်ချောက်ချားနေတာလေ။ သူတစ်ပါး စည်းစိမ်ချမ်းသာမှုတွေကို မတရားယူပြီး ခံစား စံစားနေတဲ့သူပါ။ တူယှဉ်မှီရဲ့စကားလုံးတွေက သူမကိုအကြီးအကျယ် ထိသွားတယ်ဆိုတာသိသည်။

ကျေနပ်တယ်။

အရမ်းကျေနပ်တယ် ဒေါ်မဟာစံ။

ဘာပဲပြောပြော ...

ဒီနေ့တစ်နေ့တာလုံး ရှင့်စိတ်တွေ ကြည်လင်မနေနိုင်တော့ဘူးဆိုတာ ကျွန်မသိတယ်။ ညအိပ်ယာဝင်အိပ်မက်တွေလည်း ခလုပနိုင်တော့ဘူးဆိုတာ ကျွန်မသိတယ် ဒေါ်မဟာစံ။

အဲဒီအတွက် ...

ကျွန်မ အရမ်းကျေနပ်တယ်ရှင်။

နေရာလေးကနေ ထွက်ခွာသွားတဲ့ ဒေါ်မဟာစံဆိုတဲ့ အမျိုးသမီးကြီးရဲ့နောက်ပိုင်းလေးကိုကြည့်ပြီး ရင်ထဲကနေ [illegible]နေမိ



www.burmeseclassic.com

www.burmeseclassic.com



"…ဘ် … ကလေးမ … ပေး … ပေး … ပန်းတွေ"

သူမလက်ထဲက နှင်းဆီပန်းပွင့်လေးတွေကို ဆွဲလုလိုက်တဲ့ …းပါကင်စောင့်ကြီး ဦးမောင်တိုး။

ပြီးနောက်မှာတော့ …

"သွားတော့လေ … ဘာလုပ်နေတာလဲ … သွားတော့"

အို …

ဒေါနဲ့မောနဲ့ကို မောင်းထုတ်နေတော့တာပါ။

"ဟော့ … ပြောနေတာကြားရဲ့လား … "

"ကြားပါတယ် ဦးလေးရဲ့၊ သွားမှာပေါ့ … ကျွန်မ ပန်းတွေ …ို အကုန်လုံးဝယ်သွားတဲ့ ဒီကုမ္ပဏီပိုင်ရှင်သူဌေးမကြီး ဒေါ်မဟာစံကို ကျေးဇူးတင်လွန်းလို့ ကြည့်နေမိတာပါ … ကဲ … သွားပြီ၊ သွားပြီ … တာ့တာပဲ ဦးလေး"

ပြောပြီးတာနဲ့ နေရာလေးကနေ ခပ်သွက်သွက်လေးထွက်ခဲ့လိုက်တဲ့ တူယှဉ်မှီ။

ခပ်လှမ်းလှမ်းမှာတော့ သူမရဲ့သူငယ်ချင်းမလေးသဝဏ်လွှာက စောင့်ကြည့်နေတယ်လေ။ သူမရဲ့အခြေအနေကို စောင့်ကြည့်နေတဲ့ သဝဏ်လွှာက အဝေးကနေ လက်မလေးထောင်ပြနေ၏။

တူယှဉ်မှီ …

သဝဏ်လွှာဆီကိုသွားမိသည်။ ကားလေးထဲ ကြည်နူးစွာပင်





တူယှဉ်မှီ ဝင်လိုက်တော့ …

"နှင် … အရမ်းတော်တယ် တူယှဉ်မှီ … "

"ဟား … ဟား"

သဘောကျစွာပင် တူယှဉ်မှီရယ်တော့ …

"ဒေါ်မဟာစံတော့ တော်တော်လေး ဟတ်ထိသွားမှာပဲ"

"ဟား … ဟား ဒါတောင်အစပဲရှိသေးတယ် … နှင်းဆီပန်းတွေကိုမြင်လိုက်တာနဲ့ ဒေါ်မဟာစံရဲ့မျက်နှာက သွေးပျက်မတတ်ကို တုန်လှုပ်ချောက်ချားသွားတာလေ၊ နင့်ကိုအနီးကပ်မြင်စေချင်တယ် သဝဏ်လွှာရယ် … သူဟန်ကိုမဆောင်နိုင်တာသိလား"

"အေးပါဟယ် … ငါလည်းခံစားမိပါတယ် ဘယ်နှယ့်လဲ တူယှဉ်မှီ … နှင်ကျေနပ်တယ် မဟုတ်လား … "

"ကျေနပ်တယ် … "

"ပြီးတာပဲ … "

"ဟား … ဟား … "

"ဟင်း … ဟင်း … "

ရယ်မောသံလေးတွေက ကားလေးထဲမှာ လှိုင်တက်သွားသည်။ တစ်လမ်းလုံးပြောလာမိကြတာ ဒေါ်မဟာစံအကြောင်းတွေချည်းပဲလေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃ )

စိတ်ညစ်လိုက်တာ။

စိတ်အညစ်ကြီးညစ်နေရသူကတော့ ကုမ္ပဏီရှေ့ကားပါကင် နေရာချပေးရတဲ့ ဂိတ်စောင့်မောင်တိုးပဲ ဖြစ်သည်။

ဟိုနေ့က ...

နှင်းဆီပန်းရောင်းတဲ့ ကောင်မလေးကြောင့်ပေါ့။ ဒေါ်မဟာစံဆီက အမိန့်တစ်ခုဘကျလာခဲ့သည်။ နောက်ဘယ်တော့မှ မလာအောင် စောင့်ကြည့်တဲ့ ကုမ္ပဏီရှေ့မှာလည်း ဘာဈေးသည်မှမရှိပါစေနဲ့တဲ့လေ။ ဒီအတိုင်း ခေါင်းထုတ်လို့မရရင် ရဲလက်ကိုခေါ်အပ်ဟု အမိန့်ထုတ်ထား၏။

ထိုနေ့က ...

ဒေါ်မဟာစံတစ်ယောက် အကြီးအကျယ်ပေါက်ကွဲနေသည်။ ကုမ္ပဏီတစ်ခုလုံး ဝန်ထမ်းတွေကိုလည်း ပတ်ရမ်းနေ၏။ ဝန်ထမ်းတွေတစ်ယောက်မှ အကောင်းမနေရပါ။ ကုမ္ပဏီဝန်ထမ်း

အားလုံး ဗျာယာခတ်နေခဲ့ရသည်။ ပိုင်ရှင်သူဋ္ဌေးက စိတ်မကြည်တာကိုး။

ခက်တယ် ... ခက်တယ်။

ပန်းရောင်းတဲ့ ကောင်မလေးကလည်း ဆင်းရဲပေမယ့် ချော နှာလေးက ရိုးသားတဲ့ပုံစံလေးနဲ့ဆိုတော့ သနားမိသည်။ မောင်တိုးရဲ့စိတ်က ပျော့ညံ့တယ်ပဲဖြေရမလား။ ဆင်းရဲသားဘဝတူခြင်းမို့ ကိုယ်ချင်းစာစိတ်ထားမိ၏။ ကိုယ့်မှာကလည်း ကိုယ့်အခက်အခဲနဲ့ပါ။ သူဋ္ဌေးကျေနပ်အောင်လုပ်မှ အလုပ်မပြုတ်မှာဆိုတော့လည်း ကိုယ့်စားဝတ်နေရေးအတွက် ပိုပြီးအာရုံထဲထည့်နေရ၏။

ကောင်မလေးကို ဖွတ်အတင်းမောင်းထုတ်မိတဲ့အဖြစ်ကို တွေးမိတိုင်း စိတ်မကောင်းဖြစ်မိသည်။ အခုလည်း သူဋ္ဌေးမကြီး ဒေါ်မဟာစံက တင်းတင်းကြပ်ကြပ်ကို သတိပေးထားတာလေ။ ကောင်မလေး နောက်တစ်ခါလာရောင်းတာကို မမြင်ချင်ဘူးဆိုပြီး တော့ပေါ့။ မောင်တိုးမှာ သေချာကိုစောင့်ကြည့်နေရသည်။

မျက်လုံးထဲမှာတော့ ဆင်းရဲပေမယ့် ချစ်စရာကောင်းလွန်းတဲ့ နှင်းဆီပန်းရောင်းတဲ့ ကောင်မလေးပုံကမထွက်။ မောင်တိုး လေးစားမိသွားတဲ့ အချက်တစ်ချက်လည်းရှိသည်။ အဲဒါ ... ကောင်မလေးရဲ့မာနတရားတွေပါပဲ။ ပိုက်ဆံမချမ်းသာပေမယ့် မာနကတော့ တော်တော်ချမ်းသာတဲ့ ပန်းသည်မလေးပါ။ ဒေါ်မဟာစံ ထုတ်ပေးတဲ့ငါးထောင်တန်ကြီးကို လုံးဝမယူဘဲ တန်ဖိုးနည်းကြေး



www.burmeseclassic.com

www.burmeseclassic.com



သုံးထောင်ပဲပေးဟုသာ တောင်းသွားသည်။ သူများပိုက်ဆံကို ဘာရှားမယူချင်ဘူးတဲ့လေ။ မတရားယူရင် မတရားပြန်ပေးဆပ်ရ ဘတ်တယ်တဲ့။ ကောင်မလေးပြောသွားတဲ့စကားကြောင့် ဒေါ်မဟာစံမှာ မျက်နှာကြီးကိုပျက်လို့။

"ဟော ..."

မောင်တိုးတစ်ယောက် ကောင်မလေးအကြောင်းစဉ်းစား ပြီး တွေးတွေးလေးနဲ့ငေးနေတုန်း ကုမ္ပဏီပိုင် ကားပါကင်လေးထဲ ကို ဖျပ်ခနဲ မောင်းဝင်လာတဲ့နောက်ဆုံးပေါ် ဆလွန်းကား လှလှ လေးတစ်စီး။ ကားလေးကိုမြင်လိုက်တယ်ဆိုလျှင်ပဲ နေရာလေးက နေ ထရပ်လိုက်သည်။

"ဟင် ..."

မောင်တိုးတစ်ယောက် ကားပေါ်ကနေဆင်းလာတဲ့ ကောင်မလေးကိုကြည့်ပြီး မျက်လုံးကြီးတွေပင် ပြူးဝိုင်းသွားရ၏။ ကောင်မလေးတစ်ယောက်ပါ။ ခေတ်ရှေ့ကို ဆယ်လန်လောက် ပြေးနေတဲ့ စတိုင်လ်လေးနဲ့သိပ်လှတဲ့ ကောင်မလေးတစ်ယောက်။

ရွှေဝါရောင်ဆံပင်လိမ်ကောက်ကောက် ရှည်ရှည်လေးနဲ့ ဂျင်းဘောင်းဘီအောက်ရှူးအနက်ရောင်ကို ကိုယ်ကြပ်အကျီဒီဇိုင်း လှလှလေးကို တွဲဝတ်ထားပြီး ဖူးတင်းနေတဲ့ကိုယ်လုံးလေးနဲ့ ထင်း ခနဲပေါ်လွင်နေတဲ့ သိပ်လှတဲ့ကောင်မလေးတစ်ယောက်။

"ကျွန်တော် ... ဘာအကူအညီပေးရမလဲခင်ဗျာ ..."





ကောင်မလေးအနားကိုသွားပြီး မေးမိသည်။ ဒီတော့မှ ရွှေ ဝါရောင်ဆံပင်ပိုင်ရှင် ကောင်မလေးက သူ့ဆီလှည့်ကြည့်၏။

အပါးပါး ...

တော်တော်လှပါလား။

မြူနှဝင်းအိနေတဲ့ အသားအရေနဲ့ ဖူးတင်းနေတဲ့မျက်နှာလှ လှလေးက မြင်ရသူ တအံ့တသြ ငေးမောလောက်စရာ။ လောက ကြီးမှာ ဒီလောက်လှတဲ့ ကောင်မလေးမျိုးကိုမြင်ဖူးတာ မောင်တိုး ဘဝမှာ ဒါပထမဦးဆုံးအကြိမ်ပဲ။

"ဟို ... ဟိုလေ ... ဦးလေး ... နိုင်ငံခြားကုမ္ပဏီတစ်ခုက နေ ဒီကုမ္ပဏီပိုင်ရှင် ဒေါ်မဟာစံကိုမွေးနေ့လက်ဆောင်ပို့ခိုင်းလို့ အဲဒါ ... ကျွန်မလာပို့တာပါ ..."

"သြော် ... ဟုတ်တယ် ... ဟုတ်တယ် ... မနက်ဖြန် ဒေါ်မဟာစံ မွေးနေ့ပဲ ..."

မောင်တိုးတစ်ယောက် ကောင်မလေးမောင်းလာတဲ့ ကား လေးရဲ့နောက်ခန်းထဲလှမ်းကြည့်လိုက်သည်။ ကတ္တီပါဗူးကြီးတစ်ခု ပဲ။ အပြာရောင်စက္ကူလိပ်လှလှလေးနဲ့ကပ်ထားပြီး ဖဲပြားရောင်စုံ လေးတွေတပ်ကာ သပ်သပ်ရပ်ရပ်လေး ထုတ်ပိုးထားသည်။

"ဦးလေး ... ကျွန်မကို ဒီဗူးလေးဝိုင်းသယ်ပေးပါနော်"

"ဟာ ... လုပ်ပေးရမှာပေါ့"

ကားတံခါးဖွင့်ပြီး မောင်တိုးဆိုတဲ့လူကြီးတိုယ်တိုင်သယ်မ



www.burmeseclassic.com

www.burmeseclassic.com



ကာ သူမရှေ့ကနေ လမ်းပြခေါ်သွားပါသည်။

မဆိုးဘူးပဲ။

မောင်တိုးလို့ ဒေါ်မဟာစံခေါ်တဲ့ ဂိတ်စောင့်ဦးလေးကြီးက တူယုဉ်မိုကို လုံးဝမမှတ်မိချေ။ မှတ်မိလောက်စရာလည်း မရှိဘူးလေ။ သူနဲ့ပထမဦးဆုံးတွေ့ခဲ့တဲ့အချိန်က အသားညိုညိုညစ်စုတ်စုတ်နဲ့ နှင်းဆီပန်းရောင်းတဲ့ ပန်းသည်မလေးပုံစံနဲ့ မဟုတ်လား။

ဒီတစ်ခါတော့ ...

တူယုဉ်မိုဆိုတဲ့ သူဌေးသမီး ခေတ်ရှေ့ပြေးကောင်မလေး ဒီဇိုင်းနဲ့ပါ။

ဦးမောင်တိုးဆိုတဲ့လူကြီးကိုယ်တိုင် ဒေါ်မဟာစံ အခန်းထဲ အထိ လိုက်ပို့ပေးသည်။

"ကျေးဇူးနော် ဦးလေး ..."

ဦးမောင်တိုးဆိုတဲ့လူကြီးက အသိအမှတ်ပြုကာ ခေါင်းလေး တစ်ချက်ညိတ်ပြီး အခန်းပြင်ကို ပြန်ထွက်သွား၏။

"ဟိုလေ ... အန်တီ ... အန်တီက ဒေါ်မဟာစံပါနော်"

"ဩော် ... အေး ... ဟုတ်ပါတယ်ကွယ် ... ဟုတ်ပါတယ် အန်တီက တော်ဝင်ရတနာကုမ္ပဏီပိုင်ရှင် ဒေါ်မဟာစံပါပဲ ဒါနဲ့ ... ဒါက ..."

ဒေါ်မဟာစံက အပြုံးနုနုအီအီလေးနဲ့ကြိုဆိုပြီး ကတ္တီပါဖူးကြီးကို လက်ညှိုးလေးထိုးပြကာမေးသည်။





"ဟိုလေ ... ကျွန်မက ဟောင်ကောင်ကနေ ပြန်လာတာပါ အန်တီ၊ အဲဒါ ... ဂျေကေကေကုမ္ပဏီက အန်တီ့အတွက် ရွှေနဲ့ လက်ဆောင်လေး လူကြုံပို့ပေးပါဆိုလို့ ကျွန်မလာပို့တာပါအန်တီ"

"ဟယ် ... ဟုတ်လား၊ တကူးတက ဒုက္ခခံပြီးလာပို့ပေးရ တယ်လို့ကွယ် ... မစ္စစ်လီလီကို ကျေးဇူးတင်တဲ့အကြောင်း နောက်မှပဲ အန်တီဖုန်းဆက်လှမ်းပြောရဦးမယ် ဟင်း ... ဟင်း ..."

ရယ်သံလွင်လွင်လေးက အေးစိမ့်နေတဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးမကြီး ဒေါ်မဟာစံရုံးခန်းလေးအတွင်းမှာတော့ ပျံ့နှံ့လို့။

"ဟိုလေ ... အန်တီ၊ အခုတော့မဆက်ပါနဲ့ဦး ... မစ္စစ်လီလီ ဟောင်ကောင်မှာမရှိသေးဘူးအန်တီ ... သူ နယူးယောက်ကို လုပ်ငန်းကိစ္စနဲ့ထွက်သွားပါတယ်ရှင့် ... နောက်တစ်ပတ်လောက်မှ ပြန်ရောက်မှာပါ၊ အဲဒါကြောင့်လဲ ... ကျွန်မကို လူကြုံပို့ခိုင်းပြီး သူပေးလိုက်တဲ့လက်ဆောင်လေးနဲ့ အမှတ်တရဓာတ်ပုံလေးရိုက်ပြီး သူ့ဆီပို့ပေးပါလို့ ကျွန်မကိုတစ်ခါတည်းမှာလိုက်ပါတယ်"

"ဟေ ... ဟုတ်လား ... အေး ... အေး ... ဒါဆိုလဲ အန်တီ ရိုက်ပေးရမှာပေါ့ ... ခဏလေးနော် ... လက်ဆောင်ဖူးလေးကို အန်တီဖွင့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... အန်တီ ..."

ဒေါ်မဟာစံကိုယ်တိုင်ပဲ ကတ္တီပါဖူးကြီးကို ဖွင့်နေသည်။ ဒေါ်မဟာစံဘေးမှာရှိတဲ့ စက္ကထရီကောင်မလေးသည်း မနေနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မဟာစံကို ဝိုင်းကူကာ ဖွင့်ပေး၏။

"အမလေး ..."

"ဟင် ..."

"ဟယ် ..."

ဒေါ်မဟာစံက မျက်လုံးကြီးတွေပြူးကျယ်ပြီး ထွက်လာတဲ့ အသံက လန့်သံကြီးပါ။

စက္ကူထရီကောင်မလေးလည်း အသက်ရှူဖို့ပင် မေ့လျှက်။

"ဘာ ... ဘာဖြစ်လို့လဲဟင် အန်တီ ..."

အလန့်တကြားဖြစ်နေတဲ့ ဒေါ်မဟာစံကို အံ့ဩသလို မျက် နှာလေးလေးနဲ့ မေးလိုက်သူက တူယှဉ်မှီရယ်ပါ။

"ဒါ ... ဒါက ..."

"အို ... လှလိုက်တာ ... ဟောင်ကောင်နှင်းဆီခြင်းလေးပါ လား၊ ဒါ ... တော်တော်တန်ဖိုးကြီးတဲ့ နှင်းဆီပန်းတွေပဲ ကြည့်စမ်း အရောင်လေးက ရဲရဲလို့ ... ပန်းခြင်းလေးလုပ်ထားတာချစ်စရာ ကောင်းလိုက်တာ ... အဟင်း ... ဟင်း ... အန်တီကလည်းလေ သမီးဖြင့်လန့်သွားတာပဲ ... ထည့်ပေးလိုက်တဲ့ပစ္စည်းက ဘာများလဲ လို့ ရင်ကိုထိတ်သွားတာပဲ ဟင်း ... ဟင်း ..."

"ဟို ... ဟိုလေ ... ဟိုဘာ"

"ဟုတ်ပါတယ် ... အန်တီရဲ့၊ အန်တီမွေးနေ့အတွက် နှင်းဆီ ပန်းခြင်းလေးထည့်ပေးလိုက်တာပါ ... ယူလိုက်လေ အန်တီ ...





ခြင်းလေးကို လက်နှစ်ဖက်နဲ့ကိုင်ပြီး ခဏလောက် ပြုံးပြုံးလေး ...ပေးပါနော် ... ကျွန်မဓာတ်ပုံရိုက်မလို့ ..."

ဟင် ...

ဒေါ်မဟာစံ သွေးပျက်နေပြီ။

နှင်းဆီပန်းခြင်းလေးကိုကိုင်ပြီး ပြုံးပြုံးလေးနေပေးတဲ့လေ။ ...ခြားမှာမွေးနေ့ဆိုလျှင် ပန်းစည်းလှလှလေးတွေ ပန်းခြင်းလှလှ ...တွေပေးတတ်တာ ယဉ်ကျေးမှုတစ်ခုပါ။ မစ္စစ်လီလီကလည်း ...အတွေးနဲ့ပဲ မိမိဆီကိုပို့ခိုင်းလိုက်တာ ထင်ပါရဲ့။

ခက်နေတာက ...

ဒေါ်မဟာစံပါ။

သူမအမုန်းဆုံး၊ သူမအကြောက်ဆုံး၊ သူမ မမြင်မတွေ့ချင်ဆုံး ...တွေကိုမှ ပို့ပေးလိုက်တာမို့ ပန်းခြင်းလေးကို လှမ်းကိုင်မည့် ...: ကြောက်လန့်တုန်လှုပ်နေရသည်။

"အန်တီ ... ကိုင်လိုက်လေ ... ဓာတ်ပုံရိုက်ရအောင်"

လာပို့ပေးတဲ့ကောင်မလေးကတော့ ဘာအကြောင်းမှမသိ ...တင်းပင်ကိုင်ခိုင်းနေ၏။ ဒေါ်မဟာစံမှာ ကိုင်လဲအခက်၊ မကိုင် ...လည်းအခက် ရှိနေရ၏။

ဒေါ်မဟာစံတစ်ယောက် နှင်းဆီပန်းကို သေလောက် ...င်မုန်းတယ်ဆိုတာ သိထားတဲ့ စက္ကူထရီမလေးကလည်း ... ...လေးကို ကပျာကယာ ထုတ်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပေးလိုက်လေ ညီမ ... အန်တီကိုပေးလိုက် ..."

လူကြုံပါးလိုက်တဲ့ကောင်မလေးက ဇွတ်အတင်းပင်ပေးနို… နေတာမို့ စက္ကထရီကောင်မလေးကလည်း မနေသာတော့ဘဲ ဒေါ်မဟာစံလက်ထဲ ဇွတ်အတင်းပင် ထိုးထည့်ပေးသည်။

မကိုင်ချင်ဘဲ ဒေါ်မဟာစံ ပန်းခြင်းလေးကိုကိုင်လိုက်ရ… မစ္စစ်လီလီက ဓာတ်ပုံရိုက်ခိုင်းထားတာဆိုတော့လည်း သူ့တာ… ကို ကျေပွန်အောင်တော့ထမ်းဆောင်မှာပေါ့လေ။ ကောင်မ… ဘက်ကကြည့်ရင်တော့ ပန်းခြင်းလေးကိုင်ပြီး ဓာတ်ပုံလေးတ… အရိုက်ခံရတာ ဘာမှအပန်းကြီးမှာမဟုတ်ဟုပဲပေါ့။ ဒေါ်မဟာ… သာ နှင်းဆီပွင့်တွေမြင်ပြီး ခေါင်းကသွေးတိုးချင်နေပြီ။

"ဟုတ်ပြီ ... အန်တီ၊ ပန်းခြင်းလေးကိုင်ပြီး ပြုံးလိုက်… အန်တီ သမီးရိုက်တော့မယ် ..."

"ငါ ... မရိုက်ချင်ဘူး ကောင်မလေး"

"ရှင် ..."

"ဒီ ... ဒီပန်းတွေက ငါအရမ်းမုန်းတဲ့ပန်းတွေ ..."

"ရှင် ..."

"ဟုတ်တယ် ... ငါမရိုက်ချင်ဘူး ... ရော့ ... သင့်"

စက္ကထရီကောင်မလေးကိုပြန်ပေးနေသည်။ ကောင်မ… …လည်း သူ့ဌေးကမ်းပေးတာနဲ့ ချက်ခြင်းပင်လှမ်းယူ၏။

"အန်တီရယ် ... ဘယ်လိုဖြစ်ရတာလဲ၊ နှင်းဆီပန်း…





…ဘူးဆိုတဲ့ မိန်းကလေးကခပ်ရှားရှားပဲ၊ ဒီဝန်းကိုမှ အန်တီက …နေတာဆိုတော့ အန်တီမှာတော့ အကြောင်းပြချက်တစ်ခုခု …ပေါ့လေ ... ကဲပါ ... ထားလိုက်ပါတော့ ဘာပဲပြောပြော အန်တီ …ယ် ... မစ္စစ်လီလီက စေတနာ မေတ္တာနဲ့ အန်တီဆီကိုပို့ပေးပါဆို …း တကူးတကကို အကူအညီတောင်းခဲ့တာပါ၊ မစ္စစ်လီလီရဲ့ …နာကို လေးစားသမှုနဲ့အသိအမှတ်ပြုဖို့တော့ ကောင်းတာပေါ့ …တီရယ် ... အန်တီနဲ့မစ္စစ်လီလီဆိုတာ အခုချိန်ထိ လက်တွဲ …လုပ်နေတဲ့ စီးပွားဖက်တွေပါ၊ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ …တီတို့နှစ်ယောက်ကြားမှာ အဖုအထစ်လေးတွေ ရှိသွားရင် …ကောင်းပါဘူးအန်တီရယ် ... လုပ်ငန်းမှာမထိခိုက်အောင်တော့ …ပို့ပေးလိုက်တဲ့ လက်ဆောင်ခြင်းလေးရတဲ့အကြောင်းသိသွား …အောင် တစ်ပုံလောက်လေးပဲ အရိုက်ခံလိုက်ပါအန်တီရယ်နော် ... …လို့ ..."

တူယှဉ်မှီစကားကလည်း မှန်နေတာမို့ ဒေါ်မဟာစံ သက် …ကြီးချ၏။ ရယ်ချင်လိုက်တာနော်။ ဒေါ်မဟာစံဖြစ်နေတဲ့ပုံစံ …ကိုကြည့်ပြီး ရယ်ချင်လိုက်တာမပြောပါနဲ့တော့။

သို့သော် ...

တူယှဉ်မှီမရယ်ဖြစ်ပါ။ မျက်နှာတည်တည်လေးနဲ့ပဲ …မဟာစံကိုစကားတွေ ပြောနေမိသည်။

"ကဲ ... ကဲ ... မြန်မြန်ရိုက်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပန်းခြင်းလေးကို သူ့စက္ကူထရိုမလေးသစ်ခင်ဆီက ပြန်ယူပြီး ခတ်ပုံရိုက်ခဲ့၏။

"အဲဒါမှပေါ့ ... အန်တီရဲ့ ... ဟင်း ... ဟင်း ... ပြုံးထားနော် အန်တီမျက်နှာလေးကိုပြုံးထား ... "

"ငါမပြုံးတတ်ဘူး ... ဒီအတိုင်းပဲရိုက် ... "

"ဟင် ... အန်တီပုံကြီးက ငိုမဲ့မဲ့ကြီးဖြစ်နေတယ်၊ နည်းနည်း လောက်တော့ပြုံးပါ ... "

"ကဲ ... ရပြီလား၊ ဒီထက်လည်းငါပြုံးလို့မရတော့ဘူး"

"အိုကေ ... အန်တီ၊ အိုကေ ... ရပြီ ... ရိုက်မယ်နော် မျက်တောင်ကို မခတ်လိုက်နဲ့နော် ... "

ကင်မရာလေးက အလင်းရောင်ဖျပ်ခနဲ လက်သွား၏။ ဒီ တော့မှပဲ ဒေါ်မဟာစံမှာ ပန်းခြင်းကိုင်ထားတာကို မှိုင်းဖုံးတစ်လုံး ကိုင်ထားရသလိုထင်မှတ်ကာ ကမန်းကတန်းပင် စက္ကူထရိုလက်ထဲ ထိုးထည့်ပေးလိုက်သည်။

"ကျေးဇူးပဲ ... အန်တီ ... "

"အေး ... "

"သမီးကိုသွားခွင့်ပြုပါဦး ... အန်တီ ... "

"အေး ... "

"မစ္စစ်လီလီကိုလည်း လက်ခံရရှိတဲ့အကြောင်း ဖုန်းဆက် ပြောပေးပါဦးနော် ... အန်တီ၊ တော်ကြာနေ မရဘူးထင်နေမှာစိုး





လို့ပါ ... "

"အေး ... "

ဒေါ်မဟာစံတစ်ယောက် အေးဆိုတဲ့ စကားတစ်ခွန်းတည်း သာ ထွက်နိုင်တော့သည်။

တူယှဉ်မှီ ...

သဘောတွေအကျကြီး ကျနေမိ၏။

သူမရဲ့ကင်မရာထဲမှာ ဒေါ်မဟာစံရဲ့ ပန်းခြင်းကြီးကိုင်ပြီး ငိုမဲ့မဲ့ဖြစ်နေတဲ့ ပုံစံကြီးကပါလာတာလေ။

အပြင်ကို ပြန်ထွက်လာခဲ့တဲ့သူမခြေလှမ်းတွေက မြောက် ကြွလျှက်။ သို့သော် ... လေ့ကားအဆင်းမှာ ဖြစ်ချင်တော့ ... ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"ဘုတ် ... "

"အင့် ... "

"ဟာ ... "

"အမေ့ ... "

လှေကားထစ်လေးမှအဆင်း မျက်နှာချင်းဆိုင်မှတက်လာတဲ့လူကိုမမြင်ဘဲ ဝင်တိုက်မိကာ ခြေကလေးချော်ထွက်သွားရသည်။ ထိုလူကလည်း သတိရှိစွာပင် သူမကိုယ်လေးကို ဆွဲယူကာဖမ်းထိန်းသား၏။

ခဏခဏကိုယ်လေးနှစ်ခုက ချက်ခြင်းဆိုသလိုပင် ပူးကပ်ကာ ... ... သူမကိုယ်လုံးလေးက သူ့ရင်ခွင် ... သန်မာဖျပ်လတ်တောင့်တင်းလွန်းတဲ့ လက်တစ်ဖက်က ... တဲ့သူမခါးလေးဆီမှာ မြဲမြဲမြံမြံနဲ့။

... သန့်တကြား မော့ကြည့်လိုက်မိတာက တူယှဉ်မှီရယ်ပါ။





"အဟွန်း ... "

အို ... ။

ကြည့်မွေ့လွန်းတဲ့ အပြုံးတစ်ခုမှာ မူးမူးမေ့မေ့။ သူမဘာ... သွားသလဲဆိုတာပင် ပြန်မစဉ်းစားနိုင်လောက်အောင် ဝင်တိုက်မိတဲ့လူက ညို့ယူချက်ပြင်းလွန်းလှသည်။

ထူနက်နက်မျက်ခုံးတန်းကြီးတွေအောက်က ညိုရီနေတဲ့ ပျားရည်ရောင်မျက်လုံးလေးတွေ။ စင်းကျနေတဲ့ နှာတံချွန်ချွန်အောက်က လေးကိုင်းသဏ္ဍာန် ကွေးညွှတ်နေတဲ့ နှုတ်ခမ်းထူအိအိလေးတွေ။ နားရွက်ပေါ်အောင် ခပ်တိုတိုညှပ်ထားတဲ့ ဘေးခွဲဆံပင်က ခေါင်းလိမ်းဆီမွှေးကြောင့် နက်စိုကာ ကြည်လင်ရှင်းသန့်နေခဲ့သည်။

သတိလက်လွတ်ငေးကြည့်နေမိရာမှ အသိစိတ်လေးပြန်ဝင်သွားရသူက တူယှဉ်မှီရယ်ပါ။

"အို ... လွှတ် ... လွှတ်ပါ"

"ဟာ ... ဟေ့ ... ဘာလို့အတင်းရုန်းနေတာလဲ၊ လွှတ်မှာပေါ့ ... မင်းပြုတ်ကျသွားမှာစိုးလို့လဲ ထိန်းထားပေးရသေးတယ်"

"အို ... မသိဘူး"

"ပြုံးသနာပဲ ... "

သူကလွှတ်ပေးပြီး ခပ်တိုးတိုးငြီးသည်။ သို့သော် ... သူ့မျက်နှာချောချောမှာတော့ စိတ်ဆိုးဟန်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြဿနာလဲ ... ရှင်လူတစ်ယောက်လုံးလာတာကို မမြင်ဘူးလားရှင့် ..."

ဘာကြောင့်မှန်းမသိ ရှက်ကိုးရှက်ကန်းနှင့် တူယှဉ်မိုးရန်တွေ စွတ်စွာနေမိသည်။ သူမ ... ယောက်ျားတွေနဲ့လက်ပွန်းတတီးနေရိုး သာသာ စကားပင် ငါးမိနစ်လောက်ကြာအောင် မပြောခဲ့ဖူးပါ။

ခုတော့ ...

သူ့ရင်ခွင်နွေးနွေးကြီးထဲ ထင်တိုင်းပစ်ဝင်မိသလိုဖြစ်ကာ ရှက်သွေးလေးတွေပင် နထင်လေးဆီဆောင့်တိုးနေချေပြီ။ မျက်နှာပူလွန်းလို့ ဘယ်သွဲလို့ လွှဲရမှန်းမသိ။

"ဟော့ ... အဲဒီလိုမပြောနဲ့ မမြင်တာကမင်းသိလား ... အပေါ်ကနေ ဘာတွေပြိုးပျော်ရွှင်လာမှန်းမသိဘူး ခုန်ပေါက်ပြေးဆင်းလာတာ ငါရှောင်တာကိုမင်းက မရမကဝင်တိုက်တာ၊ ဟော ဟိုမှာကြည့် ... မနိုင်တနိုင် ငါသယ်လာရတဲ့ပစ္စည်းတွေ ... အဲဒါတွေ အားလုံးမဖမ်းနိုင်ဘဲ မင်းကိုဖမ်းထားရတာ ... ငါ့ပစ္စည်းတွေအားလုံး အောက်ပြုတ်ကျကုန်ပြီ၊ ငါမဖမ်းရင် မင်းဘာဖြစ်သွားမယ်ထင်လဲ"

အဲ ...

အဲဒီလိုဖြစ်သွားတာလား။

မသိပါဘူး။

တူယှဉ်မိုးက သူမှားတာထင်ပြီး စွတ်ဟောက်နေတာလေ။ ခုတော့ သူမဘက်ကမှားနေတာဖြစ်သည်။ အောက်မှာရော လှေ





ကားထစ်တွေမှာပါ ပြန့်ကျဲနေတာ သူ့ပစ္စည်းတွေပါ။

"ဆောရီး ... ကျွန်မကြောင့်လား ... အဟဲ ... ကျွန်မ တောင်းပန်တယ်နော် ... ပြန်ကောက်ပေးမယ် ..."

"ဟွန်း ... အမျိုးမျိုးပဲ"

သူ့ပြောသံကြားပေမယ့် မကြားဟန်ဘဲ ဆောင်လိုက်ပြီး အောက်ထပ်သို့ လှေကားထစ်လေးတွေအတိုင်း ဆင်းက သူ့ပစ္စည်းတွေကိုလိုက်ကောက်ပေးမိသည်။

"ရော့ ... ရှင့်ပစ္စည်းတွေ"

သူမပြန်ကောက်ပေးတာကိုလှမ်းယူပြီး ခပ်ထေ့ထေ့လေး ပြုံးပြ၏။ ဒီလိုပုံစံလဲ ချောတာပဲ။ တူယှဉ်မိုးရင်ထဲကနေ သူ့ကိုမှတ်ချက်ပြုမိပြန်သည်။

မြင့်မားတဲ့အရပ်အမောင်းနဲ့ ပြည့်တင်းခိုင်မာတဲ့သူ့ကိုယ်နေ ဟန်က လိုက်ဖက်ပြေပြစ်လွန်းလှသည်။ ယောက်ျားဖြစ်ပြီး ဖြူစိုနေ တဲ့အသားအရည်က သူမထက်ပင် ပို၍ကြည်လင်နေသလိုပါ။ အသားဖြူလွန်းလို့ သူ့ရဲ့နှုတ်ခမ်းမွေးလေးတွေ၊ မုတ်ဆိတ်မွေးလေး တွေက ရိတ်သင်ထားတာတောင် စိမ်းမြလို့။

"သွားမယ်နော်"

နှုတ်သာဆက်လိုက်ရတာ သူ့ကိုကျောခိုင်းထွက်သွားရမှာ နှမြောမိသလိုလို။

စွဲညို့ငင်မှာတော့ ...

www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်လေးတွေအတိုင်း သူ့ကိုနှုတ်ဆက်ပြီး ဆက်ဆင်းသွားတဲ့ကောင်မလေးကိုကြည့်ပြီး သက်ပြင်းငွေ့ငွေ့ကိုသာ မှုတ်ထုတ်နိုင်တော့၏။

တကယ့်ကိုမလွယ်တဲ့ကောင်မလေးပဲ မဟုတ်လား။ အပေါ်ဆင့်ကနေ သူမလေးဆင်းလာမယ့်အရိပ်လေးကို သူလှမ်းမြင်ပါသည်။ ဒါကြောင့်လဲ ... လက်ဆွဲအိတ်ကတစ်ဖက် စာအုပ်စာတန်းတွေကတစ်ဖက်နဲ့ သူကရှောင်လို့ တစ်ဖက်ကိုအတိမ်း၊ သူမက သူရှောင်တဲ့ဘက်ကို တိုးဆင်းကာ နှစ်ဦးသားဝင်တိုက်မိရသည့်အဖြစ်။

ဒါကို ...

သူမကပဲ မမြင်ဘူးလားလေး ဘာလေးနဲ့ရန်စွာလိုက်သေးသည်။ ပြောမယ့်သာပြောတာ ဖျပ်ခနဲမော့ကြည့်ပြီး နှုတ်ခမ်းလေးဆူဘင်းကာရန်စွာတဲ့ကောင်မလေးက ချစ်စရာလေးပါ။

ရွှေဝါရောင်ဆံပင်အရှည်အလိမ်ကောက်လေးတွေနဲ့ ခေတ်ဆန်လွန်းတဲ့ ကောင်မလေးက သူ့မျက်လုံးထဲမှာတော့ အထင်ကရရှိနေပါ၏။ ကျောခိုင်းထွက်သွားတဲ့ သူမလေးရဲ့နောက်ပိုင်းလေးကို အားရယ်မဟုတ်ပါဘဲ ငေးကြည့်နေမိသည်။ ပြီးမှ အသိလေးပြန်ဝင်ပြီး အပေါ်ထပ်ဆီသို့ စွဲညို့ငင်တက်လာခဲ့လိုက်၏။ မာမီအခန်းထဲရောက်တော့ စွဲညို့ငင် မျက်လုံးပြူးသွားရပြီ။ လက်ထဲမှာ သံပုရာရည်ထည့်ထားသည့်ကိုင်းဖန်ခွက်ကြီးကိုကိုင်လို့။ ကျန်လက်တစ်ဖက်မှာ [illegible] ရှုံ့ဆေးပူးကြီး။ စက္ကူထရီကောင်မလေးလည်း





ကုမ္ပဏီအလုပ်ကိုမဝင်နိုင်ဘဲ မာမီ့ခေါင်းကို နှိပ်ပေးနေသည်။

"ဘယ်လိုဖြစ်တာလဲ မာမီရယ်"

"မာမီ့ကို ... မာမီ့ကို တစ်ယောက်ယောက်တော့ ဒုက္ခကောင်းကောင်းပေးနေပြီထင်တယ်သားရယ် ... ဟိုမှာလေ မာမီ အရမ်းမုန်းတဲ့နှင်းဆီပန်းတွေ ... မာမီ့ကို မွေးနေ့လက်ဆောင်လာပို့ပေးလို့ ..."

"ဗျာ ..."

"ဟုတ်တယ်သား ... ဟောင်ကောင်ဂျေကေကေကုမ္ပဏီက မစ္စစ်လီလီပို့ခိုင်းတာဆိုပြီး လာပို့ပေးသွားတာပဲသားရယ်၊ အဲဒါကြောင့် ... မာမီသွေးတွေတိုးပြီး ခေါင်းမထောင်နိုင်အောင်တောင်ဖြစ်နေရတာပေါ့၊ ဖုန်းဆက်စမ်း ... သား၊ ဂျေကေကေကုမ္ပဏီကို ဖုန်းဆက်ပေးစမ်း ... သခင့်ဆီမှာ ဖုန်းနံပါတ်ရှိတယ်၊ သားမေးပေးစမ်းပါ၊ မာမီရဲ့မနက်ဖြန်မှာ ကျရောက်မယ့်မွေးနေ့အတွက် ဒီနှင်းဆီပန်းခြင်းကိုပို့ပေးတာလားလို့ မစ္စစ်လီလီကိုမေးပေးစမ်းပါ၊ မာမီ့စိတ်ထဲမှာ မရှင်းသလို ခံစားနေရလို့ ..."

"ဟုတ်ကဲ့ ... မာမီ"

စွဲညို့ငင်တစ်ယောက် စက္ကူထရီမလေးသခင်ပေးတဲ့ ဖုန်းနံပါတ်အတိုင်း နှိပ်လိုက်သည်။

မာမီ့ကိုကြည့်ရတာ အရမ်းကိုပဲသွေးပျက်တုန်လှုပ်ချောက်ချားနေသလိုပဲလေ။ စွဲညို့ငင်ပင် မာမီခံစားနေရတဲ့ပုံစံလေးက



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရက်တော့။

မာမိပြောတဲ့အတိုင်းပင် ဟောင်ကောင်ကို ဖုန်းဆက်ပြီး ပန်းခြင်းလာပို့ခိုင်းသလားဆိုတာ မေးကြည့်မိ၏။ ဟောင်ကောင်က မစ္စစ်လီလီက မပို့ခိုင်းဘူးဟုပြန်ဖြေသည်။ စကားအရှည်အရှည် မပြောချင်၍ ကျေးဇူးတင်စကားသာပြောပြီး စွဲညို့ငင် ဖုန်းပြန်ချလိုက်သည်။

"ဘာတဲ့လဲဟင်သား ... မစ္စစ်လီလီက ဘာပြောလဲ နှင်းဆီပန်းခြင်းလာပို့ခိုင်းသလား ..."

"မပို့ခိုင်းပါဘူးတဲ့ မာမီ ..."

"ဟင် ... ဒါ ... ဒါဆို ... ဟိုကောင်မလေး ... ဟိုကောင်မလေး သက်သက်မဲ့ ငါ့ကိုနှင်းဆီပန်းခြင်းကြီးလာပို့ပြီး စိတ်အနှောက်အယှက်ဖြစ်အောင်လုပ်တာပေါ့လေ ..."

"ဘယ် ... ဘယ်ကောင်မလေးလဲမာမီ ..."

"ဟိုကောင်မလေး ... ရွှေဝါရောင်ဆံပင်ကောက်ကောက်လေးနဲ့ကောင်မလေးလေ ခောစောကလေးတင်ပဲ မင်းနဲ့မရှေး မနှောင်းလေးတင်ပဲ ငါ့အခန်းထဲက ပြန်ထွက်သွားတာ"

ဟင် ...

ရွှေဝါရောင်ဆံပင်ကောက်လေးနဲ့ ကောင်မလေးတဲ့။

ဒါဆို ...

သူနဲ့လှေကားထစ်မှာဝင်တိုက်မိတဲ့ ကောင်မလေးပေါ့လေ။





ကြည့်စမ်း ... တိုက်တိုက်ဆိုင်ဆိုင် သူနဲ့လှေကားပေါ်မှာဝင်တိုက်မိတဲ့ကောင်မလေးက မာမီကိုအခုလို စိတ်တုန်လှုပ်ချောက်ချားအောင် ဖန်တီးခဲ့တာတဲ့လေ။

သိလိုက်ပါပြီ။

ကောင်မလေး ဘာကြောင့်ပျော့ရှင်ခုန်ပေါက်ပြီး ဆင်းလာခဲ့သလဲဆိုတဲ့အဖြေကို စွဲညို့ငင်နားလည်လိုက်ပြီ။

ထူးဆန်းလိုက်တာ။

အဲဒီကောင်မလေးနဲ့မာမီ့ကြားမှာ ဘာအငြိုးအတေးတွေရှိနေခဲ့လို့လဲ။ မာမီပေါ်မှာ အငြိုးတကြီးလက်စားချေ ပညာပေးရအောင် ဘယ်လိုအကြောင်းအရာတွေဖြစ်ခဲ့ကြလို့လဲ။ အဲဒါတော့ စဉ်းစားစရာပဲဖြစ်သည်။

"မှန်းတယ် ... မာမီ အရမ်းမုန်းတယ်"

"သွား ... သွားစမ်း ... ငါ့ဆီကိုဘယ်သူမှမလာကြနဲ့ အထင့် ဟင့် ..."

ဟာ ...

မာမီတစ်ယောက် ပြောပြောဆိုဆို ခေါင်းလေးကို နှိပ်ပေးနေတဲ့ စက္ကူထရီမလေးလက်တွေကို ပုတ်ထုတ်ကာ နှင်းဆီပန်းခြင်းလေးဆီ ဒယိမ်းဒယိုင်နှင့်ပြေးပြီး ကောက်ယူကာလွှင့်ပစ်၏။

"မုန်းတယ် ... အရမ်းမုန်းတယ် ... နှင်းဆီတွေကို ငါအရမ်းမုန်းတယ်၊ သွားကြ ... အခုချက်ခြင်း ငါ့မျက်စိရှေ့ကနေ ယူသွား



www.burmeseclassic.com

www.burmeseclassic.com

ကြမ်း”

မာမီသောင်းကျန်းပြီ။

စက္ကူထရီမလေးလည်း နှင်းဆီပန်းခြင်းလေးယူပြီး အခန်းထဲကနေ ကြောက်ကြောက်ရွံ့ရွံ့နဲ့ပဲ ထွက်သွား၏။

“မာမီ …”

“သား … သားရယ် … အဟင့် … ဟင့် …”

မာမီ ငိုနေသည်။ သွေးပျက်မတတ် တုန်လှုပ်ချောက်ချားစွာပင်ငိုနေသည်။ စွဲညို့ငင်ရဲ့ ရင်ခွင်လေးထဲ တိုးဝင်ဖက်တွယ်ပြီး မာမီငိုနေပါသည်။ စွဲညို့ငင်စိတ်မကောင်းပါ။ ဖြေသိမ့်မိသည်။ ချော့မော့နေမိသည်။

သို့သော် …

စွဲညို့ငင် သိနေပါသည်။

မာမီ့စိတ်တွေ ဘယ်လိုမှဖြေသိမ့်နိုင်မှာမဟုတ်ဘူးဆိုတာကိုပေါ့။ နှင်းဆီပန်းတွေကိုမြင်တိုင်း သွေးပျက်တုန်လှုပ်ချောက်ချားနေတတ်တဲ့ မာမီကိုလည်း စွဲညို့ငင် အံ့ဩမိပါသည်။ မာမီ ဘာကြောင့် ဒီနှင်းဆီပန်းတွေကို မုန်းနေသလဲဆိုတဲ့အဖြေကို စွဲညို့ငင် ကိုယ်တိုင်လဲ သိချင်နေမိ၏။

သို့ပေမယ့် …

စွဲညို့ငင် တစ်ခါမျှကို မမေးဘူးခဲ့ပါချေ။

မာမီ စိတ်ညစ်သွားမှာ၊ စိတ်ရှုတ်သွားမှာကို တွေးတွေးပြီး





ဒီအတိုင်းပဲ သူနေခဲ့သည်။

အခုတော့ …

မာမီကို စိတ်အနှောက်အယှက်ပေးတဲ့သူက ရှိလာပြီ။

ရွှေဝါရောင်ဆံပင်လေးနဲ့ ကောင်မလေးတဲ့လေ။

စွဲညို့ငင်က ဒီနေ့မှ နိုင်ငံခြားကနေ ရောက်လာတဲ့သူပါ။ နိုင်ငံခြားမှာ စီးပွားရေးပါရဂူဘွဲ့ယူပြီး မြန်မာနိုင်ငံကိုပြန်ရောက်လာခဲ့တာပါ။ မနက်ဖြန်ဆိုရင် မာမီရဲ့မွေးနေ့လေ။ မွေးနေ့အမှီပြန်လာတာကို မာမီမသိအောင် တမင်မပြောဘဲ တိတ်တဆိတ်လေးပြန်လာခဲ့တာပဲဖြစ်သည်။

သူ့ကို ရုတ်တရက် မာမီမြင်လိုက်ရင် တအံ့တဩဖြစ်သွားရအောင်ပါ။ မာမီ အရမ်းပျော်ရွှင်သွားအောင်လုပ်ချင်တဲ့ ဆန္ဒလေးနဲ့ပြန်လာခဲ့တဲ့ စွဲညို့ငင်တစ်ယောက် စိတ်ဓာတ်တွေအကြီးအကျယ်ကျဆင်းနေတဲ့ မာမီ့ကိုတွေ့လိုက်တော့ ရင်ထဲမှာနာကျင်နေရသည်။

ကောင်မလေးတစ်ယောက်က တမင်ကိုလုပ်ကြံဖန်တီးနေတာပါ။ မာမီစိတ်တွေ မငြိမ်မသက်နဲ့ဖြစ်နေအောင် သိပ်ကြောက်ပါတယ်ဆိုတဲ့ နှင်းဆီပွင့်လေးတွေကို မာမီ့ဆီမရောက်ရောက်အောင် ပို့ပေးနေခဲ့တာလေ။

ဘာကြောင့်လဲ။

သူမ ဘာကြောင့် အခုလိုတွေ လုပ်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သချောတာကတော့ ...

မာမီနဲ့ပတ်သက်တဲ့အကြောင်းအရာလေးတွေကို တော်တော်လေး သိထားပုံတော့ရသည်။

ဘာတွေလဲ ...

မာမီရဲ့ အတိတ်က နောက်ကြောင်းမှာဘာတွေရှိခဲ့တာလဲ။

နှင်းဆီပန်းပွင့်လေးတွေကိုမြင်တိုင်း သွေးလန့်နေတတ်တဲ့ မာမီ ... နှင်းဆီပွင့်လေးတွေကိုမှ မာမီမျက်စိရှေ့မရောက်ရောက်အောင် ပို့ခဲ့တဲ့ ရွှေဝါရောင် ဆံပင်ပိုင်ရှင်ကောင်မလေး။ ထိုနှစ်ယောက်ကြားက ဆက်စပ်မှု။

စွဲညို့ငင်တစ်ယောက် အတွေးလေးတွေနဲ့ပဲ ရှိနေရတော့သည်။

ခါမီကတော့ ...

ရုံးခန်းလေးထဲမှာ အခုထိ ကြွေကွဲဝမ်းနည်းစွာပင် ငိုရှိုက်လို့။

♥ ♥ ♥

အခန်း ( ၅ )

"ဟား ... ဟား ... ဒီမှာကြည့်စမ်းလွှာ၊ ရှုံ့မဲ့နေတဲ့ဒေါ်မဟာစီရဲ့ မျက်နှာကြီးကိုနင်ကြည့်စမ်းပါဦးဟယ် ... ဟင်း ... ဟင်း ... တော်တော်ဟာသမြောက်တဲ့ ဓာတ်ပုံကြီးပဲလွှာ ... ကြည့်စမ်းပါဦးဟာ ... "

ဓာတ်ပုံထဲမှာ ငိုတော့မလိုလိုမျက်နှာကြီးနဲ့ မဲ့ရှုံ့နေတဲ့ ဒေါ်မဟာစံကိုကြည့်ပြီး ကိုယ့်လုပ်ရပ်အောင်မြင်မှုကို ပီတိဖြစ်နေမိတဲ့ တူယုဥ်မှီ။

"အေးဟယ် ... တူယှဥ်မှီ၊ သူ့ပုံစံကိုကြည့်ရတာ တော်တော်လေးထိတ်လန့်တုန်လှုပ်နေပုံရတယ်ဟ ... နင်လုပ်တာနဲ့ကြာရင် ဒေါ်မဟာစံတစ်ယောက် နှလုံးရောဂါရတော့မှာ သေချာတယ် တူယှဥ်မှီ ... "

ဒီလိုပဲဖြစ်ရမယ်လေ ... လွှာ။

ဒါမှလဲ ...



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးက တရားမျှတတဲ့ လောကကြီးဖြစ်တော့မှာ ပေါ့။

တွေးမိတိုင်း ငါ့ရင်ထဲမှာအရမ်းကို နာကျင်ခံစားနေရတယ် လွှာ။ ငါ့ရဲ့အန်တီလေးအကြောင်းကို စဉ်းစားမိတိုင်း ဒေါ်မဟာစံကို ခွင့်လွှတ်နိုင်တဲ့စိတ် ငါ့မှာမရှိဘူးလွှာ။ ငါ့အန်တီလေးက အပြစ်မဲ့တဲ့ သူပါ။ ပြီးတော့ ... အရမ်းကိုရိုးအေးတဲ့သူတစ်ယောက်။ နှလုံးရောဂါ အခံရှိတဲ့ အန်တီလေးကို သူရက်ရက်စက်စက် နင်းချေခဲ့တာ။

မုန်းတယ် ...

ငါ ... အရမ်းမုန်းတယ်။

ဒေါ်မဟာစံဆိုတဲ့ မိန်းမကြီးကိုအရမ်းမုန်းတယ်။

"တူယှဉ်မှီ"

"ဟင် ... "

"နင်ဘာတွေစဉ်းစားနေတာလဲ ... ငါခေါ်နေတာတောင် သုံးခွန်းလောက်ရှိနေပြီ"

"ငါ ... ငါ ... အန်တီလေးအကြောင်း စဉ်းစားနေမိလို့ပါလွှာ ရယ် ... စဉ်းစားမိတိုင်းလဲ ဒေါသတွေက ထပ်ခါထပ်ခါ ပေါက်ကွဲ နေရတယ်ဟာ ... "

တူယှဉ်မှီရယ်။

ငါစိတ်မကောင်းပါဘူးဟာ။ နင့်ကိုလည်း ငါကိုယ်ချင်းစာပါ တယ်။ နင့်နေရာမှာ ငါဆိုရင်လည်း အဲဒီလိုပဲ လက်စားပြန်ချေမိမှာ





ပဲလေ။ နင်ပြောပြလို့ နင့်အကြောင်းတွေ ငါသိခဲ့ရတာပေါ့။ နင် အန်တီလေးက နင့်ရဲ့အမေဆိုလည်းမမှားပါဘူးလေ။ နင့်ကိုမွေးပြီး နင့်အမေက ဆုံးသွားတော့ အဲဒီအန်တီလေးကပဲ အပျိုလေးတစ်ခဲ ထိန်းခဲ့ရတာကို အိမ်ထောင်ကျသွားတာတောင် ဘွားအေးနဲ့ထား ခဲ့ရတာ စိတ်မချနိုင်တဲ့ နင့်အန်တီလေးရဲ့ စိတ်ဓာတ်ဟာ မိခင်တစ် ယောက်ရဲ့ စိတ်အပြည့်အဝပါပဲ။ နင်တွယ်တာမယ်ဆိုလဲ တွယ်တာ လောက်ပါတယ်လေ။

မျက်နှာလေးပေါ်မှာ ကြေကွဲဝမ်းနည်းရိပ်လေးတွေနဲ့ မှိုင် တွေသွားတဲ့သူငယ်ချင်းမလေး တူယှဉ်မှီကို လွှာမကြည့်ရက်တော့။ စကားလမ်းကြောင်းလွှဲဖို့ ကပျာကယာ စဉ်းစားလိုက်သည်။

"ဪ ... တူယှဉ်မှီ၊ ငါနင့်ကိုမေးဦးမလို့ ... ဟိုနေ့က ကုမ္ပဏီကနေ နင်ပြန်လာတော့ ငါကိုပြောတာလေ ... နင် ... သူတစ်ယောက်နဲ့ဝင်တိုက်မိခဲ့တယ်ဆိုတာလေ ... အဲဒီနေ့က စကားပျက်သွားတယ် ပြောစမ်းပါဦး ငါစိတ်ဝင်စားလို့ ... "

အယ် ... ။

တူယှဉ်မှီ မျက်ဝန်းလေးတွေ ဖျပ်ခနဲအရောင်ပြန်လက်သွား ၏။ လွှာအစပျိုးလိုက်မှပဲ သူ့ကိုပြန်သတိရသွားတာလေ။

သူ ...

ဒေါ်မဟာစံကုမ္ပဏီအပေါ်ထပ်ကနေ ပြန်ဆင်းအလာ လှေ ကားထစ်မှာ တူယှဉ်မှီနဲ့ဝင်တိုက်မိတဲ့သူ။ ဘယ်သူလဲဆိုတာလေး



www.burmeseclassic.com

www.burmeseclassic.com



တူယှဉ်မှိုမသိပါ။ သို့သော် ... ခန့်ညားချောမောလွန်းသော သူ့အသွင်ကတော့ ယနေ့ထိတိုင် သူမရဲ့စိတ်အာရုံတွေထဲမှာ စွဲမြဲစွာပင် ထင်ဟပ်လျက်ရှိသည်။

တူယှဉ်မှိုနှုတ်ခမ်းလေးတွေ လှပစွာပင် ပြုံးသွား၏။ သူငယ်ချင်းမလေး သဝဏ်လွှာကို တည့်တည့်လေးစိုက်ကြည့်ကာ ...

"လွှာ ... ဟုတ်တယ်၊ နင်ပြောတော့မှပဲ ငါသူ့အကြောင်း နင့်ကိုပြောပြဖို့ သတိရတယ် ... အဲဒီနေ့ကလေ တိုက်တိုက်ဆိုင်ဆိုင်ပဲ သူ့ကိုငါဝင်တိုက်မိသွားတာဟ ... သူ့ငါ့ကိုလှမ်းထိန်းလိုက်လို့သာ အောက်ကိုပြုတ်ကျမသွားတာသိလား ... "

"နင်ပြောတော့ ... အဲဒီလူကအရမ်းချောတယ်ဆို တူယှဉ်မှို"

"အင်း ... ဟုတ်တယ် တည်တယ်၊ ခန့်တယ်၊ ချောတယ် ရှင့်ကျက်တယ် ... အို ... အားလုံး အားလုံး သူ့ဆီမှာအပြည့်ပဲလွှာ"

"မြတ်စွာဘုရား ... အဲဒီလောက်တောင်ပဲလား ... "

လွှာက ရှက်နှောက်နောက် ရင်ဘတ်လေးဖိပြကာ ဘုရားတတော့ ...

"အေးပါ ... နင်တမခြင်ဘူးသေးတော့ ငါပြောနေတာကို မယုံချင်ဘူးပေါ့။ သူ့ကိုနင်မြင်လိုက်မှ ငါ့ထက်တောင်အခြေအနေဆိုးသွားမှာ ငါတောင် သူ့ရဲ့ညို့ချက်မှာ ဘာမှမသိတော့လောက်အောင် မျောသွားတာဟ ... ရေရေလည်လည်မိုက်တယ်လွှာ ... "





"အမလေး ... တူယှဉ်မှို ... နင်ကြော်ငြာနေတာနဲ့ ငါတောင်တွေ့ချင်လာပြီ၊ အဲဒီလောက်ဆို ငါကြွေလို့ရပါပြီ ... ဟဲ ... ဟဲ"

"အံမာ ... လွှာစုတ်မ ... ဘာကြွေလို့ရပါပြီလဲ၊ လာလျှော်နဲ့နော် ... အဲဒီတစ်ယောက်က တူယှဉ်မှိုအတွက်ပဲ နင်စိတ်ကူးယဉ်မှု မစဉ်းစားနဲ့ ... "

"သြော် ... အဲဒီလိုလား"

"ဟုတ်တယ် ... အဲဒီလိုပဲ"

"ရပါတယ်လေ ... သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးဆိုတော့လည်း လွှာတို့က အလျှော့ပေးရမှာပေါ့ ... ယူ ... ယူ ... နင်ပဲယူလိုက်တော့လွှာ ... "

"ဟား ... ဟား ... ဟိုကဖြင့် ဘယ်ဆီနေမှန်းမသိဘဲ နှစ်ယောက်သားလုနေကြတယ်၊ ငါတို့တော်တော်ရူးတာပဲလွှာ၊ ဟင်းဟင်း ... "

"အေးလေ ... ဟား ... ဟား ... "

သူငယ်ချင်းနှစ်ယောက်သား ကိုယ့်အဖြစ်ကိုယ် ပြန်သတိထားမိပြီး ရယ်လိုက်မိကြပါသည်။

"လွှာ ... "

"ပြောလေ ... တူယှဉ်မှို"

"အဲဒီနေ့ကတွေ့ခဲ့တဲ့ လူကရေရေလည်လည်ကို ကြွေဖို့ကောင်းတာဟသိလား၊ ဒေါ်မဟာစံကိုစွနဲ့သာမဟုတ်ရင် အဲဒီလူက



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကိုရင်ခုန်စရာကောင်းလွန်းတဲ့သူပဲ ... နင်သိတဲ့အတိုင်းပဲလေ ... ငါဘယ်ယောက်ျားကိုပတ်သက်ဆက်ဆံဖူးလို့လဲ၊ ငါ့ဘဝမှာ ငါ့ရဲ့စိတ်အာရုံတွေထဲမှာ ဒေါ်မပဟာစံဆိုတဲ့ မိန်းမကြီးတစ်ယောက်ကိုပဲ လက်စားချေချင်တဲ့စိတ်ပဲရှိခဲ့တာ၊ ရည်းစားဆိုတာ မှုံးရင်တောင် ရှုစရာမရှိဘူးလေ။ မရှိတာထက် လုံးဝမထားခဲ့ဖူးဘူးဆိုတာ နင်လည်းအသိပါပဲ ... ဒေါ်မဟာစံကို လက်တုန့်ပြန်တဲ့နေရာမှာစာရင်းတွေရှုတ်နေမှာစိုးလို့ ငါလုံးဝကိုမထားခဲ့တာ။ ပြီးတော့ ငါ့ရဲ့စိတ်အာရုံတွေကို ငိုင်တွေသွားအောင် ဖမ်းစားနိုင်တဲ့ယောက်ျားမျိုးကိုလဲ မတွေ့လို့ပေါ့ဟာ၊ ခုတော့ ... သူက ငါ့စိတ်တွေအကြီးအကျယ်ဖမ်းစားသွားတာဟ ... ငါတအံ့တသြနဲ့ လက်မခံချင်လို့ ခရအောင် ညို့ယူသွားတာလွှာ ... သူ့ကြောင့် ငါ့ရင်တွေခုန်နေရပြီ"

"တူယှဉ်မှီရယ် ... "

သဝဏ်လွှာမှာတော့ တူယှဉ်မှီရင်ထဲက နင့်နင့်သည်းသည်းလေး ထွက်ကျလာတဲ့ စကားကြောင့် ဘာမှဆက်မပြောနိုင်တော့ဘဲ တူယှဉ်မှီ နာမည်လေးကိုသာ ညည်းညူလိုက်မိပါတော့သည်။

"လွှာ ... "

"ဟင် ... ပြောလေ ... တူယှဉ်မှီ"

"သူ့ပုံစံကိုကြည့်ရတာ ဒေါ်မဟာစံကုမ္ပဏီကနဲ့တူတယ်သိလား ... သူနဲ့တိုက်မိတော့ စာရွက်စာတမ်းလေးရော၊ လက်ကိုင်ဆွဲအိတ်လေးနဲ့ရောဟ ... "





"ဒေါ်မဟာစံလက်အောက်က ကုမ္ပဏီဝန်ထမ်းနဲ့တူတယ် တူယှဉ်မှီ ... "

"အင်း ... ကုမ္ပဏီဝန်ထမ်းဆိုရင်တောင် တော်တော်ရာထူးကြီးတဲ့ဝန်ထမ်းပဲဖြစ်လိမ့်မယ် ... သူ့ဝတ်ပုံစားပုံနဲ့က သာမန်တော့ မဟုတ်လောက်ဘူးဟ ... "

"တူယှဉ်မှီ"

"ဘာလဲ ... လွှာ"

"နင် ... သူ့ကို အဲဒီလောက်တောင် စိတ်ဝင်စားနေပြီလား ဟင်"

"နင်ထင်ထားတာထက်တောင် ပိုနေသေးတယ်လွှာ ... ငါ ငါလေ ... သူ့ကိုအပြတ်ခိုက်သွားပြီ"

တူယှဉ်မှီရယ်။

နာကျည်းမုန်းတီးစိတ်တွေနဲ့ပဲ ရှင်သန်နေလို့ နင့်ကိုငါက စိတ်ပူနေမိတာလေ။ အခုတော့ ... အမုန်းတွေနဲ့ပဲ ပြည့်နှက်နေတဲ့ နှလုံးသားမှာ အချစ်စိတ်ဆိုတာလေးက တစ်ထောင့်တစ်နေရာလေးမှာရှိနေသေးပါလားဆိုတာကို သိလိုက်ရလို့ ငါအရမ်းဝမ်းသာသွားတယ်ဟာ။

"တူယှဉ်မှီ"

"ဟင်"

"နင် ... ဒီနေ့ဆိုင်သွားမှာလား"



www.burmeseclassic.com

www.burmeseclassic.com

"သွားမှာပေါ့လွှာရဲ့ ... ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး ... နှင် ... ဒေါ်မဟာစံဆီသွားဦးမလားလို့ ..."

"ဟင့်အင်း ... မသွားသေးဘူးလွှာ၊ ဟိုနေ့က ပန်းခြင်းသွားပေးတာနဲ့တင် ဒေါ်မဟာစံအတွက် တော်တော်လေးကို လုံလောက်သွားပြီလေ ... ဒေါ်မဟာစံကျန်းမာရေးမကောင်းလို့ မွေးနေ့ပါတီပွဲတောင် ပျက်သွားတယ်လို့ ငါသတင်းကြားတယ်၊ အခုလဲ သူ့ကုမ္ပဏီကိုမလာနိုင်သေးဘူးတဲ့၊ အိမ်မှာအနားယူနေတယ်ဆိုလားပဲ လွှာ ..."

"ဒါဆို ... ဒေါ်မဟာစံ တော်တော်လေးထိသွားတာပဲ တူယှဉ်မှီ ..."

"ဟုတ်တယ်လွှာ ... ပြီးတော့ ဒေါ်မဟာစံလည်း အခုလောက်ဆိုရင် သူ့ကိုအနှောက်အယှက်ပေးနေပြီဆိုတာ သတိထားမိနေလောက်ပြီ ... ဒါကြောင့် ငါ့ရဲ့လှုပ်ရှားမှုကို ဒီနေ့တာအတွက် ခဏရပ်ထားလိုက်တာ ..."

"ခဏ ... ဟုတ်လား တူယှဉ်မှီ"

"ဟုတ်တယ်လွှာ ... ဒေါ်မဟာစံက ကုမ္ပဏီမှာမရှိတော့ သူ့အိမ်ကိုပို့မှရတော့မှာလေ ... နှင်းဆီပန်းတွေကို သူရှိနေတဲ့နေရာလေးကို အရောက်ပို့နိုင်ဖို့ ငါတစ်ရက်တော့ ခေါင်းအေးအေးထားပြီး အစီအစဉ်ဆွဲမှ ရတော့မယ်"





"တူယှဉ်မှီ ..."

"ပြောလေ ... လွှာ"

"ဟို ... ဟိုလေ နှင်ပြောတဲ့အရမ်းချောတယ်ဆိုတဲ့လူ ..."

လွှာ့စကားကြောင့် တူယှဉ်မှီရဲ့ လှပတဲ့စင်ယော်တောင်ချက်ခုံးတန်းလေးနှစ်ခုက ဆတ်ခနဲ တွန့်ကြုတ်သွား၏။

"အဲဒါ ... ဘာဖြစ်လဲလွှာ ..."

"ဒေါ်မဟာစံမရှိတုန်း ကုမ္ပဏီကိုမသွားချင်ဘူးလားဟင် တူယှဉ်မှီ ... ငါ သူ့ကိုမြင်ဖူးချင်လို့ပါဟ ..."

"ဟွန်း ... လုပ်ပြီ"

"တကယ်ပြောနေတာ တူယှဉ်မှီရဲ့ ... နှင်ကအရမ်းချောတာပဲဆိုကတည်းက ငါကပြေးပြီးတောင် ကြည့်လိုက်ချင်တာ၊ မကောင်းလို့သာ မျိုသိပ်ထားတာသိလား တူယှဉ်မှီ ... ဒါပေမယ့် ... နှင်စိတ်ချပါ၊ နှင်သဘောကျနှစ်သက်သွားတယ်ဆိုတဲ့လူကို ငါစိတ်နဲ့တောင်မပြစ်မှားပါဘူးဟယ် ... အဲဒါတော့ နှင်ယုံပါ"

"အလကားစတာပါလွှာရယ် ... ငါ့စကားတွေထို နှင်ကတကယ်ထင်နေတာလား"

"ထင်တာမဟုတ်ဘူးတူယှဉ်မှီ ... မြင်တာဟဲ့မြင်တာ၊ နှင်သူ့ကို တကယ်ကြိုက်သွားတဲ့ဟာကို ဟန်ဆောင်ဖုံးကွယ်ချင်သေးလို့လား၊ သွားစမ်းပါ ... တူယှဉ်မှီရယ် ... နှင့်အကြောင်းငါသိပါတယ်ဟာ၊ ငါတို့နှစ်ယောက်က ငယ်ကတည်းက ပေါင်းလာကြတဲ့

www.burmeseclassic.com

www.burmeseclassic.com

ငည်းသူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေပါဟဲ့ ... နင့်အကြောင်း ဘိုင်အသိဆုံးပါဟယ် ... ”

“ကဲပါ ... နင်ဒီလောက်တောင် ကြည့်ချင်သပဆိုလဲ သွားကြတာပေါ့လွှာရယ် ... ”

တူယှဉ်မှီ အပြုံးနုနုလေးတွေနဲ့ပဲ ပြောမိသည်။

ဒီတော့မှ ...

လွှာလည်း ကြည်လဲ့စွာပင် ပြုံးသွားတော့၏။

အခန်း ( ၆ )

“ဟော ... ဟိုမှာ တွေ့လားလွှာ ... သူ ... သူပဲ”

“ဘယ် ... ဘယ်မှာလဲတူယှဉ်မှီ ... ဘယ်တစ်ယောက်လဲ”

“အင်္ကျီအပြာရောင်ဝတ်ထားတဲ့တစ်ယောက်လေဟယ်၊ ဒီဘက်ကိုကျောခိုင်းထားတဲ့လူ ... လမ်းမကိုကျောခိုင်းပြီး လူတစ်ယောက်နဲ့စကားရပ်ပြောနေတာလေဟယ် ... နင်မမြင်ဘူးလားလွှာရဲ့ ... ”

“သြော် ... အေး ... အေး ... မြင်ပြီ။ မြင်ပြီတူယှဉ်မှီ ... ဒါပေမယ့် ... သူကနောက်ကျောခိုင်းပြီးရပ်နေတာဟ ... မျက်နှာလဲမမြင်ရဘူး၊ မြင်ရအောင်လုပ်ပေးဟာ ... ”

“ဗုဒ္ဓေါရေ ... သူ့မျက်နှာမြင်ရအောင် ငါဘယ်လိုလုပ်ပေးရမှာလဲလွှာစုတ်မရယ် ... တောင်းဆိုချက်ကလည်းပြင်းထန်ပါ့ ... နည်းနည်းပါးပါးလဲ ခေါင်းလေးနဲ့စဉ်းစားပြီးလဲ ပြောပါဦး ... ”

တူယှဉ်မှီ့စကားကြောင့် သဝဏ်လွှာတစ်ယောက် ငြိုသွား


www.burmeseclassic.com

www.burmeseclassic.com



ဖျင်းစပ်ကလေးကသာ ငြိမ်တာနော် ... လူကတော့မရိုးမရွနဲ့ လေးလေးတမော့မော့၊ လည်လေးတဆန့်ဆန့်နဲ့ကို မျက်နှာမမြင် မချင်း အသည်းအသန်ကိုဖြစ်နေတော့တာလေ။ လွှာအဖြစ်ကို ကြည့်ပြီး တူယှဉ်မှီပင် ရယ်ချင်လာရသည်။

ခေါက် ... ခေါက် ...

ကားမှန်တံခါးလေး လာခေါက်သံကြောင့် တူယှဉ်မှီကြည့် လိုက်တော့ ဦးမောင်တိုးဆိုတဲ့ ဂိတ်စောင့်ကြီး။ စိတ်ထဲနည်းနည်း တော့တွန့်သွားရ၏။ သူမကို မှတ်မိသွားမလားဆိုတဲ့အသိကြောင့် ရင်လေးထိတ်သွားတာအမှန်။

သို့သော် ...

သူမမျက်နှာကို ကောင်းကောင်းမှတ်မိနိုင်စရာတော့ မရှိ နိုင်ပါ။ ဘာကြောင့်လဲဆိုတော့ ... ဦးမောင်တိုးဆိုတဲ့လူကြီးနဲ့ ပထမ ဆုံးအကြိမ် ဆုံတွေ့ခဲ့တုန်းက နှင်းဆီပန်းရောင်းတဲ့ကောင်မလေး အသွင်နဲ့ပါ။ ဒုတိယအကြိမ် ဆုံတုန်းကလည်း ခေတ်ကိုတစ်လန် လောက်ပြေးနေတဲ့ ခပ်ပေါ့ပေါ့ ကောင်မလေးပုံစံနဲ့ပါ။ အခုပုံစံ ကတော့ တူယှဉ်မှီရဲ့ ပင်ကိုယ်စတိုင်လ်အစစ်အမှန်နဲ့ ဖြစ်သည်။

ထူထဲနက်မှောင်နေတဲ့ ဆံနွယ်ရှည်ကြီးတွေက တင်းပါးဖုံး နေသည်။ ပြီးတော့ ... ဝတ်ထားတဲ့ဝတ်စုံလေးက ရိုးရှင်းတဲ့မြန်မာ ဆန်ဆန်ပါတိတ်ဝမ်းဆက်လေးနဲ့ပါ။

ပိုပြီးထူးခြားတာက ...





ဒီနေ့မှနေကာမျက်မှန်အဝိုင်း ခပ်ကြီးကြီးကိုတပ်လာခဲ့မိ ခြင်းဝင်၊ ဒီမျက်မှန်က သူမရဲ့လှပတဲ့မျက်ဝန်းလေးတွေကို အကောင်းဆုံးအကာအကွယ်ပေးနိုင်တာလေ။

ဦးမောင်တိုး ဘယ်လိုမှ မမှတ်မိနိုင်ပါဘူး။

ခေါက် ... ခေါက်။

တံခါးနောက်တစ်ကြိမ် ထပ်ခေါက်နေပြီမို့ မတတ်သာဘဲ မှန်တံခါးလေးကို ချပေးလိုက်ရသည်။

"ကလေးမ ... ဒီမှာကားရပ်လို့မရဘူးကွဲ့ ... ဒီနေရာက ကုမ္ပဏီပိုင်ရှင်ရဲ့ ကားတွေပဲ ရပ်ရတာ"

"ဟိုလေ ... ကျွန်မတို့က ခဏလေးပဲရပ်မှာပါ၊ ဦးလေး ကိစ္စ လေးတစ်ခုမပြတ်သေးတဲ့ သူငယ်ချင်းကို စောင့်နေလို့ပါ၊ သွားမှာ ပါ ... ဦးလေး ..."

"ဘာပဲဖြစ်ဖြစ် ... ဒီနေရာမှာတော့ မင်းကားကိုရပ်လို့မရ ဘူးကောင်မလေး ... ဟိုဘက်ရွှေ့ရပ်ရင် ရပ်ထားလိုက်ပါ"

"ဩော် ... ဟုတ်ကဲ့ ဦးလေး ... ရပါတယ် ကျွန်မချက်ခြင်း ပဲ ရွှေ့ပေးပါ့မယ် ... ဒါနဲ့ ကုမ္ပဏီရှေ့မှာလူတွေ ရုတ်ရုတ်သဲသဲဖြစ် နေသလိုပဲ၊ အစောင့်တွေကလည်း အများကြီးနဲ့ဘာတွေဖြစ်နေကြ တာလဲဟင်ဦးလေး ..."

"ဘာဖြစ်ရမလဲ သူရဲဖမ်းနေကြတာလေ ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် … သ … သရဲ … ဟုတ်လား ဦးလေး … "

ဒီတစ်ခါမှာတော့ ကိုလူချောကြီးကိုပဲ ငေးမောကြည့်နေတဲ့ သ၀ဏ်လွှာဆီက အထိတ်တလန့် မေးသံကြားရသည်။

"ဟုတ်တယ် … သိပ်လှတဲ့သရဲမလေးလေ … နှင်းဆီသရဲမလေးပေါ့။ တို့ကုမ္ပဏီပိုင်ရှင်သူဌေးမကြီး ဒေါ်မဟာစံကို လာလာခြောက်နေလို့ ဒေါ်မဟာစံသားကိုယ်တိုင် သူ့အမေအတွက် သရဲမလေးကို မိအောင်ဖမ်းမလို့ ကြိုးစားနေတာလေ … ဟိုမှာမတွေ့ဘူးလား၊ ဒေါ်မဟာစံရဲ့သား … နောက်ပိုင်းဆို ဒီကုမ္ပဏီကြီးကို အမွေဆက်ခံတော့မှာ သူဌေးသား စွဲညို့ငင်လေ … "

"ဘယ် … ဘယ်လို … "

တူယုဉ်မိုရင်လေးတဆတ်ဆတ်တုန်ခါသွားရပြီ။ ဂိတ်စောင့်ကြီးဦးမောင်တိုး ပြောလိုက်တဲ့စကားတွေကြောင့် ရင်ထဲက နှလုံးသားလေးက တဆတ်ဆတ်ခုန်လှုပ်တုန်ခါနေရပြီ။

ဒေါ်မဟာစံရဲ့သားတဲ့။

ဟုတ်ပါတယ်။

တူယုဉ်မို သေချာကိုကြားလိုက်ရတာပါ။

ဦးလေးမောင်တိုး လက်ညှိုးထိုးပြလိုက်တာကလည်း တီရှပ်လက်ရှည်ပြောင်အပြာနုလေးကို စတိုင်လ်ပန်အနက်ရောင်လေးနဲ့ တွဲဝတ်ထားတဲ့သူ့ဆီကို။

တူယုဉ်မို သူ့ဘက်ခေါင်းလေးစောင်းငဲ့ကာ ပြန်ကြည့်မိလိုက်





ပြီ။

သွားပြီ။

တူယုဉ်မိုရဲ့စိတ်ကူးယဉ် နတ်သားလေးက သူမသိပ်မုန်းတီးကြည်းရပါတယ်ဆိုတဲ့ ဒေါ်မဟာစံဆိုတဲ့ မိန်းမကြီးရဲ့သားဖြစ်နေတာလေ။

စိုက်ကြည့်လိုက်မိတဲ့ သူမမျက်ဝန်းလေးတွေက စောစောတုန်းက နူးညံ့သိမ်မွေ့တဲ့ အရောင်လေးတွေ ပျောက်ကာစိမ်းသက်သွားသည်။ လုပဖူးစင်းနေတဲ့ ပန်းနုရောင်နှုတ်ခမ်းလေးပေါ်မှာ တင်ကျန်သွားတာက မဲ့ပြုံးလေးတစ်ပွင့်။

စွဲညို့ငင်တဲ့လား။

ဒါဟာ …

ဒေါ်မဟာစံရဲ့တစ်ဦးတည်းသောသား စွဲညို့ငင်တဲ့လား။ ဒေါ်မဟာစံက တူယုဉ်မိုရဲ့အမိကရန်သူတော်ကြီးပဲလေ။ ရန်သူတော်ကြီးရဲ့သားဆိုတော့လဲ ရန်သူတစ်ယောက်ပဲပေါ့။

"ကောင်မလေး … ဟော့ … ဟော့ ကောင်မလေး … "

"ရှင် … ဦးလေး … "

"ကားကိုဟိုဘက်လေး ရွှေ့ပေးပါ … "

"ရတယ် … ဦးလေး … ကျွန်မတို့ အခုပဲသွားတော့မှာပါ"

"ဟော … ဩော် … အေး … အေး … ဒါဆိုလဲပြီးရော"

ပြောပြီးတာနဲ့ ကားမှန်လေးကို ပြန်တင်ပိတ်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘူယှဉ်မှီကိုကြည့်ပြီး သဝဏ်လွှာမှာလဲ ဘာစကားမှ ဆက်မပြော နိုင်။

သိလိုက်ပြီလေ။

တူယှဉ်မှီ စိတ်အရမ်းထိခိုက်သွားပြီဆိုတာပေါ့။

စွဲညို့ငင်ဆိုတဲ့ ကိုယ်လူချောကြီးအပေါ်မှာ တိတ်တဆိတ် လေး ယိုင်နဲ့နေတဲ့တူယှဉ်မှီရဲ့ ခံစားချက်လေးကို သူမ မသိဘဲနေပ မလားလေ။ ကံဆိုးလိုက်တာ တူယှဉ်မှီရယ်။ နင်က ရန်သူတော်ကြီး ဒေါ်မဟာစံရဲ့ တစ်ဦးတည်းသောသားကိုမှ ရင်ခုန်မိသွားတာကို ငါစိတ်မကောင်းပါဘူးဟယ်။

ကားလေးကိုရပ်ထားတဲ့နေရာလေးကနေ ဝေါခနဲနေအောင် ် မောင်းထွက်လိုက်တဲ့ တူယှဉ်မှီကိုကြည့်ပြီး သက်ပြင်းမောလေး ညာ ကြိတ်ရှိုက်မိသူကတော့ သဝဏ်လွှာပဲဖြစ်ပါသည်။

“မုန်းတယ် … အရမ်းမုန်းတယ် … ”

“ငါ … ငါလေ … သူ့ကိုအရမ်းမုန်းတယ်သိလားလွှာ”

တူယှဉ်မှီရယ်။

နင် အရမ်းခံစားသွားပြီပေါ့နော်။

“မုန်းလိုက်တာ … ဖေဖေ့ကိုယ်ငါလည်း အရမ်းမုန်းလိုက်တာ ဟာ … ဒေါ်မဟာစံဆိုတဲ့ မိန်းမကြီးရဲ့သားကိုမှ ငါ … ငါက … အဟင့် … ဟင့် … ဟင့် … ”

“အို … တူယှဉ်မှီ၊ နင် … နင် … မငိုနဲ့လေ၊ နင် … မငိုပါ





နဲ … ”

“အဟင့် … ဟင့် … ”

ငိုရှိုက်သံလေးနဲ့အတူ ကားလေးကိုမောင်းနေရာမှ လမ်း ဘေးဆွဲချရပ်လိုက်တဲ့ တူယှဉ်မှီရဲ့လုပ်ရပ်။

ဒီလောက်ဆိုရင် သဝဏ်လွှာ သဘောပေါက်လိုက်ပြီလေ။

“တူယှဉ်မှီ … ကားကိုလွှာမောင်းမယ် … ”

တူယှဉ်မှီကိုပြောပြီး ကားတံခါးလေးဖွင့်ကာ သဝဏ်လွှာ ဆင်းလိုက်ပါသည်။ တူယှဉ်မှီ ခံစားနေရတော့လွှာလည်း ခံစားနေရ တာ။ အချစ်ဆုံးသူငယ်ချင်းတွေမဟုတ်လား။ တစ်ယောက်စိတ်ကို တစ်ယောက်က နားအလည်ဆုံးပဲဖြစ်သည်။

တူယှဉ်မှီ တစ်ဖက်ဘေးခုံကို ပြောင်းထိုင်ပေး၏။

ကားမောင်းတဲ့ ဒရိုင်ဘာနေရာမှာ ထိုင်လိုက်တာက သဝဏ် လွှာရယ်ပါ။

ပြီးနောက် …

ကားလေးကိုနေရာကနေ ညင်သာစွာ မောင်းထွက်လိုက် သောသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

ဘယ်သူလဲ။

ရွှေဝါရောင်ဆံပင်ကောက်ကောက်လေးတွေနဲ့ သိပ်လှ၊ သိပ်
ချစ်စရာကောင်းတဲ့ ကောင်မလေးက ဘယ်သူလဲ။

မိမိလက်ထဲကို နှင်းဆီပန်းခြင်းလေး အရောက်လာထည့်
ပေးသွားတဲ့ကောင်မလေး။ မိမိမုန်းလှပါသည်ဆိုတဲ့ နှင်းဆီပန်းက
လေးတွေကိုမှ အကွက်ကျကျစီစဉ်ပြီး ရောက်အောင်လာပို့တာ
လေ။

သေချာတာထတော့အခန်း ( ၁၀ )

တူယှဉ်မှီတဲ့ ... ။

ဒေါ်မဟာစံဆိုတဲ့ မိမိနဲ့ပတ်သတ်နေတဲ့အကြောင်းအရာ
သမျှ ဒီကောင်မလေးက ခရေစေ့တွင်းကျသိထားပုံရသည်။ သူဘယ်
သူလဲ။ ဘာကြောင့် အခုလိုတွေလိုက်လုပ်နေရတာလဲ။ ဒေါ်မဟာစံ
စဉ်းစားရပြီလေ။





ပထမတစ်ကြိမ် သူမကုမ္ပဏီရှေ့မှာ ဝန်းလာရှောင်းတဲ့
ကောင်မလေး။ ဒုတိယအကြိမ် နှင်းဆီပန်းခြင်းလေးကို မိမိရဲ့ရွှေ
နေ့လက်ဆောင်အဖြစ်နဲ့ လာပို့ပေးပြီး အမှတ်တရ ခေါက်ပုံရိုက်သွား
သွားတဲ့ကောင်မလေး။ သေချာတာကတော့ ဒါဟာသွေးရိုးသားရိုး
ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူးလေ။ အဲဒီနှစ်ယောက်လုံးက အစဝ်
အဆက်ရှိနိုင်သည်။ တစ်စုံတစ်ယောက်က အကွက်ကျကျစီစဉ်ပြီး
ခိုင်းစေနေတာ ဖြစ်လောက်၏။

နှင်းဆီပန်းပွင့်လေးတွေ။

မမြင်ချင်ဘူး၊ မတွေ့ချင်ဘူး။ အတိတ်ကအရိပ်တွေကို ပြန်
မြင်ယောင်ချင်လို့ အားလုံးကိုမေ့ဖျောက်ပြီး ကုမ္ပဏီပိုင်ရှင်သူဌေး
ကြီးဆိုတဲ့ အရှိန်အဝါနဲ့နေနေတာလေ။

ခုတော့ ...

ဒါတွေအားလုံးကို ဝါးမြိုပစ်ဖို့ ခြေလှမ်းတွေစလာပြီ။ လက်
ခံနိုင်ဘူး။ တည်ငြိမ်အနည်ကျနေတဲ့ အခြေအနေလေးကို အရှုတ်
တွေးမခံနိုင်ဘူး။ တွေးပြီး ခေါင်းလေးတွေ တရမ်းရမ်းခါနေတာက
ဒေါ်မဟာစံ။

ပြီးတော့ ...

သားလေးစွဲညို့ငင်က ရှိသေးသည်။

ဘာဆိုဘာမှမသိတဲ့သားက မိမိဟာမိန်းမတစ်ယောက်ဖြစ်
ပြီး ဒီလိုအခြေအနေမျိုးမှာ ရောက်ရှိနေလို့ဆိုပြီး မိခင်တိုင်ပြုအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လေးစားဂုဏ်ယူနေတာပါ။ သားလေးသာ မိမိရဲ့ယခင်ကလုပ်ရပ်တွေကိုသိသွားရင် သိပ်ကိုရှက်ရွံ့သွားမှာ။ အရမ်းကို သိမ်ငယ်သွားမှာပါ။ အမေက အဲဒီလိုမျိုး မိန်းမတစ်ယောက်လားဆိုပြီး အံ့အားသင့်နေမှာ။

ဘာလုပ်ရမလဲ။

နောက်ကွယ်ကနေ ဒေါ်မဟာစံကို တိုက်ခိုက်လာပြီ။ မထင်မှတ်တဲ့ ထိုးနှက်ခြင်းတွေနဲ့သူမစိတ်တွေကို ခြောက်လှန့်လို့နေပြီလေ။ အဲဒါကို ဘယ်သူလုပ်နေတာလဲဆိုတာ မိမိဖော်ထုတ်နိုင်မှဖြစ်မည်။ သားမရိပ်မိခင်မှာ ရှင်းထုတ်နိုင်မှဖြစ်မည်လေ။

"ဒေါက် ... ဒေါက် ..."

"ကျွန်တော် ရောက်ပါပြီ ... သူဌေး"

"အေး ... ဝင်ခဲ့"

အပြင်ဘက်ကနေ စာကြည့်ခန်းတံခါးလေး တွန်းဖွင့်သံကြားရသည်။ အခန်းထဲဝင်လာတာက ဒေါ်မဟာစံအားအကိုးရဆုံးလက်ထောက် မောင်ဆန်းသစ်ဆိုတဲ့ ကောင်လေးပဲ။ ဒီကောင်လေးက သွက်လက်သည်။ ထက်မြက်သည်။ နှုတ်လုံ၏။ မိမိသီးသန့်အလုပ်ခန့်ထားတဲ့ ကုမ္ပဏီပြင်ပကလူ။

"လာ ... မောင်ဆန်းသစ်"

"ဟုတ်ကဲ့ ... အန်တီမဟာစံ"

မောင်ဆန်းသစ် အခန်းထဲဝင်ကာ အခန်းတံခါးကို ညင်သာ





ပင် စေ့ပိတ်သည်။

"ထိုင် ... မောင်ဆန်းသစ်"

"ဟုတ်ကဲ့ ..."

ဒေါ်မဟာစံနဲ့မျက်နှာချင်းဆိုင်ခုံတွင် မောင်ဆန်းသစ်က ဝင်[illegible] စာကြည့်စားပွဲအံဆွဲထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူသည်။

"ရော့ ... မောင်ဆန်းသစ်"

ဆန်းသစ်က ဒေါ်မဟာစံပေးတဲ့ ဓာတ်ပုံကိုကောက်ယူကြည့်ပြီး ... နောက်စာရွက်ခေါက်လေးမှာ ရေးပေးထားတဲ့လိပ်စာတစ်ခု။

"သူတို့နဲ့ပတ်သက်တာအားလုံး အန်တီသိချင်တယ် မောင်ဆန်းသစ် ..."

"ဟုတ်ကဲ့ ... အန်တီမဟာစံ"

"ရော့ ... ဒါ မင်းအသုံးစရိတ် ..."

ဒေါ်မဟာစံ လက်မှတ်ထိုးပေးထားတဲ့ ချက်လက်မှတ်တစ်စောင်။ ကြိုက်သလောက် ထုတ်ယူသုံးနိုင်တယ်ဆိုတဲ့သဘောပဲ။

"မောင်ဆန်းသစ် ..."

"ဗျာ ..."

"အန်တီအမြန်ဆုံး သိချင်တာနော် ..."

"ဟုတ်ကဲ့ ... အန်တီမဟာစံ၊ စိတ်ချပါ — အန်တီအမြန်ဆုံးသိစေရပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... မင်းသွားတော့ မောင်ဆန်းသစ် ... ဒါနဲ့ အောင် ထပ်ကျရင် သက်သက်ကိုခဏလွှတ်လိုက်စမ်းပါ"

"ဟုတ်ကဲ့ ခင်ဗျ"

ဆန်းသစ်ဆိုတဲ့ကောင်လေး ထိုင်ရာမှထရပ်ပြီး ဦးညွှတ်နှုတ် ဆက်ကာ အခန်းလေးထဲကနေ ပြန်ထွက်သွားသည်။ ဒေါ်မဟာစံ တစ်ယောက်တည်း စာကြည့်ခန်းလေးထဲတွင် စိတ်မောစွာနှင့်ကျန် နေရစ်ခဲ့ရ၏။

မဖြစ်တော့ဘူးလေ။

မောင်ဆန်းသစ်ကို မခိုင်းလို့လုံးဝမဖြစ်တော့ဘူး။ နှင်းဆီ ပန်းပွင့်တွေက သူမမျက်ဝန်းအကြည့်ရှေ့ကိုရောက်ရောက်နေခဲ့တာ နှစ်ကြိမ်ရှိနေပြီ။ ဒီလောက်ဆိုရင်တော့ ဒေါ်မဟာစံဆိုတဲ့ မိမိ သဘောပေါက်သွားပြီလေ။ တစ်ဖက်လူက မိမိအကြောင်းတွေကို အားလုံးသိထားတာယ်ဆိုပြီး အသံတိတ် ခြိမ်းခြောက်လိုက်တာ။

မိမိသိထားသလောက် ဦးတေဇာဟိန်းနဲ့ယမင်းမှီမှာပါ သား သမီးမရှိကြချေ။ ယမင်းမှီရဲ့အစ်မမှာတော့ ကလေးတစ်ယောက်ရှိ သံကြားဖူး၏။ ယောကျ်ားလေးလား မိန်းကလေးလားဆိုတာတော့ ဒေါ်မဟာစံ မသိပါ။

အဲဒီအချိန်တုန်းက သိပ်အရေးမကြီးတဲ့အရာတွေမို့လည်း ခေါင်းထဲသိပ်မထည့်ခဲ့တာလည်းပါသည်။ ယမင်းမှီရဲ့အစ်မသော်တာ မှီက ကလေးမွေးပြီးပြီးချင်း ဆုံးသွားတာတဲ့။ ကလေးတစ်ယောက်





ချန်ခဲ့တာတော့ ဒေါ်မဟာစံ သိသည်။

ထိုကလေးကို အဒေါ်ဖြစ်သူ ယမင်းမှီက အဖျိုဘဝမှာ မွေးစား ဆောင့်ရှောက်လာပြီး ကိုတေဇာဟိန်းနဲ့လက်ထပ်တော့မှပဲ နယ်မှာ အသားအေနဲ့ထားခဲ့တာဆိုတဲ့သတင်းကို သူမကြားသိထားသည်။ ဒီ အကြောင်းတွေကိုသိခဲ့တာကလည်း ကိုတေဇာဟိန်း ပြောပြခဲ့လို့ပါ ပဲ။ သူ့ဇနီးနဲ့ပတ်သက်နေတဲ့ မိသားစုဝင်တွေရဲ့အကြောင်းအရာတွေ ပါ။ ဒေါ်မဟာစံက လုံးဝစိတ်ဝင်စားနားထောင်ချင်ဟန်မပြ၍ နောက် ... သူလုံးဝ ဆက်မပြောတော့တာ။

ကိုတေဇာဟိန်းကို ဒေါ်မဟာစံကိုယ်တိုင်ပဲ လက်ထပ်ယူခဲ့ ပြီး ယမင်းမှီနဲ့ပတ်သက်တာတွေအားလုံးကို မေ့ဖျောက်ခိုင်းခဲ့သည်။ စိတ်သစ်၊ လူသစ်နဲ့ပဲ မိမိနဲ့အတူရှင်သန်ခိုင်းခဲ့၏။ သို့ပေမယ့် ... မိမိရှေ့မှာသာ ကိုတေဇာဟိန်းက ဟန်ဆောင်ပျော်ရွှင်ပြနေတာ။ သူ့စိတ်အာရုံတွေထဲမှာတော့ ကျန်ရစ်သူ ဇနီးဖြစ်သူ ယမင်းမှီအပေါ် မှာ မကောင်းမိခဲ့လေခြင်းဆိုသည့် နောင်တတွေက ရချင်နေ၏။

ထိုအချက်ကို သိလို့လဲ ဒေါ်မဟာစံ ပိုရှုံးသနားတွေရာခဲ့ သည်။ ဦးတေဇာဟိန်း စိတ်တွေဆင်းရဲအောင် ဖန်တီးခဲ့၏။ လုပ်ငန်း တွေအားလုံးကိုလည်း ဒေါ်မဟာစံပဲ ဦးဆောင်ခဲ့တာ။ အပိုင်သိမ်း ခဲ့တာလေ။

အကောင်းပကတိနဲ့ဖယ်ထုတ်ရင် မကောင်း၍ ကိုတေဇာ ဟိန်းကိုလည်း မိမိအစီအစဉ်နဲ့ပဲ ဖယ်ထုတ်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံးက ...

လွန်ခဲ့တဲ့နှစ် နှစ်ဆယ်ကျော်လောက်က အကြောင်းအရာတွေပါ။ ဒါတွေကို ... ဘယ်သူကပြန်ပြီး မြေလှန်ရှာချင်နေတာလဲ။ ကိုတေဇာဟိန်းဘက်က ဆွေမျိုးတွေထဲကလား။ ယမင်းမီရဲ့ဆွေမျိုးတွေဘက်ကလား။

ဘယ်ဘက်ကပဲဖြစ်ဖြစ် အခုလိုလုပ်တာကို ဒေါ်မဟာစံ လုံးဝခွင့်မလွှတ်နိုင်ပါ။ မိမိကိုလာပြီး စော်စော်ကားကား ခြိမ်းခြောက်နေတာ မဟုတ်လား။ မိမိကိုလာပြီး ပခုံးယှဉ်ချင်နေသည်။

ဒေါ်မဟာစံ ရှာခိုင်းလိုက်ပြီ။

ဓာတ်ပုံတွေနဲ့လိပ်စာတွေပေးပြီး နောက်ကြောင်းတွေကို လိုက်စုံစမ်းခိုင်းထားသည်။

ဟင်း _ ဟင်း ... ။

မဟာစံကို လှော့တွက်ချင်တဲ့သူတွေ။ တွေ့မယ် ... ခင်းတို့အားလုံးကို သိပ်မကြာခင် မဟာစံဆိုတဲ့မိန်းမ ဘယ်လောက်အဆိပ်ပြင်းတယ်ဆိုတာ သိသွားကြစေရမယ်လေ။

ကြိမ်းဝါးနေမိသည်။

ဒေါက် ... ဒေါက် ... ။

တံခါးခေါက်သံကြောင့် ဒေါ်မဟာစံ ကြည့်လိုက်တော့ အိမ်အကူကောင်မလေး သက်သက်။

"မေမေကြီး ... သမီးကိုခေါ်လား"





"အေး ... "

"ဘာခိုင်းစရာရှိလို့လဲ ... မေမေကြီး ... "

"ဒရိုင်ဘာမောင်စိုးကို သွားပြောလိုက် ... ကားကို အဆင်သင့်လုပ်ထားလို့ ... "

"ဟင် ... မေမေကြီး အပြင်သွားမလို့လား"

"အေး ... "

"ဘယ်ကိုသွားမလို့လဲ ... မေမေကြီး သက်သက်နောက်ကနေလိုက်ပေးဖို့ လိုသေးလားဟင် ... "

"မလိုဘူးသက်သက် ... ငါကုမ္ပဏီကိုသွားမှာ"

"ရှင် ... "

ကုမ္ပဏီကိုသွားမလို့ဆိုတဲ့စကားကြောင့် သက်သက်တစ်ယောက် မျက်လုံးကြီးတွေ ပြူးရပြီ။

"ဟို ... ဟိုလေ ... အစ်ကိုလေးက မေမေကြီးကို ကုမ္ပဏီမလာဘဲ အိမ်မှာအနားယူပါဦးလို့ ပြောသွားတာမဟုတ်လား ... ကျန်းမာရေးလဲ သိပ်မကောင်းဘဲနဲ့ မေမေကြီးရယ် ... ကုမ္ပဏီကို သွားဦးမလို့လား"

"ညည်းမသိပါဘူး ... ကျုပ်သွားမှကိုဖြစ်မှာအေ့ ... "

"ဟို ... ဟိုလေ ... နှင်းဆီပန်းတွေနဲ့ မေမေကြီးရဲ့စိတ်တွေ ထိုညစ်ထွေးနေအောင် ဖန်တီးနေတဲ့ကောင်မလေးကို ဖမ်းမိတော့ ရသွားပါလားဟင် ... တော်ကြာနေ ... မေမေကြီးဝဲ စိတ်ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂျုန်းမာရေးထိခိုက်နေဦးမယ် ... အဲဒီတစ်ယောက်က ထပ် မလုပ်ဘဲနေမှာမဟုတ်ဘူး"

"အမလေး ... လျှာရှည်လိုက်တာအေ ... ငါခိုင်းတာကိုပဲ ညည်းသွားလုပ်စမ်းပါ ... မောင်စိုးကိုပဲ သွားပြောထားလိုက် ... ငါအပြင်သွားမှာလို့ ... "

ဒေါ်မဟာစံလေသံက အနည်းငယ်မာဆတ်သွားတာမို့ သက်သက်ဆက်ပြီး လေမရှည်ရဲတော့ပါ။

"ဟုတ်ကဲ့ ... မမကြီး၊ သက်သက်အခုပဲ သွားပြောလိုက်ပါ့မယ်"

"အေး ... သွားတော့ ... "

သက်သက်ဆိုတဲ့အိမ်အကူကောင်မလေး ပြန်ထွက်သွား၏။ ဒေါ်မဟာစံ ဘုရားခန်းထဲကနေ ထွက်လာပြီး အိပ်ခန်းဆီသွားလိုက်သည်။ ခြေလှမ်းချိုးလိုက်၏။

ပြီးနောက် ...

မှန်တင်ခုံရှေ့ထိုင်တာ အလှပဆုံးဖြစ်အောင် ခြယ်သလိုက်သည်။ စိတ်တိုင်းကျပြင်ပြီးပြီဆိုတော့မှ အဝတ်အစားထည့်ထားသည့် ဘီဒိုကြီးအား ဆွဲဖွင့်လိုက်၏။ အလှပဆုံး၊ အတောက်ပဆုံး အရောင်နဲ့ဝတ်စုံတစ်စုံကို ထုတ်ယူလိုက်ပြီး ဝတ်ဆင်လိုက်သည်။ လိုက်ဖက်ညီမည့် လက်ကိုင်အိတ်အား လက်ကိုင်အိတ်တွေချည်း သီးသန့်ထားသော ဘီဒိုလေးထဲမှ ရွေးချယ်ထုတ်လိုက်မိသည်။





ပစ္စည်းပစ္စယတွေ သေချာထည့်ပြီးတော့မှ အခန်းထဲကနေ ထွက်ခဲ့လိုက်၏။

"မမကြီး အရမ်းလှတယ် ... "

ဒေါက်ဖိနပ်လေးစီးဖို့ အသင့်ချပေးရင်းမှ ချီးကျူးစကားပြောလာတဲ့ အိမ်အကူကောင်မလေးသက်သက်ကို အသိအမှတ်ပြုကာ ခေါင်းလေးတစ်ချက် ညိတ်ပြသည်။

ပြီးနောက် ...

ခွာမြင့်ဒေါက်ဖိနပ်လေးကို တစ်ဒေါက်ဒေါက်မြည်အောင် နင်းလျှောက်ကာ အိမ်လေးထဲကနေ ထွက်လာခဲ့လိုက်တော့သည်။

သွားမှဖြစ်မယ်လေ။

တော်ကြာနေ ဒေါ်မဟာစံတစ်ယောက်တော့ ... သိပ် ကြောက်သွားပြီဆိုပြီး အထင်သေးနေဦးမယ်။

အဲဒီလောက်လေးနဲ့ မဟာစံဆိုတဲ့ မိန်းမကို ပခုံးချင်းယှဉ်လို့ မရသေးဘူးဆိုတဲ့အကြောင်းကို ဒင်းသိသွားအောင် လုပ်ပြမှကိုဖြစ် မယ်လေ။

မဟာစံတဲ့။

လုံးဝသွေးမကြောင်ဘူးဆိုတာ သိသွားစေရမယ်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

"ဘာပြောတယ် … အန်တီနီလာ … အန်တီယမင်းမို့ အကြောင်းကို လာစုံစမ်းတဲ့သူရှိတယ် … ဟုတ်လား အန်တီနီလာ"

"အေး … ဟုတ်တယ် … တူယုဉ်မို့၊ ကောင်လေးခပ်ချော ချောတစ်ယောက်ပဲ … "

"ဟင် … ။"

အန်တီနီလာစကားကြောင့် တူယုဉ်မို့ပင် ခေါင်းစားသွားရသည်။ အန်တီလေးအကြောင်းကိုလာပြီး စုံစမ်းနေတဲ့သူရှိတယ်ဆိုပြီး အန်တီလေးနဲ့ဘောင်ချင်းကပ်နေတဲ့ ခြံက အန်တီနီလာက တူယုဉ်မို့ဆီ ဖုန်းလှမ်းဆက်ပြီး အသိပေးတာလေ။

ထင်တော့ထင်ထားပြီးသားပါ။

နှင်းဆီပွင့်တွေနဲ့ ဒေါ်မဟာစံကို ခြိမ်းခြောက်တော့မယ်ဆို ကတည်းက တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အခုလိုပဲနောက်ကြောင်း လိုက်စုံစမ်းခြင်းခံရနိုင်တယ်ဆိုတာ တူယုဉ်မို့ တွက်ထားပြီးသားပဲ





ဖြစ်သည်။

သူမစိတ်ထဲ မရှင်းလင်းတာက ကောင်လေးခပ်ချောချော တစ်ယောက်ဖြစ်နေတယ်ဆိုတာပဲ။ စွဲညို့ငင်များလား။ အသား ဖြူဖြူ၊ အရပ်မြင့်မြင့် ခပ်ချောချောကောင်လေးတစ်ယောက်ဆိုတာ စွဲညို့ငင်များ ဖြစ်နေမလားဆိုတဲ့အသိကြောင့် ခေါင်းစားသွားရ သည်။

စွဲညို့ငင်သာ ဒီအကြောင်းတွေသိပြီး သူ့အမေနဲ့ပူးပေါင်း သွားလို့ကတော့ တူယုဉ်မို့ရဲ့တိုက်ကွက်တွေက ပျက်စီးသွားပြီပဲ။

"တူယုဉ်မို့"

"ရှင် … အန်တီနီလာ"

"သမီးက ယမင်းမို့ရဲ့အကြောင်း လာစုံစမ်းမေးမြန်းရင် အကြောင်းကြားပေးပါဆိုပြီး ဖုန်းနံပါတ်လေးပေး အကူအညီ တောင်းထားလို့ အန်တီနီလာ လှမ်းဆက်ပြောတာပါ … ဒါပဲနော် တူယုဉ်မို့ … "

"ဟုတ် … ဟုတ်ကဲ့ အန်တီနီလာ၊ ကျေးဇူးတင်ပါတယ် နော်"

"ရပါတယ်ကွယ် … ယမင်းမို့က အိမ်နီးချင်းမိတ်ဆွေကောင်း ပါ … အခုလိုတွေဖြစ်ခဲ့ရလို့ အန်တီနီလာဖြင့် စိတ်မကောင်းလိုက် တာကွယ် … အဲဒါကြောင့်လဲ သမီးအကူအညီတောင်းတာကို ကူပေး ပေးတာပေါ့ … အားမနာပါနဲ့သမီး … "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... အန်တီနီလာ၊ သမီးဈေးဆိုင်ပိတ်ရက်ကျရင် အန်တီဆီ အလည်လာခဲ့ပါဦးမယ်"

"အေးကွယ် ... အေး ... အေး ... လာခဲ့လေ"

"ဟုတ်ကဲ့ ... အန်တီနီလာ ... "

"ဒါပဲနော် ... သမီးတူယှဉ်မှို"

"ဟုတ်ကဲ့ ... "

တစ်ဖက်မှ ဖုန်းချသွား၏။

တူယှဉ်မှို စဉ်းစားနေတာလေ။ ဒေါ်မဟာစံနဲ့တူယှဉ်မှိုတို့ရဲ့ ကစားဝိုင်းထဲ စွဲညို့ငင်ဆိုတဲ့လူပါလာပြီလားဆိုတဲ့ အတွေးနဲ့ခေါင်းအေးနေရတာတော့ အမှန်ပါ။

"...ိုလေ ... ခေါင်းလျှော်ချင်လို့ ... အဲဒါ ... "

—

"အစ်မတူယှဉ်မှို ... ဟိုမှာ Customer ပြောနေတယ်လေ ခေါင်းလျှော်ချင်လို့တဲ့ ... "

"သြော် ... အေး ... အေး ... ဟင် ... "

အန်တီနီလာဆီက ဖုန်းကြောင့် အတွေးလွန်သွားတဲ့ တူယှဉ်မှိုတစ်ယောက် ခေါင်းလျှော်မည့် ဧည့်သည်လာတာပင် သတိမထားမိ၊ အလုပ်သမားကောင်မလေးက သတိပေးမှပင် အသိလေးပြန်ဝင်သွားရသည်။ ဆိုင်ကိုလာတဲ့လူဆီ မော့ကြည့်လိုက်တော့ တူယှဉ်မှို





...လုံးလေးတွေပင် ပြူးဝိုင်းသွားပြီ။

သူ ...

စွဲညို့ငင်ဆိုတဲ့လူ။

"ကျွန်တော့် ခေါင်းလဲလျှော်မယ် ... ဆံပင်လည်းပုံစံနည်း...ကျအောင် ညှပ်ချင်တယ် ... "

သူ့ကိုကြည့်ရတာ တူယှဉ်မှိုကို မှတ်မိပုံ လုံးဝမရပါ။ အလှ...ဆိုင်ပိုင်ရှင် အမျိုးသမီးဟုပဲမြင်ကာ သူလုပ်ချင်တဲ့ဆန္ဒကိုပြော...သည်။

"အင်း ... ရပါတယ်၊ ခဏလေးထိုင်ပါဦးနော် ... ဆွိရေ ...ည့်သည်ကို ဧည့်ခံလိုက်ပါဦးကွယ် ... "

"ဟုတ်ကဲ့ ... မမတူယှဉ်မှို"

ဆွိက ရှေ့ကနေဦးဆောင်ကာ သူထိုင်ဖို့နေရာပေး၏။ ပြီးမှ ...အေးခွက်လေးသွားဖျော်ပေးကာ ဧည့်ခံသည်။

"ဆွိရေ ... "

"ရှင် ... မမတူယှဉ်မှို ... "

"ခဏလာပါဦးကွယ် ... "

"ဟုတ်ကဲ့ ... "

ဆွိဆိုတဲ့တူယှဉ်မှိုဆိုင်က ဝန်ထမ်းကောင်မလေးခေါ်သဖြင့် ...ရောက်လာသည်။

"ဆွိ ... "



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ... မမတူယှဉ်မှီ"

"အဲဒီတစ်ယောက်အတွက် မမတာဝန်ယူလိုက်မယ်"

"ရှင် ... "

"မမကိုယ်တိုင် ခေါင်းလျှော်ပေးမယ်လို့ပြောတာ ... "

"ရှင် ... ဩော် ... ဟုတ်ကဲ့ ... "

တူယှဉ်မှီတစ်ယောက် လက်မှာဝတ်ဆင်ထားသည့် လက်စွပ်၊ လက်ကောက်နဲ့နာရီကိုပါချွတ်ကာ အံဆွဲထဲသေချာထည့်ပြီး စားပွဲခုံကို သော့ပိတ်ထားလိုက်သည်။

ပြီးနောက် ...

ငွေရှင်းကောင်တာကနေ ထလိုက်၏။

ဝန်ထမ်းမလေးတွေအားလုံး ဆိုင်ပိုင်ရှင်တူယှဉ်မှီကိုယ်တိုင် ခေါင်းလျှော်ပေးမည်ဆို၍ အံ့အားသင့်နေကြသည်။ ငွေရှင်းသည့် ကောင်တာမှာသာနေတတ်ပြီး ဘယ်လိုလူမျိုးကိုမှ ကိုယ်တိုင်ထ မလုပ်တတ်တဲ့အတွက် ဒီတစ်ခါ ရောက်လာသည့် ဧည့်သည်ကို လည်း အထူးအဆန်းသဖွယ် ကြည့်နေကြသည်။

"ဟို ... ဒီကအစ်ကို ... ခေါင်းလျှော်မယ်ဆိုတာ ... "

"ဟုတ်တယ် ... "

"လာပါ ... အစ်ကို ... ခေါင်းလျှော်လို့ရပါပြီ ... "

တူယှဉ်မှီ ခေါင်းလျှော်ခန်းလေးထဲသို့ ဦးဆောင်ကာခေါ်သွားလိုက်သည်။ ပြီးနောက် ... အိပ်စင်ပေါ်လှဲစေ၏။





"ခေါင်းလေးနည်းနည်းမပေးနော် ... "

ခေါင်းလျှော်ခံသည့် လည်သာပြားလေးကို လည်ပင်းစွပ်ဆင်လိုက်ပြီး ခေါင်းလျှော်ဖို့ စတင်လိုက်သည်။

တူယှဉ်မှီ ...

ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံဖို့ ဆုံးဖြတ်လိုက်မိပြီ။ ဒေါ်မဟာစံက သူမတို့မိသားစုရဲ့ နောက်ကြောင်းတွေကို လူလွှတ်ပြီး စုံစမ်းခိုင်းနေပြီ။ သိပ်မကြာခင် အချိန်အတွင်းမှာပဲ သိသွားမှာ။ ဒေါ်မဟာစံ သိသွားတဲ့အချိန်မှာ သူမဟာ ဒေါ်မဟာစံဘယ်လိုမှ အဝေးလွှင့်သွားအောင် မလုပ်နိုင်တော့မယ့် နေရာတစ်ခုမှာ ရောက်နေပြီဆိုရင် တူယှဉ်မှီနိုင်ပြီပဲလေ။

အဲဒီ ...

အောင်နိုင်မှုတစ်ခုကို ရရှိဖို့ကြားခံလူက စွဲညို့ငင်ဆိုတဲ့လူကသာ သူမအတွက် အသုံးအဝင်ဆုံးပါပဲ။ ဒေါ်မဟာစံရဲ့ အသည်းနှလုံးသား အစားထိုးအဆုံးရှုံးခံလို့ မရတဲ့သူက စွဲညို့ငင်ဆိုတဲ့လူပါပဲ။

ဒါကြောင့်လဲ ...

စွဲညို့ငင်ဆိုတဲ့လူရဲ့အနားကို တိုးကပ်နိုင်ဖို့ အခွင့်အရေးလေး ပေါ်လာနေတုန်း ဆုပ်ကိုင်ထားတဲ့သဘော။

ဆိုင်ကစပြီး တစ်ဆိုင်လုံးဝန်ထမ်းတွေက တူယှဉ်မှီလုပ်ရပ်ကို မည်သူမှမယုံကြည်နိုင်သလို ဖြစ်နေကြသည်။ ပိုင်ရှင်မှီလို့သာ ငြိမ်ပြီး ကြည့်နေကြတာ။ တစ်ခုခုကိုတော့ မေးခွန်းထုတ်ချင်နေတဲ့ပုံပေါက်


www.burmeseclassic.com

www.burmeseclassic.com



နေကြ၏။ တူယှဉ်မှီကိုကြည့်ပြီး ပြုံးစိစိလေးတွေဖြစ်နေကြတာလေ။ ဘယ်တုန်းကမှ ငွေရှင်းကောင်တာကခွာပြီး လာတဲ့ဧည့်သည်ကို ကိုယ်တိုင်လုပ်ပေးခဲ့ခြင်းမရှိတဲ့ တူယှဉ်မှီက အခုဧည့်သည်ကိုမှ ထူးထူးခြားခြားကိုယ်တိုင်ဝန်ဆောင်မှု ပေးနေတာဆိုတော့ ... သို့လော သို့လော ထင်မြင်ကြပြီပေါ့လေ။ မတတ်နိုင်ဘူး။ တူယှဉ်မှီအလုပ်ကိုတော့ ဆက်လုပ်ရမှာပဲ။ တစ်ခုပဲ ကံကောင်းနေတာက လှေကား အဆင်းမှာ ဆုံခဲ့ဖူးပေမယ့် သူက တူယှဉ်မှီကို မမှတ်မိဘဲဖြစ်နေတာပါ။

"အဆင်ပြေရဲ့လား ... နာတယ်ဆိုရင်လဲပြောနော် ... လက်ကသိပ်မပေါက်ဘူးဆိုရင်လဲပြောပါ ... အားမနာပါနဲ့ ... "

"အင်း ... ရပါတယ်၊ အနေတော်လောက်ပါပဲ"

"ဟုတ်ကဲ့ရှင့် ... "

"အဲ့ ... မင်းကိုတစ်ခုလောက်မေးစရာရှိလို့ ... "

"ရှင် ... "

စွဲညို့ငင်ရဲ့စကားကြောင့် တူယှဉ်မှီ မျက်လုံးလေးပြူးဝိုင်းသွားရပြီ။ မေးစရာရှိလို့တဲ့။ ဘာမေးချင်တာများလဲ။ တူယှဉ်မှီကို မှတ်မိသွားတာလား။ ရွှေဝါရောင်ဆံပင်ပုံစံလေးနဲ့ စံတော်ဝင် ရတနာကုမ္ပဏီကြီးရဲ့ လှေကားထစ်အဆင်းအတက်မှာ ဝင်တိုက်မိခဲ့တဲ့ ကောင်မလေးဟာ အခုခေါင်းလျှော်ပေးနေတဲ့ တူယှဉ်မှီရဲ့ အတူတူပဲဆိုတာကို သတိထားမိသွားလို့လား။ ဘာမှန်းမသိဘဲနဲ့





သူ့စကားကြောင့် စိတ်မလုံမလဲဖြစ်သွားရတာတော့ အမှန်ရယ်ပါ။

"ဟိုလေ ... ဒီဆိုင်ပိုင်ရှင်က မင်းလားဟင် တူယှဉ်မှီ ... "

"ဟင် ... ရှင် ... ရှင်က ... ကျွန်မနာမည်ကိုသိနေတယ်"

"အဟွန်း ... စောစောကမင်းဆိုင်ရဲ့ ဝန်ထမ်းကောင်မလေးဆိုတာလေ ... သူခေါ်လိုက်လို့သိရတာပါ"

"ဪ ... ဒီလိုလား၊ ဟုတ်ပါတယ် ... ကျွန်မနာမည်က တူယှဉ်မှီပါ ... ကျွန်မ ဒီအလှပြင်ဆိုင်ရဲ့ပိုင်ရှင်ပဲပေါ့လေ ... ဘာဖြစ်လို့လဲဟင် ... "

"ဘာမှမဖြစ်ပါဘူး၊ တစ်ခြားအလုပ်သမားကောင်မလေးတွေ အားနေပါလျက်နဲ့ မင်းကိုယ်တိုင် အခုလိုပဲ ဝင်လုပ်တတ်သလား တူယှဉ်မှီ ... "

ဟင့်အင်း ...

ကျွန်မဆိုင်ဖွင့်ကတည်းက အခုချိန်ထိ ရှင်တစ်ယောက်တည်းကိုပဲ ဝန်ဆောင်မှုပေးသေးတာပဲရှိတယ် စွဲညို့ငင်။ ရှင်က ကျွန်မအတွက် အထူးဧည့်သည်မို့လို့လေ။ ရှင်က ဒေါ်မဟာစံဆိုတဲ့ ကျွန်မဘဝတစ်သက်တာလုံး နာကြည်းမုန်းတီးခဲ့ရတဲ့ ရန်သူတော်ကြီးရဲ့ တစ်ဦးတည်းသော သားဖြစ်နေလို့ပါ စွဲညို့ငင်။

"ဒီလိုပါပဲ ... လူဟောင်းတွေလာရင်တော့ သူတို့စိတ်ထဲရှိတဲ့ ကောင်မလေးနာမည်ပြောပြီး လျှော်ခိုင်းတယ်လေ၊ တစ်ချို့က ခေါင်းလျှော်ပြီး နှိပ်ပေးတဲ့နေရာမှာ လက်အားပျော့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



အလျှော်ခံရတဲ့လူက သိပ်ကျေနပ်မှုမရှိဘူး၊ အားနာလို့မပြောပေမယ့် အဆင်မပြေဘူးဖြစ်သွားတော့တာလေ ... အဲဒီလိုမဖြစ်ရအောင် ကျွန်မက အလုပ်သမားကောင်မလေးတွေကို ရင်ဘတ်မှာနာမည်ပါတဲ့ ရင်ထိုးလေးတွေ ထိုးပေးထားတယ်၊ နာမည်ပြောပြီး လှမ်းချယ်နိုင်အောင်ပေါ့ ... ရှင်ဝင်လာတော့ ... ကျွန်မသိလိုက်တာ လူသစ် တစ်ယောက်ဆိုတာပဲ ... ဆိုင်ရဲ့ Customer အသစ်ဆိုတော့ ရေ့လျှောက် ဖောက်သည်ဖြစ်သွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကိုယ်တိုင်ဝန်ဆောင်မှုပေးလိုက်တာပါ ... သူများနဲ့အဆင်မပြေဖြစ်မှာစိုးလို့လေ ... "

တူယုဉ်မှီ အပြုံးလေးတွေနဲ့ပဲ ရှင်းပြမိသည်။ ဒီတော့ သူက ဆောနပ်သွားသလို ခေါင်းလေးညိတ်၏။

"အဲဒါနဲ့ ... စောစောကမေးစရာရှိတယ်ဆိုတာ ... "

"**ဪ** ... အင်း ... ဟုတ်တယ်၊ ဟို ... ဟိုလေ ... နောက်တစ်ခါ **ကိုယ်ရောက်**လာမယ်ဆိုရင်လဲ အခုလိုပဲမင်းကိုယ်တိုင်ဝန်ဆောင်မှုပေးဦးမလားလို့ ... အဲဒါ ... ကိုယ်မေးချင်တာ၊ ဟိုလေ မင်းခေါင်းလျှော်ပေးတာ **အရမ်းအဆင်ပြေ**လို့"

"အို ... ရပါတယ် ... ဒါပေမယ့် ... ကျွန်မနဲ့ဆုံရင်ပေါ့လေ၊ ကျွန်မက ဆိုင်သုံးဆိုင်ကို နေ့တိုင်းပတ်သွားနေရတာဆိုတော့ ကျွန်မနဲ့ကြုံရင်တော့ ကိုယ်တိုင်ဝန်ဆောင်မှုပေးပါ့မယ်"

"သုံးဆိုင်တောင် ဟုတ်လား ... "





"ဟုတ်ကဲ့ ... ဆိုင်ခွဲသုံးခုရှိပါတယ်ကို ... "

"စွဲညို့ငင်ပါ ... "

"ဟုတ်ကဲ့ ... ကိုစွဲညို့ငင် ... "

"ဒါဆို ... မင်းရဲ့ဖုန်းနံပါတ်ကိုပေးထားလို့မရဘူးလားဟင် တူယုဉ်မှီ ... မင်းဘယ်ဆိုင်မှာရှိနေမလဲဆိုတာ ဖုန်းဆက်မေးပြီး ကိုယ်လာလျှော်ရင်ရောဟင် ... "

"ဪ ... ရပါတယ် ... ဆိုင်ခွဲသုံးခုရဲ့လိပ်စာနဲ့ဖုန်းနံပါတ်ကိုပေးထားပါ့မယ် ... ဆက်သွယ်ကြည့်ပေါ့ ... "

"အင်း ... ကျေးဇူးပဲ၊ မင်းကိုယ်တိုင်လျှော်ပေးနေတာလေး က အနေတော်လေးဖြစ်နေလို့ပါ ... "

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ... ကိုစွဲညို့ငင်"

"တူယုဉ်မှီ ... "

"ပြောပါ ... ကိုစွဲညို့ငင်"

"မင်းရဲ့ဆံပင်ကြီးတွေက အရှည်ကြီးပဲနော်"

"ဟုတ်ကဲ့ ... ငယ်ငယ်ကတည်းက အရှည်ထားတာလေ"

"သိပ်ကျက်သရေရှိတာပဲ တူယုဉ်မှီ ... "

"အဟင်း ... ဟင်း"

"မင်းမျက်နှာလေးနဲ့ မင်းရဲ့အရပ်အမောင်းလေးနဲ့လဲ အဲဒီဆံပင်ရှည်ကြီးတွေက လိုက်ဖက်တယ်သိလား တူယုဉ်မှီ ... သိပ်ပဲ ဖေစ်လိုက်နဲ့နော်သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင့် ... "

"မင်းပုံစံလေးက မြင်လိုက်တဲ့သူ မျက်လုံးထဲမှာအေးချမ်းပြီး ချစ်ဖို့အရမ်းကောင်းတာပဲ သိလား ... "

"အို ... "

စွဲညို့ငင်ရဲ့စကားကြီးက ဘာလိုလို။

ကြားလိုက်ရတဲ့အချိန်မှာ တူယုဉ်မို့ရင်ထဲ ခါးသက်သွားသေမယ့် အပြင်မှာတော့ ဟန်ဆောင်ပြုံးတွေနဲ့အတူ မျက်နှာလှလှလေးမှာ ရှက်သွေးလေးတွေရဲရဲစိုလို့။

"တူယုဉ်မို ... "

"ရှင် ... "

"ကိုယ့်နာမည်က စွဲညို့ငင်ပါ တူယုဉ်မို ... မှတ်ထားပေးနော်"

"ရှင် ... "

"မေ့သွားမှာစိုးရိမ်လို့ပါ"

"ဟုတ်ကဲ့ရှင့် ... "

သူမခေါင်းလေးညိတ်ပြလိုက်ပြီး ခေါင်းလျှော်နေတာလေးကို အပြီးသတ်လိုက်ပါသည်။ ပြီးမှ ဆံပင်ညှပ်မယ့်အညှပ်သမားဆီ လက်လွှဲလိုက်၏။

ရပြီလေ။

ဒီလောက်ဆိုရင်ပဲ သူမအတွက် ရပါပြီ။





ဘယ်ဆိုးလို့လဲ။

စွဲညို့ငင်အနားကို ကပ်နိုင်ဖို့အများကြီး ကြိုးစားရမယ်ထင်ထားတာ။ အခုတော့ ... အရမ်းကိုပဲ လွယ်ကူလွန်းနေတော့သည်။

ဟင်း ... ဟင်း ... ။

ဟင်း ... ဟင်း ... ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"ဘယ်လို ... ဘယ်လို ... တူယှဉ်မှီ ... စောစောက နင် ဘာပြောလိုက်တယ်"

သဝဏ်လွှာ မျက်လုံးကြီးတွေ အပြူးသားနဲ့တူယှဉ်မှီ့ကို သိုက်မေးနေရပြီ။ စွဲညို့ငင်အနားကို ရောက်အောင်ကြိုးစားရမယ်တဲ့လေ။ ဘာတွေလဲ ... တူယှဉ်မှီ ဘာတွေထပ်ပြီး ကြံစည်နေတာလဲ။ ပြောတုန်းကတော့ ဒေါ်မဟာစံသားမို့ အရမ်းမုန်းတယ်တဲ့လေ။

တူယှဉ်မှီရဲ့လုပ်ဆောင်ချက်တွေကို သဝဏ်လွှာပင် နားမလည်နိုင်တော့ချေ။

"ဟုတ်တယ် ... သဝဏ်လွှာ၊ စွဲညို့ငင်အနားကို ငါအမြန်ဆုံးတိုးကပ်နိုင်အောင် ကြိုးစားရမှာ ... ဒေါ်မဟာစံကသိပ်ပြီး စိတ်ချရတဲ့သူမျိုးမဟုတ်ဘူးလေ ... အခုတောင် ... ငါ့အကြောင်းတွေကို လိုက်စုံစမ်းခိုင်းနေပြီ သဝဏ်လွှာ ... သိပ်မကြာခင်မှာ သူသိသွားနိုင်တယ်၊ ပြီးတော့ ... လက်ရှိအချိန်မှာ သူကငွေအင်အားကြီး





ဘယ်လေ ... ငါရပ်တည်လို့မရအောင် လုပ်နိုင်တဲ့အစွမ်းအစတွေ ရှိတယ်၊ ငါဆိုတာ ရုပ်လုံးပေါ်သွားလို့ လုံးဝမဖြစ်ဘူးလွှာ — အကြောင့် ... ဒေါ်မဟာစံနဲ့ရင်ဆိုင်ဖို့ နောက်တစ်နည်းကို စဉ်းစား လိုက်တာ ... "

"ဘာလဲ ... တူယှဉ်မှီ ... နောက်တစ်နည်းက စွဲညို့ငင်ဆို တဲ့လူပဲလား ... "

"ဟုတ်တယ် ... လွှာ"

"ဘယ်အဆင့်ထိလဲ ... တူယှဉ်မှီ၊ ချစ်သူရည်းစားအဆင့်ထိ လား ... "

"ဘယ်ကလာ ... ချစ်သူရည်းစားအဆင့်ရမှာလဲ လွှာရယ်၊ ငါက ... သူနဲ့လက်ထပ်ဖြစ်အောင်ကို ကြိုးစားမှာ ... "

"ဘာ ... ဘာရယ် ... တူ ... တူယှဉ်မှီ ... နင်ဘာပြောလိုက် တယ်၊ လက်ထပ်တဲ့အထိ နင်နဲ့သူ လက်ထပ်တဲ့အထိ ဟုတ်လား တူယှဉ်မှီ ... "

"ဟုတ်တယ် ... လွှာ ... "

"ဘုရား ... ဘုရား ... နင် ... နင် ... ဘာတွေလျှောက်လုပ် နေတာလဲတူယှဉ်မှီ ... နင်ဘာတွေစဉ်းစားနေတာလဲဟင် ... နင် ပြောတော့ စွဲညို့ငင်ကို အရမ်းမုန်းတယ်ဆို ... ဒေါ်မဟာစံသားမို့ မုန်းသူတစ်ယောက်လိုပဲ နင်မြင်တယ်ဆို ... တူယှဉ်မှီရယ် ... နင် ... သူ့ကိုလက်ထပ်ဖြစ်အောင် ကြိုးစားမယ်ဆိုတော့ — "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … သဝဏ်လွှာ … ဒေါ်မဟာစံနဲ့အနီးကပ်ရင်ဆိုင်တိုက်ဖို့ ငါ့ဘက်ကကြိုတင်ပြင်ဆင်တော့မှာလေ"

"ဒါပေမယ့် … နင်သူ့ကိုမချစ်ဘူးလေ … တူယုဉ်မှီ"

"ဟုတ်တယ်လေအာ … ငါသူ့ကိုလုံးဝမချစ်ဘူး၊ ငါအရမ်းမုန်းတယ်၊ ဟော့ဒီကမ္ဘာကြီးထဲမှာ ငါအမုန်းဆုံးလူကို လက်ညှိုးထိုးပြပါဆိုရင် စွဲညို့ငင်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ လက်ညှိုးထိုးပြမိမှာ၊ အဲဒီလူက သိပ်မကြာခင်မှာ စံတော်ဝင်ရတနာကုမ္ပဏီကြီးရဲ့ မန်နေဂျင်းဒါရိုက်တာဖြစ်တော့မယ့်သူလေ … ဒေါ်မဟာစံရဲ့ အရိုက်အရာကိုဆက်ခံတော့မယ်သူ … အဲဒီကိစ္စကို ငါ့ခေါင်းထဲမှာထည့်မစဉ်းစားလို့ကို မရတော့တာ"

ဘူယုဉ်မှီ …

သတင်းတွေအားလုံး ရထားပြီးပါပြီ။

**ဒေါ်မဟာစံ** အနားယူတော့မည့်အကြောင်းကိုရော ပိုင်ဆိုင်တဲ့ **စံတော်ဝင်ရတနာ**ကုမ္ပဏီကြီးကို စွဲညို့ငင်ဆိုတဲ့သူရဲ့ တစ်ဦးတည်းသောသား **ဆက်လက်အုပ်ချုပ်**ခိုင်းတော့မယ်ဆိုတာကိုရော သတင်းရထားပြီးပါပြီ။

"တူယုဉ်မှီ … "

"ပြောလေ … လွှာ"

"စွဲညို့ငင်က ဒေါ်မဟာစံရဲ့သားနော် … "

"ဟုတ်တယ်လေလွှာ … အဲဒါ ဘာဖြစ်လို့လဲ … "





"ဦးတေဇာဟိန်းက ဒေါ်မဟာစံယောကျ်ားဆိုပေမယ့် နင့်အန်တီလေးယမင်းမှီရဲ့ခင်ပွန်း ဖြစ်ခဲ့ဖူးတယ်လေ၊ နင်ကိုယ်တိုင်လဲ ဦးတေဇာဟိန်းအပေါ် ဖခင်တစ်ယောက်လိုစိတ်နဲ့ တွယ်တာခဲ့ဖူးတယ် … ဒါတွေကို နင်စိတ်လုံလုံနဲ့ ဦးတေဇာဟိန်းရဲ့သားနဲ့လက်ထပ်ဖို့ စိတ်ကူးရဲသေးလား တူယုဉ်မှီ … "

"ဟင်း … ဟင်း … ဦးတေဇာဟိန်းရဲ့သား မဟုတ်ပါဘူးလွှာရယ် … ငါအားလုံးကို သေချာစုံစမ်းထားတာပါ၊ စွဲညို့ငင်က ဒေါ်မဟာစံအစ်ကိုကနေ မွေးထားတာပဲ … ဒေါ်မဟာစံရဲ့တူအရင်းခေါက်ခေါက်ပဲ … မိဘတွေနှစ်ယောက်လုံး မရှိတော့လို့ ဒေါ်မဟာစံကမွေးစားလိုက်တာ၊ သူ့သားဆိုပြီးတော့ထားတာလေ၊ ဒါပေမယ့် … စွဲညို့ငင်က ဒေါ်မဟာစံတူပဲလွှာ … ဦးလေးတေဇာဟိန်းနဲ့ ဘာမှမဆိုင်ဘူး … "

"ဒေါ်မဟာစံတူ ဟုတ်လား … တူယုဉ်မှီ … "

"ဟုတ်တယ် … လွှာ၊ ဒါကြောင့်လဲ နင်စဉ်းစားကြည့်ပါလား စွဲညို့ငင်က ငါ့ထက်တောင် အသက်တစ်နှစ်လောက်ကြီးနေတာ၊ ဒေါ်မဟာစံနဲ့ဦးလေး တေဇာဟိန်းတို့သာမွေးရင် ငါ့ထက်ငယ်နေရမှာပေါ့လွှာ … ငါ့ထက်အသက်ကြီးစရာအကြောင်း မရှိဘူးလေ"

"အင်း … ဟုတ်တယ်နော် တူယုဉ်မှီ … နင်ပြောတာလဲ သဘာဝကျတယ် … ဒေါ်မဟာစံရဲ့သားအရင်းတစ်ယောက် မဖြစ်နိုင်ဘူး၊ တူတော်တယ်ဆိုတာပဲ ဖြစ်လောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်မဟာစံနဲ့ပတ်သက်တာမှန်သမျှ ငါစုံစမ်းပြီးသားပါလွှာရဲ့ ... ဒါကြောင့်လဲ ငါ့အတွက်အချိန်တွေ သိပ်ပြီးနည်းပါးနေပြီလို့ပြောနေတာပေါ့ ... အရေးအကြီးဆုံးအချိန်ကို ရောက်နေပြီလွှာ"

"နင် ... နင် ... အရမ်းမှန်းပါတယ်ဆိုတဲ့လူတစ်ယောက်ရဲ့ရင်ခွင်ထဲ ဖွတ်တိုးဝင်တော့မယ်ပေါ့လေ ... ဟုတ်လားတူယှဉ်မို၊ ဒေါ်မဟာစံကို လက်စားချေချင်တာ တစ်ခုတည်းနဲ့အရမ်းကိုမြင့်မြတ်တန်ဖိုးရှိတဲ့ ပေါ့ပါးလွတ်လပ်နေတဲ့ ဘဝလေးကို စတေးပစ်တော့မယ်ပေါ့လေ ... "

"အဲဒီအတွက်လဲ ... ငါ့ဘက်ကပြန်ပြီး တန်ရာတန်ကြေးတောင်းဖို့ဆုံးဖြတ်ထားပြီးသားပဲလွှာ ... ငါပေးဆပ်ခဲ့ရသလောက်ဒေါ်မဟာစံဆီက ငါရအောင်တောင်းဆိုဖို့ စိတ်ဆုံးဖြတ်ထားတယ်"

အမုန်းဆုံးလူတွေပါ။

ဒေါ်မဟာစံဆိုတဲ့ မိန်းမကြီးရော ...

စွဲညို့ငင်ဆိုတဲ့ လူကြီးရော။

နှစ်ယောက်စလုံးကို တူယှဉ်မို အရမ်းမုန်းသည်။

"တူယှဉ်မို ... "

"ဟင် ... "

"ငါမသိလို့ မေးမယ်နော် ... "

"မေးလေလွှာ ... နင့်ကိုတော့ ငါဘာမှမကွယ်မဝှက်ဘဲပြောမှာပါ၊ ဘာပဲပြောပြော ငါ့ဘဝမှာ အဆိုးအကောင်းမှန်သမျှ တိုင်





ပင်ဖို့ဆိုတာ နင်တစ်ယောက်တည်းပဲရှိတာပါလွှာ ... နင့်ကို သူငယ်ချင်းတစ်ယောက်ဆိုတာထက် ငါ့ဆွေမျိုးအရင်းအချာတစ်ယောက်လိုကို ငါကသတ်မှတ်ထားတာပါ၊ ငါကတစ်ကောင်ကြွက်လေး လွှားငါ့ဘဝမှာ တွယ်တာစရာဆိုလို့ အချစ်ဆုံးသူငယ်ချင်းမလေး သဝဏ်လွှာပဲရှိတယ်"

တူယှဉ်မိုရယ် ...

ငါသိပါတယ်ဟာ။

ငါ့အပေါ်မှာ နင်ဘယ်လိုစိတ်မျိုးထားတယ်ဆိုတာ ငါသိပါတယ်လွှာရယ်။ ဒါကြောင့်လဲ ... နင့်အပေါ်မှာ ငါ့စိတ်တွေအကောင်းဆုံးဖြစ်အောင် ပြန်ထားတာပေါ့ ... နင်ဒုက္ခရောက်မှာကိုငါမလိုလားဘူးလွှာ။ နင်နာကြည်းခံစားနေရမှာကို ငါမကြည့်ရက်ဘူးလေ။ ငါရင်ထဲမှာ နင်က သူငယ်ချင်းမဟုတ်ပါဘူးလွှာရယ်။ နင်က ငါ့ရဲ့အမွှာ ညီအစ်မအရင်းတွေလိုမျိုး နင့်ကိုငါ့ရဲ့ဆွေမျိုးအရင်းကြီးဆိုပဲ ငါသတ်မှတ်ထားတာပါဟာ။

"တူယှဉ်မို"

"ဟင် ... "

"နင့်ဘက်က အဲဒီစိတ်မျိုးထားသလို ငါ့ဘက်ကလည်း နင့်အက်မလျော့တဲ့ သံယောဇဉ်မျိုးထားတယ်ဆိုတာ နင်ယုံမလားဟင်"

"ယုံတာပေါ့ လွှာရယ် ... ငါအရမ်းယုံတာပေါ့ နင့်စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ငါအသိဆုံးပဲဟာ ... ”

“အေး ... ဟုတ်တယ် တူယှဉ်မှီ ... ငါလေ ဟောဒီလောကကြီးထဲမှာ ဘယ်သူ့ကိုစိတ်အချမ်းသာဆုံးဖြစ်တာ မြင်ချင်သလဲဆိုရင် နင့်ကိုပဲလို့ လက်ညှိုးထိုးပြမိမှာပဲ တူယှဉ်မှီ ... ငါမကျေနပ်ရှူးစေချင်ဘူး တူယှဉ်မှီ ... နင့်ကိုမခံစားစေချင်ဘူး၊ နင်ပြုံးနေတာ၊ နင်ပျော်ရွှင်နေတာကိုပဲမြင်ချင်တယ်၊ အခု ... ဒေါ်မဟာစံနဲ့ဖြစ်နေတဲ့ကိစ္စတိုင်းမှာလဲ ငါအားပေးကူညီနေတယ်ဆိုတာ နင်စိတ်ချမ်းသာနေဖို့တစ်ခုတည်းပဲလေ၊ အခု ... ငါစိတ်ပူနေရပြီ တူယှဉ်မှီ၊ စွဲညှို့ငင်ဆိုတဲ့ယောက်ျားတစ်ယောက်ပါ ငါတို့ရဲ့ကစားဝိုင်းထဲဝင်ပါလာပြီဆိုတော့ ငါ့ရင်တွေပူလောင်နေရပြီ ... တူယှဉ်မှီ ... ”

“ဒါကတော့ ... လွှာရယ် ... ”

တူယှဉ်မှီစကား ရှေ့မဆက်နိုင်။ ဘာပဲဖြစ်ဖြစ် အင်မတန်စိုးရိမ်ပူပန်မှုကြီးတတ်တဲ့ သဝဏ်လွှာစိတ်ကို အသိဆုံးဖြစ်နေတာကြောင့်လဲ အပြစ်မမြင်ချင်ပါ။

“ငါတစ်ခုမေးပါရစေ ... တူယှဉ်မှီ ... ”

“မေးလေ ... လွှာ ... ”

“နင် ... ဒေါ်မဟာစံဆီက ဘာပြန်တောင်းမှာလဲ ... တူယှဉ်မှီ ... ”

“ဒေါ်မဟာစံ ပိုင်ဆိုင်သမျှ စည်းစိမ်တွေအားလုံးလေလွှာ”





“ဟင် ... ”

သဝဏ်လွှာ မျက်လုံးပြူးသွားရပြီ။

ဒေါ်မဟာစံ စည်းစိမ်တွေအကုန်တဲ့။

“နင်လည်းအသိပဲလေလွှာ ... ငါအရမ်းလောဘကြီးတာ ဟုတ်ပါဘူး၊ ဒါပေမယ့် ... ငါရသင့်တယ်လို့ ထင်တယ်လွှာ ... ဒေါ်မဟာစံ မတရားသိမ်းပိုက်ထားတာ ငါ့အန်တီလေး ယမင်းမှီရဲ့ သာခြင်းတွေပဲလေ ... အန်တီလေးယမင်းမှီက ဒေါ်မဟာစံကြောင့် နှလုံးရောဂါဖောက်ပြီးသေခဲ့ရတာ ... စိတ်ဓာတ်တွေချွတ်ပြီးသေခဲ့ရတာလွှာ ... ဦးလေးတေဇာဟိန်းဘက်က သိပ်ရှိတာဟုတ်တာ ... အန်တီလေးယမင်းမှီမှာပါလာတဲ့ ငွေနေအင်အားငွေနဲ့လုပ်ငန်းတွေလုပ်ပြီး အောင်မြင်ကြီးပွားသွားတာ ... ဒါကို ဦးလေးတေဇာဟိန်းရော ဒေါ်မဟာစံပါ ကျေးဇူးတင်ရကောင်းမှန်း ကြဘူး၊ ကောင်းပါတယ် ... ဦးလေးတေဇာဟိန်းကတော့ ဒေါ်မဟာစံကြောင့်ပဲ စိတ်အညစ်ကြီးညစ်ပြီး အရက်သောက်ကား ကောင်းရာကနေ ကားနဲ့လမ်းဘေးသစ်ပင်တိုက်မိပြီး နေရာမှာတင် ရှင်းပြီးဆုံးသွားပြီ၊ အဲဒါ ... ဒေါ်လေးယမင်းမှီအပေါ် ရက်စက်ခဲ့လို့ ကြမ္မာကရိုက်တာလေ ... အခုလဲ ဒေါ်မဟာစံ ... ဒေါ်မဟာစံလဲ ငြိမ်းပေးကိုပေးဆပ်ရမယ် ... ဒေါ်လေးယမင်းမှီအပေါ် ရက်စက်ခဲ့ အမှု ပြန်လျော်ပေးရမယ်လွှာ ... ဒါမှလဲ ... လောကကြီးက တရားရှိတာတဲ့ လောကကြီးဖြစ်လာမှာပေါ့ဟာ ... ဟင်း ... ဟင်း ...


www.burmeseclassic.com

www.burmeseclassic.com

ဟင်း ... "

တူယှဉ်မှီဆီမှ နာနာကျင်ကျင်ရယ်သံလေး ထွက်ကျလာ၏။ သဝဏ်လွှာတစ်ယောက် ခေါင်းလေးကိုသာ ညင်သွဲ့စွာခါယမ်းလိုက်မိပါတော့သည်။

♥ ♥ ♥

အခန်း ( ၁၀ )

တူယှဉ်မှီတဲ့ ... ။

ထူးထူးခြားခြား သူမကလေးကိုမှ ဘာကြောင့်များ သူ့အာရုံတွေထဲ ဖျောက်ဖျက်မရနိုင်လောက်အောင်ပဲ ငြိတွယ်နေခဲ့ရတာပါလိမ့်။ စွဲညို့ငင်ဆိုတဲ့ ယောက်ျားကနယ်နယ်ရရလား။ နိုင်ငံရပ်ခြားမှာ နှစ်တွေအများကြီး ပညာသင်ကြားခဲ့တဲ့သူ။ မိန်းကလေးအပေါင်းအသင်းတွေဆိုရင်ပေါမှပေါ။ စွဲညို့ငင်ဆိုတဲ့ သူအတွက်တော့ လုံးဝမထူးဆန်းတဲ့ မိန်းကလေးတစ်ယောက်က ထူးထူးဆန်းဆန်းကိုပဲ ရင်ထဲမှာ လာငြိနေတာဆိုတော့။

စွဲညို့ငင်ကိုယ်တိုင်လည်း ထိုအချက်ကို အံ့ဩနေမိပါသည်။ တူယှဉ်မှီဆိုတဲ့ကောင်မလေးနဲ့ အလှပြင်ဆိုင်မှာတွေ့ဆုံရပြီးနောက်ပိုင်းမှစပြီး နောက်ထပ်အကြိမ်ပေါင်းများစွာ တွေ့မြင်နေချင်စိတ်တွေက သူ့ရင်ထဲမှာ တဖွားဖွား။

ဒီလောက်ဆို ...

ဇိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စွဲညို့ငင်သိလိုက်ပြီ။

တူယှဉ်မှီဆိုတဲ့ကောင်မလေးကို သူချစ်မိနေပြီဆိုတာကိုပေါ့။

အချိန်တိုလေးအတွင်းမှာပဲ မတွေ့မမြင်ရရင်မနေနိုင်လောက်အောင် စွဲလမ်းသွားမိပြီလေ။

ဒီတော့ ...

စွဲညို့ငင် လုပ်ရမယ့်အလုပ်က တူယှဉ်မှီပေးထားတဲ့ လိပ်စာကတ်လေးကိုကြည့်ပြီး နံပါတ်တစ်ခုပြီးတစ်ခုကို လှမ်းဆက်ပြီး သူမလေးရှိနေမယ့် အလှပြင်ဆိုင်လေးကို စုံစမ်းရပြီပေါ့။

တူယှဉ်မှီရယ်။

မင်းသိမလားဟင်။

ကိုယ်က အဲဒီလောက်တောင်ကိုပဲ မင်းကိုချစ်မိနေပြီဆိုတာကိုပေါ့။

"ဟဲလို ... "

"ဪ ... ဒါ စမ်းချောင်းက (Me) အလှပြင်ဆိုင်ကပါလားခင်ဗျာ ... "

"ဟုတ်ပါတယ်ရှင် ... "

"ဟိုလေ ... တူယှဉ်မှီရောက်နေပြီလားဆိုတာ သိချင်လို့ပါခင်ဗျာ ... "

"မမှီ မရောက်သေးပါဘူးရှင် ... "

"ဪ ... ဟုတ်ကဲ့ခင်ဗျာ ... ကျေးဇူးပါပဲနော် ... "





ဂွတ်ခနဲနေအောင် စွဲညို့ငင် ဖုန်းကိုပြန်ချလိုက်ရပြန်ပါပြီ။ ရန်ကင်းက အလှပြင်ဆိုင်မှာရော၊ စမ်းချောင်းက အလှပြင်ဆိုင်မှာရော၊ ဝေဇန္တာက အလှပြင်ဆိုင်မှာပါ သူမ မရောက်သေးဘူးတဲ့လေ။

တကယ်ဆိုရင် ...

ဆိုင်ခွဲသုံးခုလောက်ကို ပိုင်ဆိုင်ထားတဲ့ဆိုင်ပိုင်ရှင်တစ်ယောက်အနေနဲ့ ဆိုင်တွေကိုသွားပြီး စစ်ဆေးသင့်နေပြီ။ အချိန်ကနည်းတော့တာမှမဟုတ်တာကို သူမအခုချိန်ထိ လုပ်ငန်းခွင့်ကိုမသွားနိုင်သေးတာ ဘာအရေးအကြောင်းကိစ္စတွေများ ရှိနေလို့ပါလိမ့်။

နေထိုင်မကောင်းလို့များလား။ အတွေးလေးနဲ့စိုးရိမ်ပူပန်သွားမိတာတော့အမှန်ပါ။

ဒီကနေ့နဲ့ပါဆိုရင် သူဖုန်းတွေဆက်ကြည့်နေတာ နှစ်ရက်မြောက်နေ့ရှိသွားပြီ။ တူယှဉ်မှီရှိသည်ဟု သတင်းကမရ။ သုံးဆိုင်လုံးက မရောက်သေးပါဘူးဆိုတာချည်းပဲ ဖြေနေ၏။ ရင်ထဲမှာ အလိုလို ပူလောင်လာရပြီ။

အာရုံတွေထဲမှာ ပြန်မြင်ယောင်လာမိတာက ချစ်စရာကောင်းလွန်းတဲ့ တူယှဉ်မှီရဲ့ မျက်နှာလှလှလေး။ ရှည်လျားဖြောင့်စင်းနေတဲ့ ဆံပင်တွေက တင်ပါးကိုပင် ဖုံးလုလုဖြစ်နေသည်။ မြင့်မားတဲ့အရပ်အမောင်းလေးနဲ့ လိုက်ဖက်လွန်းတဲ့ တောင့်တင်းနေတဲ့ ခန္ဓာကိုယ်လေး။ ဝင်းနုစ်နေတဲ့ အသားအရေလေးကို ပိုင်ဆိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူမဟာ သူရဲ့ကမ္ဘာထဲမှာတော့ အလှဆုံးနတ်သမီးလေးတစ်ပါး ရယ်ပါ။

ရူးချင်လာပြီ။

တူယှဉ်မှီအကြောင်းလေးကို တွေးမိတိုင်း နေမထိထိုင်မသာ ကြီးကို ဖြစ်နေတော့တာလေ။

တူယှဉ်မှီ ...

မင်းဘယ်မှာလဲဟင်။

ဘယ်လိုအရေးကြီးတဲ့အကြောင်းအရာတွေ ရှိနေလို့ အလှ ပြင်ဆိုင်တွေကိုတောင် မင်းမသွားနိုင်ဘဲရှိနေရတာလဲကွာ။

"သား ..."

ဟင် ...

ခေါ်လိုက်သံက သူနဲ့အရမ်းကိုနီးကပ်လွန်းတဲ့ နေရာလေးက ပါ။

မော့ကြည့်လိုက်တော့ နူးညံ့တဲ့အပြုံးလေးတွေနဲ့ စိုက်ကြည့် နေတဲ့ မာမီဒေါ်မဟာစံ။

"မာမီ ..."

"ဘယ်ကိုဖုန်းဆက်နေတာလဲ ... ဖုန်းခွက်ကြီးလဲ လက်မှာ ကိုင်လို့ ..."

"ဩော် ... အင်း ... ဟိုလေ ... အသိမိတ်ဆွေဆီပါမာမီ ဖုန်းမအားသေးတာနဲ့ ပြန်ပြန်ခေါ်ကြည့်နေတာ ..."





ပြောပြောဆိုဆို ဖုန်းခွက်ကိုချလိုက်မိတာက ရှင်ညှို့ဇင်မှယ် ပါ။

"နိုင်ငံခြားကို ဆက်တာလားသား ..."

"ဟင့်အင်း ... မာမီ ဒီမြို့တွင်းပါပဲ ..."

"ဟော ..."

ဒေါ်မဟာစံတစ်ယောက် သားဖြစ်သူရဲ့အဖြေလေးကြောင့် ချက်လုံးကြီးတွေပြူးဆိုင်းသွားရပြီ။ နိုင်ငံခြားကိုဆက်တာမဟုတ်ဘဲ မြို့တွင်းကိုဆက်တာလို့ သားဖြစ်သူက ပြောလိုက်တာမဟုတ်ပါ လား။ မြန်မာနိုင်ငံကိုပြန်ရောက်တာမှ တစ်လပင်မပြည့်ချင်သေးတဲ့ သားဆီမှာအသိမိတ်ဆွေရှိနေတယ်ဆိုတော့။

"သား ..."

"ဗျာ ..."

"သားကိုတစ်လလောက် အေးအေးဆေးဆေး အနားယူပါ ဦးလို့ မာမီမှာထားတယ်နော် ..."

"ဟုတ်တယ်လေ ... မာမီ ဘာဖြစ်လို့လဲဟင် ..."

"သားက မြို့တွင်းက မိတ်ဆွေဆီဖုန်းဆက်ပြီး လုပ်ငန်း အတွက် စီစဉ်နေပြီဆိုတော့ ..."

အဲ ...

ခက်ပြီ။

မာမီက လုပ်ငန်းခွင်ဝင်ဖို့ စီစဉ်နေပြီထင်နေတာပဲ။ မိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆွေတွေဆီ ဆက်သွယ်ပြီး အလုပ်တွေလုပ်တော့မယ်ထင်နေတာ ပါ။ တကယ်တော့ ... သူအသည်းအသန် ဖုန်းဆက်နေတာက ရှင် ထဲကနှလုံးသားရေးရာကိစ္စ ... မာမီ့ကို သူဘယ်လိုရှင်းပြရမလဲ။

"သား ... "

"ဟိုလေ ... မာမီ၊ ကျွန်တော် ဖုန်းဆက်နေတာက လုပ်ငန်း နဲ့မဆိုင်ပါဘူး၊ မာမီပြောထားတဲ့အတိုင်းပဲ စံတော်ဝင်ရတနာကုမ္ပဏီ ကို ဆက်ခံနိုင်တဲ့သူဖြစ်အောင် မာမီပိုင်ဆိုင်တဲ့ကုမ္ပဏီရဲ့လုပ်ငန်း စဉ်တွေကိုပဲ အေးဆေးလေ့လာပြီး အနားယူနေတာပါ။ အခုဟာ တစ်ခြားကိစ္စပါမာမီ ... "

"တစ်ခြားကိစ္စ ဟုတ်လားသား ... "

သူ ခေါင်းလေးပဲ ညိတ်ပြမိသည်။

"ထူးဆန်းလိုက်တာ စွဲညို့ငင်ရယ် ... သားဆီက အဲဒီ စကားမျိုး ထူးထူးခြားခြား ထွက်လာတာ မာမီဖြင့် အံ့ဩလို့ မဆုံးဘူးသိလား ... မာမီ့သားက အမြဲတမ်းလုပ်ငန်းအကြောင်းပဲ ပြောပြောနေတတ်တဲ့သူလေ ... အခုတော့ အလုပ်ကိစ္စနဲ့မသက် ဆိုင်ဘူးဆိုတော့ ဘာလဲသား ... အခု ဖုန်းဆက်နေတာ နှလုံးသား ရေးကိစ္စအတွက်လား ... "

ဟင် ...

မာမီ့စကားကြောင့် စွဲညို့ငင်မျက်လုံးကြီးတွေ ပြူးဝိုင်းသွား ရပြီ။ တော်လိုက်တဲ့မာမီ။ အတွက်အချက်ကတော့ ကောင်းသလား





ခမေးနဲ့။ လူတစ်ယောက် ဘာဖြစ်နေသလဲဆိုတာ စိုက်ကြည့်လိုက် တာနဲ့ ထပ်ခနဲနေအောင်ကိုသိလိုက်ပြီ။

ဒါကြောင့်လဲ ...

အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ စံတော်ဝင်ရတနာကုမ္ပဏီပိုင်ရှင် သူဌေးမကြီးတစ်ယောက်ဖြစ်နေတာပေါ့။ စံတော်ဝင်ရတနာကုမ္ပဏီ လက်အောက်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ အဝေးပြေးကား ကြီးတွေ ပြေးဆွဲတဲ့လုပ်ငန်းတွေ၊ အထည်ချုပ်လုပ်ငန်းတွေ၊ အိမ် အလှဆင်လုပ်ငန်းတွေပါရှိနေသည်။ ကြီးကျယ်လွန်းတဲ့လုပ်ငန်းတွေ အားလုံးကို မိန်းမသားတစ်ယောက်အနေနဲ့ ဦးစီးနေတာတော်ရုံ အရည်အချင်းပါလား။ အဒေါ်ပေမယ့် ... မာမီလို့ပဲ တစ်သက်လုံး စိတ်ထဲစွဲလာတာလေ။

မာမီ့ကို လေးစားဂုဏ်ယူရသော အချက်ထဲတွင် ထက်မြက် မှုလည်းပါသည်။ စွဲညို့ငင် လူမှန်းသိစအရွယ်က မာမီအရမ်းဆင်းရဲ သည်ဟု သိခဲ့ရ၏။ အဘွားနဲ့စွဲညို့ငင်နေခဲ့ရသည်။ နောက်တော့ မာမီအရမ်းချမ်းသာသွား၏။ စွဲညို့ငင်ကိုတော့ မာမီမစောင့်ရှောက် နိုင်ပါ။ အထိန်းတော်ကြီးတွေနဲ့ပဲ စွဲညို့ငင်ကို အပ်ထားသည်။ သူတို့ လက်ထဲမှာပဲ စွဲညို့ငင် ကြီးပြင်းခဲ့ရ၏။

မာမီက အနီးကပ်မပြုစု၊ မယုယနိုင်ပေမယ့် စွဲညို့ငင်မှာလို အပ်တာမရှိစေရ။ တူလေးတစ်ယောက်ရဲ့ ဘဝရှေ့ရေးအတွက် ပြည့်စုံတာထက်ကိုလွန်အောင် ဖြည့်ဆည်းပေးတဲ့ မာမီပါ။ ပညာရေး



www.burmeseclassic.com

www.burmeseclassic.com



ကြိုတော့ မာမီက အလေးအနက်ထားသည်။ ငယ်ငယ်ကတည်းက (International School) တွေမှာပဲထား၏။ နိုင်ငံခြားကိုပို့ပြီး ပညာကိုဆက်သင်စေသည်။ ခေတ်ပညာတတ် ယောကျ်ားတစ်ယောက်ဖြစ်စေချင်တာလေ။

မာမီက သူ့ဘက်ကဘာတွေပဲပေးပေး သူပြန်တောင်းတာကတော့ တစ်ခုတည်းပါပဲ။ အဲဒါ ... ခေတ်ပညာတတ်တစ်ယောက်အထင်ကရဖြစ်ဖို့ပဲလေ။ စွဲညို့ငင်ကလည်း ကြိုးစားပါသည်။ မာမီစိတ်ပျက်မသွားရအောင်ပေါ့။ မာမီဖြစ်စေချင်တဲ့အတိုင်း ပုံစံကျသားတစ်ယောက်အဖြစ်နဲ့ ပြန်ပေးဆပ်ခဲ့၏။

ခုတော့ ...

လုပ်ငန်းခွင်ထဲမဝင်ခင် သူ့ရင်ထဲက နှလုံးသားထဲမှာ ခံစားချက်နုနုညှံ့ညှံ့လေးက ခိုဝင်နေရပြီ။ မာမီက ထိုအချက်ကိုလည်း ရိပ်မိနေပြီဆိုတော့ စွဲညို့ငင် ဟန်ဆောင်ကောင်းပြနေလို့လည်း အလိုပဲဖြစ်တော့မှာပဲပေါ့။

"စွဲညို့ငင် ..."

"ဗျာ ... မာမီ"

"ဆိတ်ဆိတ်နေခြင်းက ဝန်ခံချင်းပဲဆိုပြီး မာမီ့ကို စကားမပြောဘဲနေနေတာလားဟင်"

မာမီနှုတ်ခမ်းတွေ ပြုံးနေသည်။ မာမီ့မျက်လုံးတွေထဲမှာ အညှို့ဘာလက်လက်ဖြင့် စိုဝင့်နေ၏။ သဘောကတော့ စိတ်မဆိုးဘူးဆိုတဲ့သဘော။ ဝန်ခံချင်ဝန်ခံလို့ရပါတယ်သားရယ်ဆိုတဲ့ သဘောနဲ့ စွဲညို့ငင်အမြင်မှာတော့ ထိုအတိုင်းပဲဖြစ်နေမိပါသည်။ သူ့ရင်ထဲ ပေါ့ပါးသွားရ၏။

"မာမီထင်ချင်သလိုထင်ပါတော့ဗျာ ... ကျွန်တော်မပြောတတ်တော့ဘူး"

"ဟင်း ... ဟင်း ..."

မာမီ့ရယ်သံလွင့်လွင့်လေးကစွဲညို့ငင်ရဲ့ အခန်းလေးထဲမှာ ပျံ့နှံ့လို့သွားပါသည်။ ရှက်စိတ်ကြောင့်လားမသိ မာမီနဲ့မျက်လုံးချင်းဆိုင်ရဲဘဲ ခေါင်းလေးငုံ့ထားမိ၏။

"အမလေး ... ဒါက ရှက်သွားတာလား၊ ဟင်း ... ဟင်း မာမီသားကတော့ စံပါပဲကွယ် ... လုပ်ငန်းအတွေ့အကြုံနဲ့ပတ်သက်လာရင် ခေါင်းမော့ရင်ကော့ပြီး ရဲရဲတံ့ ပြောဆိုရဲသလောက် ဆုံးဖြတ်ချက်ချရဲသလောက် အချစ်ကိစ္စနဲ့ပတ်သက်တော့ ကျားရှေ့ရောက်နေတဲ့ ယုန်သူငယ်လေးလိုပါပဲလား ... ကြည့်စမ်းပါဦးကွယ်၊ ယောကျ်ားဖြစ်ပြီး ပြတ်ပြတ်သားသားဝန်မခံရဲလိုက်တာ ... ဘာဖြစ်လဲ ... ယောကျ်ားလေးပဲဟာ ဟုတ်ရင်ဟုတ်တယ် မာမီ့ကိုပေါ့ ... ဘာလို့ခေါင်းကြီးငုံ့ပြီးငြိမ်နေရတာလဲ"

စွဲညို့ငင်သက်ပြင်း မောကြီးကိုချရပြီ။

"မာမီပြောဆိုလို့သာပြောရတာပါ ... ဟုတ်ပါတယ်လေ၊ ကျွန်တော့်ရင်ထဲက နှလုံးသားရေးရာကိစ္စလို့ပဲ ပြောရမှာပေါ့ ...







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မိန်းကလေးတစ်ယောက်ကို စတွေ့ပြီးချိန်ကစပြီး အမြဲ တမ်းလိုလိုပဲ သူ့ကိုပြန်မြင်ယောင်နေမိတယ်မာမီ ... ဒါဟာ ... အချစ်ပဲဆိုရင်တော့ ကျွန်တော်ချစ်တတ်နေပြီပေါ့ဗျာ"

မြတ်စွာဘုရားရေ ...

ဒေါ်မဟာစံတစ်ယောက် ရင်ဘတ်လေးကိုဖိပြီး စိတ်ထဲက နေ ဘုရားတလိုက်မိပါပြီ။ သားက တကယ်ပဲခံစားနေရတဲ့ဟန်လေး နဲ့ကိုပဲ ညည်းညူပြလိုက်တာ မဟုတ်ပါလား။ သားဆီမှာအချစ်နဲ့ ပတ်သက်ပြီး ပျော့ညံ့ခြင်းတွေကိုမြင်လိုက်ရတဲ့အတွက်လည်း စိုးရိမ် ပူပန်သွားရ၏။

မဟာစံသွေးသားဖြစ်ပါရဲ့နဲ့ အဲဒီလောက်ထိတောင် အချစ်နဲ့ ပတ်သက်ပြီး ခံစားရသတဲ့လား။ အံ့ပါရဲ့ စွဲညို့ငင်ရယ်။ သားဆီမှာ အဲဒီလိုစိတ်ခံတတ်မျိုးရှိနေလိမ့်မယ်လို့ မာမီတွေးကိုမတွေးခဲ့မိတာပါ။

မိန်းကလေးကိစ္စနဲ့ပတ်သက်ပြီး အထူးအဆန်းမဖြစ်အောင် ဘာတစ်ခုမှထန့်တွတ်တားဆီးခြင်းကိုမှ ဒေါ်မဟာစံမပြုလုပ်ခဲ့ဘူး ပါ။ ဘဝမှာ တကယ့်အရေးတကြီးကိစ္စတွေ ရှိလာတတ်သည်။ ထို အခါမျိုးတွင် သားဆီမှာတွေဝေသွားရတတ်တာမျိုး ဒေါ်မဟာစံ မမြင်တွေ့ချင်ပါ။ ဒါကြောင့်လဲ မိန်းကလေးတွေနဲ့ တရင်းတနှီးနေ ခြင်းအပေါ် ဒေါ်မဟာစံ လွှတ်ပေးထားခဲ့သည်။

ခုတော့ ...

သားက မိန်းကလေးတစ်ယောက်အတွက်နဲ့ တွေဝေတဲ့စိတ်





တွေကို ရင်ထဲမှာအစပျိုးထားနေသည်လေ။ ဒေါ်မဟာစံဖြစ်စေချင် တဲ့ပုံစံမျိုး လုံးဝဖြစ်မလာခဲ့ပါချေ။ အယူအဆတွေကအစ မပြတ် သားတော့ စသလို နောက်သလိုနဲ့ ဒေါ်မဟာစံအစ်လိုက်တာပါ။ ဒါကို သားကယုံကြည်စွာပင် ပွင့်ပွင့်လင်းလင်းရင်ဖွင့်ပြနေတော့ သည်။

"မာမီ ..."

"ပြောလေ ... သား"

"သူ ... သူ့ကိုတွေ့ချင်တယ်"

ဟင် ... ။

ဒေါ်မဟာစံမျက်လုံးပြူးရပြန်ပြီ။

သားကအရမ်းကိုပဲ ခံစားနေရတဲ့ပုံစံလေးဖြစ်နေတာကိုး။

"သူ ... ဟုတ်လားသား ... သူဆိုတာက ..."

"တူယှဉ်မှီတဲ့ မာမီ ..."

"ဘယ် ... ဘယ်သူ ..."

"တူယှဉ်မှီပါ မာမီ ... Me ဆိုတဲ့ အလှပြင်ဆိုင်ပိုင်ရှင် ကောင်မလေး ... တူယှဉ်မှီကိုပါ ..."

အလှပြင်ဆိုင်ပိုင်ရှင်ကောင်မလေးတဲ့။

မကြားဖူးဘူး။

နာမည်ကြီး ကိုကိုညီညီတို့ မိတ်ကပ် လင်းလင်းတို့ မိုးဒင် ဘယ်ခင်စန်းဝင်းတို့ကိုပဲသိတယ်။ သာမာန်မို့လို့ထင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မဟာစံလုံးဝကို မကြားဘူးတာပါ။ ထားလိုက်ပါတော့ ... အဲဒါက သိပ်အရေးမကြီးပါဘူး။ အရေးကြီးတာက စွဲညို့ငင်ဆိုတဲ့ ဒေါ်မဟာစံရဲ့ တစ်ဦးတည်းသောသားပဲ။

ဘယ်ကနေဘယ်လို ဆက်စပ်ပြီး ... အလှပြင်ဆိုင် ကောင်မလေးကိုမှ ရှာရှာပေါက်ပေါက်တွေ့သွားရတာလဲ။ ဆိုင်ရှင်ဖြစ်တဲ့ ကောင်မလေးရဲ့နာမည်ကိုတောင်သိတဲ့အထိဆိုတော့ ... အချိန်အတိုင်းအတာအရဆိုရင် အရမ်းကိုပဲမြန်ဆန်လွန်းနေသည်။ သွေးရိုးသားရိုး ချဉ်းကပ်တာတော့ ဘယ်လိုမှမဖြစ်နိုင်ပါ။

ခေါင်းထဲထည့်ရတော့မည်။

တူယှဉ်မှီတဲ့။

Me ဆိုတဲ့ အလှပြင်ဆိုင်ပိုင်ရှင်မလေး တူယှဉ်မှီ။

"ဟဲ — သား ... မာမီနဲ့နောက်မှပဲထပ်ပြီး အေးအေးဆေးဆေးစကားပြောကြတာပေါ့။ ခုတော့ ... မာမီကုမ္ပဏီကို သွားရဦးမယ် ... အေးဆေးအနားယူရင်း တူယှဉ်မှီအကြောင်းလေးတွေ စဉ်းစားလိုက်ဦးပေါ့ကွယ် — ဟုတ်ပြီလား ... "

"ဟာဗျာ ... မာမီကလည်း"

ရှက်သွားတဲ့ သားကိုကြည့်ပြီး ရင်ထဲမှာတော့ ပူပူလောင်လောင်ပါ။ ဒါကို ... သားဖြစ်သူကတော့မသိ။ ဘယ်သိပ့်ါမလဲ။ ဒေါ်မဟာစံမျက်နှာက ပကတိကြည်လင်နေတာကိုး။ နှုတ်ခမ်းနှစ်လွှာက နူးညံ့စွာပြုံးချိုနေတာကိုး။ ရိုးသားဖြူစင်လွန်းတဲ့သားက

ဖိုးလပြည့်တာပေ



ဘယ်လိုလုပ်ပြီး ခန့်မှန်းနိုင်မှာတဲ့လဲလေ။

"သား ... "

"ဗျာ ... "

"မာမီ သွားပြီနော် ... "

"ဟုတ်ကဲ့ ... မာမီ"

သားကိုနှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့ရပေမယ့် အတွေးထဲမှာတော့ သားဖြစ်သူအကြောင်းသာ စိုးမိုးနေခဲ့သည်။

အလုပ်ကိစ္စအရေးကြီးလို့သာ မိမိမသွားမဖြစ်သွားရတာ။ ပြန်လာရင်တော့ သားကိုအေးဆေးအင်တာဗျူးဖို့သာ စိတ်ကူးထားမိတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"နင်အရမ်းချမ်းသာနေပြီလား ... တူယုဉ်မှီ၊ ဒီနေ့ရော ... ဆိုင်ကိုသွားဖို့စိတ်မကူးသေးဘူးလား။ ဒီနေ့နဲ့ပါဆို သုံးရက်လောက်ရှိနေပြီနော် တူယုဉ်မှီ ... အလုပ်သမားတွေချည်းပဲ လွှတ်ထားလို့ဖြစ်မလားဟဲ့၊ ပိုင်ရှင်မရှိလို့ကတော့ ဘယ်လောက်သစ္စာရှိပါတယ်ပဲပြောပြော အလုပ်သမားက အလုပ်သမားစိတ်ပဲရှိမှာပေါ့ ... အခုလောက်ဆိုရင် နင့်အလုပ်သမားတွေ ပွဲတော်ကြီးတည်နေပြီသိလား"

သဝဏ်လွှာ ဘယ်လောက်ပဲပြောပြော တူယုဉ်မှီကတော့ အပြုံးကလေးကိုမပျက်ဘဲ နားထောင်နေတာပါ။ တူယုဉ်မှီ ဘယ်လိုအကြံအစည်တွေလုပ်နေသလဲဆိုတာတော့ လွှာမသိ။ လွှာသိနေတာက အလှပြင်ဆိုင်သုံးခုလုံးကို ပစ်ထားတာပဲလေ။

"တူယုဉ်မှီ ..."

"ဟင် ... ဘာလဲ ... လွှာ ... ဘာပြောမလို့လဲ"





"နင်ဆိုင်ကိုမသွားဘူးလားလို့ ..."

"ဟင့်အင်း ..."

"ဟယ် ..."

ခေါင်းလေးကိုညင်သာစွာပင် ခါယမ်းပြလိုက်တဲ့ တူယုဉ်မှီကိုကြည့်ပြီး လွှာမျက်ခုံးတန်းလေးတွေ ပင့်တက်သွားရပြန်ပါပြီ။

"လွှာ ..."

"ပြော ..."

"စွဲညို့ငင်လေ ... သူ ငါ့ကိုလိုက်ရှာနေတယ်"

"ဘာ ... ဘာရယ် ... ဘာပြောလိုက်တယ် တူယုဉ်မှီ၊ စွဲညို့ငင်ဟုတ်လား ... စွဲညို့ငင်ဆိုတာ ..."

"ဒေါ်မဟာစံရဲ့တစ်ဦးတည်းသောသားလေလွှာ ... စံတော်ဝင်ရတနာကုမ္ပဏီကို အမွေဆက်ခံမယ့်သူပေါ့"

"ဟင် ... သူ ... သူက"

"ဟုတ်တယ် ... လွှာ၊ ငါ့ကိုအလှပြင်ဆိုင်ကကောင်မလေးတွေတစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်ပြီး သတင်းပို့နေကြတယ်၊ ဆိုင်ခွဲတွေကိုလည်း ငါရှိလားဆိုပြီး မေးတာအချိန်တိုင်းပဲတဲ့လေလွှာ ... ဟင်း ... ဟင်း ..."

"နင်နဲ့သူ ... ဟာ ... ငါတော့နားတောင်ရှုပ်သွားပြီ တူယုဉ်မှီရယ် ... ပြောစမ်းပါဦး ဘယ်လိုကနေဘယ်လို ..."

"ဒီလိုလေလွှာ ... ဘယ်ကနေမှုက်စီလည် လမ်းမှားလာ



www.burmeseclassic.com

www.burmeseclassic.com



သလဲတော့မသိဘူး ... ငါ့ဆိုင်ကို စွဲညို့ငင်ရောက်လာတယ်ဟ ထုံးစံအတိုင်း ဆံပင်ပုံသွင်းပြီး ခေါင်းလျှော်တာပေါ့ဟာ ... သူ့ကို တွေ့လိုက်တော့ ငါလည်းအရမ်းအံ့သြသွားတယ်ဟ၊ လုံးဝထင် မထားတာကို ... "

"အေး ... ဆက်ပြောစမ်းပါဦး တူယှဉ်မှီရယ် ... ငါစိတ်ဝင် စားသွားပြီ"

"ငါလဲ ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချပြီး ရေရေလည်လည်စဉ်းစားလိုက်တာပေါ့ဟာ ... အဲဒါနဲ့ပဲသူ့ကို ငါကိုယ် တိုင်ပဲခေါင်းလျှော်ပေးလိုက်တယ် ... ရင်းနှီးအောင်စကားတွေ ပြောလိုက်တယ်လေ ... "

"ဟယ် ... နင်က ဆိုင်ပိုင်ရှင်ဖြစ်ပြီးတော့ အလုပ်သမားတွေ [illegible]ဘဲ နင်ကိုယ်တိုင်လုပ်ပေးလိုက်တယ် ... ဟုတ်လား တူယှဉ် မှီ ... "

"အင်း ... "

"နင့်ကို Me ရဲ့ အလှပြင်ဆိုင်ပိုင်ရှင်ဆိုတာရော သိသွားလား တူယှဉ်မှီ ... "

"အင်း ... သိတယ်၊ သူသိအောင်လည်း တမင်ပြောလိုက် တာလေ၊ ဆိုင်ခွဲသုံးခုတောင် ပိုင်တယ်ဆိုတဲ့အကြောင်းပါ ပြော လိုက်တာ ... "

"ဟယ် ... "





"ဟုတ်တယ် ... လွှာ၊ ဘာပဲပြောပြော ဆိုင်ပိုင်ရှင်ဆိုတော့ [illegible]အထင်မသေးရဲတော့ဘူးလေ၊ ပြီးတော့လဲ ... ငါက သူ့ကိုမွှေး [illegible]ပြီး ဝန်ဆောင်မှုပေးခဲ့တာဆိုတာလဲ မရိပ်မိအောင်ကာကွယ်ပြီး [illegible]ပြခဲ့ပါတယ်၊ ငါရှိတဲ့အချိန်လေးအတွင်းမှာရှိနေတဲ့ ညှော်သည်ဆို [illegible] အလုပ်သမားတွေနဲ့အတူတူ တစ်ယောက်ကိုတော့ ကိုယ်တိုင် [illegible]ပြီး ဝန်ဆောင်မှုပေးတတ်တယ်လို့လေ ... "

"အမလေး ... တော်ပါသေးရဲ့ဟယ်၊ နင့်အစားရင်တွေပမ်း [illegible]တောင်တုန်တယ် တူယှဉ်မှီရယ် ... "

"အစကတော့ သူငါ့ကိုမှတ်မိသွားမလားဆိုပြီး စိုးရိမ်သွား [illegible]ဟ ... သူကလုံးဝကိုမမှတ်မိဘူးလွှာ ... သူနဲ့ငါဝင်တိုက်မိတုန်း [illegible] ငါ့ပုံစံက ဆံပင်အတုနဲ့ပုံစံတစ်မျိုးဖြစ်နေတာဆိုတော့ သူမမှတ် [illegible]ဖြစ်နေတယ် ... ငါကိုယ်တိုင် အခုလိုပဲဝန်ဆောင်မှုပေးတတ် [illegible]လဲဆိုရော ငါရှိနေမယ့်နေရာလေးကိုပဲ သူလာဖို့ဆိုင်တွေကို [illegible]လားဆိုပြီး ဖုန်းဆက်ဆက်စုံစမ်းနေတာ"

"သြော် ... ဒါကြောင့် နင်ဆိုင်မထိုင်ဘဲ အိမ်တွင်းအောင်းနေ [illegible]ပေါ့လေ"

"ခဏရှောင်နေတာပါ လွှာရယ် ... ဒါကလည်း လိုအပ်လွန်း [illegible] မတွေ့ရဘူးဆိုရင် ပိုပြီးတွေ့ချင်တာက လူ့သဘာဝပဲလေ၊ [illegible]ထဲမှာငါနဲ့ပတ်သက်ပြီး ပိုလေးနက်အောင်လုပ်ထားတာ"

"ဒါ ... ဒါဆို နင် ... နင်က"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လွှာ … ငါက စွဲညို့ငင်ရင်ထဲက စိတ်ကူးယဉ် အိပ်မက်လေးလုပ်မလို့လေ … "

"မြတ်စွာဘုရားရေ … "

တူယှဉ်မှီအပြောလေးကြောင့် သဝဏ်လွှာမှာ ခေါင်းပင် ချာလည်ကာ မူးမိုက်သွားရပါပြီ။

"ငါ … သူ့ရဲ့နတ်သမီးလေးလုပ်မှာလွှာ … "

"နင် … နင်ပြောတော့ သူ့ကိုအရမ်းမုန်းတယ်ဆိုတူယှဉ်မှီ ဒေါ်မဟာစံသားချို နင့်ရဲ့ရန်သူတစ်ယောက်ပဲဆို၊ ဘယ်လိုလုပ်ပြီး သူ့ရဲ့အနားကို တိုးကပ်သွားဖို့စဉ်းစားရတာလဲ တူယှဉ်မှီ၊ နင်လုံး ခချစ်တဲ့ယောက်ျားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို နင်တိုးဝင်တော့ မလို့လား"

"ဝင်သင့်ရင်တော့ဝင်ရမှာပဲလေ … သဝဏ်လွှာရယ် … "

သဝဏ်လွှာတစ်ယောက် ဘာဆက်ပြောရမှန်းကိုမသိတော့ လောက်အောင်ပဲ ဖြစ်သွားရသည်။ တူယှဉ်မှီမှာလဲ သူ့အကြောင်း သူရှိနေတာမဟုတ်ပါလား။ သူမက ကြားလူပါ။ သို့ပေမယ့် တစ် ဖက်ကိုလက်စားချေချင်စိတ်နဲ့ တူယှဉ်မှီရဲ့အနာဂတ်အိပ်မက်တွေ အရုပ်ဆိုးအကျည်းတန်သွားမှာကိုတော့ စိုးရိမ်မိပါသည်။

ဒါက …

ဘဝတစ်ခုလုံးနဲ့သက်ဆိုင်နေတာမဟုတ်ပါလား။ အနိုင်အရှုံး ရဲ့လောင်းကြေးက များလွန်းလှသည်။ အလျော်အစားကြမ်းလွန်း





လှသည်။

"ငါသတင်းရထားပြီးပြီလွှာ … ဒေါ်မဟာစံက သူပိုင်ဆိုင်တဲ့ ရတနာကိုက သိပ်မကြာခင်ကာလမှာ စွဲညို့ငင်ဆိုတဲ့ သူ့ရဲ့သားကို ပေးတော့မှာတဲ့ … ဘာပဲပြောပြော စံတော်ဝင်ရတနာကုမ္ပဏီ ဟာ ငါပိုင်ဆိုင်သင့်တဲ့အရာပဲလေ၊ စွဲညို့ငင်လက်ထဲအရောက်ခံလို့ ဘယ်ဖြစ်မှာလဲ … အမွေဆက်ခံမယ့်ဆက်ခံ ငါပဲရစေရမယ်လွှာ … ဒေါ်မဟာစံ ပိုင်ဆိုင်မှုတွေမှန်သမျှ ငါပဲပိုင်ဆိုင်စေရမယ်၊ ဒါမှတရား တာမှာပေါ့လွှာရယ် … မဟုတ်ဘူးလား"

"ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲတူယှဉ်မှီရယ် … ဒေါ်မဟာစံ ပိုင်တဲ့ စံတော်ဝင်ရတနာကုမ္ပဏီရဲ့ ပိုင်ဆိုင်မှုကို နင်ရဖို့ဆိုတာအဝေး ကြီးပဲဟာကို … "

"ဟုတ်တယ်လေလွှာ … အဝေးကြီးပဲဆိုတာတော့ ငါလဲသိ တာပေါ့၊ ဒါကြောင့် မနီးနီးအောင် ငါတိုးသွားဖို့ ဆုံးဖြတ်လိုက်တာ ပေါ့လွှာ … "

"နင် … အဲဒီလောက်တောင်ပဲ လောဘတွေတတ်သွားတာ လားတူယှဉ်မှီ … စံတော်ဝင်ရတနာကို မရလဲနင့်ဘဝ တစ်သက် တာလုံး အေးအေးချမ်းချမ်းနေနိုင်တဲ့ ငွေကြေးပစ္စည်းဥစ္စာတွေကို နင်ပိုင် ဆိုင်ထားတာပဲဟာကို၊ နင်ဘာတွေ ဒီလောက်တောင်ပဲ လောက်မော နေရတာလဲ တူယှဉ်မှီရယ် … "

"ငါ … အဲဒါတွေကို မက်မောနေတာမဟုတ်ဘူးလွှာ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဆီက မတရားသဖြင့်လုယူသွားတဲ့အတွက် စိတ်ဆင်းရဲ သောကရောက်ပြီး အသက်ပါဆုံးရှုံးခဲ့ရတဲ့အဖြစ်ကို ကိုယ်ချင်းစာ စိတ်ရှိအောင် ပညာပေးချင်တာပါ။ ငါတို့မိသားစုတွေ ပြိုပျက်သွားအောင် ရက်ရက်စက်စက်လုပ်သွားတဲ့သူကို အဲဒီစိတ်ဆင်းရဲခြင်းနဲ့ ထပ်တူ ပြန်ခံစားစေချင်တာ”

တူယှဉ်မီရယ်။

သဝဏ်လွှာတစ်ယောက် သူငယ်ချင်းမလေးကိုကြည့်ပြီး သက်ပြင်းမောလေးကိုသာ ကြိတ်ရှိုက်လိုက်မိပါတော့သည်။

တူယှဉ်မီ နာကြည်းမယ်ဆိုလဲ နာကြည်းလောက်စရာပဲ မဟုတ်ပါလား။ ဒေါ်မဟာစံ လုပ်ရပ်က တူယှဉ်မီတို့မိသားစုလေးကို တကွဲတပြားစီဖြစ်သွားအောင်ကို ဖြစ်ခဲ့ရတာလေ။ မိဘမဲ့ဘဝလေးရောက်ခဲ့ရလို့ အဒေါ်ဖြစ်သူရဲ့ ရင်ခွင်ထဲတိုးဝင်ရှင်သန်ခဲ့ရတဲ့ တူယှဉ်မီ … ဒေါ်မဟာစံကြောင့် အဒေါ်ဖြစ်သူလဲ နှလုံးရောဂါနဲ့ လဲကျသေဆုံးခဲ့ရသည်။ စည်းစိမ်ချမ်းသာတွေနဲ့အတူ အဒေါ်ရဲ့လင်ယောကျ်ားကိုပါ အပိုင်သိမ်းသွားတဲ့အဖြစ်တွေက မေ့ပျောက်နိုင်စရာမှမဟုတ်တာ။ သမီးတွေရဲ့ကံဆိုးမှုကိုမြင်ရပြီး စိတ်ကျရောဂါနဲ့ သေဆုံးခဲ့ရတဲ့ဘွားအေကြီးကြောင့် လောကအလယ်မှာ ဆွေမျိုးကင်းမဲ့ကာ တစ်ယောက်တည်းကျန်နေခဲ့ရတဲ့ တူယှဉ်မီကို စိတ်ဒေ၀နာကောင်းပြီး သစ္စာစောင့်သိတဲ့ အိမ်တော်ထိန်းကြီးကြောင့်သာ ဒီနေ့လိုဘဝမျိုးလေးနဲ့ ရပ်တည်နေနိုင်ခဲ့တာပါ။





တူယှဉ်မီတို့ အဖိုးအဖွား လက်ထပ်ကတည်းက နေလာခဲ့တဲ့အလုပ်သမလေး မစပယ်မွှေးသည် တူယှဉ်မီကို ရင်နှင့်သီးခြား အမိုးကလေးတစ်ယောက်လို စောင့်ရှောက်ပေးခဲ့သည်။

ခုတော့ …

မစပယ်မွှေးသည် ဒေါ်စပယ်မွှေး ဖြစ်နေပြီ။

တူယှဉ်မီလဲ သုံးနှစ်သမီးလေးမဟုတ်တော့ဘဲ တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်နေခဲ့ပြီ။

ဒေါ်စပယ်မွှေးကို တူယှဉ်မီက အိမ်တော်ထိန်းလို့ လုံးဝသဘောမှတ်ဘဲ မိခင်ရင်းချာတစ်ယောက်အဖြစ် သတ်မှတ်ခဲ့သည်။ အသက်အရွယ်ကြီးလာတဲ့ ဒေါ်စပယ်မွှေးကို ပြည့်စုံလုံလောက်အောင်ထား၍ မိခင်နေရာမှာပဲ လေးလေးစားစားထားပြီး ကျေးဇူးပြန်ဆပ်ခဲ့၏။

သူငယ်ချင်းမလေးရဲ့စိတ်ဓာတ်ဟာ အင်မတန်ဖြူစင်ပြည့်ဝတာကို သဝဏ်လွှာ အသိဆုံးရယ်ပါ။ မာနမရှိတဲ့တူယှဉ်မီ၊ ဆင်းရဲသားတွေအပေါ် စာနာထောက်ထားစွာပေးကမ်းစွန့်ကြဲတတ်တဲ့ တူယှဉ်မီက ဒေါ်မဟာစံအပေါ်မှာတော့ နာကြည်းမုန်းတီးမှုတွေ၊ အညိုးအတေးတွေနဲ့ ပြည့်နှက်နေခဲ့ပါသည်။

သူမဘဝတစ်ခုလုံးနဲ့ရင်းပြီး ရလိုက်တဲ့ဒဏ်ရာဒဏ်ချက်က သိပ်ပြီးကြီးမားနေခဲ့တာဆိုတော့လည်း တူယှဉ်မီကို အပြစ်မပြောနိုင်။ ပြန်တုန့်ပြန်ချင်တာကိုလည်း မတားဆီးရက်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာဆက်လုပ်မှာလဲ … တူယှဉ်မို … "

အမုန်းတရားတွေနဲ့ စိမ်းတောက်နေတဲ့ တူယှဉ်မိုမျက်ဝန်းလေးတွေကိုကြည့်ပြီး သဝဏ်လွှာ မေးမိသည်။

"ငါ … စွဲညို့ငင်ဆိုတဲ့ ဒေါ်မဟာစံသားနဲ့ အမြန်ဆုံး လက်ထပ်နိုင်အောင် ကြိုးစားမှာပေါ့ဟာ … "

"ဖြစ်ပါ့မလား … တူယှဉ်မိုရယ်၊ စွဲညို့ငင်ဆိုတာ နယ်နယ်ရရမဟုတ်ဘူးနော်၊ သူနဲ့အမြန်ဆုံးလက်ထပ်နိုင်ဖို့ဆိုတာ အရမ်းခက်ခဲလိမ့်မယ် တူယှဉ်မို … "

"အဲဒါကတော့ ငါ့ရဲ့အစွမ်းအစအပေါ်မှာ မူတည်တာပေါ့လွှာ၊ ငါအရမ်းကြိုးစားရမှာပေါ့"

"ဒေါ်မဟာစံက နင့်နောက်ကြောင်းကိုသိရင် လုံးဝလက်ခံမှာမဟုတ်ဘူး တူယှဉ်မို … "

"ဟုတ်တယ်လွှာ … အခုတောင် ငါအဒေါ် အရင်နေခဲ့တဲ့ ရပ်ကွက်ထဲကို လူတစ်ယောက်လွှတ်ပြီး စုံစမ်းခိုင်းနေပြီလေ၊ ငါသတင်းရထားပြီးပြီလွှာ … ငါ့ရဲ့ခြေလှမ်းတွေကို ဒီထက်ခပ်စိတ်စိတ်လှမ်းမှပဲ ရတော့မယ် … အချိန်ကြာရင် ငါ့အကြောင်းဆက်စပ်မိသွားလိမ့်မယ် … ဒါဆိုရင် … ငါရည်မှန်းချက်တွေအားလုံးပျက်ပြီပဲလွှာ … ငါအရှုံးကြီးရှုံးသွားလိမ့်မယ်၊ ဒေါ်မဟာစံက နှင်းဆီတွေနဲ့ ခြောက်လှန့်နေတဲ့သူ့ကို လိုက်ရှာနေပြီလွှာ … "

"ဒါကြောင့် … နင်ကတိုက်ကွက်တစ်ခုကို ပြောင်းလဲလိုက်





တာပေါ့လေ … ဟုတ်လား တူယှဉ်မို … "

"ဟုတ်တယ်လွှာ … ဒါကြောင့် စွဲညို့ငင်ကိုကြားခံအနေနဲ့ ပွဲစတင်လိုက်တာပဲ၊ ဘာပဲပြောပြော … အခုချိန်ထိတော့ အဆင်ပြေနေတယ်ပဲပြောရမယ် … သူ ငါ့ကိုတွေ့ချင်လွန်းလို့ အသည်းအသန်လိုက်ရှာနေတယ်တဲ့လေလွှာ … "

"ငါဘာကူညီရဦးမလဲ တူယှဉ်မို … "

"အဟင်း … ဟင်း … လွှာရယ် … ဝမ်းသာလိုက်တာဟာ၊ နင် ငါ့ကိုနားလည်သွားပြီပေါ့နော်၊ ကျေးဇူးတင်လိုက်တာလွှာရယ်"

"မလိုပါဘူးတူယှဉ်မိုရယ် … နင်နဲ့ငါက ပြောရမယ့်သူတွေမဟုတ်တာ၊ ငယ်သူငယ်ချင်း တစ်နယ်တည်းသားတွေဆိုပေမယ့် ညီအစ်မရင်းချာလိုပဲ ငါ့စိတ်ထဲမှာထားပါတယ်ဟာ၊ ပြီးတော့ … နင့်မှာတစ်ခုခုထိခိုက်ရင် နင်နဲ့အတူ ငါလည်းနာကျင်သလိုခံစားရတာပါပဲ၊ ဒါကြောင့် … နင်ပျော်ရွှင်တာကိုပဲ ငါမြင်ချင်တယ်တူယှဉ်မို အကောင်းအဆိုးမှန်သမျှ နင်နဲ့ထပ်တူပဲ ငါခံယူမယ်"

"လွှာရယ် … "

သူငယ်ချင်းမလေး သဝဏ်လွှာစကားက တူယှဉ်မိုရင်ထဲကို အနက်ရှိုင်းဆုံးလာရောက်ထိမှန်ပါသည်။

ဝမ်းသာလွန်းလို့ မျက်ရည်လေးတွေပင် ဝေ့ဝဲသွားရတာက တူယှဉ်မိုပါပဲ။ မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုးဆိုတာဒါပဲထင်ပါ၏။ ဒေါ်စပယ်မွှေးတစ်ယောက် ယခင်ကနေခဲ့သော မြို့တိုစွန်းက သီး



www.burmeseclassic.com

www.burmeseclassic.com



ခြားမြို့သစ်လေးတွင် တူယှဉ်မှီနဲ့အတူ ရှင်သန်ဖို့ဆုံးဖြတ်ခဲ့ခြင်းရဲ့ ရလဒ်ကောင်းပဲပြောရမလား။

သဝဏ်လွှာတို့နဲ့ ခြံဘေးချင်းကပ်ကိုပြောင်းနေမိခဲ့ကြသည်။ သူငယ်တန်းကျောင်းကစပြီး တတွဲတွဲတက်ခဲ့ကြတာ သဝဏ်လွှာနဲ့ သူမက အခုချိန်ထိ တပူးတွဲတွဲရှိနေတုန်းပါ။

"တူယှဉ်မှီ ..."

"ဟင် ..."

"ငါ့ကိုလဲ နင်သိုအင်ရင်ခိုင်းဖို့ ဝန်မလေးနဲ့နော် ..."

"အင်းပါ ... သဝဏ်လွှာ ..."

"တဲ ... ငါဘာလုပ်ပေးရမလဲ ..."

"ငါ့အစား အလှပြင်ဆိုင်ကိုသွားပေးလွှာ ..."

"အင်း ..."

"ပြီးတော့ ..."

တူယှဉ်မှီတစ်ယောက် သူမလုပ်ချင်သည့်အကြံအစည်ကို လေးလေးနက်နက်စဉ်းစားပြီး သဝဏ်လွှာကို ပြောလိုက်၏။

သဝဏ်လွှာကူညီမှဖြစ်မယ်လေ။ တစ်ချို့နေရာတွေမှာ ကြားခံတစ်ယောက်ရှိနေမှကို ဖြစ်မှာပါ။ သူငယ်ချင်းမလေးကိုပဲ တူယှဉ်မှီ အားကိုးမှဖြစ်တော့မည်။

♥ ♥ ♥

## အခန်း ( ၁၂ )

"အန်တီသိတယ် ... မောင်ဆန်းသစ်၊ ကိုတေဇာဟိန်းနဲ့ ဆမင်းမှီတို့မှာ သားသမီးမရှိဘူးဆိုတာ အန်တီသိပြီးသားပဲ၊ ဒါပေ ယ့် ... ယမင်းမှီရဲ့အစ်မမှာ သားသမီးရှိတယ်၊ သော်တာမှီက ကလေးမွေးပြီးပြီးချင်းပဲ မီးတွင်းထဲမှာ ဆုံးသွားတာ ... အဲဒီကလေး က မိန်းကလေးလား၊ ယောက်ျားလေးလားဆိုတာပဲ၊ ပြီးတော့ အဲဒီ ကလေးအခုချိန်ဆိုရင် ဘယ်အရွယ်လောက်ရောက်နေနိုင်သလဲဆို တဲ့အဖြေ ... အဲဒါကိုပဲ အန်တီသိချင်တယ် ..."

"ဟုတ်ကဲ့ ... အန်တီ၊ သူများတွေပြောစကားအရတော့ မိန်းကလေးတဲ့ ... သိပ်အသေချာကြီးတော့ မဟုတ်ဘူး ... ဒေါ်သော်တာမှီနဲ့ သူ့အမေတွေနေခဲ့တဲ့မြို့ကို ကျွန်တော်ရောက်ပြီးပြီ အန်တီ၊ အခက်အခဲလေးတစ်ခုရှိတာက ... အရင်ကနေခဲ့တဲ့လူ ဟောင်းတွေက မရှိသလောက်ဖြစ်နေပြီး လူအသစ်တွေရောက်နေ ကြတာဆိုတော့ ဘေးပတ်ဝန်းကျင်ကိုလည်း စုံစမ်းရတာခက်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ပြီးတော့ ... မိသားစုဝင်တွေအားလုံး သေသွားတာဆိုတော့ အစပျောက်သလိုဖြစ်နေတယ်၊ နေထိုင်ခဲ့ဖူးတဲ့မြို့ကြီးနဲ့ တိုက်ကိုလည်း အသစ်တွေဝယ်ထားပြီလေ ... ဘယ်သူ့ကိုမေးမေး မသိဘူးလို့ ဖြေကြတယ်"

"ညှို့လိုက်တာ ... မောင်ဆန်းသစ်၊ မင်းညှို့လှချည်လား၊ ဘာတစ်ခုမှသေချာရေရာတဲ့အဖြေကို မပေးနိုင်ဘဲနဲ့များ အန်တီ့ဆီကို မင်းဖုန်းဆက်ရဲသေးတယ်နော် ... ဒေါ်မဟာစံဆိုတဲ့ အန်တီ့အကြောင်းလဲ မင်းသိတာမဟုတ်ဘဲနဲ့၊ ငါလိုချင်တာတိကျရေရာတဲ့အဖြေတွေပဲ ခင်ထပ်ကြိုးစားလိုက်ဦး မောင်ဆန်းသစ် ... အဖြေတွေအားလုံး တိတိကျကျ သတင်းပို့နိုင်မှ ငါနဲ့မျက်နှာချင်းဆိုင် မင်းလာတွေ့တော့ ... ဒါပဲ ... "

ပြောပြီးတာနဲ့ ဝွတ်ခနဲနေအောင် ဖုန်းခွက်လေးကိုစောင့်ကြီးအောင့်ကြီး ပြန်ချလိုက်တဲ့ဒေါ်မဟာစံ။

စံတော်ဝင်ရတနာကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ရုံးခန်းလေးထဲမှာ စိတ်ရှုပ်ထွေးမှုတွေနှင့်ရှိနေသည်။

နှင်းဆီပန်းတွေ ...

အစကတော့ သွေးရိုးသားရိုးထင်ခဲ့တာလေ။

နောက်တော့ ...

မိမိဆီ တိုက်ရိုက်ရည်ညွှန်းနေတယ်ဆိုတာ ရိပ်မိလာရ၏။ နှင်းဆီပန်းတွေ မိမိဆီမရောက်ရောက်အောင် ပို့ပြီး စိတ်တွေတုန်





လှုပ်ခြောက်ရွံ့သွားအောင် ခြိမ်းခြောက်နေတာလေး ဒေါ်မဟာစံ အတိတ်ကိုသိနေတယ်ဆိုပြီး သက်သေပြနေတာ။

ဒါကို ...

သူစိမ်းတစ်ယောက်က စီစဉ်ညွှန်ကြားတာ ဖြစ်နိုင်ပါ့မလား။ အတိအကျ သိထားတဲ့အတွင်းလူကပဲ ဖန်တီးနေတာပါ။ ဒါကို ... ဒေါ်မဟာစံ ရိပ်မိသည်။ မိမိကိုမုန်းတီးတဲ့လူက အများသားပဲ။ မုန်းသူများတယ်ပြောရမလားမသိ။ ကိုတေဇာဟိန်းရဲ့ ဆွေမျိုးတွေဘက်ကလည်း ကျေနပ်ခြင်းမရှိကြပါ။ ယခင်ကဆို အိမ်ရှေ့တောင်လာရုပ်ပြီး မူးရူးအော်ဟစ်ဆဲဆိုတတ်သည်။

အဲဒီအတွက် ...

ဒေါ်မဟာစံဘက်က ထိုက်သင့်တဲ့ပစ်ဒဏ်တွေ ပြန်ခတ်ပစ်ခဲ့၏။ အချိန်တွေအကြာကြီး အေးဆေးသွားကာမှ ပြန်အစပျိုးချင်သူက ပေါ်လာပြန်ပါပြီ။

ဘယ်သူဖြစ်နိုင်မလဲ။

အတွေးစိတ်ကူးတွေက နှူးညှံ့နေတာမို့ ဒါဟာ မိန်းမသားတစ်ယောက်ရဲ့ ဉာဏ်ပဲဆိုတာတော့သိသည်။ အဖြစ်နိုင်ဆုံးရှိတာကလည်း တိတ်ဆိတ်စွာ ငြိမ်သက်နေတဲ့ဘက်ကဆိုလို့ ယမင်းမှီဘက်ကပဲရှိသည်။ ယမင်းမှီရဲ့ မိသားစုဝင်တွေဆီက တုန့်ပြန်လာတာပဲဟု မှတ်ထင်ထားလိုက်သည်။ ဒါကြောင့်လဲ ယမင်းမှီဘက်က မိသားစုတွေအကြောင်း အလူးစုံစမ်းဖို့ လွှတ်ခဲ့တာပဲပေ့ါ။



www.burmeseclassic.com

www.burmeseclassic.com



တိကျသေချာတဲ့အဖြေကိုတော့ မရရှိသေးပါ။

ဆန်းသစ် ...

ဒေါ်မဟာစံ သီးသန့်ခန့်ထားတဲ့ လျှို့ဝှက်စုံစမ်းရေးလူယုံ တစ်ယောက် စိတ်ချရသည်။ အလုပ်လုပ်တဲ့နေရာမှာ စေ့စပ်သေချာ၏။ ဆန်းသစ်နဲ့ အလုပ်လုပ်ရတာ ဒေါ်မဟာစံစိတ်တိုင်းကျခဲ့ရသည် ချည်းပင်။

ခုတော့ ...

ဆန်းသစ်လဲ မတတ်နိုင်တော့။

မိန်းကလေးမွေးတယ် ဟုတ်မဟုတ်တောင် မရေရာတဲ့ အဖြစ်ပါ။ နေရာကပြောင်းသွားပြီး ဘယ်ဆီရောက်သွားသလဲဆို တာကို မသိဘဲဖြစ်နေသည်။

ဒါကလည်း ...

ဒေါ်မဟာစံဆိုတဲ့ မိမိရဲ့ညံ့ဖျင်းမှုကြောင့်လဲပါပါသည်။ ယခင် တုန်းက ကိုတေဇာဟိန်းတစ်ယောက် ယမင်းမှီရဲ့မိသားစုတွေ အကြောင်း ပြောပြဖူး၏။ မိမိက နားမထောင်ချင်ဘူးဆိုပြီး တားဆီး ခဲ့တာပါ။ ထိုအချိန်ကလည်း ငယ်ရွယ်သူရဲ့စိတ်မို့ ပထမဇနီးကို လွမ်း ဆွတ်တမ်းတနေခြင်းကို မလိုလားလို့ လုံးဝမပြောနဲ့ဆိုပြီး ပိတ်ပင် ခဲ့တာ။

မှားတယ်။

မိမိ အရမ်းမှားသွားပြီလေ။





ခုတော့ ...

ပြင်လို့မရတဲ့အမှားကြောင့် ဒီကနေ့လို စိတ်ရှုတ်စရာနေ့ချိန်း ရှိလာရတာပေါ့။

နောင်တရလိုက်တာ။

ဒေါက် ... ဒေါက် ...

တံခါးခေါက်သံကြောင့် တွေးလက်စအတွေးတွေ ရတ်ချည်း ပျောက်ကွယ်ကာ စူးလက်နေတဲ့မျက်ဝန်းအကြည့်အစုံက အသံ မြည်လာတဲ့ တံခါးရွက်ဆီသို့ တန်းခနဲ ရောက်သွား၏။

"ဝင်ခဲ့ ..."

တံခါးချပ်လေးပွင့်လာပြီး အထဲဝင်လာတာက သားဖြစ်သူ ညို့ငင်။

ရင်ထဲက စိတ်ရှုတ်ထွေးမှုတွေကိုမသိအောင် မျက်နှာလေး ချိုအိနေတဲ့အပြုံးလေးတွေနဲ့ ဖုံးကွယ်လိုက်တဲ့ဒေါ်မဟာစံ။

သားက ဘာမှသိတာမဟုတ်ဘူးလေ။ အရမ်းကို ရိုးသားဖြူ စင်တဲ့ကောင်မလေးတစ်ယောက် ဖြစ်သည်။ မိခင်အပေါ်မှာလဲ လေးစားကြည်ညိုတဲ့စိတ်အပြည့်ရှိသည်။ ဒါကြောင့်လဲ ... ဒေါ်မဟာစံ ပိုလို့တောင် သွေးပျက်ခြောက်ခြားနေရတာပေါ့။ အရင် ကအကြောင်းတွေကို သားသိသွားမှာ သေလောက်အောင်ပင် ကြောက်နေမိသည်။

သားဆီက အထင်သေးရှုံ့ချတဲ့အကြည့်တွေ ကြည့်ခံရမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သည်။ နာကြည်းစွာ ကွဲရဲ့ရှုတ်ချလာမယ့် စကားသံတွေကို ကြားရမှာ ကြောက်သည်။ ဒါကြောင့်လဲ ... တရားခံအစစ်ကို လိုက်ရှာနေရတာပေါ့။ အမြန်ဆုံးသိရမှုကို ဖြစ်တော့မှာကို။

လက်ရှိအခြေအနေမှာ ဒေါ်မဟာစံဆိုတာ မြန်မာနိုင်ငံရဲ့ လုပ်ငန်းရှင်သူဌေးကြီးတွေထဲမှာ မသိသူခပ်ရှားရှားပဲ။ ဒီနေရာအထိ ရောက်အောင် ... ဘယ်လောက်ထိ ကြိုးစားခဲ့ရသလဲဆိုတာ ဒေါ်မဟာစံ ကိုယ်တိုင်ပဲသိသည်။ အချိန်တွေ၊ ငွေတွေ၊ ကြိုးစားအားထုတ်မှုတွေဟာ နည်းတဲ့ပေးဆပ်မှုတွေမှ မဟုတ်တာ။

ဒါတွေအားလုံး ...

တစ်စစီ ရိုက်ချိုးခံရမှာကိုတော့ ဘယ်လိုနည်းလမ်းနဲ့ပဲဖြစ်ဖြစ် ကာကွယ်ရမည်ဖြစ်သည်။

"မာမီ ..."

"ဗြော ... သား ..."

"ရော့ ... အဲက မာမီနာမည်နဲ့ရောက်လာတဲ့ ပါဆယ်စာအိတ် ... ကျွန်တော်နဲ့ဆုံလို့ တစ်ခါတည်းယူလာပေးတာ"

"ဩော် ... အေး ... အေး ..."

သားဖြစ်သူ ကမ်းပေးတဲ့စာအိတ်လေးကို လှမ်းယူလိုက်ပြီး ဖောက်ကာ ကြည့်လိုက်သည်။

"ဟင် ... ဘာတွေလဲ ..."

စာအိတ်အတွင်းထဲမှ အရာဝတ္ထုလေးကိုကြည့်ပြီး အံ့ဩသွားတာက ဒေါ်မဟာစံ။

စိတ်စောလျှင်စွာပင် ထိုအရာတွေကို လက်ခုပ်ထဲသွန်ထည့်ကြည့်လိုက်မိသည်။

"အိုး ... အမလေး ..."

"ဟာ ..."

အလန့်တကြား အော်သံနဲ့အတူ လက်ကိုခါချလိုက်တော့ ကြမ်းပြင်လေးထက်မှာ ပြန့်ကျဲသွားတာက နှင်းဆီပန်းခြောက်ရွယ်လေးတွေ။

"ဒါ ... ဒါ ... နှင်း ... နှင်းဆီပန်းခြောက်ပွင့်ဖတ်တွေပဲ"

အထိတ်တလန့် အသံထွက်လာတာကစွဲညို့ငင်ထံကပဲ ဖြစ်သည်။

"ပေး ... ပေး ... မာမီ ..."

"ဟင့်အင်း ..."

စာအိတ်ကိုလှမ်းယူတဲ့သားလက်ကိုရှောင်ပြီး စာအိတ်လေးကို ခပ်တင်းတင်းလေးဆုပ်ကိုင်လိုက်တာက ဒေါ်မဟာစံ။ နှင်းဆီပန်းခြောက်တွေ ထည့်ထားတဲ့စာအိတ်ထဲမှာ စာရွက်ခေါက်လေးတစ်ခုလဲတွေ့လိုက်ရတာလေ။ သားကိုပေးလို့ ဘယ်ဖြစ်မှာလဲ။ စာထဲမှာ ဘာတွေရေးထားသေးလဲမှ မသိတာ။

"နေဦးနော် ... မာမီ ... ခဏလေးပဲ ... ဒါတွေကိုရှင်းနိုင်ဖို့ သွားခေါ်လိုက်ဦးမယ် ..."







www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီပန်းခြောက်တွေကိုမြင်လိုက်တာနဲ့ ဘာအသံမှ မထွက်နိုင်လောက်အောင် မျက်လုံးပြူးကြီးတွေနဲ့ ကြက်သေသေ နေတဲ့ဒေါ်မပာစံ။ ရင်ထဲက နှလုံးခုန်နေတာက မသိလျှင်အပြင်ထိ ခုန်ထွက်လာတော့မယ့်အတိုင်းပါ။

သို့သော် …

လူက လုံးဝသတိလက်လွှတ်မဖြစ်။ အိတ်ထဲကစာရွက် ဆွဲထုတ်ပြီး လက်ကိုင်ဆွဲအိတ်လေးထဲ ထိုးထည့်လိုက်ပြီး အိတ် ကိုတော့ လုံးချောကာ အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။

ဝုန်း …

တံခါးပြန်ပွင့်လာတော့ သားနဲ့အတူ သန့်ရှင်းရေးအလုပ် သမားမလေးရော။ စက္ကူထရီသဇင် ပါလာ၏။ သဇင်ရဲ့လက်ထဲ သံပုရာရည်ခွက်လေး ကိုင်လာသည်။

"အဲဒါတွေအားလုံး သန့်ရှင်းလိုက်စမ်း … တစ်စလေးတစ် လေးတောင် မကျန်ရစ်ခဲ့စေနဲ့နော် ကြားလား … "

သားကိုယ်တိုင် သေချာဂရုစိုက်ပြီး သန့်ရှင်းရေးလုပ်တာ စောင့်ကြည့်နေသည်။

"သူဌေး … လာ … လာ … ခဏထိုင်လိုက်ဦးနော်၊ ကျွန် သံပုရာရည်လေးယူလာတယ် သောက်ပြီးခဏလောက် နားလိုက် ပါနော် … "

ကပျာကယာ သံပုရာရည်ခွက်ကို စားပွဲပေါ်တင်ပြီး





ဖေးမမတွဲကူခေါ်ကာ ဆုံလည်ကုလားထိုင်တွင် ထိုင်စေသည်။

"ရော့ … သူဌေး … "

သံပုရာရည်ခွက်ကမ်းပေးလာတဲ့ သဇင့်ဆီက လှမ်းယူပြီး တွတ်ဂွတ်နှင့်မော့သောက်လိုက်၏။ ရင်တုန်နေတာတွေ အနည်း ငယ်တော့ လျော့ပါးသွားသလိုပါ။

သောက်ပြီးသားခွက်ကို စက္ကူထရီမလေးသဇင်ကပဲ တရို သေ ပြန်သိမ်းသွားသည်။

ထိုအချိန်တွင် …

ကြမ်းပြင်ပေါ်ပြန့်ကျဲကာ ကျနေတဲ့ နှင်းဆီပန်းခြောက်တွေ ကိုလည်း သိမ်းဆည်းသန့်ရှင်းလို့ ပြီးချေပြီ။ အခန်းသန့်ရှင်းရေး ဆောင်မလေးလည်း ပြန်ထွက်သွား၏။

"သဇင် … "

"ရှင် … အစ်ကိုလေး … "

"နောက်ဆိုရင် … မာမီနာမည်နဲ့လာသမျှ ပါဆယ်ထုတ် ကိုင်းအပြင်မှာ မင်းကိုယ်တိုင်စစ်ပြီးမှ သွင်းပါသဇင် … "

"ဟုတ်ကဲ့ပါ အစ်ကိုလေး … "

"အထူးဂရုစိုက်ပေးပါနော် … သဇင် … "

"စိတ်ချပါ … အစ်ကိုလေး … "

"အေး … သွားတော့ … မင်းလုပ်စရာရှိတာ သွားလုပ်တော့ သဇင် … "



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ရှင် ... "

စက္ကူထရီမလေးသဇင်က ဦးလေးညွှတ်ကာ ပြန်ထွက်သွား ပြီး တံခါးလေးကိုစေ့နေအောင် ပြန်ပိတ်ပေးသွားသည်။

အခန်းလေးထဲမှာတော့ စွဲညို့ငင်နဲ့မာမီ နှစ်ယောက်တည်း သာ ကျန်ခဲ့သည်။

"မာမီ ... "

" ... "

ဖျပ်ခနဲ မော့ကြည့်လာတဲ့မာမီမျက်ဝန်းတွေက ဖျော့တော့ တော့။

"ကျွန်တော့်ကြောင့် မာမီစိတ်အနှောက်အယှက်ဖြစ်သွား တယ်နော် ... ကျွန်တော့်အမှားပါပဲမာမီ ... ပါဆယ်ထုတ်မဟုတ် စာအိတ်သက်သက်ပဲဆိုတော့ လုံးဝကိုမထင်မိဘူးလေ ... တော်တော့ အံ့သြဖို့ကောင်းနေပြီ မာမီ ... ဒါဟာသွေးရိုးသား တော့ လုံးဝကိုမဟုတ်တော့ဘူး၊ မာမီသိပ်ကြောက်ပါတယ်ဆို နှင်းဆီတွေကိုမှ အသုံးပြုပြီး မရောက်ရောက်အောင်ပို့နေတာ တော့ ... သူ့မှာအကြံအစည်တစ်ခုခုရှိလို့ဖြစ်မယ်၊ ဘယ်သူလုပ် တာလဲ ... ဘာရည်ရွယ်ချက်ကြောင့် အခုလိုလိုက်လုပ်နေရတာ မာမီ့နှင်းဆီပန်းပွင့်တွေကို သိပ်ကြောက်တတ်တယ်ဆိုတဲ့အားနည်း ချက်ကို သိနေတာဆိုတော့ ... "

"သား ... "





ဒေါ်မဟာစံတစ်ယောက် သားဖြစ်သူကို ကမန်းကတန်း လိုက်မိသည်။ သားက ထိုအကြောင်းနဲ့ပတ်သက်ပြီး စိတ်ဝင် စားရှိနေတာ မဟုတ်လား။ ဒီကိစ္စတွေကို သားစိတ်ဝင်စားလို့ မဖြစ်ဘူးလေ။ ဒီတော့ ... စကားလမ်းကြောင်းလွဲဖို့ပဲ စိတ်ကူး မိသည်။

"ဗျာ ... မာမီ ... ပြောလေ ... ဘာပြောချင်လို့လဲ"

"မာမီပြောချင်တာက မင်းကောင်မလေးကိစ္စ ... "

"ဗျာ ... "

"မာမီကိစ္စက အရေးမကြီးဘူးစွဲညို့ငင် ... ဒါက မနာလိုစိတ် တဲ့သူတစ်ယောက်ယောက်က စိတ်ရှုတ်ထွေးအောင် အနှောက် ယှက်ပေးတာပဲ ... သူမသိသေးတာက ဒေါ်မဟာစံဆိုတဲ့မာမီရဲ့ မာတ်ပဲ ... ဘယ်လောက်ပဲ အင်အားတွေချိနဲ့နေပါစေ လဲကျ သွားနိုင်ဘူးဆိုတာကို သူမသိသေးလို့ပါ ... သိသွားတဲ့နေ့ကျရင် လုပ်ရပ်တွေ အလိုလိုရပ်တန့်သွားလိမ့်မယ်"

"ဒါပေမယ့်လဲဗျာ ... "

"ထားလိုက်ပါ သားရယ် ... မာမီလဲအေးဆေးပြန်ဖြစ်သွားပြီ ဘာ ... မေ့လိုက်တော့၊ အခုအရေးကြီးနေတာက သားပဲ၊ မာမီ့ရဲ့ ဘာ မာမီ့အတွက်တော့ အရေးအကြီးဆုံးနဲ့တန်ဖိုးအရှိဆုံးပါ၊ ကြောင့်လဲ ... သားကိစ္စကို မာမီခေါင်းထဲမှာအမြဲထည့်ထားတယ်၊ ... ပြော ... အခြေအနေက ဘယ်လိုလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အဲ ... မာမီကလည်းဗျာ၊ ဘာတွေလျှောက်မေးနေတာလဲ ... သားဆီမှာ ဘာအခြေအနေမှမရှိသေးပါဘူး၊ အခုချိန်ထိအေးဆေးပဲ ... "

"ဟယ် ... တကယ် ... "

"တကယ်ပေါ့မာမီရယ် ... ကျွန်တော် ဘယ်တုန်းက မာမီ့ကို ညာဖူးလို့လဲ ... "

ပြောလိုက်တဲ့လေသံလေးက ခပ်ပျော့ပျော့။

ဒေါ်မဟာစံ အံ့ဩသွားရပြီ။

ဒေါ်မဟာစံဆိုတဲ့ စံတော်ဝင်ရတနာကုမ္ပဏီပိုင်ရှင်ကြီးရဲ့ တစ်ဦးတည်းသောသားစွဲညို့ငင်ဆီမှာ ဒီလိုအဖြစ်မျိုးတွေက အမှန်တကယ်ပဲ ရှိနေတာတဲ့လား။

မယုံနိုင်စရာကောင်းလိုက်ပါဘိတော့။

မန်နေဂျင်းဒါရိုက်တာ ရုံးခန်းလေးထဲမှာတော့ သက်ပြင်းရှိုက်သံလေးတွေနဲ့သာ ရှိနေခဲ့တော့သည်။

♥ ♥ ♥

အခန်း ( ၁၃ )

"တူယှဉ်မှီ ... "

"ဪ ... ကိုစွဲညို့ငင်ပါလား၊ ဘာလဲ ... ခေါင်းလာလျှော်တာလား ... ထိုင်လေ ကိုစွဲညို့ငင် ... "

တွေ့ချင်လို့။

မင်းကိုအရမ်းတွေ့ချင်လို့လာခဲ့တာပါ တူယှဉ်မှီ။

ထိုစကားလေးကိုတော့ ရင်ထဲကပဲ စွဲညို့ငင် ပြောမိသည်။ အပြင်မှာတော့ သူမပြောတာကို ထောက်ခံသည့်အနေနှင့် ခေါင်းလေးပဲညိတ်ပြမိ၏။

"ခဏလေးစောင့်ပါနော် ... ခေါင်းလျှော်စင်တွေပြည့်နေလို့ဟိုလေ ... အအေးသောက်မလား ... အပူသောက်မလားကိုစွဲညို့ငင် ... "

"ရပါတယ် ... ရေအေးအေးလေးတစ်ခွက်ထက် မင်းမျက်နှာလေးကိုမြင်လိုက်ရတာနဲ့တင် ကိုယ့်ရင်ထဲတအုပ္ပသောကတွေငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီ … ကျေးဇူးတင်ပါတယ် တူယှဉ်မှီ … ”

“အို … ဟင်း … ဟင်း … ကိုစွဲညို့ငင်ကတော့လုပ်ပြီ၊ လူကိုတွေ့တာနဲ့ စနောက်ဖို့စိတ်ကူးတော်တော်လေး ရှိတယ်နော်”

“ကိုယ်စနောက်နေတာမဟုတ်ဘူး တူယှဉ်မှီ … ရင်ထဲက ခံစားချက်အတိုင်း မှန်တာကိုပြောတာ … ”

“အို … ”

ဘယ်နှယ့် …

စွဲညို့ငင်ဆိုတဲ့လူက ဇွတ်ကြီးပါပဲလား။

အလှပြင်ဆိုင်ဆိုတာ လူသူကင်းတဲ့နေရာတစ်ခုမှမဟုတ်တာ။ အလုပ်သမားတွေရော၊ ဆံပင်လာပြင်တဲ့သူတွေပါ ရှိနေသည်။ စွဲညို့ငင်အသံက သာမန်အသံဆိုပေမယ့် ဆိုင်ထဲကလူအချို့ ကြားလောက်အောင်တော့ လုံလောက်နေတာမို့ တူယှဉ်မှီတို့နှစ်ယောက်ဆီ မသိမသာ အကဲခတ်သလို လှမ်းကြည့်ပြီး ပြုံးစိစိလေးတွေဖြစ်နေကြ၏။

တူယှဉ်မှီ မျက်နှာတော့ပူမိပေမယ့် စိတ်ထဲမှာတော့ အရမ်းကိုကျေနပ်မိနေတာပါ။ အဲဒီလိုဖြစ်အောင်လဲ သူ့ကိုခြေရာဖျောက်ပြီး သုံးရက်လောက် အိမ်ထဲမှာပဲအောင်းနေခဲ့တာ မဟုတ်လား။

မဆိုးဘူး။

တူယှဉ်မှီရဲ့စိတ်ကူးက အရမ်းကိုမှန်ကန်သွားတာလေ။ သုံးရက်လောက်ပစ်ထားလိုက်ခြင်းရဲ့အကျိုးက အများကြီးသက်ရောက်





…၏။ စွဲညို့ငင်ရဲ့မျက်နှာချောချောလေးမှာ မျှော်လင့်ချက်တွေ…နှင့်တပိုးနဲ့တွေ့နေရသည်။ မျက်ဝန်းညိုလေးတွေထဲမှာ အားငယ်…တွေ့တော့နေတဲ့ အရိပ်အယောင်လေးတွေ တွေ့နေရ၏။

“တူယှဉ်မှီ … ”

“ဟုတ်ကဲ့ … ”

“ကိုယ့်ကိုမင်းပဲ ဝန်ဆောင်မှုပေးတဲ့အနေနဲ့ ခေါင်းလျှော်ပေး…နော် … ”

“အဲ … အဲဒါတော့ ခွင့်ပြုပါ … ကျွန်မက တစ်ဆိုင်မှာတစ်…ကိုပဲ ဝန်ဆောင်မှုပြုတာမို့ ရှင့်ရှေ့က ရောက်လာတဲ့ဟော့…တ အစ်မကို ဆံပင်ညှပ်ပေးမှာပါ … ”

“ဟာဗျာ … ”

စွဲညို့ငင်ရဲ့မျက်နှာချောချောလေးမှာ အလိုမကျတဲ့အရိပ်…ယောင်လေးတွေနဲ့ စွန်းထင်းသွားရပြီ။ ဒီနေရာလေးကိုရောက်…င်လာရတာ သူ့ဘက်က ဘယ်လောက်တောင် ကြိုးစားခဲ့ရ…။ မာမီသွားတွေ့ခိုင်းတဲ့သူကိုပင် အချိန်မနည်းညှိပြီး ရှေ့ခဲ့ရ…။ စမ်းချောင်းကဆိုင်မှာ တူယှဉ်မှီထိုင်နေတယ်ဆိုတာ သိသိ…သူထွက်လာခဲ့ရတာလေ။ သူမလေးနဲ့ဆုံအောင် ဘယ်လောက်…င်ခက်ခဲပါသလဲ။ ခုလိုမျက်နှာချင်းဆိုင်တွေ့ရချိန်တွင် သူမ…လေးလျှော်ပေးတာခံယူရင်း စကားတွေပြောချင်နေမိသည်။

ဒီအခွင့်အရေးလေးက အခုတော့ပျက်ပြားရချေပြီ။ တစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ယောက်ကိုပဲ ဝန်ဆောင်မှုကိုယ်တိုင်ပေးတတ်တဲ့ တူယှဉ်မှီရဲ့ကန့်သတ်ချက်။ သူ့ရှေ့ကရောက်နေတဲ့အမျိုးသမီးက ဦးသွားပြီတဲ့လေ။

"တူယှဉ်မှီ ..."

"ဟုတ်ကဲ့ ... ပြောပါ ကိုစွဲညို့ငင်"

"ကျွန်တော့်ကို တူယှဉ်မှီကိုယ်တိုင်ပဲ ခေါင်းလျှော်ပေးပါလားဟင်၊ ကျွန်တော် တစ်ခြားသူတွေနဲ့ မလျှော်ချင်ဘူးတူယှဉ်မှီ၊ ဘယ်လိုမှလည်း စိတ်တိုင်းကျနိုင်မှာမဟုတ်လို့ပါဗျာ ... နော်"

ကလေးဆိုးကြီးလိုကပ်ပြီး ပူဆာနေတဲ့ စွဲညို့ငင်ကိုကြည့်ပြီး စိတ်ထဲကနေ အူလှိုက်သဲလှိုက် ရယ်လိုက်မိသူက တူယှဉ်မှီရယ်ပါ။

ဖြစ်ရမယ်လေ။

ဒီလိုပဲဖြစ်ရမှာပေါ့။

တူယှဉ်မှီဆိုတဲ့သူမနဲ့ တစ်ခါဆုံလိုက်တဲ့သူတိုင်း နောက်တစ်ကြိမ် ပြန်မဆုံတွေ့ချင်တဲ့သူဆိုတာ အခုချိန်ထိ လုံးဝကိုမရှိသေးတာပါ။ တစ်ခါမြင်လိုက်တာနဲ့ သမင်ပြန်လည်ငေးရလောက်အောင် ဝန်ဆောင်မှုရှိတဲ့နေရာမှာတော့ ပထမပါပဲ။

"တူယှဉ်မှီ ..."

"ဟုတ်ကဲ့ ... အားနာပေမယ့် ဒီနေ့တော့ လုံးဝကိုမဖြစ်နိုင်ပါဘူးကိုစွဲညို့ငင်၊ ကျွန်မက တစ်ယောက်တည်းလို့သတ်မှတ်ထားပြီး ရှင့်ကိုပါ ဝန်ဆောင်မှုပေးလိုက်မယ်ဆိုရင် အားလုံးကတစ်မျိုး





ထင်မြင်သွားမှာလေ၊ အလုပ်သမားတွေအများကြီးကိုအုပ်ချုပ်ပြီး အလုပ်လုပ်နေရတဲ့ ကျွန်မကိုနားလည်ပေးပါနော်၊ ဒါက ... ကျွန်မရဲ့ဝတ်သိက္ခာပိုင်းဆိုင်ရာနဲ့ တိုက်ရိုက်သက်ဆိုင်နေတာဆိုတော့ ရှင့်ရဲ့တောင်းဆိုချက်ကို ကျွန်မငြင်းပယ်ပါရစေ၊ ကျွန်မရဲ့အလုပ်တာဝန်ထမ်းဆောင်နေရချိန်မှာမို့လို့ ခွင့်လွှတ်ပါ ကိုစွဲညို့ငင်ရယ် ..."

တာဝန်ထမ်းဆောင်ချိန်တဲ့။

သူ့တောင်းဆိုချက်ကို ဘယ်လိုမှမလိုက်လျောနိုင်ပါဘူးဆိုပြီး ငြင်းနေတာလေ။ တူယှဉ်မှီကို ကြည့်ရတာ တော်တော်လေး ခေါင်းမာပုံတော့ရသည်။ သူ့ဆိုင်မှာ ကျေနပ်မှုမရှိဘူးဆိုရင် ထွက်သွားချင်သွားနိုင်တယ်ဆိုတဲ့သဘောပဲ။ သူမဆုံးဖြတ်ထားတဲ့အရာကိုတော့ လုံးဝမပြင်ဆင်တော့မယ့်ပုံ။

"ဟုတ်ကဲ့ ... ပြောပါ"

"ဒီကိုလာခဲ့တာ ခေါင်းလျှော်ချင်လို့ဆိုတာထက် တူယှဉ်မှီကိုတွေ့ချင်လွန်းလို့ပါ ... ရပါတယ် တူယှဉ်မှီ၊ ကျွန်တော့်ရဲ့ဖြစ်ချင်နေမှုကိုပဲ နောက်ဆုတ်ပေးလိုက်ပါ့မယ်၊ တကယ်တော့ ... ကျွန်တော် စကားတွေပြောချင်နေတာပါ၊ လွန်ခဲ့တဲ့သုံးရက်လုံးလုံး တူယှဉ်မှီရဲ့ အလှပြင်ဆိုင်သုံးခုလုံး ဖုန်းဆက်ပြီး ရှိသလားမေးခဲ့ရတာ အကြိမ်ပေါင်း ဘယ်လောက်မှန်းတောင်မသိတော့တဲ့အထိပါပဲ တူယှဉ်မှီ ... မင်းကိုစတွေ့တဲ့အချိန်ကစပြီး နောက်ထပ်အကြိမ်ပေါင်းများစွာ တွေ့ချင်နေတဲ့စိတ်နဲ့ ရှာနေခဲ့တာလေ၊ ဆိုင်ကိုမင်းလာ



www.burmeseclassic.com

www.burmeseclassic.com



မထိုင်တော့ နေထိုင်မကောင်းလို့များလားဆိုတဲ့ အတွေးနဲ့ စိုးရိမ်ပူပန်နေခဲ့ရတာ၊ ခုတော့ ... ကိုယ်စိတ်အေးရပြီ တူယှဉ်မှီ၊ မင်းကို ကျွန်းကျွန်းမာမာ ရွှင်ရွှင်လန်းလန်းတွေ့ရတာနဲ့တင် ကိုယ်ကျေနပ်ပါပြီ ... ကိုယ်ဖြေသိမ့်နိုင်ပါပြီ တူယှဉ်မှီရယ် ... ”

“ဟုတ်ကဲ့ ... အခုလို စိတ်ပူပေးတဲ့အတွက် ကိုစွဲညို့ငင်ကို ကျေးဇူးတင်ပါတယ်၊ သုံးရက်လောက်ပျောက်နေတာ ကျွန်မ ဘန်ကောက်ဘက်ကို အလှကုန်ပစ္စည်းအတွက်နဲ့သွားနေလို့ပါ”

တူယှဉ်မှီသည်သူ့ကို အလေးဂရုဆုံးထားကာ ပြောမိသည်။ ဘာပဲပြောပြော စွဲညို့ငင်ကို သူမဘက်ကသိပ်ပြီး တင်းတင်းမာမာ ဆက်ဆံလို့မဖြစ်နိုင်သေးပါ။

လိုအပ်တယ်လေ။

အလောတကြီးကို လိုအပ်နေတဲ့သူပါ။

သို့သော် ...

စွဲညို့ငင်ကို အထင်သေးပြီး ပရောပရီနဲ့အရောဝင်လို့ လုံးဝမဖြစ်နိုင်။ နိုင်ငံရပ်ခြားမှာ ပညာသင်လာတဲ့ခေတ်ပညာတတ် ယောက်ျားတစ်ယောက်ကို အဲဒီလိုသာချဉ်းကပ်လျှင် ဘယ်လို မိန်းကလေးလဲဆိုပြီး လျော့တွက်သွားနိုင်သည်။

ထိုအချက်ကိုလည်း တူယှဉ်မှီ သတိထားရ၏။

“ဪ ... ဒါကြောင့် သုံးရက်လောက်ဆိုင်မထိုင်နိုင်တာကို”

“ဟုတ်ပါတယ် ကိုစွဲညို့ငင် ကျွန်မခရီးသွားနေချိန်မှာ ကျွန်မ





ရဲ့သူငယ်ချင်းသဝဏ်လွှာက ဆိုင်ထိုင်တတ်တယ်လေ၊ သဝဏ်လွှာက ကျွန်မနဲ့အတူတူနေတာ ညီအစ်မတွေလိုပဲဆိုတော့ စိတ်ချရတယ် ကိုစွဲညို့ငင် ... ”

“ဪ ... ဒါကြောင့် ဆိုင်နဲ့ပတ်သက်ပြီး မင်းအေးအေးဆေးဆေးထားခဲ့နိုင်တာကိုး ... ”

“ဟုတ်ကဲ့ရှင့် ... ”

“ကိုယ်ကတော့ နေထိုင်မကောင်းလို့များလားဆိုပြီး စိတ်ပူနေတာ”

“ကျေးဇူးပါပဲကိုစွဲညို့ငင် ... ကျွန်မကို စိတ်ပူပေးလို့”

“တူယှဉ်မှီ ... ”

“ရှင် ... ”

“မင်းရဲ့လက်ကိုင်ဖုန်းနံပါတ် ကိုယ့်ကိုပေးလို့မရဘူးလားဟင် ... ”

“ရှင် ... ”

“ဟိုလေ ... မနက်ဖြန် ဘယ်ဆိုင်ကိုအရင်သွားမှာလဲဆိုပြီး ကြိုစောင့်နေနိုင်လို့ပါ ... ဒါမှ ဦးတဲ့သူမရှိဘဲ ကိုယ့်အတွက်ဖြစ်မှာ လေတူယှဉ်မှီ ... ”

အကြောင်းပြချက်က သူ့ဆီမှာအခိုင်အလုံနဲ့တောင်းလိုက်တာပါ။ လူဆိုတာလဲ အခက်သား။ မလွယ်ဘူးဆိုတာကိုမှတန်ဖိုးထားပြီး လိုချင်တာလေ။ အခုလည်း ... တူယှဉ်မှီအနားချဉ်းကပ်နိုင်ဖို့က လွယ်မလိုနဲ့ခက်နေရသည်။ ကြီးမားတဲ့အလှပြင်ဆိုင်ကြီးသုံးခု



www.burmeseclassic.com

www.burmeseclassic.com



ဘိုပိုင်ဆိုင်တဲ့ ပိုင်ရှင်သူဌေးမလေးဆိုတော့လည်း တူယှဉ်မှီ့ဘက်က ခေါင်းလေးမော့နေတာပေါ့လေ။

မာနလေးတွေနဲ့မော့ချီနေတဲ့ သူမလေးစိတ်မဆိုးအောင် မနည်းသတိထားပြီး စကားကိုပြောနေရသည်။

တူယှဉ်မှီရယ်။

ကိုယ်လေ ...

မင်းကိုအရမ်းချစ်နေမိပြီသိလား။

အဲဒီအကြောင်းတွေအားလုံးကို မင်းလေးသိအောင် ကိုယ် ဘယ်လိုဖွင့်ပြော ပြရမလဲတူယှဉ်မှီရယ်။ ရင်ဖွင့်ပြရမယ့် အခွင့်အရေး လေးတစ်ခုလောက်တော့ ကိုယ့်ကိုပေးပါနော်။

"အဲဒီအတွက်နဲ့တော့ စိတ်ပူစရာမရှိပါဘူး ကိုစွဲညို့ငင်ရယ်၊ ဆိုင်ကဖုန်းနံပါတ်ကိုသာ လှမ်းဆက်လိုက်ပါ၊ ကျွန်မရှိနေတယ်ဆိုလို့ ကတော့ ရှင့်ကိုအထူးအခွင့်အရေးပေးတဲ့အနေနဲ့ ကျွန်မက ဝန် ဆောင်မှုပေးမှာပါ ... ဒီနေ့က ခရီးကြောင့်ပင်ပန်းနေတာနဲ့ လူတွေ အများကြီးကို ကျွန်မတာဝန်မယူနိုင်တာကြောင့်ပါ ... "

တွေ့လား ...

ရှောင်ပြန်ပြီ။

တူယှဉ်မှီ ...

မင်းအရမ်းလည်တာပဲနော်။

ဖုန်းနံပါတ်ပေးဖို့ကို အဲဒီလောက်တောင်ပဲ တွန့်တိုနေသတဲ့ လား တူယှဉ်မှီရယ်။ မင်းရဲ့လက်ကိုင်ဖုန်းကို ဆက်မှာအဲဒီလောက်





အောင်ပဲ ကြောက်သတဲ့လား။

ကဲ ...

ထားလိုက်ပါတော့။

အဲဒီအကြောင်းကို အခုလိုဆိုင်မှာ လူတွေရှိနေချိန်မှာ အချေ အတင် ကိုယ်မပြောလိုတော့ပါဘူး။

ဒါပေမယ့် ...

ကိုယ်လုံးဝ စိတ်မလျှော့ဘူးနော်။

ကိုယ်ဆိုတဲ့လူက လိုချင်တာရှိရင် မရရအောင်ကိုပဲယူတတ် တဲ့သူမျိုးဆိုတာ မင်းတစ်နေ့နေ့တော့ သိလာမှာပါ တူယှဉ်မှီ။

"အိုကေလေ ... အခုဟာက မင်းပြောတာနော် တူယှဉ်မှီ ကိုယ်ရောက်လာရင် အထူးအခွင့်အရေးပေးတဲ့အနေနဲ့ မင်းကိုယ် တိုင်ဝန်ဆောင်မှုပေးပါ့မယ်လို့ ... "

"ဟုတ်ကဲ့ ... "

"မင်းကတိတည်ပါစေ ... "

"အမလေး ... စိတ်ချပါ ကိုစွဲညို့ငင်ရဲ့၊ အဟင်း ... ဟင်း"

"အဲဒါဆိုရင် ကိုယ်သွားတော့မယ်"

"ဟင် ... ဒီနေ့ခေါင်းလျှော်မသွားတော့ဘူးလား"

"ဟင့်အင်း ... မနက်ဖြန်မှပဲ ... "

တူယှဉ်မှီ ဘာမှဆက်မပြောလိုတော့ပါ။

ဆိုင်ထဲကနေ ပြန်ထွက်သွားတော့မလို လုပ်နေတဲ့ ကိုစွဲညို့ ငင်ကို လှမ်းတားဆီးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစွဲညို့ငင် ..."

"ဗျာ ..."

"ကျွန်မ မနက်ဖြန်မနက်ပိုင်း မအားလောက်ဘူးလို့ဖြေ မလို့ပါ၊ သွားစရာလေးရှိနေလို့ ဆိုင်ကိုနေ့လည်ဘက်မှထိုင်ဖြစ်လိမ့် မယ် ... ကိုစွဲညို့ငင် ..."

"ဒါဆို ... မနက်ပိုင်း ဘယ်သူ့ကိုထိုင်ခိုင်းမှာလဲ တူယုဉ်မှီ"

"သဝဏ်လွှာကို ..."

"ကိုယ်သိပြီ ... နေ့လည်လောက်မှလာခဲ့မယ် တူယုဉ်မှီ"

"ဟုတ်ကဲ့ရှင့် ..."

ပြောပြီးတာနဲ့ ကြည်မွေ့စွာပြုံးပြီး ကျောခိုင်းလှည့်ထွက် သွားတဲ့စွဲညို့ငင်။

BURMESE CLASSIC .com

ဘာကြောင့်မှန်းမသိ။

စွဲညို့ငင်ရဲ့ ထိုအပြုံးလေးကို မြင်လိုက်ရတာနှင့်တူယုဉ်မှီ ရင်ထဲကနှလုံးသားလေးက လှုပ်ခနဲ တုန်ခါသွားရပါသည်။ ထို အချက်ကိုပဲ တူယုဉ်မှီ ဒေါသတွေထွက်မိ၏။ တကယ်ဆိုရင် သူက ဒေါ်မဟာစံသားလေ။ ဒေါ်မဟာစံဆိုတာ ဘယ်လိုအမျိုးသမီးကြီး ပါလဲ။

တူယုဉ်မှီတို့မိသားစု အသိုက်အမြုံလေးကို ဖျက်ဆီးသွားတဲ့ ရန်သူတော်ကြီးမဟုတ်ပါလား။ အန်တီယမင်းမှီရဲ့ စည်းစိမ်ဥစ္စာတွေ ကို မတရားသိမ်းပိုက်သွားတဲ့သူ မဟုတ်ပါလား။

ဖိုးလပြည့်တပေ



အဲဒီလိုလူမျိုးရဲ့သားကို ရင်တွေခုန်နေချင်တာ ဖြစ်သင့်ပါရဲ့ စိတ်ခံစားချက်တွေကို ပြင်ဆင်သင့်နေပြီ။ ရန်သူကို ရန်သူ ယောက်အဖြစ်ပဲ မြင်သင့်နေပြီ မဟုတ်ပါလား။

တူယုဉ်မှီ ...

မေ့ဖျောက်ပစ်လိုက်စမ်းပါ။

စွဲညို့ငင်ဆိုတဲ့ယောကျ်ားတစ်ယောက်အပေါ်မှာ တည်ရှိ တဲ့ ခံစားချက်တွေကို ဖျောက်ပစ်လိုက်စမ်းပါ။

ဘာပဲပြောပြော

စွဲညို့ငင်ဆိုတာ ဒေါ်မဟာစံရဲ့သွေးသားပဲလေ။

ဒါဟာ ...

ဘယ်လိုအကြောင်းမျိုးနဲ့မှ ပျောက်ပျက်သွားမယ့်အရာ တ်ပါဘူး။

တူယုဉ်မှီ ...

အတွေးလေးနဲ့အတူ ခေါင်းလေးကိုတအားယမ်းခါပြီး ရှင်း က်သည်။ စွဲညို့ငင်နဲ့ပတ်သက်တဲ့အကြောင်းအရာလေးတွေ ာက်သွားပြီး သူမခေါင်းထဲအလုပ်ကိစ္စတွေသာ အစီအရီဝင် ကြသည်။

ဒီတော့မှပဲ ...

တူယုဉ်မှီ စိတ်တွေပေါ့ပါးသွားရတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

ဒေါ်မဟာစံ —

အခုထည့်ပေးလိုက်တဲ့ ပန်းခြောက်တွေကိုတော့ ကောင်… ကောင်းကြီး မှတ်မိဦးမှာပေါ့နော် ... သွေးရောင်လိုရဲရဲစိုနေတဲ့ နှင်း… ဆီတစ်ပွင့်ရဲ့ ပွင့်ခြောက်တွေလေ ဒေါ်မဟာစံ၊ နှင်းဆီပန်းတစ်ပွင့်… နဲ့မိသားစုတစ်စုကို အပြုံပြုံအကွဲကွဲ ဖျက်ဆီးချေမှုခဲ့တဲ့ အစွမ်းအစ… ရှင်အခုချိန်ထိ အမှတ်ရနေဦးမယ်ထင်ပါတယ်၊ ကျွန်မက အဲဒီမိသား… စုထဲမှာကံကောင်းပြီး အသက်ရှင်နေခဲ့တဲ့ တစ်ယောက်ပေ… ဒေါ်မဟာစံ ... ရှင်ကျွန်မကို လူလွှတ်ပြီးစုံစမ်းခိုင်းနေတာကိုသိ… တမင်စိန်ခေါ်တဲ့စာကို ပို့လိုက်တာပဲဒေါ်မဟာစံ၊ တွေ့အောင်ရှာ… စမ်းပါဒေါ်မဟာစံ ... ကျွန်မကို ရှင်တွေ့အောင်ရှာစမ်းပါ၊ မတွေ့ရင်… တော့ ရှင်နောင်တကောင်းကောင်းကြီးရပြီသာမှတ်လိုက်တော့… ဒေါ်မဟာစံ ... ။

တောက် ...





ဖတ်ပြီးတဲ့စာကို ဖြစ်ညစ်လိုက်ကာ အခန်းနံရံထောင့်ဆီ …ပေါက်လိုက်မိသူက စံတော်ဝင်ရတနာကုမ္ပဏီပိုင်ရှင်သူဌေးကြီး …ဒေါ်မဟာစံပဲဖြစ်သည်။

ဒါ ...

မိမိရဲ့စိတ်ကို ကလိလိုက်တဲ့စာမဟုတ်ပါလား။ မိမိရဲ့လုပ်ရပ် …ကိုလည်း တစ်ဖက်ကသိနေတယ်တဲ့လေ။ လျှို့ဝှက်ပြီး ယမင်းမို့ …သားစုဝင်တွေအကြောင်း စုံစမ်းခိုင်းနေတာပါ။' ထင်တော့ထင် …ပဲ အခုလိုတွေလုပ်နေတာ မိန်းကလေးတစ်ယောက်ပဲလို့။ စာ …မှာ မိန်းကလေးတစ်ယောက်ဖြစ်တဲ့အကြောင်းကို ထည့်ပြော …ပေါ်ပေါ်ထင်ထင်ပဲ စိမ်ခေါ်နေ၏။

ဒေါ်မဟာစံကို လုံးဝအရေးမစိုက်ဘူးဆိုတဲ့သဘောပဲ။ အရင် …ခြေအနေနဲ့ဆိုလျှင် ထိုကောင်မလေး အခုလောက်ဆို နောင်တ …ကောင်းကောင်းရလောက်နေပြီ။ ခုတော့ ... သားဖြစ်သူက မြန်မာ …ပြည်ကိုအပြီးတိုင်ပြန်ရောက်လာ၏။ မိမိကိုယ်တိုင်ကလည်း …တော်ဝင်ရတနာကုမ္ပဏီပိုင်ရှင် တစ်ဦးအဖြစ် အထင်ကရရှိနေတာ …တော့ လုပ်ပိုင်ခွင့်တွေက အရမ်းကြပ်လွန်းနေသည်။

အင်တာနက်ခေတ်မို့ သိပ်ပြီးလှုပ်ရှားလို့မဖြစ်။ ကောလဟာ …သတင်းက ပို့ကနဲထွက်လာပြီဆိုတာနဲ့ အရင်ဆုံးဂုဏ်သိက္ခာက …ဆင်းရပြီပဲလေ။ စံတော်ဝင်ရတနာကုမ္ပဏီပိုင်ရှင်ရဲ့ အတိတ်က …လုပ်တွေက ဂုဏ်ယူလောက်အောင် မလှပခဲ့ဘူးလေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့အောင်ရှာတဲ့။

ရှာမှာပါ။

မင်းကိုမတွေ့တွေ့အောင် ရှာမှာ မိန်းကလေး။

မဟာစံဆိုတဲ့ငါ့ကို စိတ်အနှောက်အယှက်လာပေး

ကောင်မလေး။ ဒင်းကြောင့် ... အအိပ်ပျက်၊ အစားပျက်နေရ

တွေပင် အတော်ကလေးများနေချေပြီ။ ငါ့ကိုစိတ်ဒုက္ခအမျိုးမျိုးပေး

နေတဲ့ မင်းကိုအလှူကြည့်နေလိမ့်မယ်ထင်လား။

မိမိထင်တဲ့အတိုင်းပဲ။

ယခင်နှိုက်တာ ဆွေမျိုးဖြစ်နေ၏။

သော်တာမှီရဲ့သမီးပဲ။

မလောက်လေးမလောက်စား ကောင်မလေးတစ်ယောက်

က မိမိလိုလူမျိုးကိုမှ ပခုံးချင်းလာယှဉ်တိုက်နေသည်။

သိမယ်။

မင်းတစ်နေ့ ငါ့အကြောင်း ကောင်းကောင်းကြီးသိစေရမယ်

ဒေါ်မဟာစံတစ်ယောက်တည်း ကြိတ်ပြီး ကြိမ်းဝါးနေ

တော့သည်။

တူယှဉ်မှီတစ်ယောက်မှာတော့ သူမရဲ့လုပ်ရပ်လေး

အပေါ် ပြန်တွေးပြီး အကျေနပ်ကြီးကျေနပ်နေမိသည်။

"တူယှဉ်မှီ ... "

"ဟင် ... "





"နင်ဘာဖြစ်လို့ သော်တာမှီရဲ့သမီး ဒေါ်ယမင်းမှီရဲ့တူမလေးလို့

...ဝန်ခံလိုက်ရတာလဲ၊ နင့်အတွက် ပိုပြီးမခက်သွားနိုင်ဘူးလား

...ယှဉ်မှီ ... နင်ဘာတွေစဉ်းစားနေသလဲဆိုတာ ငါတော့လိုက်မမီ

...ဘူး တူယှဉ်မှီရယ် ... "

"ငါမပြောလည်း အဲဒီအချက်လောက်တော့ သူလည်းစဉ်း

...းတတ်တာပဲလေ ... ငါ့ကိုမွေးခဲ့တဲ့ ဖိုးဖွားအိမ်ကိုတောင်

...လွှတ်ပြီး စုံစမ်းခိုင်းတယ်ဆိုကတည်းက ငါတို့ဘက်ကလုပ်နေ

...ယ်ဆိုတာ သူရိပ်မိလို့ပေါ့လွှာရယ်၊ အဲဒီလိုဝန်ခံလိုက်တဲ့အတွက်

...အကျိုး ယုတ်လျော့မသွားပါဘူးလွှာ ... ငါ့မှာတစ်ခြားအကြံ

...ည်တွေရှိပါသေးတယ် ... အဲဒါတွေကို အကောင်အထည်ဖော်နိုင်

...တွက် အခုလိုငါ့သူ့ဆီ စာရေးထည့်လိုက်တာပဲ ... စာထည့်တာ

...င် ရန်ကုန်စာတိုက်ကမပို့ဘဲ နယ်ကအလည်လာတဲ့လူတစ်

...က်ကို အကူအညီတောင်းပြီး စာအိတ်ကိုထည့်ခိုင်းခဲ့တာလေ၊

...အိတ်မှာပေါ်နေမယ့်တံဆိပ်တုံး ခတ်နှိပ်တဲ့မြို့က ငါ့ကိုမွေးခဲ့တဲ့

...နယ်တံဆိပ်ပဲလွှာ ... မသိရင် ... နယ်မှာပဲရှိနေသလိုလို ထင်သွား

...င် ငါလမ်းကြောင်းကိုလွှဲထားတာလေ ... "

"ဟင် ... ဒါဆို ဟိုတစ်ခါက စမ်းချောင်းမှာအလုပ်လုပ်နေတဲ့

...င်မလေးရဲ့အဖေ ရှာပြန်တော့ လူကြုံထည့်ပေးလိုက်တဲ့စာ

...က ... "

"ဟုတ်တယ် ... အဲဒီစာက ဒေါ်မဟာစံဆီကို ပို့ခိုင်းလိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



စာပဲ … ငါတို့အရင်ကနေခဲ့တဲ့ ရွှေတောင်မြို့မှာပဲနေတာဆို
သူ့ကိုပဲ ပိုက်ဆံပေးပြီး အထည့်ခိုင်းလိုက်တာလေ"

"တော်လိုက်တာ … တူယှဉ်မှီရယ်၊ နင့်ခေါင်းထဲက အ
ဉာဏ်ကတော့ 'လိုက်လို့မမှီလောက်အောင်ပဲ ထူးကဲပ … "

"ဒေါ်မဟာစံဆိုတာ တော်ရုံအမျိုးသမီးကြီးမှမဟုတ်တာ
လွှာရယ် … ရန်ကုန်မြို့တွင်းကပေးတဲ့စာလား၊ နယ်ကလာတဲ့
လားဆိုတာတော့ သူလဲသိတာပေါ့၊ နယ်မှာအခုချိန်ထိ သော်တာ
ရဲ့နောက်ဆုံးချိုးဆာတ်က ရှိနေသေးတယ်လို့ သူထင်သွားအော
တခင်ပို့ပေးလိုက်တာ၊ ဒါမှ … ငါရန်ကုန်မှာရှိနေတာကို သူ
တော့မှာလေ – "

"အင်း … ဟုတ်ပါပြီ၊ အဲဒီကိစ္စကြောင့်တော့ နင့်ရဲ့အစီအ
က အောင်မြင်သွားပြီပဲ ပြောရမှာပေါ့လေ … ဒေါ်မဟာစံ နှင်း
ပန်းခြောက်တွေကိုမြင်ပြီး တော်တော်သွေးပျက်သွားလောက်
"ပျက်ရမယ်လေ … လုံးဝသွေးပျက်မတတ် ခံစားသွား
ရမယ် … သူ့ကိုထည့်ပေးလိုက်တဲ့ နှင်းဆီပန်းခြောက်တွေက န
နယ်ရရလား၊ ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က အဲဒီနှင်း
ပန်းတစ်ပွင့်ကို ယောကျာ်းတစ်ယောက်ရဲ့ ရင်ဘတ်အိတ်ကပ်ထဲ
ထိုးစိုက်ပေးခဲ့တဲ့ နှင်းဆီပန်းခြောက်တွေလေ၊ ငါ့အန်တီလေး
သွေးမျက်ရည်ကျလောက်အောင် စွဲဆောင်ခဲ့တဲ့နှင်းဆီ … အ
လောက်ထိ အဆိပ်ပြင်းတဲ့ မှော်ဝင်နှင်းဆီပန်းကို ဒေါ်မဟာစံထို





ဆိုင်ပဲ လက်နက်တစ်ခုအဖြစ် အသုံးပြုသွားတာလေလအာ – "
ပြောရင်း မျက်ရည်တွေက ပါးပြင်လေးနှစ်ဖက်ပေါ်သို့ တစ်
ပေါက်ပေါက် လိမ့်ဆင်းကျလာရပါပြီ။
အန်တီလေးရေးခဲ့တဲ့ ဒိုင်ယာရီထဲကအကြောင်းအရာတွေကို
ဖတ်ပြီး ထိုအချိန်က ဘယ်လောက်တောင်များ ခံစားခဲ့ရသလဲဆို
တဲ့အချက်ကို နားလည်ပေးလို့ရနေသည်အထိပါ။

"တူယှဉ်မှီ … "

" … "

"တိတ်ပါတော့ဟာ … မငိုပါနဲ့တော့၊ အခု … နင့်ကြောင့်
ဒေါ်မဟာစံလည်း သူလုပ်ခဲ့ဖူးတဲ့လုပ်ရပ်အတွက် လိပ်ပြာမလုံဖြစ်
နေရပြီပဲဟာ၊ အဲဒါကိုပြန်တွေးပြီး နင့်ရဲ့နာကျင်မှုတွေကို ပယ်ဖျက်
လိုက်ပါတော့ဟာ၊ နင်ငိုနေရင် ငါဘယ်လိုမှမကြည့်ရက်လို့ပါ တူယှဉ်
မှီရယ် … နင်ပျော်နေတာလေးကိုပဲ ငါကမြင်နေချင်တာပါဟာ"

"လွှာ … "

"ပြောလေ … တူယှဉ်မှီ … "

"နင် မနက်ဖြန်မနက်ပိုင်း ဆိုင်ကိုသွားထိုင်ပေးဦးနော်"

"အင်းပါ လွှာရယ် … နင်ပြောထားတဲ့အကြံအစည်အတိုင်း
အောင်မြင်စေရပါ့မယ်၊ ငါက တိတိကျကျလုပ်ပေးမှာမို့လို့ နင် လုံးဝ
စိတ်မပူနဲ့ တူယှဉ်မှီ … ဒါနဲ့ … စွဲညို့ငင်က လာပါ့မလားဟင်"

"လာမှာပါလွှာ … သူကိုနှီးသေပေါက်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလာရင်ရော ... တူယှဉ်မှီ ... "

"အင်း ... သူရောက်မလာဘူးဆိုရင်တော့ အစီအစဉ်ပျက်သွားပြီပေါ့ဟာ ... "

"တူယှဉ်မှီ ... "

"ဟင် ... "

"စွဲညို့ငင်ကို တကယ်ပဲအသုံးချတော့မှာလားဟင် ... "

"အင်း ... "

"အဲဒီအတွက်ရော နင့်စိတ်ထဲမှာ ဘာမှမဖြစ်ဘူးလားဟင် တူယှဉ်မှီ ... "

"ငါက ဘာဖြစ်ရမှာလဲလွှာ ... "

"နင် သူ့ကိုစတွေ့တွေ့ချင်းပဲ ရင်ခုန်ဖူးခဲ့တယ်လေ တူယှဉ်မှီ ... အဲဒါကို နင်မေ့ပျောက်နိုင်လို့လား တူယှဉ်မှီ"

"အဲဒါက ဒေါ်မဟာစံသားဆိုတာ မသိခဲ့လို့လေလွှာ"

"သိလိုက်ချိန်မှာ နင်တကယ်ပဲ နာကြည်းသွားသလား တူယှဉ်မှီ ... သူ့အပေါ်မှာ တိတ်တဆိတ်လေးငြိတွယ်သွားတဲ့ အချစ်စိတ်ကို နာကြည်းမုန်းတီးစိတ်တွေအဖြစ်နဲ့ နင်တကယ်ပဲ ပြောင်းလဲနိုင်လို့လားဟာ ... "

"ဘာပဲပြောပြော စွဲညို့ငင်ဆိုတာ ဒေါ်မဟာစံရဲ့သား ဒေါ်မဟာစံရဲ့သွေးပဲလေလွှာ ... သူကိုယ်တိုင်မွေးထုတ်ထားတာ မဟုတ်လဲဘဲ ... သူ့ရဲ့သွေးသားတစ်ယောက်ပဲ၊ သူ့ကိုလည်း ငါမုန်း

ရလိမ့်မယ်လွှာ ... နာကြည်းရလိမ့်မယ်လွှာရဲ့ ... "

"အင်းပါလေ ... အဲဒီလို နင်တကယ်ပဲလုပ်နိုင်ရင်တော့ ကောင်းပါတယ် ... မဟုတ်လို့ သူနဲ့ပတ်သက်ပြီး နင့်ရင်ထဲမှာ တစ်စုံ ခုကျန်ခဲ့မယ်ဆိုရင်တော့ ... "

လွှာသည် စကားကိုရှေ့မဆက်ဘဲ တစ်ဝက်တစ်ပျက်မှာပဲ ရပ်တန့်လိုက်ပါသည်။

လွှာ ဘာကိုပြောချင်တာလဲ။

လွှာရဲ့စကားအဓိပ္ပာယ်က ဘာလဲဆိုတာတော့ တူယှဉ်မှီ နားလည်လိုက်ပါ၏။

"ကဲ ... တူယှဉ်မှီ ... နင်လည်းနားလိုက်ဦးလေ ... "

"နင်ဘယ်သွားမလို့လဲလွှာ ... "

"ငါ ... သင်တန်းသွားမလို့ ... "

"ဟင် ... ဒီနေ့ကြီးမှာ နင်က ဘာသင်တန်းရှိသေးလို့လဲ၊ စနေနဲ့တနင်္ဂနွေဆို သင်တန်းတွေပိတ်တယ်ဆိုလွှာ ... "

"အဟဲ ... ငါ ကိုယ်ကာယအလှသင်တန်းတက်နေတာ"

"ဗုဒ္ဓေါရေ ... "

"နင့်ကိုကြည့်ပြီး အားကျလို့လေ တူယှဉ်မှီ ... ငါ့မှာက ဗိုက်ခေါက်က အဆီတက်ပြီး ပူချင်နေတာဆိုတော့ ... "

"နင်အဲဒီလောက်လဲ မဝဘဲနဲ့များလွှာရယ်"

"ကျန်းမာရေးလဲကောင်း ... ခန္ဓာကိုယ်လဲအချိုးကျအောင်






www.burmeseclassic.com

www.burmeseclassic.com



ပါဟာ … အခုခေတ်က မော်ဒယ်ခေတ်ဆိုတော့ ငါ့ဆိုဒ်က သိပ်ဘောင်မဝင်တော့ဘူး တူယုဉ်မိုရဲ့ … ”

“အမလေးလွှာရယ် … နင်ကတော့ တကယ်မနိုင်ဘူးသိလား … ကဲ … ကြွ … ကြွ … သွားစရာရှိတာသွားတော့”

“အဟဲ … တာ့တာ … ”

ရယ်ကျဲကျဲနှင့် လက်ပြနှုတ်ဆက်ပြီး အခန်းထဲကထွက်သွားတာ သဝဏ်လွှာ။ တစ်ယောက်တည်း အတွေးပေါင်းစုံနဲ့ကျန်ခဲ့တာကတော့ တူယုဉ်မိုပဲ ဖြစ်တော့သည်။

♥ ♥ ♥

အခန်း ( ၁၅ )

“ဟဲလို … တူယုဉ်မိုလား”

“သဝဏ်လွှာ … နင်ဘယ်ကိုရောက်နေတာလဲ၊ ငါ့ဆိုင်ကိုဖုန်းလှမ်းဆက်တာ နင်မရှိဘူးလို့ပြောနေတယ်”

“အဟဲ … ဟုတ်တယ် … တူယုဉ်မို … ငါအခု Feel ထဲရောက်နေတာလေ … စွဲညို့ငင်ဆိုတဲ့လူက တစ်ခုခုကျွေးပါရစေဆိုပြီး ဖိတ်တာနဲ့အားနာလို့ လိုက်သွားပြီး စားနေတာလေ … တူယုဉ်မိုရဲ့ … ဟင်း … ဟင်း”

မိန်းမစုတ်ပလုတ်။

ရယ်သံကိုက အူမြူးနေတဲ့အသံနဲ့။

စွဲညို့ငင်ဆိုတဲ့လူနဲ့ အတူတူရန်ကင်းစင်တာအောက်ထပ်က Feel စားသောက်ဆိုင်မှာ ထိုင်နေတာတဲ့လေ။

“တူယုဉ်မို”

“ပြော … ”



www.burmeseclassic.com

www.burmeseclassic.com



"နင် … အခု ဘယ်ကိုရောက်နေပြီလဲဟင် … "

"ငါအခု ရန်ကင်းစင်တာရှေ့ရောက်နေပြီ ကားပါကင်ထိုး မလို့လုပ်နေတာ သဝဏ်လွှာ … "

"ဟယ် … အဲဒါဆိုအတော်ပဲ နင် Feel ကို လာခဲ့ပါလား၊ ငါတို့ရှိနေတယ် တူယှဉ်မှီ"

ငါတို့ဆိုကတည်းက စွဲညို့ငင်ပါ ရှိနေတယ်ဆိုတဲ့သဘောပဲ လေ။ တော်လိုက်တဲ့သဝဏ်လွှာပဲ။ သဏ္ဍာန်လုပ် အပေါင်းအသင်း ကိုပဲစွမ်းပုံ၊ သူ့ကိုပါ လှမ်းခေါ်နေသည်။ ဒီလောက်ဆိုလျှင် အခြေ အနေက အရမ်းကိုပဲ ကောင်းနေပြီလေ။

"အေး … လာခဲ့မယ်"

"လာခဲ့မယ် … ဟုတ်လား … အေး … အေး ဒါဆိုလဲပြီး ရော … ငါစောင့်နေမယ်သိလား … ဒါပဲနော် တူယှဉ်မှီ"

ပြောပြီးတာနဲ့ သဝဏ်လွှာဘက်က ဖုန်းလေးပြန်ချသွား၏။ တူယှဉ်မှီ ကားပါကင်ကို ကျကျနန ထိုးရပ်လိုက်သည်။ ပြီးနောက် မှာတော့ ကားလေးပေါ်ကနေ ကြွကြွရွရွလေး ဆင်းလိုက်ပြီး ကား လော့ခ်ကိုချကာ ထွက်ခဲ့လိုက်တော့သည်။

သဝဏ်လွှာတစ်ယောက်မှာတော့ တူယှဉ်မှီလာခဲ့မယ်ဆိုတဲ့ သတင်းကလေးရပြီး ပြုံးပျော်နေတဲ့ စွဲညို့ငင်ဆိုတဲ့ ကိုယ်လူချောကို ကြည့်ပြီး စိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ သက်ပြင်းမောလေး ကြိတ် ရှိုက်မိတော့သည်။





တူယှဉ်မှီဆီက ဖုန်းလေးဝင်လာကတည်းက စွဲညို့ငင်ဆိုတဲ့ သူတစ်ယောက် စိတ်တွေလှုပ်ရှားပြီး မရိုးမရွကလေးဖြစ်နေတာ သဝဏ်လွှာ သတိမထားမိဘဲနေပါ့မလား။ ကိုစွဲညို့ငင်ကိုကြည့်ရ တာ တူယှဉ်မှီကို တော်တော်လေး မြတ်နိုးစွဲလမ်းနေပုံတော့ ရပါ သည်။

ရှင် …

တော်တော်လေးကံဆိုးတာပဲ ကိုစွဲညို့ငင်ရယ် … ရှင်အရမ်း ချစ်နေတဲ့ ကောင်မလေးက ရှင့်ကိုအရိုးစွဲအောင်မုန်းနေတဲ့ လူတစ် ယောက်လေ။ ရှင်ဘယ်လိုပဲ ကြိုးစား ကြိုးစား သူ့ရင်ထဲက အမုန်း တရားတွေကို ရှင်ဘယ်နည်းနဲ့မှ ပယ်ဖျက်နိုင်မှာမဟုတ်ပါဘူး။ အဲဒီ အချက်ကိုသိနေတဲ့ ကျွန်မလေ ရှင့်ကိုအရမ်းသနားတာပဲ ကိုစွဲညို့ ငင်ရယ်။

"သဝဏ်လွှာ"

"ရှင် … ကိုစွဲညို့ငင် … "

"တူယှဉ်မှီက ဒီကိုတကယ်လာပါ့မလားဟင် … "

"လာမှာပါ … အခုလေးတင်ပဲ ဖုန်းထဲကနေ ပြောသွားတာ ရှင်လဲကြားတယ်မဟုတ်လား"

"ဟိုလေ … ကျွန်တော်ရှိနေတယ်ဆိုပြီး သူမလာမှာစိုးလို့ပါ"

"အို … မဟုတ်တာ၊ ရှင်ရှိနေတာကို ကျွန်မပြောလို့ သူသိ နေပြီးသားပါ။ အပွန်း … ဘာတွေစိတ်ပူနေတာလဲ ကိုစွဲညို့ငင်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



တူယှဉ်မှီက မာနလေးကြီးတာကလွဲလို့ စိတ်သဘောထားကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ရှင်နဲ့လဲ မိတ်ဆွေဖြစ်နေပြီပဲဟာ အေးဆေးပါ …”

“အပွန်း … သဝဏ်လွှာမသိလို့ဗျ၊ ကျွန်တော်က တူယှဉ်မှီနဲ့တွေ့လိုက်တိုင်း စိတ်ထဲမှာအလိုလိုနေရင်း စိုးရွံ့မှုတွေပဲရှိနေတာ၊ မျက်နှာချင်းဆိုင်ဆုံလိုက်တိုင်း ပြောချင်တဲ့စကားလုံးတွေ အားလုံး ဘယ်ရောက်သွားမှန်းတောင် အစပြန်ရှာလို့မရတော့တဲ့အထိပဲ၊ တကယ့်လိုရင်း စကားတောင်မပြောနိုင်ခဲ့ဘူး၊ အဲဒီလောက်ထိတောင် ကျွန်တော့်စိတ်တွေက ပျော့ညံ့သွားတာလေ … တကယ် အစွမ်းထက်တယ်ဗျာ … ခင်ဗျားရဲ့သူငယ်ချင်းမလေးကတော့ ကျွန်တော့်အပေါ်မှာ အဲဒီလောက်တောင်ပဲ စိုးမိုးအနိုင်ယူထားတာ”

“အမလေး … လူမှားနေပြီနော် … ရှင် အဲဒီစကားတွေ တူယှဉ်မှီရှေ့မှာ ပြောသင့်တာ …”

“အပွန်း … အဲဒါကြောင့် ကျွန်တော်လည်းညစ်နေတာပေါ့၊ သူ့ရှေ့ရောက်တာနဲ့ ကျွန်တော့်ရင်ထဲက စကားလုံးတွေက အလိုလိုကို မထွက်ရဲတော့တာလေ”

“မပူနဲ့ … မပူနဲ့ … ကျွန်မတစ်ဆင့်ပြောပေးမယ်၊ အဟင်းဟင်း …”

“လုပ်ပါဗျာ … သဝဏ်လွှာကိုပဲ အားကိုးပါရစေ”





“အိုကေလေ … အဲဒီအတွက် ကျွန်မရဲ့အကျိုးခံစားခွင့်က ဘာလဲကိုစွဲညို့ငင် …”

“ကြိုက်တာကို ကြိုက်သလိုတောင်းဆိုနိုင်တယ် သဝဏ်လွှာ”

“အမလေး … ရက်ရောလိုက်တာနော် … ကြိုက်ပြီ သဝဏ်လွှာတို့က ဒါမျိုးမှကြိုက်တာ … ဟင်း … ဟင်း …”

“အပွန်း …”

ကြည်မွေ့သော သူ့မျက်နှာချောချောပေါ်က အပြုံးတွေက သဝဏ်လွှာကိုပင် အသက်ရှူမှားလောက်အောင် စွဲဆောင်သွားတာအမှန်ပဲဖြစ်သည်။

တူယှဉ်မှီ …

နင်ယိုင်နဲ့သွားတယ်ဆိုတာ ငါလက်ခံသွားပြီသိလား။

စွဲညို့ငင်ဆိုတဲ့ ယောက်ျားရဲ့အပြုံးတွေက အရမ်းကိုမူးယစ်ဖျော်ဝင်ဖို့ကောင်းနေတာလေ။ တကယ့်ကို ရင်ခုန်ချင်စရာပါပဲ တူယှဉ်မှီရယ်။

နင်တို့နှစ်ယောက်သာ တကယ်ပဲချစ်သူစုံတွဲဖြစ်ရင် သိပ်ပြီးလိုက်ဖက်မှာပဲဟာ။ နှစ်ယောက်စလုံးက မြင်လိုက်တာနဲ့ သမင်သည်ပြန်ငေးယူရလောက်အောင် ချောမောလွန်းနေကြတာကိုး။ ခက်တာက နင်တို့နှစ်ယောက်တွဲဖြစ်တယ်ဆိုရင်တောင် ချစ်သူတွေဖောက်တဲ့ ခံစားချက်ကြီးနဲ့ဆိုတော့ ကြားရနေ ကြည့်နေရမယ့်ငါလဲ



www.burmeseclassic.com

www.burmeseclassic.com



ငင်မောမောနဲ့ပဲပေါ့ဟာ။

"ဟော ... ဟိုမှာ တူယှဉ်မှီ ... "

သဝဏ်လွှာက ဆိုင်ထဲဝင်လာတဲ့ တူယှဉ်မှီကို လက်လှမ်းပြ လိုက်သည်။ တူယှဉ်မှီ အပြုံးနုနုလေးတွေနဲ့ သဝဏ်လွှာတို့စားပွဲဝိုင်း လေးဆီ လှမ်းလျှောက်လာတာတွေ့ရ၏။

"လာ ... ထိုင်"

တူယှဉ်မှီက ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်သည်။

"ကိုစွဲညို့ငင်က မိတ်ဖြစ်ဆွေဖြစ် တစ်ခုခုကိုလိုက်စားပါလို့ ဖိတ်ခေါ်တာနဲ့ အောက်ဆင်းထိုင်ဖြစ်တာလေ"

"ဟွန်း ... ဆိုင်ကိုစိတ်မချလို့ ထိုင်ခိုင်းလိုက်ပါတယ်ဆိုမှပဲ လွှာတို့ကတော့ လုပ်တော့မယ်နော် ... အဲဒါတွေကြောင့် နင့်ကိုဒါ မယုံတာ"

"အဟဲ ... သိပ်မကြာသေးပါဘူးဟ ... အလွန်ဆုံးနင်အလာ စောင့်တာနဲ့နာရီဝက်ပေါ့ ... နော် ကိုစွဲညို့ငင် ... "

"ဟုတ်ပါတယ် တူယှဉ်မှီရယ် ... သဝဏ်လွှာကို ကိုယ့်ဘက် က အတင်းပဲခေါ်မိတာပါ၊ သူကအားနာပြီး လိုက်လာခဲ့တာပါ။ ကိုယ့်အပြစ်ပါ တူယှဉ်မှီ ... "

နှစ်ယောက်သား တူယှဉ်မှီ စိတ်ခုမှာစိုးပြီး ဖြေရှင်းပြနေကြ သည်။ တူယှဉ်မှီ ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရ၏။ ဒီလို ဖြစ်အောင် သူမကိုယ်တိုင် အစီအစဉ်ဆွဲထားတာဆိုတာ သူမကိုယ်





တိုင်နဲ့သူငယ်ချင်းမလေးသဝဏ်လွှာတို့သာ အသိဆုံးပဲဖြစ်သည်။

"ကိုစွဲညို့ငင် ရောက်တာကြာပြီလား"

"သဝဏ်လွှာနဲ့ ဆိုင်ထိုင်ချိန်ပါ ပေါင်းလိုက်ရင် မိနစ်လေး ဆယ်တိတိရှိပြီ တူယှဉ်မှီ"

"ဘာဖြစ်လို့ အစောကြီးထွက်လာရတာလဲ ကျွန်မအပြင် သွားစရာရှိတယ်လို့ ပြောထားတဲ့ဟာကို ... အေးဆေးမှလာ ပေါ့ ကိုစွဲညို့ငင်ရယ် ... ကျွန်မရှိနေတဲ့အချိန်ကိုမှီရင်ပဲ ရှင်ရပါ ရှင့်ကို ကျွန်မ အထူးအခွင့်အရေးပေးတဲ့အနေနဲ့ ကိုယ်တိုင်ဝန် ဆောင်မှုပေးပါ့မယ်လို့ ပြောထားရဲ့သားနဲ့ရှင် ... အခုတော့ စောင့် ရတာအကြာကြီးဖြစ်နေပြီ ... အားနာစရာကောင်းလိုက်တာ"

"ရပါတယ်ဗျာ ... ကျွန်တော်က အထူးအခွင့်အရေးရမှာဆို တော့ ခေါင်းလျှော်ဖို့လူက ရွေးစရာကိုမလိုတော့ဘူးဆိုတာ သိနေ တယ်လေ ... အခုဟာက ... သဝဏ်လွှာနဲ့စကားပြောရအောင်ဆို စောစောလေး ကြိုထွက်လာခဲ့တာ ... "

"အမလေး ... သဝဏ်လွှာနဲ့စကားပြောချင်တာမဟုတ်ပါ ဘူးနော် ... တူယှဉ်မှီအကြောင်းတွေ မေးချင်လို့လာတယ်ပြောပါ။ တူယှဉ်မှီ ဖုန်းနံပါတ်လေးရချင်လို့ ဇွတ်အတင်းမိတ်ဆွေလာဖွဲ့တာ မဟုတ်ဘူးများမှတ်နေလား ကိုစွဲညို့ငင် ... "

"ဟာဗျာ ... သဝဏ်လွှာကလဲ ... "

သူ့စကားမဆုံးခင် သဝဏ်လွှာက အမှန်တရားတွေကို ကြေး



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပြောလိုက်တာနဲ့ တူယှဉ်မှီရှေ့မှာ နည်းနည်းတော့ မျက်နှာ
သွားမိတာအမှန်ပါ။

"သဝဏ်လွှာကလည်းလေ ... ဘာတွေလျှောက်ပြော
တာလဲ၊ နင်နောက်တာနဲ့ ကိုစွဲညို့ငင် ရှက်နေပြီ"

"အမလေး ... စနောက်နေတာမဟုတ်ရပါဘူးနော် ...
တကယ်ပြောတာ ... တကယ်ပြောနေတာ၊ တူယှဉ်မှီကို စိတ်
စားလို့ဆိုပြီး သူကိုယ်သူ တထူးတကလာမိတ်ဆက်ပြီး လွှာဆီမှာ
အကူအညီလာတောင်းတာ ... ဟုတ်တယ်နော် ကိုစွဲညို့ငင်"

"အို ..."

ဒီတစ်ခါ ရှက်သွေးလေးဖြာပြီး ခေါင်းလေးငုံ့ကျသွားတာက
တော့ တူယှဉ်မှီပဲဖြစ်သည်။ ဘာကြောင့်လဲ ... ဘာကြောင့် ရင်ထဲ
က တဆတ်ဆတ်ခုန်နေရတာလဲ။ ဒီနေ့လိုအဖြစ်မျိုးမဖြစ်ဖြစ်အောင်
ကြိုတင်စီစဉ်ထားခဲ့တာပဲ မဟုတ်လား။ အဲဒီအပေါ်မှာ ခံစားနေ
တာ လုံးဝကိုမဖြစ်သင့်တဲ့ကိစ္စတစ်ခုပါ။

"ကိုစွဲညို့ငင် ..."

"ဗျာ ..."

"လွှာအစပျိုးပေးခဲ့ပြီနော် ... တာဝန်ကျေပြီ၊ ကိုယ့်ဘာသာ
ကိုယ် ရှေ့ဆက်တော့၊ ဆိုင်သွားပြန်ထိုင်လိုက်ဦးမယ်"

"ဟဲ့ ... လွှာ ..."

"ဟာဗျာ ..."





ပြောပြောဆိုဆိုနဲ့ နေရာလေးကနေသွက်နေအောင်ထပြီး
ထွက်သွားတာက သဝဏ်လွှာ။ ဘယ်သူမှပင် တားဆီးလို့မမှီလိုက်
တော့ပါ။

ရုတ်တရက်ကြီးမို့ စွဲညို့ငင်ပင် အံ့သြသွားရသည်။ သဝဏ်
လွှာဆီမှာ အကူအညီတောင်းခဲ့တာမှန်ပေမယ့် အခုလောက်ကြီး
မြန်ဆန်လိမ့်မည်ဟု မထင်ခဲ့မိပါ။ တော်လိုက်တဲ့ သဝဏ်လွှာ။
တူယှဉ်မှီနဲ့မျက်နှာချင်းဆိုင်တွေ့နေတုန်း ရလာတဲ့အခွင့်အရေးကို
ဆက်လွှတ်မခံဘဲ အသုံးချပေးခဲ့သည်။

သဝဏ်လွှာကိုတွေ့တော့ တော်တော်စည်းရုံးရမယ်ဟု ထင်
ထားခဲ့တာလေ။ သူ့ပညာအရည်အချင်းနဲ့သူရပ်တည်နေတဲ့ ဘဝရပ်
တည်မှုကိုပြောပြတော့ သဝဏ်လွှာ အံ့သြသွား၏။ တူယှဉ်မှီနဲ့ဆုံ
တွေ့ပြီးနောက်ပိုင်း သူ့ခံစားချက်တွေကို အရိုးသားဆုံး ရင်ဖွင့်ပြမိ
သည်။ သဝဏ်လွှာက အလေးအနက် နားထောင်ပေးခဲ့၏။

ပြီးတော့ ...

ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံရှာသည်။ တူယှဉ်မှီနဲ့ရှင့်ကို ကျွန်မ
သဘောတူတယ်တဲ့လေ။ တူယှဉ်မှီအတွက် အလိုက်ဖက်ဆုံးလူက
စွဲညို့ငင်ပါပဲတဲ့။ ကျွန်မ ကူညီပါ့မယ်ဟု ကတိပေး၏။

ခုတော့ ...

သူမပေးခဲ့တဲ့ကတိကိုတည်ကြောင်း သဝဏ်လွှာက သက်
သေပြသွားခဲ့သည်။ ဆက်ပြီးကြိုးစားရမှာတော့ စွဲညို့ငင်ပဲမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

သား။ ကာကယ်ရှင်ဖြစ်တဲ့ စွဲညို့ငင်ကိုယ်တိုင်ပဲ ရှေ့ဆက်မှဖြစ်တော့မည်။

သိသိသာသာပင် ရှောင်ထွက်သွားပေးတဲ့ သဝဏ်လွှာကို ကျေးဇူးတွေ အထပ်ထပ်တင်နေမိတော့၏။

"တူယှဉ်မို ... "

"ရှင် ... "

"ကိုယ့်ကိုစိတ်ဆိုးသွားပြီလားဟင် ... "

"ဘာကိုလဲ ကိုစွဲညို့ငင်"

"စောစောက သဝဏ်လွှာဆီမှာ အကူအညီတောင်းမိတဲ့ ကိစ္စကိုလေ ... "

"အဟင့် ... မဆိုးပါဘူး၊ လူဆိုတာက ကိုယ့်ရင်ထဲမှာရှိတဲ့ ခံစားချက်ကို အနီးဆုံးလူတစ်ယောက်ကိုတော့ ဖွင့်ပြောပြချင်တာပဲလေ ... ဒါမှလည်း စိတ်ထဲပေါ့ပါးသွားတယ်လို့ ထင်မိတတ်တာပဲဟာ ... ဒါ စိတ်ဆိုးစရာမဟုတ်ပါဘူး ကိုစွဲညို့ငင် ... "

"ဟာ ... ဒါ ... ဒါဆို ... "

"ခဏလေးကိုစွဲညို့ငင် ... ကျွန်မ စကားက ရှင့်အပေါ် နားလည်နိုင်ပါတယ်လို့ပဲ ပြောတာနော် ... ရှင်တစ်မျိုးအတွေး မပေါက်သင့်ဘူး"

"တူယှဉ်မိုရယ် ... ကိုယ့်စိတ်ကို မင်းလည်းနားလည်နေပြီ ...းပဲဟာကို ... မင်းလည်း ခေတ်ပညာတတ်မိန်းကလေးတစ်





ယောက်ပါပဲ ... ယောကျာ်းလေးတစ်ယောက်က အကြောင်းနဲ့ အကြောင်းရှာပြီး မင်းဆီကိုရောက်ရောက်လာကတည်းက အဲဒီ ရည်ရွယ်တယ်ဆိုတာ သိပြီးလောက်ပါပြီ၊ ကိုယ်မင်းကိုချစ်တယ် တူယှဉ်မို ... မင်းကိုအရမ်းချစ်နေမိတဲ့အကြောင်းကို ကိုယ်ဝန်ခံမှ ဖြစ်မယ်၊ မဟုတ်ရင် ... ကိုယ်တစ်ချိန်လုံး ကိုယ့်ကိုကိုယ် အပြစ်တင်နေမိလိမ့်မယ် တူယှဉ်မိုရယ် ... "

အမလေး ...

ပြောတတ်လိုက်တဲ့ ကိုစွဲညို့ငင်ပါပဲ။

မျက်နှာလေးညိုးလျှပြီးကို ရင်ဖွင့်ပြနေတာလေ။

အစကတည်းက ကြွေချင်နေပါတယ်ဆိုမှ။

ရှင့်ကြောင့်နဲ့တော့ ခက်ရချည်ရဲ့ ကိုစွဲညို့ငင်ရယ်။

"တူယှဉ်မို ... "

"ရှင် ... "

"ကိုယ့်ကိုတစ်ခုခု ပြန်မပြောတော့ဘူးလားဟင် ... "

"ရှင့်ရဲ့တောင်းဆိုချက်က မြန်လွန်းမနေဘူးလားဟင် ကိုစွဲညို့ငင်၊ ပြီးတော့ ... ရှင့်စိတ်ထဲမှာ ကျွန်မကသိပ်ပြီး အညာလွယ်မှာပဲလို့ မှတ်ယူထားသလား၊ အခုချက်ခြင်း ရည်းစားစကားပြော အခုချက်ခြင်း အဖြေတောင်းလည်းရနိုင်တယ်လို့ ရှင်တွက်ထားသလား ကိုစွဲညို့ငင် ... "

"ဟာ ... မဟုတ်ပါဘူး၊ ကိုယ့်ကိုဘာကြောင့် အဲဒီလိုထင်ရ


www.burmeseclassic.com

www.burmeseclassic.com



တာလဲ တူယှဉ်မို ... ကိုယ်အရမ်းစိတ်တွေ လောမိတယ်ဆိုရင် တောင် မင်းကိုလုံးဝအထင်သေးလို့ မဟုတ်ဘူးဆိုတာယုံပါ ... ကိုယ်ပြောချင်တာက ကိုယ့်ကိုတူယှဉ်မိုဘက်က လက်ခံစဉ်းစား ပေးနိုင် မပေးနိုင်ဆိုတာပဲသိချင်တာပါ ... တူယှဉ်မိုလို မိန်းကလေး ဆီမှာ အရည်အချင်းပြည့်တဲ့ယောကျ်ားတွေ တန်းစီရှိနေနိုင်တယ်ဆို တာ ကိုယ်သိပါတယ် ... အဲဒါကြောင့်လဲ ... ကိုယ့်ဘက်ကစိတ်ရှ ပြီး ပြောမိတာပါ ... ကိုယ့်ကိုအထင်မလွဲပါနဲ့ကွာ ... "

တူယှဉ်မို ငြိမ်သက်စွာပဲ နားထောင်နေလိုက်ပါသည်။ အကြောင်းအရာတွေအားလုံးရဲ့အဖြေကို သူမသာလျှင် အသိဆုံးပဲ မဟုတ်ပါလား။ တမင်အချိန်ဆွဲလိုက်တာက မလေးနက်မှာစိုးလို့ လေ။

စိတ်မပူပါနဲ့ စွဲညို့ငင် ...

ကျွန်မ ရှင့်ကိုမဖြစ်ဖြစ်အောင် လက်ထပ်မှာပါ။

ရှင့်နာမည်နဲ့ဘေးချင်းကပ်မှာ ကျွန်မနာမည်ကို အသေ အချာ ရေးထိုးမှာပါစွဲညို့ငင်။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က ဒေါ်မဟာစံသား ဖြစ်နေလို့ပါပဲ။ ဒေါ်မဟာစံ အသည်းနှလုံးတွေကို ဆုပ်ကိုင်နိုင်ဖို့ အခွင့်အရေးဆိုတာနည်းတဲ့ အခွင့်အရေးမှမဟုတ်တာ။ ကျွန်မ လက်လွှတ်မခံနိုင်ပါဘူး ကိုစွဲညို့ငင်ရယ် ရှင်သိပ်ပြီးစိတ်ပူ မနေပါနဲ့။

"တူယှဉ်မို ... "





"ရှင် ... "

"ကိုယ့်ကိုစိတ်မဆိုးပါနဲ့နော် ... "

သူမ ဖျတ်ခနဲ မော့ကြည့်လိုက်တော့ ညို့မျက်ဝန်းလေးတွေ နဲ့ စိုက်ကြည့်နေတဲ့ သူ့ကိုတွေ့လိုက်ရသည်။

အို ...

အလန့်တကြားလေးပင် မျက်ဝန်းအကြည့်ကို လွှဲလိုက်ရ၏။

ရင်တွေက အဆမတန်ကိုပဲ ခုန်နေတာလေ။

မုန်းစရာကောင်းလိုက်တာ။

စိတ်ထဲကနေသာ တီးတိုးလေး ရေရွတ်မိပါတော့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

"ကျွန်မ ဖုန်းဆက်တဲ့အတွက် ရှင်အလုပ်ပျက်သွားပြီနော် လေ"

"ဟာ ... မဟုတ်တာ၊ ကိုယ့်ဘဝမှာ ဘယ်လိုအရာက တူယုဉ်မိုထက် အရေးကြီးတာမရှိပါဘူး၊ တူယုဉ်မို့ဆီက ဖုန်းလာတော့ ဘယ်လောက်တောင် ဝမ်းသာသွားရတယ်မှတ်လဲ ... ကိုယ့်ကိုကိုယ်တောင် အိပ်မက်မက်နေတာလားလို့ ထင်မိတဲ့အထိပဲ သိလား"

"အဟင်း ... ဟင်း ... ရှင်ကတော့လေ သူများစိတ်ချမ်းသာအောင်ကို ပြောတတ်တယ် ... "

"တကယ်ပြောတာ တူယုဉ်မိုရဲ့ ... ကိုယ်က မင်းကိုအဲဒီလောက်တောင်ပဲချစ်တာပါ ကိုယ့်အချစ်ကို မင်းနည်းနည်းလေးတောင် သံသယမဝင်ပါနဲ့ကွာ ... ကိုယ်ကမင်းကို တကယ်ချစ်တာ ... "





"အမလေး ... ကြော်ငြာကလည်း ဝင်လိုက်တာနော်"

"အဟွန်း ... ဟွန်း ... "

မျက်စောင်းလေးဝင့်ကာနဲ့ ပြောလိုက်တော့ ရှက်ကိုးရှက်ကန်းဟန်လေးနဲ့ သူကကြည်မွေ့စွာပင် ရယ်ပါသည်။ အပြစ်ကင်းစင်စွာ ရယ်နေတဲ့သူ့ကိုကြည့်ပြီး ရင်ကလေးနင့်သည်းသွားရတာက တူယုဉ်မိုပါပဲ။

တကယ်တော့ ...

ကိုစွဲညို့ငင်မှာ အပြစ်မရှိပါဘူးတဲ့လေ။

လွှာကတော့ ပြောသားပဲ။

စွဲညို့ငင်ဆိုတဲ့လူကို ... လက်နက်တစ်ခုလိုအသုံးပြုပြီး ဒေါ်မဟာစံကို တိုက်တော့ရော နင်တကယ်စိတ်ချမ်းသာနိုင်လို့လားတဲ့လေ။ အပြင်မှာသာ နင်ဟန်ဆောင်လို့ရမယ်၊ နင့်ရင်ထဲက နှလုံးသားတွေကတော့ ဟန်ဆောင်နိုင်မှာမဟုတ်ဘူးတဲ့။ အဲဒါ တကယ်ပဲ မှန်နေသလား။ သူနဲ့ဆုံလိုက်တိုင်း ရင်ထဲကနှလုံးသားလေးတွေက နာကျင်နေရသည်။

ရန်သူတစ်ယောက်လိုမြင်အောင် မနည်းကြိုးစားပြီးကြည့်နေရတာလောက် မုန်းစရာကောင်းတာမရှိတော့ချေ။

ဒေါ်မဟာစံရဲ့သားဆိုတဲ့အသိက သူမရဲ့မသိစိတ်မှာရော အသိစိတ်မှာပါ စွဲထင်နေခဲ့သည်။ တူယုဉ်မိုတို့ မိသားစုတွေ အရှုံးအလဲခံခဲ့ရတာကို ပြန်မြင်ယောင်လာပြန်တော့ သူ့ကိုလည်း ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လိုပဲ ကြည့်မိတော့၏။

"တူယှဉ်မို ပြောစရာရှိတယ်ဆိုတာ ... "

"ဪ ... ဟုတ်ပါတယ် ကိုစွဲညို့ငင် ... ကျွန်မ ဖုန်းလှမ်းဆက်လိုက်တာက ပြောစရာရှိတာထက် ကိုစွဲညို့ငင်ကိုမေးစရာရှိတယ်ပဲပြောရမယ်ထင်တယ် ... ကျွန်မ ရှင့်ကိုတွေ့ပြီး ကိုယ်တိုင်မေးရမယ့်မေးခွန်းတွေ ရှိနေလို့ပါ ... "

"မေးစရာရှိတယ် ဟုတ်လား တူယှဉ်မို ... "

"ဟိုလေ ... ရှင် ကျွန်မချစ်တယ်လို့ပြောတယ်နော် ... အဲဒီလိုချစ်တာ ဘယ်လိုအချစ်မျိုးနဲ့ချစ်တာလဲဟင် ကိုစွဲညို့ငင်၊ အဲဒီအချက်ကို ကျွန်မနားရှင်းအောင် ရှင်ဖြေပေးပါနော် ... ကျွန်မအတွက် အရမ်းကိုအရေးကြီးနေတဲ့ မေးခွန်းဖြစ်နေလို့ပါ ကိုစွဲညို့ငင်"

"ဘယ်လိုအချစ်မျိုးလဲ ... ဟုတ်လား တူယှဉ်မို ... "

"ဟုတ်ပါတယ် ကိုစွဲညို့ငင် ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ပြောလိုက်တဲ့အပေါ်မှာ အပျော်သက်သက်နဲ့တွဲချင်တာပါသလို၊ လေးလေးနက်နက်နဲ့ ဘဝတစ်သက်တာလုံးအတွက် ရည်စူးခြင်းဆိုတဲ့ အဓိပ္ပာယ်လဲပါတတ်ကြတယ်လေ ... အဲဒါကြောင့် ... သေချာအောင်မေးကြည့်တာပါ ... "

"ဘာကြောင့် အဲဒီလိုသေချာအောင် မေးချင်ရတာလဲဟင်





တူယှဉ်မို ... ကိုယ်သိခွင့်ရှိမလား"

"ကျွန်မ နောင်တမရချင်လို့ပါ ... "

"ဟာ ... ဒါ ... ဒါဆို ... တူယှဉ်မိုက ကိုယ့်ကို ... "

"ကျွန်မမေးတာကိုပဲ အရင်ဖြေပေးပါ ကိုစွဲညို့ငင် ... "

"တူယှဉ်မိုရယ် ... ကိုယ်ဘယ်လိုကျိန်ဆိုပြမှ ယုံမှာလဲဟင်၊ ကိုယ်မင်းအနားကို တိုးကပ်လာတာ အပျော်သက်သက်နဲ့လို့ထင်နေတာလား၊ စိတ်အဖျော်ဖြေခံရုံသက်သက်ပဲလို့ မင်းထင်သလား တူယှဉ်မို ... မင်းသာခွင့်ပြုမယ်ဆိုရင် ဘဝတစ်သက်တာလုံးအတွက် ကိုယ်ရည်စူးတာပါဆိုတဲ့အချက်ကို မင်းယုံကြည်သွားအောင် သက်သေပြနိုင်ပါတယ် တူယှဉ်မိုရယ် ... ကိုယ့်အချစ်တွေက ကိုယ်တိုင်တောင်မယုံကြည်နိုင်လောက်အောင် လေးနက်ခိုင်မာလွန်းတာပါ။ ကိုယ့်အပေါ်မှာ သံသယမဝင်ပါနဲ့ တူယှဉ်မိုရယ် ... "

"ကိုစွဲညို့ငင်ရယ် ... "

"ကိုယ်မင်းကိုအလေးအနက်တန်ဖိုးထားတယ်ဆိုတာ မင်းတဖြည်းဖြည်းတော့ သိလာမှာပါ တူယှဉ်မိုရယ် ... "

"ယုံပါတယ် ကိုစွဲညို့ငင်ရယ် ... ကျွန်မပြောချင်တာကလဲ ကျွန်မရဲ့အသက်အရွယ်ဆိုတာ အပျော်တမ်းရည်းစားထားရမယ့်အရွယ်မဟုတ်တော့လို့ပါ။ နောက်မှ အသဲကွဲတဲ့ဒဏ်ကို ခံစားရမယ့်အတူတူ အစကတည်းက အချိန်မနှောင်းခင် ကိုယ့်အသည်းကိုအရင်ဖြင်း နောက်ဆုတ်တော့မယ်လို့ပဲ စဉ်းစားမိတယ်လေ၊ ကျွန်မဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ... ရှင့်ကို စတွေ့တဲ့နေ့မှာပဲ ကျွန်မစိတ်ဝင်စားခဲ့မိတယ်။ ဒါပေမယ့် ... ကျွန်မ မိန်းကလေးလေ၊ ရင်ထဲမှာ ဘာတွေပဲရှိနေနေ မျိုသိပ်ထားရမှာ ထုံးစံပဲမဟုတ်လား ... မိန်းကလေးဆိုတာ တစ်ဖက်က ယောကျ်ားလေးရှင်က ဘာတစ်ခုမှမတောင်းဆိုဘဲ ကိုယ့်ဘက်က ပေးပိုင်ခွင့်မရှိဘူးလေ ... အဲ ... တောင်းဆိုလာပြန်တိုင်းလဲ မစဉ်းစား မဆင်ခြင်ဘဲ မပေးနိုင်ပြန်ဘူး ... ကိုယ့်ဘက်က ဘယ် လိုပဲဖြစ်ဖြစ် ရှုံးနိုင်တာချည်းပဲ ကိုစွဲညို့ငင်ရေ ... ”

စွဲညို့ငင်တစ်ယောက် တူယှဉ်မှီလက်ကလေးကို အုပ်မိုးဆုပ်ကိုင်ကာ ချစ်သူလေးစိတ်အားမငယ်စေဖို့ အားပေးလိုက်မိပါတော့သည်၊ သူမကလေး ဘာတွေကိုစိုးရိမ်ကြောင့်ကြနေသလဲဆိုတာ သူသိလိုက်ပြီကိုး၊ တူယှဉ်မှီ စိုးရိမ်တာလဲမမှားပါဘူးလေ။ သူမပြောသလိုပဲ မိန်းကလေးဆိုတာ ဘယ်လိုပဲဖြစ်ဖြစ် အရှုံးပဲရနိုင်တာ မဟုတ်လား။ စွဲညို့ငင် နားလည်လိုက်တာက တူယှဉ်မှီလဲ သူ့ကို ချစ်နေတယ်ဆိုတာပဲလေ။ လက်ခံပါသည်။ တူယှဉ်မှီ စိုးရိမ်ပူပန်မှုတွေကို ကိုယ်ချင်းလည်းစာနိုင်ပါသည်။ မိန်းကလေး မဟုတ်လား ဘဝတစ်ခုလုံးအတွက်ကိုတော့ လေးလေးနက်နက်ကိုပဲ စဉ်းစားသင့်ပါသည်။ လူတစ်ယောက်မှာ နာမည်နဲ့ဂုဏ်သိက္ခာ သေဆုံးရတာလောက် ဆုံးရှုံးမှု ကြီးမားတာမရှိတော့ပါ။

“တူယှဉ်မှီ ... ”

“ရှင် ... ”





“ကိုယ့်ကိုချစ်တယ် မဟုတ်လားဟင် ... ”

“ချစ်ပါတယ် ... ကိုစွဲညို့ငင်၊ ချစ်လို့လဲ ရင်ထဲမှာအတွေးတွေခေါင်းစုံနဲ့ရှိနေရတာပေါ့ရှင် ... ”

“ဒါဆို ... ကိုယ်တို့အမြန်ဆုံးလက်ထပ်ကြမယ်လေ၊ ဘယ့်နှယ်လဲ တူယှဉ်မှီ ... ဒါမှ မင်းစိတ်လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ကို ချစ်လို့ရအောင်လေ ... လက်ခံမလား ... ”

“လက်ထပ်မယ် ... ဟုတ်လား ကိုစွဲညို့ငင် ... ”

သူမက မျက်လုံးပြူးဝိုင်းဝိုင်းလေးတွေနဲ့ ပြန်မေးသည်။

“အင်း ... ”

“ဘယ်တော့လဲ ကိုစွဲညို့ငင် ... ”

“မနက်ဖြန် ... ”

“ရှင် ... ”

“မင်းကိုလက်ထပ်ချင်တဲ့အကြောင်း အခုအိမ်ပြန်ရောက်တာနဲ့ မာမီကိုပြောမယ်လေ ... တူယှဉ်မှီလဲ အမေ့ကိုလှမ်းခေါ်ထားလိုက်ပေါ့၊ မနက်ဖြန် တူယှဉ်မှီကို ကိုယ်လူကြီးစုံရာနဲ့လာတောင်းမယ်”

“မြန်လိုက်တာ ... ရှင်နဲ့ကျွန်မ တစ်ယောက်အကြောင်းလဲ တစ်ယောက် ဘာမှမသိသေးဘဲနဲ့ ... ”

“သိပြီးပြီလေ ... သဝဏ်လွှာပြောသွားတာ၊ တူယှဉ်မှီက အဖေမရှိတော့ဘူးတဲ့ အမေပဲရှိတယ်လို့ပြောတယ် ... အမေကနေ့ယ်



www.burmeseclassic.com

www.burmeseclassic.com



မှာဆို သဝဏ်လွှာတို့နဲ့ ခြံချင်းကပ်နေကြတယ်လို့ပြောတယ် — တူယှဉ်မှီက စီးပွားရေးတက္ကသိုလ်က ဘွဲ့ရထားပြီးသား ဝါသနာပါတဲ့ အလှပြင်သင်တန်းတက်ပြီး ဆိုင်တွေဖွင့်ထားတာ၊ ပြီးတော့ တစ်ဦးတည်းသောသမီး ဟုတ်တယ်မို့လား …”

“ကြည့်စမ်း … သဝဏ်လွှာစုတ်က အကုန်လုံးပြောပြသွားတာပဲ …”

“ကိုယ်က စံတော်ဝင်ရတနာကုမ္ပဏီပိုင်ရှင် ဒေါ်မဟာစံရဲ့ တစ်ဦးတည်းသောသားပဲ၊ ကိုယ့်မှာလဲ အဖေမရှိတော့ဘူး၊ ကိုယ်သိတတ်စအရွယ်မှာပဲ ဆုံးသွားတယ် … နိုင်ငံခြားကနေ စီးပွားရေးပါရဂူဘွဲ့ရထားတယ်၊ လက်ရှိမှာ မာမီရဲ့စံတော်ဝင်ရတနာကို အုပ်ချုပ်နိုင်ဖို့ လုပ်ငန်းအတွေ့အကြုံရအောင် လေ့လာနေတယ် တူယှဉ်မှီ၊ ကဲ … ဒီလောက်ဆို လုံလောက်ရောပေါ့ …”

“အမလေး … အဲဒီလောက်ကြီးမြတ်တဲ့ အရာဝတ္ထုတွေကို ပိုင်ဆိုင်ထားတာ၊ ရှင့်အမေက အလွယ်တကူနဲ့မိန်းမယူခွင့်ပြုပါ့မလား … ကျွန်မအတွက်တော့ မျှော်လင့်ချက်အလားအလာတော့ တကယ်မကောင်းဘူး”

“မာမီက အေးဆေးပါ တူယှဉ်မှီရဲ့ … ကိုယ့်ကိုလည်း အရမ်းချစ်တယ်၊ တူယှဉ်မှီကိုတွေ့ရင်လဲ မာမီလက်ခံမှာပါ … တူယှဉ်မှီက ဒီလောက်ချစ်ဖို့ကောင်းတာကို၊ ပြီးတော့လဲ မာမီက ကိုယ်က ဒီ ကောင်မလေးတစ်ယောက်ကို ချစ်နေတယ်ဆိုတာ သိထားပြီးသား





လေ … အခြေအနေဘယ်လိုပဲဆိုပြီးတော့တောင် မေးနေတာ — သေချာပါတယ် တူယှဉ်မှီရယ် … မာမီလက်ခံမှာပါ”

“အင်းပါလေ … ကိုစွဲညို့ငင်ပြောတာကိုပဲ တူယှဉ်မှီ ယုံကြည်ထားပါ့မယ်၊ တူယှဉ်မှီက ရှင့်ကုချစ်နေမိပြီကို … ရှင့်ဘက်က ပေးလာမယ့် အဆိုးအကောင်းမှန်သမျှ လက်ခံရတော့မှာပဲပေါ့”

“တူယှဉ်မှီကလည်းလေ ကိုယ်က အဲဒီလောက်တောင်ချစ်တဲ့ဟာကို ဘယ့်နှယ့်လုပ် အဆိုးကိုပေးမှာလဲ အကောင်းတွေချည်းပဲမင်းဆီကို ရောက်စေရမယ် စိတ်သာချ တူယှဉ်မှီ … ကိုယ့်ကြောင့်နဲ့မင်းဘယ်တော့မှ စိတ်မညစ်စေရဘူး သိလား … ကိုယ်လုံးဝကို ကတိပေးတာ”

“ကိုစွဲညို့ငင်ရယ် …”

တူယှဉ်မှီ ခေါင်းလေးကစွဲညို့ငင်ရဲ့ ပုခုံးလေးဆီသို့ ထိရောက်မှီနွဲ့လို့သွားပါသည်။ နွေးထွေးတဲ့လက်လေးတစ်ဖက်က တူယှဉ်မှီ ခန္ဓာကိုယ်လေးဆီသို့ လာရောက်ရစ်နှောင်၏ လောကကြီးတစ်ခုလုံး နွေးမြသွားသလိုပါ။

“ချစ်တယ် တူယှဉ်မှီရယ် …”

“တူယှဉ်မှီလဲ ကိုကိုချစ်တယ်”

ကန်တော်ကြီးစောင်းရှိ (Mr. Giter) စားသောက်ဆိုင်ရဲ့ ကန်စောင်းနားက စားသောက်ခုံ စားပွဲဝိုင်းလေးမှာတော့ ချစ်သူနှစ်ဦးရဲ့ အချစ်ကလေးတွေနဲ့ ပြည့်နှက်လို့နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦး ငေးကြည့်နေတဲ့ ကန်ရေပြင်ကြီးကစိမ်းလဲ့မနေဘဲ ကောင်းကင်ရဲ့အရောင်နဲ့ ပြာလဲ့လို့နေပါသည်။

အပြာရောင်ဆိုတာ အချစ်ရဲ့သင်္ကေတတစ်ခုပဲဆိုတော့။

♥ ♥ ♥

## အခန်း ( ၁၇ )

"ဘာပြောတယ် စွဲညို့ငင် ... သား ဘာပြောလိုက်တယ်"

"တူယုဉ်မှီကို သားလက်ထပ်ချင်တယ်မာမီ၊ မာမီလိုက်တောင်းရမ်းပေးပါနော်"

"မင်း ... မင်းပြောတော့ အခြေအနေက ဘာမှမဟုတ်သေးပါဘူးဆို၊ အေးဆေးပဲဆိုသား ... ဘယ်လိုဖြစ်ပြီး အခုလိုလိုက်တောင်းခိုင်းတဲ့အထိ ဖြစ်သွားတာလဲ"

"အဲဒါ ... ဟိုနေ့ကပြောတာလေ၊ ဒီနေ့ ... ချစ်သူတွေဖြစ်သွားကြပြီဆိုတော့ သားဘက်က မာမီ့ဆီမှာ တောင်းဆိုရပြီပေါ့၊ မာမီလည်း သားရင်ထဲက ခံစားချက်ကို သိနေပြီးသားပဲဟာ၊ တူယုဉ်မှီကို သားဘယ်လောက်ချစ်တယ်ဆိုတာ မာမီသိနေတာပဲလေ ... သားချစ်သူကို အမြန်ဆုံးပိုင်ဆိုင်ချင်ပြီမာမီ ... ဘယ်လိုအကြောင်း မျိုးနဲ့မှ မဝေးချင်ဘူးဗျာ ... ဒါကြောင့် ... တူယုဉ်မှီအမေဆီမှာ မာမီလိုက်တောင်းပေးပါ ... လူကြီးစုံရာနဲ့



www.burmeseclassic.com

www.burmeseclassic.com

လာတောင်းပါ့မယ်လို့ လဲ ကျွန်တော် သူ့ကိုပြောပြီးပြီမာမီ ... သားကိုမျက်နှာပျက်ရ အောင်တော့ မလုပ်ပါနဲ့ဗျာ ... နော် မာမီ ...”

အမလေး ... အသက်ကလေးလဲ ရှုပါဦးသားရယ်၊ မင်း အစား မာမီတောင်မောလိုက်တာ ... မာမီက သဘောမတူနိုင်ဘူး လို့ ကန့်ကွက်နေတာမှ မဟုတ်တာ၊ သားစိတ်စဉ်တာက မြန်လွန်း မနေဘူးလားလို့ပဲမေးတာပါ၊ တူယှဉ်မှီဆိုတဲ့ မာမီတော်ရမယ့်ချွေးမ က ဘယ်လိုပုံစံရှိမှန်းတောင် မာမီမမြင်ဖူးဘဲနဲ့ ရွတ်ကြီးသွား တောင်းပေးပါဆိုတော့ မာမီဘက်ကိုလဲ သားထည့်စဉ်းစားပေးဦး လေကွာ ...”

“သွားတောင်းပေးရင် မာမီတွေ့ရမှာပဲဟာကို ...”

တွေ့လား ...

ပြောပုံကိုက ...

သားဖြစ်သူရဲ့ကလေးဆိုးကြီးဆိုးပြနေတဲ့ ပုံစံလေးကိုကြည့် ပြီး ဒေါ်မဟာစံမှာ စိတ်မဆိုးနိုင်တဲ့အပြင် ရယ်တောင်ရယ်ချင်စိတ် ပင် ဖြစ်နေရသည်။

ငယ်ငယ်ကတည်းက ပညာရေးကလွဲပြီး ဘာမှမလိုချင်ဘူး ပညာတတ်ဖြစ်အောင်ပဲ သားနေရမယ်ဆိုတဲ့စကားကို တချွေ မတိမ်း နားထောင်ပေးခဲ့တဲ့သားပါ။

ချစ်သူရည်းစားဆိုတာကို သားခေါင်းထဲကနေ မောင်းထုတ်





း ခအေလိုချင်တာကိုပဲ သားက ဖန်တီးပေးခဲ့သည်။

ခုတော့ ...

အဆင့်မြင့် ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်ခဲ့ပြီ။

ကြင်ယာရှာရမယ့်အချိန်မှာလဲ သားကမဆိုးဘူးပဲပြောရ သား။ ကောင်မလေးက စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ပညာတတ် ာင်မလေးတစ်ယောက်ကို လက်ထပ်ဖို့ရွေးချယ်ခဲ့၏။ ကောင် လေးက အလှူပြင်ဆိုင်သုံးခုကို တည်ထောင်ကာ စီးပွားရှာနေတဲ့ ဖြစ်သည်။ ပြီးတော့ တစ်ဦးတည်းသော သမီးကလေးတစ် ာက်။ ဖအေမရှိတဲ့ မအေတစ်ယောက်တည်းရှိတယ်တဲ့လေ။ အေကလည်း နယ်မှာဆန်စက်တွေနဲ့ လုပ်ငန်းခိုင်ခိုင်မာမာရှိနေတဲ့ ဆိုတော့ ... မိမိတို့လောက် မဟုတ်တာတောင် သူ့အခြေအနေ လေးနဲ့သူရှိနေတာဆိုတော့လည်း ကန့်ကွက်စရာတော့ မရှိပါ ။

ခက်နေတာက ...

တူယှဉ်မှီဆိုတဲ့နာမည်။

ယမင်းမှီ၊ သော်တာမှီတို့နဲ့ နာမည်က သံဇဉ်တူနေတဲ့ကိစ္စ။

သားဆီက တူယှဉ်မှီဆိုတဲ့ နာမည်လေးကြားတုန်းက စိတ် ည်းနည်းတော့ထင့်မိသည်။ သို့ပေမယ့် ... သားချစ်သူမှာက င်ရှိနေတယ်ဆိုတော့ သံသယစိတ်က နည်းနည်းတော့ ကင်း ရ၏။


www.burmeseclassic.com

www.burmeseclassic.com

သို့ပေမယ့် ...

မိမိလေ့လာချင်သေးသည်။

တူယှဉ်မှိုကိုတွေ့ချင်သလို၊ တူယှဉ်မှိုရဲ့မိခင်နဲ့လည်း စကား ပြောချင်သေးသည်။ ဒါကို ... သားဘက်က အချိန်တစ်ခုမပေးနိုင် လောက်အောင် စိတ်တွေစောလွန်းနေတာကတော့ လွန်လွန်းနေ ၏။

"မာမီ ..."

"ဟင် ..."

"သားကို စိတ်မချမ်းသာစေချင်တာလားဗျာ ..."

"ခက်လိုက်တာသားရယ် ... မာမီကို အချိန်နည်းနည်းလေး တောင် မပေးချင်တော့ဘူးလား၊ မနက်ဖြန် တူယှဉ်မှိုနဲ့တွေ့မယ်။ သူ့အမေနဲ့စကားပြောဖို့ ညနေကိုစောင့်တောင်းမယ် ... မင်းဘက်က ဒီတစ်ရက်လေးတော့ နောက်ဆုတ်ပေးသင့်တယ်ထင်တာပဲ စွဲညို့ ငင် ... မာမီတောင်းဆိုတာ မလွန်ပါဘူးနော်"

စွဲညို့ငင် စဉ်းစားရပြီ။

တစ်ရက်ကလေးပါပဲတဲ့။

မာမီပြောတာမှန်ပေမယ့် ချစ်ရသူလေးကို စွဲညို့ငင် စကား တွေ လွန်လာခဲ့ပြီးပြီမို့ အခက်တွေ့နေရသည်။

"သား ..."

"ဗျာ ... မာမီ ..."





"တူယှဉ်မှို့ဆီ ဖုန်းဆက်ပြီး ခွင့်တောင်းကြည့်ပါဦးသားရယ်၊ သူလက်ခံတယ်ဆိုရင် သားအတွက် ဘာမှပြဿနာမရှိနိုင်တော့ဘူး မဟုတ်လား ..."

အင်း ...

မာမီပြောတာတော့ ဟုတ်ပါသည်။

"တူယှဉ်မှိုလဲ ဒီလောက်တော့ နားလည်မှာပါသားရယ်၊ မင်း ဖုန်းဆက်ပြီး ခွင့်တောင်းကြည့်ပါဦး မာမီကလည်း သားကို အိမ်ထောင်မြန်မြန်နဲ့ ပြုစေချင်တာပါပဲကွယ် ... လုပ်ငန်းကိုလဲ သား အမည်နဲ့လွှဲချင်ပြီ ... မာမီအေးအေးဆေးဆေး နားချင်ပါပြီကွယ်၊ ဒီအတွက် တူယှဉ်မှိုနဲ့မာမီကို ဆုံခွင့်ပေးပါ"

"ကောင်းပြီလေ ... မာမီ ကျွန်တော် ဖုန်းဆက်ပေးပါ့မယ်"

"အဟင်း ... ဟင်း ... ဒီလိုမှပေါ့သားရဲ့ ..."

ဒေါ်မဟာစံ ကျေနပ်စွာပင် ပြုံးလိုက်မိသည်။

သားကတော့ မိမိကိုပြောပြီးသည်နှင့် သူ့ဟန်းဖုန်းလေးကို ဆောက်ယူကာ ခလုတ်လေးတွေကို နှိပ်နေတော့သည်။

ပြီးနောက် ...

သူ့ကောင်မလေးဆီမှာ ခွင့်တောင်းနေသည်။

ဒေါ်မဟာစံတစ်ယောက် ဟျာယာခတ်နေအောင် သူ့ကောင် မလေးကိုချစ်နေတဲ့သားကို အံ့လည်းသြ၊ စိတ်လည်းမဆိုးရက်ဘဲရှိ နေတော့သည်။ လူတွေက အချစ်နဲ့တွေ့လိုက်ရင် အရူးတစ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံစံကိုဖြစ်သွားတတ်တာ ထုံးစံတစ်ခုဆိုတော့လဲ ...

"မာမီ ..."

"ဟင် ..."

"တူယုဉ်မီက မာမီနဲ့တွေ့ပါ့မယ်တဲ့ ... မာမီက ဘယ်
လာတွေ့စေချင်သလဲပဲ ပြောပါတဲ့မာမီ ..."

အင်း ...

မဆိုးဘူး။

တူယုဉ်မီဆိုတဲ့ကောင်မလေးက မိမိနဲ့မျက်နှာချင်းဆိုင်
ပါ့မယ်ဆိုရင်တော့ ယမင်းမီတို့ဆွေမျိုးတော်စပ်တဲ့ ကောင်မ
လုံးဝမဟုတ်နိုင်တော့ဘူးပေါ့။ ပိုပြီး သံသယတွေ ရှင်းသွားရပါသည်

"မာမီလာတွေ့မယ်ပဲ ပြောလိုက်ပါသား ... ရန်ကင်းဆိုင်
လာခဲ့မယ်လို့ပြောလိုက်ပါ ... သူ့လုပ်ငန်းကိုလည်း လေ့လာရ
ပေါ့လေ ..."

"ဆိုင်မှာဆိုတော့ မာမီတို့စကားပြောလို့ အဆင်ပြေပါ့မလား
မာမီ ..."

"အဲဒီလိုပဲ ပြောလိုက်ပါသားရယ် ..."

"ဘယ်အချိန်လဲ မာမီ ..."

"မနက် ကိုးနာရီလောက်ပေါ့ ..."

"ကောင်းပြီလေ ..."

သားက ဖုန်းထဲကနေ တစ်ဖက်ကိုပြန်ပြောပြနေသည်။





ဒေါ်မဟာစံ အခြေအနေကို အကဲခတ်လိုက်၏။ သားကဖုန်းပြော
နေလျှက်မှ မိမိဘက် လက်မလေး လှမ်းထောင်ပြသည်။

ဒါဆို ...

အဆင်ပြေသွားပြီပေါ့လေ။

ဒေါ်မဟာစံနေရာကနေ ထရပ်လိုက်ပြီး ဖုန်းပြောနေတဲ့
သားကို အသံတိတ်ပဲနှုတ်ဆက်ကာ အခန်းလေးထဲကနေ ပြန်ထွက်
လာခဲ့လိုက်တော့သည်။

စွဲညို့ငင်ကတော့ ...

ချစ်သူလေးစိတ်ထဲ တစ်မျိုးထင်သွားမည်စိုး၍ ချော့မော့
တာ တောင်းပန်နေမိဆဲ။

ချစ်တယ်လေ ...

တူယုဉ်မီဆိုတဲ့ ချစ်သူလေးကိုရင်ထဲ အသည်းထဲမှာ နှင့်
သည်းနေအောင်ကိုချစ်သည်ဆိုတော့ ဘယ်လိုအကြောင်းနဲ့မှ စိတ်
ငြိုငြင်ကာ မခံနိုင်ပါချေ။

တော်သေးတာက ...

ချစ်ရသူလေးက စွဲညို့ငင်ကို နားလည်မှုပေးခဲ့လို့ပဲလေ။
မာမီတောင်းဆိုတဲ့အတိုင်း တွေ့ခွင့်ပေးမယ်ဆိုတော့ အားလုံးအဆင်
ပြေချောမွေ့သွားတော့၏။

စကားလေးတွေ တစ်ဝကြီးပြောပြီးမှ ဖုန်းလေးကိုချချင်
ချချင်နှင့် ပြန်ချလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဖုန်းလေးချသွားတော့မှ တူယှဉ်မှာလဲ သတ် ပြင်းမောလေးကို ချနိုင်တော့သည်။

အစကတည်းကလည်း တူယှဉ်မှီ တွက်ထားပြီးသားပဲလေ စွဲညို့ငင် ပြောသလိုဖြစ်လာဖို့ဆိုတာ သိပ်ပြီးမလွယ်ကူနိုင် လောက်ဘူးဆိုတာကိုပေါ့။ ထင်တဲ့အတိုင်းပဲ ဒေါ်မဟာစံ တောင် ဆိုလာခဲ့ချေပြီ။

"တူယှဉ်မှီ —"

"သွာ —"

"ဒေါ်မဟာစံနဲ့တွေ့ဖို့ နင့်အတွက်အဆင်ပြေပ့ါမလား။ အဲ မိန်းမကြီးက သိပ်လည်တာနော် ... ကိုစွဲညို့ငင် ပြောသလို မျက် မှိတ်လက်မခံဘူးတွေ့လား၊ သူကိုယ်တိုင် နင့်ကိုတွေ့ပြီးမှ စဉ်းစား ပေးမှာ၊ ငါတော့စိတ်ပူတယ် တူယှဉ်မှီ ... နင်နဲ့သူက ခဏခဏ ဆုံဖူးခဲ့တာဆိုတော့ သူ့ကိုနှင်းဆီပန်းတွေနဲ့ ခြောက်လှန့်နေတဲ့ ကောင်မလေးဆိုတာ ပြန်မှတ်မိသွားနိုင်တယ်လေ ... အဲဒီအခါကျ ရင် နင့်အစီအစဉ်တွေအားလုံး ပျက်ပြီပဲ တူယှဉ်မှီ ..."

"ဟုတ်တယ် ... သမီးလေး၊ ဒေါ်ဒေါ်မွေးလည်း အဲဒါကိုပဲ စိတ်ပူတယ်ကွယ် ... ဘာဖြစ်လို့ မျက်နှာချင်းဆိုင်တွေ့မယ်လို့ ဆုံး ဖြတ်လိုက်ရတာလဲကွယ် ..."

အထိန်းတော်ကြီး ဒေါ်စပယ်မွေးကိုလည်း ရန်ကုန်လာခဲ့ဖို့ သူမလှမ်းခေါ်လိုက်တာမို့ အိမ်ကိုရောက်နေသည်။ ဒါကလည်း သူမ





ရဲ့မင်္ဂလာကိစ္စအတွက်ကြောင့်ပဲ မဟုတ်ပါလား။ ဒေါ်သော်တာနဲ့ရဲ့ သမီးဆိုလျှင် ဒေါ်မဟာစံ အသက်ပင်သေသေ လုံးဝသဘောတူ ကြည်ဖြူမှာမဟုတ်ချေ။ စွဲညို့ငင်ကို တစ်ခြားနည်းတစ်ခုခု အကြောင်းပြကာ ခြေရာဖျောက်သွားနိုင်သည်။ ဒေါ်စပယ်မွေးရဲ့ သမီးအနေနဲ့ပဲ ဒေါ်မဟာစံကို တွေ့ဆုံမှကိုဖြစ်မှာပါ။

ထိုအချက်တွေကြောင့်ပဲ ဒေါ်မဟာစံနဲ့ မျက်နှာချင်းဆိုင် တွေ့ဖို့ကို လက်ခံခဲ့ခြင်းပဲ ဖြစ်ပါသည်။ တူယှဉ်မှီဆိုတဲ့နာမည်ကို ဒေါ်မဟာစံ သတိမထားမိဘဲ လုံးဝမနေမှာမဟုတ်ဘူးဆိုတဲ့အချက် ကို သူမတွက်ထားပြီးသား ဖြစ်၏။

"တူယှဉ်မှီ ... နင်ဘာတွေစဉ်းစားထားတာလဲဟင်"

"ငါမတွေ့ရင် သူ့စိတ်ထဲက သံသယကပိုပြီးကြီးသွားနိုင် တယ် မဟုတ်လားလွှာ ... ငါ့နာမည်က တူယှဉ်မှီလေဟာ ... မှတ်ပုံတင်နာမည်ကိုက တူယှဉ်မှီပဲလေ ... နင်စဉ်းစားကြည့်စမ်း လွှာ၊ သော်တာမှီ၊ ယမင်းမှီ၊ တူယှဉ်မှီ၊ ကဲ ... ဘယ်လောက်ဆင်တူ နေတဲ့ သံဇဉ်တွေလဲဆိုတာ"

"အင်းနော် ... ဒါလဲဟုတ်တာပဲ ..."

"ဒေါ်မဟာစံ မသက်ာဘူးဆိုတာ ငါအစောကြီးကတည်းက ရိပ်မိပြီးသားပါဟာ၊ ဒါကြောင့် ... လူချင်းတွေ့တာကို ငါ့ဘက်က လက်ခံလိုက်တာ ... သူငါ့ကိုမမှတ်မိနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆို တော့ သူနဲ့ဆုံခဲ့တဲ့ ကောင်မလေးပုံစံနဲ့ ငါ့အခုပုံစံက လုံးဝခြားနား



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲဟာ၊ သူ့ အဲဒီအချိန်တွေတုန်းကလည်း စိတ်တွေရှုတ်ထွေး နေချိန် ဆိုတော့ ငါ့ကိုသတိမပြုမိလောက်ပါဘူးလေ … စွဲညို့ငင် တောင် မမှတ်မိတာပဲကြည့် …”

“အင်းလေ … အဲဒီလိုပဲ ဖြေသိမ့်ရမှာပဲ၊ မှတ်မိတယ်ဆိုရင် တော့ မလွယ်ဘူးနော် တူယှဉ်မှီ …”

“အင်း …”

တူယှဉ်မှီ ခေါင်းသေသေသပ်ပဲ ညိတ်လိုက်မိပါသည်။

ဒေါ်မဟာစံသာ ရိပ်မိသွားတယ်ဆိုရင်တော့ သူမစိစဉ်ထား သမျှတွေအားလုံး သဲထဲရေသွန်သလို ဖြစ်ရပြီပေါ့လေ။

ဦးတော့ …

သူမရဲ့ နှောင်ရေးက မအေးချမ်းနိုင်တော့။

ဒေါ်မဟာစံ မလုပ်ရဲတဲ့အလုပ်ဆိုတာ မရှိသလောက်ကို ရှား တာပါ။ ဒါကို … သူမဘဝနဲ့ရင်းပြီးရခဲ့တဲ့ အသိစိတ်တစ်ခုပဲဖြစ်သည်။ ဒေါ်မဟာစံက ယခင်ကထက်ပင်ပို၍ အင်အားကြီးမားနေတာဆို တော့ တော်ရုံဉာဏ်ကလေးနဲ့ သွားကစားလို့မရတော့ချေ။

“တူယှဉ်မှီ …”

“ရှင် …”

“သမီးလေးသိထားရမှာက ဒေါ်ဒေါ်မွေး သမီးကိုဘာတစ်ခု မှ အထိခိုက်မခံနိုင်ဘူးဆိုတာပဲနော် … သမီးက စိတ်ရှိလို့သာ ဒီလို ပြုနေတာ … ဒေါ်မဟာစံနဲ့ယှဉ်ပြိုင်နေတာကို ရပ်တန့်လိုက်စေချင်





ပြီသမီးရယ် … ဒေါ်ဒေါ်မွေး စိတ်ပူတယ်၊ အခုလဲ … ယခင်မိုရဲ့ အမွေအနှစ်မရှိဘဲ သမီးအဘွားထားခဲ့တဲ့ အမွေအနှစ်တွေနဲ့ အေး အေးဆေးဆေး ရပ်တည်နေနိုင်တာပဲ မဟုတ်လားကွယ်”

“ဟင့်အင်း ဒေါ်ဒေါ်မွေး … ဒေါ်မဟာစံကို သမီးယှဉ်ပြိုင် နေတယ်ဆိုတာ ဆုံးရှုံးသွားတဲ့ ငွေကြေးဥစ္စာမနေတွေကို လိုချင်လို့ မဟုတ်ဘူး၊ သူ့ကြောင့် နာကျင်ကြေကွဲခဲ့ရတဲ့ မိသားစုတစ်ခုရဲ့ မျက် ရည်ချောင်းစီးခဲ့ရတဲ့ ခံစားရမှုတွေကို တန်ပြန်ပေးချင်တာ၊ မစာနာ တတ်တဲ့ ဒေါ်မဟာစံကို ပညာပေးချင်တာပါ၊ သမီး ဘာကိုမှ မမက် မောတတ်ဘူးဆိုတာ ဒေါ်ဒေါ်မွေးလဲ သိပါတယ်နော် …”

“ဒါပေမယ့်လဲ သမီးရယ် … အဲဒါလေးတစ်ခုတည်းနဲ့သမီး ဘဝကိုတောင်ရင်းပြီး လက်တုန့်ပြန်တော့မလို့လား မောင်စွဲညို့ငင် ကို သမီးမချစ်ပါဘဲနဲ့ လက်ထပ်တော့မှာလား သမီးရယ်”

“ဒေါ်မဟာစံအနားကို တိုးကပ်နိုင်ဖို့ အခွင့်အရေးဆိုတာ ဒီ တစ်ခုတည်းပဲရှိနေတာဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲလေ”

“အင်းပေါ့လေ … သမီးကရွေးချယ်ထားပြီးပြီဆိုတော့လဲ ဘယ်တတ်နိုင်ပါတော့မလဲ … ဒေါ်ဒေါ်မွေးတို့ဘက်ကိုတော့ သမီး ဘာမှစိတ်မပူပါနဲ့ … သမီးပြောထားတဲ့အတိုင်းပဲ ဖြစ်စေရမယ်ဆို တာ ယုံကြည်ထားလိုက်ပါ … သမီးလေးဘက်က အမြဲတမ်းရပ် တည်မယ့်သူဆိုတာ မှတ်ထားလိုက်ပါတော့ကွယ် …”



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်မွေးရယ် ... သမီးယုံပြီးသွားပါ၊ သမီး အခုလို ရပ်တည်နိုင်တာကလည်း ဒေါ်ဒေါ်မွေးရဲ့ ကျေးဇူးကြောင့်ပါပဲရှင် သမီးမှာ မိဘဆွေမျိုးတွေမရှိတော့ပေမယ့် အားငယ်စိတ်တွေ ပျောက်အောင်ဖယ်ရှားပေးခဲ့တဲ့ ဒေါ်ဒေါ်မွေးနဲ့ သဝဏ်လွှာတို့ကို အရမ်းပဲ ကျေးဇူးတင်ပါတယ် ... ဒေါ်ဒေါ်မွေးက မမွေးခဲ့ပေမယ့် သမီးကို လူလားမြောက်အောင် ရှင်အုပ်စောင့်ရှောက်ပေးခဲ့တဲ့ မိခင်စိတ်အပြည့်ရှိတဲ့သူပါ ... သမီးရဲ့အမေပါပဲရှင် ..."

"အို ... သမီးကလေးရယ် ..."

"ဒေါ်ဒေါ်မွေးကို သမီးရင်ထဲမှာ အမေတစ်ယောက်လိုပဲ သတ်မှတ်ထားတာပါ ..."

"သမီးရယ် ... ဝမ်းသာလိုက်တာ၊ တူယုဉ်မီလေးရယ် ... ဒေါ်ဒေါ်မွေး ... ဒေါ်ဒေါ်မွေးလေ ... အဟင့်ဟင့် ... ဟင့် ... အီး"

ငိုပါပြီ။

ဒေါ်စပယ်မွေးတစ်ယောက် ဝမ်းသာလွန်းလို့ ရှိုက်ကြီးတငင် ငိုပါလေပြီ။

တူယုဉ်မီ ...

ဒေါ်ဒေါ်မွေး ရင်ခွင်ထဲ တိုးဝင်လိုက်ပါသည်။

"အမေ ..."





"အို ... အမလေး ... သမီး ... သမီးလေးရယ် ..."

"ဒီနေ့ကစပြီး ဒေါ်ဒေါ်မွေးကို အမေလို့ပဲ သမီးခေါ်တော့မယ်နော်"

"သမီးလေးရယ် ..."

ကျေနပ်ပါသည်။

ဒေါ်စပယ်မွေး ပေးဆပ်ခဲ့ရတဲ့ နေ့ရက်တွေ၊ လတွေ၊ နှစ်တွေအတွက် သမီးလေး တူယုဉ်မီထံက အမေဆိုတဲ့ခေါ်သံလေးတစ်ခုတည်းနဲ့တင် ကျေနပ်ရပါပြီ။ သူမပေးဆပ်ခဲ့ရကျိုးနပ်ပြီလေ။ ဘာအကျိုးကိုမှ မမျှော်မှန်းထားပါဘူး။ ဒီကလေး ကောင်းကောင်းမွန်မွန်နဲ့ လူလားမြောက်လာအောင်ပဲ စောင့်ရှောက်ချင်တာတစ်ခုတည်း။

ခုတော့ ...

သူမမြင်ချင်တဲ့ပုံစံမျိုးကို မြင်တွေ့ရပြီလေ။

ဒေါ်စပယ်မွေးလည်း အသက်ကြီးပါပြီ။

မိဘမဲ့လေးကို ကောက်ယူမွေးစားခဲ့တဲ့ ဒေါ်ယဉ်ယဉ်မီကြောင့် သော်တာမီရော ယမင်းမီဆိုတဲ့ ညီအစ်မတွေကို ဒေါ်စပယ်မွေး ရခဲ့ဖူးပြီ။ ခုတော့ ... သော်တာမီရဲ့သမီးကလေးကို တူမကလေးလို စောင့်ရှောက်ခွင့်ရနေသည်။

အမေတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



တူယှဉ်မှီကလေးက ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အမေပါပဲ တဲ့လေ။ ဘယ်လောက်များတောင် စိတ်ချမ်းသာစရာကောင်းလိုက် ပါသလဲလို့ကွယ်။

♥ ♥ ♥

အခန်း ( ၁၈ )

"တူယှဉ်မှီပါ ... အန်ဂုတီ"

"ဩော် ... အေး ... အန်တီက ဒေါ်မဟာစံပါ၊ စွဲညို့ငင်ရဲ့ အမိပေါ့ကွယ် ... "

"ဟုတ်ကဲ့ရှင့် ... သူဖုန်းဆက်ပြီးပြောထားပြီးသားပါ အန်တီ ဆိုင်ပါရှင် ... "

"မထိုင်တော့ဘူး တူယှဉ်မှီ ... အန်တီက သမီးနဲ့အေးဆေး စကားပြောချင်တာဆိုတော့ ဒီဆိုင်မှာဆိုရင် အဆင်မပြေလောက် ဘူးထင်တယ်လေ ... အန်တီတို့နေရာလေးတစ်ခု ထပ်ရွေးချယ်မှ ဖြစ်မယ် ... "

"ဒီအောက်ဆုံးထပ်က Feel မှာ ထိုင်ကြရင်ရော အန်တီ"

"အေးကွယ် ... ကောင်းတာပေါ့"

"ဒါဆို ... သွားရအောင်လေအန်တီ ... ဩော် ... ခဏလေး ...င် အန်တီ ... ဆွဲရေ ... ခဏ ... "



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်ကိုလည်းလှည့်ကာ ခွင့်တောင်းရင်း ဆိုင်ကအလုပ်သမားကောင်မလေးကိုလည်း လှမ်းခေါ်လိုက်သည်။

"ရှင် ... မမမို"

"အစ်မအပြင်ခဏသွားစရာရှိသေးလို့ ဆိုင်ကိုသေချာလေးဂရုစိုက်ပေးပါဦးကွယ်"

"စိတ်ချပါ ... မမမို ..."

"အကြောင်းကိစ္စတစ်ခုခုရှိရင်တော့ မမမိုဆီ ဖုန်းလှမ်းဆက်ပေါ့ဆို ..."

"ဟုတ်ကဲ့ ... မမမို ..."

"မမမို သွားပြီနော် ..."

"ဟုတ်ကဲ့ ... မမမို"

တူယှဉ်မို မှာသင့်တာတွေမှာပြီးတာနှင့် အလှပြင်ဆိုင်လေးထဲကနေ ဒေါ်မဟာစံနဲ့အတူ လမ်းလျှောက်ထွက်လာခဲ့လိုက်ကြသည်။

လမ်းတစ်လျှောက် ဒေါ်မဟာစံတစ်ယောက် ဘာစကားမှမပြောဘဲရှိနေ၏။ တူယှဉ်မိုလဲ ငြိမ်နေမိသည်။

Feel ဆိုင်လေးထဲမှာထိုင်မိကြပြီး မှာစရာရှိတဲ့ အစားအသောက်ကို မှာပြီးတော့မှ ဒေါ်မဟာစံဆီမှ အသံထွက်လာ၏။

"တူယှဉ်မိုကို လက်ထပ်ချင်ပါတယ်ဆိုပြီး သားကအသည်းအသန်တောင်းခိုင်းနေလို့ အန်တီက ရောက်လာတာပါ"





"ဟုတ်ကဲ့ရှင့် ..."

"တူယှဉ်မိုနဲ့ချစ်သူတွေဖြစ်တာ ဘယ်လောက်တောင်ကြာပြီလဲဟင် ... ဒါက ... အန်တီသိချင်တာနော် ..."

"ဟုတ်ကဲ့ ... ချစ်သူတွေဖြစ်ခဲ့တာ ဒီနေ့နဲ့ဆို နှစ်ရက်တည်းရှိပါသေးတယ်"

"နှစ်ရက်တည်း ဟုတ်လား ..."

"ဟုတ်ကဲ့ ..."

"ချစ်သူဘဝသက်တမ်း နှစ်ရက်တည်းနဲ့ တစ်ယောက်အကြောင်းလဲတစ်ယောက် ဘာမှမသိ၊ တစ်ယောက်ရဲ့စိတ်ဓာတ်ကဘယ်လိုရှိတယ်ဆိုတာလဲ မလေ့လာဘဲ လက်ထပ်ကြမယ်ဆိုတာမြန်လွန်းနေဘူးလား တူယှဉ်မို ..."

"ဟုတ်ကဲ့ မြန်လွန်းပါတယ် အန်တီ"

"ဒါနဲ့များတောင် မိန်းကလေးရှင်ဖြစ်တဲ့ တူယှဉ်မိုဘက်ကခင်းညိတ်လက်ခံခဲ့တာ အကြောင်းပြချက်တစ်ခုခုများရှိသလား၊ ညီငင်ကို လေ့လာဖို့မစဉ်းစားတော့ဘဲနဲ့ ဘဝတစ်ခုလုံး ပုံအပ်ထားမယ်ဆိုတော့လေ ..."

"သူ ကျွန်မဆီ မသိမသာနဲ့ ချဉ်းကပ်ခဲ့တာတော့ လွန်ခဲ့တဲ့ဆယ်ရက်လောက်ကစတယ်လို့ပဲ ပြောရမှာပေါ့အန်တီ ... ဒါပေမယ့်အဆယ်တမ်းချစ်သူတွေဖြစ်ခဲ့တာတော့ နှစ်ရက်ပဲရှိသေးတာပေါ့၊ ဒီနေ့မှာပဲ သူကကျွန်မကို လက်ထပ်ခွင့်တောင်းခဲ့တယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်က တကယ်မချစ်ပါဘဲ သူ့ဘဝတစ်လျှောက်လုံးအတွက် လက်တွဲဖော်အဖြစ် သတ်မှတ်ဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ် … အပျော်ချစ်ကြည့်ချင်ရုံသက်သက်နဲ့တော့ သူနာမည်ရဲ့ဘေးမှာ ကျွန်မနာမည်ကို ယှဉ်တွဲပြီးရှိစေချင်မှာ မဟုတ်ပါဘူး၊ အဲဒီကတည်းက … သူ့အချစ်ကို ကျွန်မယုံကြည်ခဲ့မိတယ် အန်တီ … ပြီးတော့ … သူ့ရဲ့ရုပ်ရည်၊ သူ့ပညာအရည်အချင်း၊ သူရပ်တည်နေတဲ့ အခြေအနေနဲ့တော့ စိတ်ဓာတ်အဆင့်အတန်း နိမ့်မကျလောက်ဘူးလို့လဲ ယုံကြည်တယ် … ဒါကြောင့်လဲ သူ့ရဲ့တောင်းဆိုမှုကို လက်ခံခဲ့တာပေါ့ အန်တီ … ”

မဆိုးဘူး တူယှဉ်မှီ။

မင်းရဲ့ဖြေရှင်းချက်က တကယ့်ကိုပဲအကြောင်းပြချက်ကောင်းပါတယ်။ ဒါပေမယ့် … ဒီလောက်ကလေးနဲ့တော့ ငါမကျေနပ်နိုင်သေးဘူး တူယှဉ်မှီ။ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့နာမည်က ငါ့စိတ်ထဲက သံသယကိုပိုပြီး ကြီးထွားစေခဲ့လို့ပဲပေါ့။ မင်းကိုယ်တိုင်မှီရဲ့ မျိုးဆက်သစ်လို့ ငါထင်နေမိတယ်လေ။

“ဟုတ်ပါပြီလေ … ဒါက မင်းတို့လူငယ်တွေရဲ့ စိတ်ခံစားချက်အပိုင်းပါပဲ၊ အန်တီကတော့ သားကိုစိတ်မဆင်းရဲစေခဲ့တာ ငယ်ငယ်ကတည်းကဆိုတော့ … မင်းကိုလဲ ခုလိုကိုယ်တိုင်လာတွေ့ရတဲ့အခြေအနေပဲပေါ့ … ဘယ်လိုပြောရမလဲ … လက်ခံလို့ရောက်လာခဲ့တာပဲ တူယှဉ်မှီ … ”





“ဟုတ်ကဲ့ … အခုလိုကြားရတာ ဝမ်းသာပါတယ်အန်တီ”

“ဒါနဲ့ … တူယှဉ်မှီက အဖေမရှိတော့ဘူးဆို အမေတော့ရှိတယ်လို့ သိခဲ့ရတယ်နော် … ”

“ဟုတ်ကဲ့ … ”

တူယှဉ်မှီ ခေါင်းလေးပဲ ညိတ်ပြလိုက်မိသည်။

“အမေက ပုသိမ်မှာနေတာပါ … ဆန်စက်တွေထောင်ထားတယ်လေ ဒေါ်စပယ်မွှေးဆန်စက်က ကျွန်မတို့နယ်မှာမသိသူမရှိဘူး အန်တီမဟာစံ … ”

“အင်း … အန်တီသိပြီးပါပြီ … တူယှဉ်မှီရဲ့”

ဟယ် …

သိပြီးပြီတဲ့။

ဘယ်ကနေ သိသွားလိုက်ရပြန်တာလဲ။

ဒေါ်မဟာစံရဲ့ လူယုံတော်တွေက သတင်းပို့မြန်လိုက်ကြတာ။

“ဘာလဲ … မျက်လုံးပြူးသွားတာလား၊ အန်တီက အခုလေးတင် တူယှဉ်မှီဆီမလာခင် ဒေါ်စပယ်မွှေးနဲ့ဝင်တွေ့ခဲ့ပြီးပြီလေကွယ် … အားတွေတောင် အေးအေးဆေးဆေးနဲ့ ပြောခဲ့ကြသေးတယ် … ယှဉ်မှီရဲ့”

ဒေါ်ဒေါ်မွှေးကိုတွေ့ပြီးပြီဆိုပါလား။

ဒါကြောင့် သိနေတာကိုး။ ဒေါ်ဒေါ်မွှေးနဲ့ အဆင်မပြေခဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။ ဒေါ်မဟာစံဆိုတဲ့ မိန်းမကြီးက အရမ်းလည်တာလေ။ သူ
ကြည်အောင်လုပ်နိုင်ဖို့ဆိုတာ အခက်ခဲဆုံးအလုပ်ပဲဖြစ်သည်
ဒေါ်မဟာစံကို သူမကလူလွှတ်စုံစမ်းခိုင်းတယ်ထင်တာ။ အခု
ကိုယ်တိုင်ဝင်တွေ့ခဲ့တာ ဖြစ်နေ၏။

"တူယှဉ်မှီအမေက မဆိုးပါဘူး ... အေးအေးချမ်းချမ်း
သဘောကောင်းတဲ့ပုံလည်းရတယ်၊ နယ်သူမို့လို့လားတော့မသိ
ရိုးရိုးရှင်းရှင်းနဲ့ သစ္စာတရားကို အလေးထားပုံလည်းရတယ်နော်

"..."

တူယှဉ်မှီ ခေါင်းမညိတ်မိသလို ခေါင်းလည်းမခါမိဘဲ
သက်၍သာ နားထောင်နေမိပါသည်။

"ဒေါ်စပယ်မွှေးက ပုသိမ်သူလို့သာပြောတာနော် ... တူယှဉ်
မှီ သုံးနှစ်သမီးလောက်ကမှ ပုသိမ်ကိုရောက်တာလို့ အန်တီက
ထားတာလေ၊ သူ့ကိုမေးတော့လည်း အဖြေကမတင်မကျနဲ့ဆို
ကြည့်ရတာ တူယှဉ်မှီအဖေနဲ့နေခဲ့တဲ့ အတိတ်ကို မေ့ဖျောက်
ချင်တဲ့ပုံပေါက်နေတယ်သိလား ... အဟင်း ... ဟင်း ... ဒေါ်စပယ်
မွှေး ကြည့်ရတာ အေးဆေးပေမယ့် ခေါင်းတော့အင်မတန်မာခဲ့
တူယှဉ်မှီ ... အန်တီနဲ့တော်စပ်မယ့် ခမည်းခမက်ကတော့ တ
လူတစ်ယောက်ပဲကွယ် ... အဟင်းဟင်း ... "

ရယ်သံလွင်လွင်လေးက သိပ်တော့အသက်မပါလှ။

တူယှဉ်မှီ အသည်းအသန်စဉ်းစားရပြီ။ ဒေါ်မဟာစံ ယုံကြည်





အောင် အကြောင်းအရာတစ်ခုကို အစားထိုးဖို့ တော်တော်လည်တဲ့
ဒေါ်မဟာစံက ပုသိမ်မှာနေတဲ့သူမတို့သားအမိအကြောင်းကို သူ့လူ
တွေနဲ့ စုံစမ်းပြီးနေပြီ။

ဒါကို ...

ဘာမှမသိသေးသယောင်နဲ့ အမေဒေါ်စပယ်မွှေးကိုရော တူ
ယှဉ်မှီကိုပါ စကားတွေ အစ်အောက်နှိုက်မေးနေ၏။ အဖြေတွေ
အားလုံးတစ်ထပ်တည်းကျမကျ လေ့လာဆန်းစစ်နေတာပါ။

ထိုအချက်ကို တူယှဉ်မှီကလည်း ရိပ်မိပါသည်။

"မမမှီ ..."

အနီးကပ်ခေါ်သံကြောင့် ဒေါ်မဟာစံရော တူယှဉ်မှီပါ အသံ
လာရာဆီ ကြည့်လိုက်မိကြ၏။

"ဩော် ... ဆွိ ... ဘာကိစ္စလဲဟင် ..."

"ဟိုလေ ... အစ်မတစ်ယောက်ကဆိုင်ကိုလာပြီး အန်တီ
ဒေါ်မဟာစံဆီသွားပို့ပေးပါဆိုလို့ လာပို့တာပါ"

"ဟင် ... နှင်း ... နှင်းဆီ ... နှင်းဆီပန်းတွေ"

မျက်လုံးပြူးသွားတာက ဒေါ်မဟာစံ။ ကြောက်ကြောက်
လန့်လန့်နဲ့ ရေရွတ်သံထွက်လာတာက ဒေါ်မဟာစံဆီကရယ်ပါ။

"နှင်းဆီပန်းစည်းလေးပါလား ... ပေး ... ပေး ... ဆွိ"

တူယှဉ်မှီက လှမ်းယူလိုက်တော့ ဒေါ်မဟာစံရဲ့ ဖြူဖပ်ဖြူ
ရော်ဖြစ်နေတဲ့မျက်နှာက အရောင်မွေးတက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ... အန်တီအတွက်တဲ့ ... "

"ဟင့်အင်း ... မယူဘူး ... မယူဘူး ... သွား ... အဲဒီပန်း အဝေးဆုံးကိုသွားလွှင့်ပစ်လိုက်စမ်း တူယှဉ်မှီ ... "

"ရှင် ... ဘာ ... ဘာဖြစ်လို့လဲ အန်တီရယ် ... ပန်း လေးက လှပါတယ် ... "

"ဟင့်အင်း ... မလိုချင်ဘူး ... အခုချက်ချင်းသွားလွှင့် လိုက် ... ငါ ... ငါ ... အရှမ်းမုန်းတဲ့ပန်းတွေ ... "

"ရှင် ... ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... အန်တီ ဒီပန်းတွေကို အခုချက်ချင်းပဲ လွှင့်ပစ်ခိုင်းလိုက်ပါ့မယ် ... ဟဲ့ ဆွိ ... ယူသွားစမ်း ... ဒါကိုချက်ချင်းသွားလွှင်ပစ်ပြီးမှ ငါ့ဆီပြန် ခဲ့ ... "

"ဟုတ် ... ဟုတ်ကဲ့ ... မမမှီ"

တူယှဉ်မှီ ပျာတော့ ဆိုင်အလုပ်သမားကောင်မလေး လည်း ပျာယာခတ်ရပြီလေ။

သူယူလာတဲ့လက်ဆောင်ပန်းစည်းလေးကို သူ့ဘာသာ ယူသွားပြီး လွှင့်ပစ်ရပြန်သည်။

"အန်တီမဟာစံ ... ရော့ ... ရော့ ... ရေအေးအေး သောက်လိုက်ပါဦး ... စိတ်တွေအရမ်းလှုပ်ရှားသွားတယ်နဲ့တူ ရေလေးသောက်လိုက်ပါဦး အန်တီ ... "

"ပေး ... ပေး ... "





တူယှဉ်မှီ အသင့်ငှဲ့ထည့်ပေးလိုက်တဲ့ ရေဖန်ခွက်လေးကို အသည်းအသန်လှမ်းယူပြီး. တဂွတ်ဂွတ်နဲ့ မော့သောက်နေတဲ့ ဒေါ်မဟာစံ နဖူးပြင်နဲ့ နထင်စပ်မှာလည်း ချွေးလေးတွေကစို့လို့

နှင်းဆီတွေကိုကြည့်ပြီး သွေးပျက်နေတာများ မြင်ရသူမင် စိတ်မသက်သာစရာ။

တူယှဉ်မှီကတော့ ...

ဒေါ်မဟာစံဖြစ်ပျက်နေတဲ့ ပုံစံကိုကြည့်ပြီး ရင်ထဲကနေ အကျေနပ်ကြီး ကျေနပ်နေမိသည်။

"မမမှီ ... "

"အေး ... လာ ... ထိုင်"

"အန် ... အန်တီအခြေအနေ ... "

ဆွိအသံက တပိုင်းတစ။

ပြီးတော့ ...

ကြောက်လည်းကြောက်ရွံ့နေပုံရပါသည်။ ဒေါ်မဟာစံဆို တာ တစ်ခြားလူမှမဟုတ်တာ။ စွဲညို့ငင်ဆိုတဲ့ တူယှဉ်မှီချစ်သူရဲ့ အမေပါ။ ဒါကိုဆိုင်မှာရှိတဲ့ ဝန်ထမ်းတိုင်း သိကြသည်။

"အင်း ... အေးဆေးတော့ ဖြစ်သွားပါပြီ"

"အမလေး ... အခုမှပဲ အသက်ဝအောင် ရှူနိုင်တော့တယ် မမမှီရယ် ... အန်တီသာတစ်ခုခုဖြစ်ရင် ဆွိတော့သွားပြီပဲ၊ ဆွိ ... ဆွိကပန်းစည်းယူလာပေးလို့ အခုလိုဖြစ်ရတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦးဆွိ … ဒီပန်းစည်းကို ဘယ်သူလာပေးခိုင်းတာလဲ … "

"နာမည်တော့မသိဘူး … အန်တီမဟာစံ ဒီကိုရောက်နေတယ်ဆိုလို့ လိုက်လာတာတဲ့၊ ဆွိက မမမှီနဲ့စားသောက်ဆိုင်ကိုထွက်သွားတယ်လို့ပြောတော့ … သူကလိုက်မသွားချင်ဘူးတဲ့၊ မင်္ဂလာကိစ္စဆွေးနွေးနေတာနဲ့တူတယ် အနှောက်အယှက်မပေးချင်ဘူးဆိုတာနဲ့ ဆွိကိုအကူအညီတောင်းလို့လာပေးတာ … ပြီးတော့ဟောဒီက စာအိတ်လေးကိုလည်းပေးခိုင်းတော့ … အရေးကြီးလောက်တယ်ထင်တာနဲ့ပဲ ချက်ချင်းလာပေးမိတာပါ မမမှီရယ်အခုတော့ … ဆွိကြောင့် … "

"စာ … ဟုတ်လား၊ အောင်မလေး … စာပေးခဲ့တယ်ဟုတ်လား … "

ဒီတစ်ခါမေးတာက ဒေါ်မဟာစံ။

"ဟုတ် … ဟုတ်ကဲ့ အန်တီ"

"ဘယ်မှာလဲ အဲဒီစာ … ငါ့ကိုပေးစမ်း … "

"ဟုတ် … ဒီ … ဒီမှာပါ … အန်တီ"

ဆွိက အလောတကြီးတောင်းနေတဲ့ ဒေါ်မဟာစံလက်ထဲထည့်လိုက်သည်။ ဆွိရဲ့လက်တွေက တုန်တုန်ယင်ယင်။ ဒေါ်မဟာစံကတော့ စာအိတ်လေးကိုရတာနဲ့ သူ့လက်ကိုင်အိတ်ထဲထိုးထည့်သောတာပါပဲ။ တူယှဉ်မှီကိုလဲ အာရုံထဲသိပ်မထည့်တော့။





"အန်တီ … "

"ဩော် … တူယှဉ်မှီ … ဟိုလေ … အန်တီခေါင်းနည်းနည်းနောက်နေလို့ ပြန်တော့မယ်နော်၊ သမီးတို့မင်္ဂလာကိစ္စကို နှစ်ယောက်သား စိတ်ကြိုက်ပဲကြည့်စီစဉ်ကြတော့သိလား"

"ရှင် … ဩော် … ဟုတ် … ဟုတ်ကဲ့ အန်တီ … "

"ကဲ … အန်တီ့ကိုခွင့်ပြုကြဦးနော် … "

"ဟို … ဟိုလေ … ကားနားအထိ တူယှဉ်မှီလိုက်ပို့ပေးပါရစေ … အန်တီ … "

"အေး … အေး … "

"ဆွိ … အစားအသောက်ဖိုးတွေ ရှင်းလိုက် … "

"ဟုတ်ကဲ့ … မမမှီ"

ဒေါ်မဟာစံ နောက်ကို တူယှဉ်မှီ လိုက်ခဲ့ရပြီ။

ကားနားရောက်တော့ ဒေါ်မဟာစံရဲ့ ဒရိုင်ဘာက ဆင်းလာပြီး နောက်ခန်းတံခါးကို အသင့်ဖွင့်ပေးသည်။

"မနက်ဖြန်ညနေ ၅နာရီ အန်တီတို့လူကြီးစုံရာနဲ့လာမှာနော် အဲဒီကျမှ ပြန်တွေ့ကြတာပေါ့ တူယှဉ်မှီ … "

"ဟုတ်ကဲ့ရှင့် … "

"တူယှဉ်မှီ … "

"ရှင် … "

"ဘာလို့မမေးတာလဲ တူယှဉ်မှီ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"စောစောကဖြစ်ပျက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘာဖြစ်လို့ အန်တီ့ကိုမမေးတာလဲ ... တူယုဉ်မို ..."

"အန်တီမဖြေချင်လောက်ဘူးလို့ ထင်လို့ပါအန်တီ၊ ပြီးတော့ အန်တီရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကိုမမေးသင့်ဘူးလို့လဲထင်လို့ပါ လူဆိုတာ သူ့အကြောင်းနဲ့သူတော့ရှိကြတာပဲ မဟုတ်လား၊ ဥပမာ မေမေလည်း အဲဒီလိုပဲလေ ..."

လွန်ခဲ့တဲ့ သုံးနှစ်လောက်က အကြောင်းကို သူမရည်ညွှန်း ပြောလိုက်တယ်ဆိုတာ ဒေါ်မဟာစံ တွေးမိပါလိမ့်မည်။

ဘာမှမပြောဘဲ ခေါင်းလေးပဲ တဆတ်ဆတ်ညိတ်နေပြီး သူမဆီ ဖြတ်ခနဲ မော့ကြည့်ကာ ...

"ကဲ ... အန်တီသွားမယ် တူယုဉ်မို"

"ဟုတ်ကဲ့ ... အန်တီ"

ကားတံခါးလေးကို ညင်သာစွာတွန်းပိတ်ပြီး ဒရိုင်ဘာကြီးက ကားပေါ်ပြန်တက်ကာ နေရာလေးကနေ ငြိမ့်ခနဲနေအောင်ဝင် မောင်းထွက်သွားပါတော့သည်။

"မမို ..."

"ဆွိ ..."

"ဟို ... ဟိုလေ ... ဆွိ ... ဆွိကို စိတ်မဆိုးပါနဲ့နော်၊ အလုပ် ထည်းမထုတ်လိုက်ပါနဲ့ ... ဆွိကဘာမှမသိလို့ လာပေးမိတာပါ"





"ဆွိ ..."

"ရှင် ..."

"မင်းကိုရာထူးတိုးလိုက်ပြီး ..."

"ရှင် ..."

"မင်းကို မန်နေဂျာရာထူးတိုးလိုက်ပြီ ... Me အလှပြင်ဆိုင်ရဲ့ မန်နေဂျာမလေးဆွိအဖြစ်လေ ..."

"ဟယ် ... တကယ်"

"အင်း ..."

"အမလေး ... ဝမ်းသာလိုက်တာမမမိုရယ် ... အဟင်းဟင်း အခုမှပဲ ရယ်နိုင်တော့တယ်သိလား"

ဆွိက တဟင်းဟင်းရယ်ကာ ရှေ့ကနေ ဦးဆောင်ထွက် သွားတဲ့ တူယုဉ်မိုနောက်ကို ပြေးလိုက်လာတော့သည်။

တူယုဉ်မို ...

ကျေနပ်စွာပင် ပြုံးလိုက်မိတော့၏။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

တူယှဉ်မှီရဲ့ မင်္ဂလာစေ့စပ်ပွဲကလေးက နှစ်ဖက်အသိုင်းအဝိုင်းကြောင့် ထင်ထားတာထက်ပင် စည်ကားသိုက်မြိုက်ခဲ့ပါသည်။

မင်္ဂလာဧည့်ခံပွဲကို ဒေါ်မဟာစံရဲ့ဆန္ဒအရ သူနေထိုင်သော ခြံဝန်းကြီးထဲမှာပဲ ကျင်းပဖို့ သဘောတူခဲ့ကြ၏။ မင်္ဂလာနေ့ရက်ကိုတော့ ဒေါ်မဟာစံက လျှို့ဝှက်ချက်အနေနဲ့ထားခဲ့သည်။ ထိုအချက်ကို တူယှဉ်မှီ လုံးဝမကျေနပ်ချင်ပါ။ သို့ပေမယ့် ... လူကြီးတွေရှေ့မှာမို့ သူမအေးဆေးပဲ နေလိုက်သည်။

တောင်းရမ်းစေ့စပ်ပွဲလေးပြီးသွားလို့ ဧည့်သည်တွေပြန်သွားတော့မှ ဒေါ်မဟာစံလည်း ပြန်သွားသည်။ စွဲညို့ငင်ကတော့ ကျန်နေရစ်ခဲ့၏။ အပျော်တွေလွှမ်းနေတဲ့သူကို စူပုတ်နေတဲ့ မျက်နှာလေးနဲ့ကြည့်ပြီး ...

"ကို ... "





"ဟင် ... "

"ဒီနေ့ ... လုံးဝမကျေနပ်ဘူးသိလား ... "

"ဟင် ... ဘာ ... ဘာဖြစ်လို့လဲတူယှဉ်မှီရဲ့"

"ဘာဖြစ်ရမှာလဲ ကိုရဲ့ ... အန်တီ ဒီနေ့ပြောသွားတဲ့စကားကို မကြားဘူးလား။ မင်္ဂလာပွဲကို ဘယ်နေ့မှာကျင်းပပါ့မယ်ဆိုတာမှ ပြောမသွားတာ ... "

"သြော် ... ဒါလား၊ ဒါက ... ကြိုတင်ကာကွယ်သွားတာပါ တူယှဉ်မှီရဲ့ ... ကိုယ်နဲ့မာမီတိုင်ပင်ပြီးသားပါ နောက်အပတ် တနင်္ဂနွေနေ့ကျရင် ခြံထဲမှာ မင်္ဂလာပွဲကျင်းပမှာတဲ့လေ"

"ဟင် ... "

"ဟုတ်တယ် ... တူယှဉ်မှီ၊ လူတွေကြားမှာ သတင်းပေါက်သွားရင် မလိုသူတွေနှောက်ယှက်မှာကို မာမီကစိုးရိမ်လို့လေ၊ အခုတလော ... မာမီရဲ့စီးပွားရေးပြိုင်ဘက်ထဲက တစ်ယောက်က စိတ်အနှောက်အယှက်တော်တော်ပေးနေလို့ မာမီစိတ်ညစ်နေရတယ် တူယှဉ်မှီ ... မာမီက နှင်းဆီပန်းဆို အရမ်းမုန်းတာလေ၊ အဲဒီအားနည်းချက်ကိုသိတဲ့သူက မာမီကိုသူအရမ်းမုန်းတဲ့ နှင်းဆီတွေပို့ပို့ပြီး စိတ်သောကရောက်အောင်လုပ်နေတာ၊ အဓိက ... မာမီလဲပြိုင်အောင် လုံချနေတာပဲလေ တူယှဉ်မှီ ... "

"စီးပွားရေးပြိုင်ဘက် ဟုတ်လားကို ... "

"အင်း ... "



www.burmeseclassic.com

www.burmeseclassic.com

"ဆိုးလိုက်တာနော် ..."

"ဆိုးတာမှတော်တော့်ကိုဆိုးထာ ... မာမီကိုတိုက်ရိုက် ရည်ရွယ်ပြီးတော့ကို နှင်းဆီတွေပို့ပို့နေတာ တူယှဉ်မှီရဲ့ ..."

"နှင်းဆီပန်းတွေပို့တယ် ဟုတ်လားကို ..."

"ဟုတ်တယ် တူယှဉ်မှီ ... နှင်းဆီပန်းပွင့်လေးတွေကို မာမီက အရမ်းမုန်းတာ ကိုင်လဲလုံးဝမကိုင်ဘူး။ ကြောက်လည်းအရမ်းကြောက်တာ တူယှဉ်မှီရဲ့ ..."

"ပြဿနာပဲ ..."

"ဘာ ... ဘာပြဿနာလဲ တူယှဉ်မှီ ..."

"တူယှဉ်မှီက နှင်းဆီပန်းဆို အရမ်းကြိုက်တာကိုရဲ့ ... အန်တီနဲ့ဆန့်ကျင်ဘက်ဖြစ်နေလို့ ပြဿနာပဲလို့ပြောတာ"

"အဲဗျာ ..."

ဒီတစ်ခါ ခေါင်းလေးကုတ်မိသူကတော့ စွဲညို့ဝင်ပဲဖြစ်ပါသည်။ ချစ်ရတဲ့ချစ်သူလေး တူယှဉ်မှီက နှင်းဆီပန်းကလေးတွေကို အရမ်းချစ်တယ်လို့ပြောလိုက်တာ မဟုတ်ပါလား။

"ကို ..."

"ပြောလေ ... တူယှဉ်မှီ ..."

"အန်တီက ဘာဖြစ်လို့နှင်းဆီတွေဆို မုန်းနေရတာလဲဟင်။ ဒီလောက် ချစ်စရာကောင်းတဲ့ ပန်းကလေးတွေကိုမှ ထူးထူးဆန်းဆန်းကြောက်နေတာ အကြောင်းတစ်ခုခုများရှိနေလို့လားဟင်"





"မသိဘူး တူယှဉ်မှီ ... ကိုသိတတ်စအရွယ်ကတည်းက နှင်းဆီပန်းတွေမြင်ရင် မာမီစိတ်တွေ အရမ်းကိုတုန်လှုပ်ချောက်ချားတတ်တာတော့သိတယ် ..."

"တစ်မျိုးပဲနော် ... ကို၊ မိန်းကလေးတိုင်း အရူးအမူးကြိုက်တဲ့ပန်းကိုမှ ..."

"ကဲပါကွာ ... ထားလိုက်စမ်းပါ။ အခုချိန်က ဒီအကြောင်းတွေ ဆွေးနွေးရမယ့်အချိန် မဟုတ်ပါဘူး။ ကိုယ်တို့နှစ်ယောက်ရဲ့ အချစ်ရေးလေးကိုပဲ ဆွေးနွေးကြရအောင်ကွာနော် ..."

အို ...

နွေးမြတဲ့အကြည့်လေးတွေကြောင့် တူယှဉ်မှီရင်ထဲမှာ သိမ့်ခနဲနေအောင်ပင် လှိုက်ခုန်သွားရသည်။ မျက်ဝန်းအကြည့်လေးတွေက ဘေးသို့ လွှဲဖယ်သွားရ၏။ စကားသံလေးလဲ တိခနဲနေအောင်ပင် စေ့ပိတ်သွားတော့သည်။

"တူယှဉ်မှီ"

"ရှင် ..."

"ကိုယ့်ကိုချစ်ရဲ့လားဟင် ..."

"အို ... ဘာဖြစ်လို့ အဲဒီလိုကြီးမေးတာလဲ တူယှဉ်မှီကိုမယုံလို့လားကို ..."

"ဟာ ... မဟုတ်ပါဘူး တူယှဉ်မှီရယ် ... ကိုယ်ယုံပါတယ်။ ကိုက တူယှဉ်မှီပြန်ဖြေတာလေးကို ကြားချင်လို့မေးတာပါ"


www.burmeseclassic.com

www.burmeseclassic.com

"ချစ်ပါတယ် ကိုရဲ့"

"ဟာကွာ ... ဖြေသံကြီးကလည်း ဆောင့်ဆောင့်အောင့်အောင့်ကြီးနဲ့ကွာ ... လေသံလေးနည်းနည်းလျှော့ပြီး ပြောစမ်းပါ တူယှဉ်မှီရဲ့ ..."

"ကိုကလည်း ..."

ရှက်ရှက်နဲ့ မျက်စောင်းလေး ထိုးလိုက်တဲ့ချစ်သူလေးကို ကြည့်ပြီး စိတ်မဆိုးရက်သည့်အပြင် ပို၍တောင် ချစ်မြတ်နိုးမိပါတော့သည်။

ဘာကြောင့်လဲ ...

တူယှဉ်မှီဆိုတဲ့ ကောင်မလေးကို စတွေ့တဲ့နေ့ကလေးမှာပဲ သူ့စိတ်ထဲ အစွဲကြီးစွဲလမ်းခဲ့မိသည်။ အချိန်တိုင်းလိုလိုပင် သူ့မျက်နှာလေးကိုပဲ မြင်ယောင်နေမိသည်အထိ ညို့ချက်ကပြင်းလွန်းပါ၏။ လက်မခံချင်ပါဘဲ လက်ခံလိုက်ရတဲ့အထိကို ချစ်ခြင်းတွေက နှလုံးသားရဲ့ အနက်ရှိုင်းဆုံးကို တိုးဝင်လာခဲ့တာပါ။

သူမကလေးကို ချစ်မိတဲ့အချစ်တွင် ရိုးသားဖြူစင်မှုတွေ ပကတိပြည့်နှက်နေခဲ့သည်။ သူမလေးနဲ့ပတ်သက်ပြီး သူဘာတွေသိလည်းမမေးနဲ့ ဘာမှကိုမသိခဲ့တာပါ။ သူမဆီမှာ ဘယ်လိုစိတ်မျိုးရှိသလဲဆိုတာလည်း စွဲညို့ငင် ဘာမှမသိပါ။

သူသိတာက တစ်ခုတည်းပါပဲ။

အဲဒါ ...





သူမကလေးကို အရမ်းချစ်တယ်ဆိုတာပဲလေ။

"တူယှဉ်မှီ ..."

"ရှင် ..."

"ကိုယ်လေ တစ်ခုတော့စိုးရိမ်တယ်ကွာ ..."

"ဘာကိုလဲ ကို ..."

"ကိုယ့်ကို တူယှဉ်မှီ တကယ်မချစ်မှာကိုလေ ..."

အို ...

တူယှဉ်မှီတစ်ယောက် သူ့စကားလေးကြောင့် စိတ်မလုံမလဲဖြစ်သွားရ၏။ သူသတိထားမိသွားတာလား။ သေချာတာကတော့ တူယှဉ်မှီဟာ သူနဲ့ပတ်သက်ရင်တော့ တကယ့်ကို သရုပ်ဆောင်ကောင်းနိုင်ခဲ့တာပါ။ သူမရဲ့စိတ်အစဉ်ကို စိုးမိုးထားတာက ဒေါ်မဟာစံပဲလေ။

"တူယှဉ်မှီ ..."

"ရှင် ..."

"ကိုယ်ပြောတာကြားရဲ့လားဟင်၊ ဘာတွေစဉ်းစားနေတာလဲ တူယှဉ်မှီရယ် ... အခုချိန်ထိ အေးတိအေးစက်ဖြစ်နေတာ ကိုယ်တော့ သိပ်စိတ်ပူတာပဲ တူယှဉ်မှီရယ် ..."

"ကိုကလည်းလေ ... ဘာတွေလျှောက်ပြီး စဉ်းစားနေမှန်းကိုမသိပါဘူး။ ဘယ်သူကမချစ်ဘဲနဲ့ အခုလိုလက်ထပ်ဖို့အထိ ရည်


www.burmeseclassic.com

www.burmeseclassic.com

ဒွေးသုံ့မလား ... ကိုယ့်ကို တူယုဉ်မှီချစ်ပါတယ်၊ ရင်ထဲအသည်းထဲက ကိုချစ်တာပါကို ... အဲဒါကိုတော့ ကိုယ့်ကြည်ပေးပါနော်"

ဒီစကားလေးကိုတော့ တူယုဉ်မှီက အမှန်အတိုင်းပဲ ဝန်ခံလိုက်မိပါသည်။ စွဲညို့ငင်ဆိုတဲ့ ယောက်ျားတစ်ယောက်ကို မထင်မှတ်ဘဲ ဒေါ်မဟာစံရဲ့ စံတော်ဝင်ရတနာကုမ္ပဏီရဲ့ လှေကားထစ်မှာ ဝင်တိုက်မိကကတည်းက သူမစွဲလမ်းသွားမိတာပါ။

ဒေါ်မဟာစံသားမို့ လုံးဝမချစ်သင့်တဲ့သူလို့ ဘယ်လိုပဲ မှတ်မိတ်သတိပေးနေနေ မသိစိတ်ထဲမှာတော့ သူ့ကိုချစ်မိနေတဲ့အချစ်တွေနဲ့ ပြည့်နှက်နေခဲ့သည်။ သူ့ကိုမုန်းတီးနာကြည်းရမယ်လို့ တွေးမိတိုင်း သူမရင်ထဲက နှလုံးသားလေးက နာကျင်စွာခံစားရတာ သူမထက် ဘယ်သူကများပိုပြီး သိနိုင်ပါ့မလဲလေ။

"တူယုဉ်မှီရယ် ... ကျေးဇူးတင်ပါတယ်ကွာ ... အခုလို ကိုယ့်ကိုချစ်တဲ့အတွက် အရမ်းဝမ်းသာတာပဲ ချစ်ရယ် ... "

"အို ... ကို ... "

တားဆီးသံလေးက နောက်ကျသွားခဲ့ပြီ။

အချစ်တွေနဲ့ပြည့်နှက်နေတဲ့ မွှတ်သိပ်တဲ့အနမ်းလေးတွေက ဖူးအိနေတဲ့ သူမနှုတ်ခမ်းလေးထက်မှာ ဖူးပွင့်လို့။ ကာရံမညီတဲ့ ရင်ခုန်သံလေးတွေက ချစ်သူနှစ်ဦးရဲ့ ရင်ထဲမှာသာ။

တခါတော့ ချိုမြိန်တဲ့ချစ်ခြင်းကလေးထဲမှာ တူယုဉ်မှီ ပျော်





...သွားတာမှားသွားသလား။ အနိုင်လိုချင်စိတ်တွေနဲ့သာ အရှိန်...ညို့ရှင်သန်နေရတာ သူမတစ်ခါတလေမှာ အသက်ရှူလို့တောင် ...တော့ပါ။ ဒါတွေအားလုံး သူ့ရင်ခွင်လေးထဲ တိုးဝင်ပြီး အမော...ဝန်းဖြေလိုက်တာ သူမမှားတော့မမှားပါဘူးနော်။ သိပ်ချစ်နေတာ...လေ။ သူမရင်ထဲက နှလုံးသားက စွဲညို့ငင်ဆိုတဲ့ သူ့ကိုမှ သိပ်ပြီး...နေခဲ့တာဆိုတော့လည်း ရန်သူလို့ ဘယ်လိုပဲ အသက်သွင်းသွင်း ...မြင်ရက်နိုင်လောက်အောင်ပဲ ရှိနေရတာပေါ့ကွယ်။

"ကို ... "

"ပြောလေ ... တူယုဉ်မှီ ... "

"လက်ထပ်မဲ့နေ့ကိုတော့ တူယုဉ်မှီပဲ စီစဉ်မယ်နော်"

"ဟင် ... ဟိုလေ ... လက်ထပ်ပွဲကိုအိမ်မှာပဲ တရားသူကြီး...ခေါ်ပို့ မာမီကစီစဉ်ထားပြီးပြီ တူယုဉ်မှီရဲ့ ... "

"ဟာ ... ကိုကလည်း အားလုံးကို မာမီစိတ်ကြိုက်ကြီးပဲ ...လုပ်နေရမှာလား ... မရဘူးကွာ၊ လက်ထပ်ပွဲကို တူယုဉ်မှီစီစဉ်မယ်"

"တူယုဉ်မှီကလည်းကွာ၊ ဘာဖြစ်လို့ ခေါင်းရှုတ်ခံချင်ရတာ...ခဲ ... မာမီစိတ်တိုင်းကျပဲလုပ်ပါစေ၊ တူယုဉ်မှီခေါင်းပေါ့အောင် ...ကိုက တမင်တောင်းဆိုထားတဲ့ဟာ မာမီပဲ အားလုံးစီစဉ်ပါလိမ့်မယ် ... "

"ကိုက တောင်းဆိုထားတာ ဟုတ်လား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... တူယုဉ်မှီရဲ့ မင်္ဂလာကိစ္စအဝဝကို ...
အားလုံးလုပ်ဆောင်ပေးပါလို့ ကိုပြောထားတာ၊ တူယုဉ်မှီကို ...
အပူမှသွားမပေးနဲ့လို့ မှာထားတာလေ ... တူယုဉ်မှီ ပင်ပန်းသွား...
စိုးလို့ ကိုလုပ်ခိုင်းထားတာ"

"ကို့မာမီက ဘာမှမပြောဘူးလား"

"ဘာပြောရမှာလဲ ... မာမီ့မှာ သားဆိုလို့ ကိုတစ်ယော...
တည်းပဲရှိတာလေ ... သူ့ရဲ့ တစ်ဦးတည်းသောသားရဲ့ မင်္ဂလာ...
ကိုယ်တိုင်ဦးစီးပြီး စီစဉ်ရတာလောက် ပီတိဖြစ်စရာ ဘာရှိဦး...
ပြီးတော့ ... တူယုဉ်မှီကလည်း မာမီသဘောကျတဲ့ ချွေးမပါပဲ...
အကောင်းဆုံးဖြစ်အောင်တော့ မာမီစီစဉ်ပေးမှာပါ ... စိတ်...
အေးသာနေပါကွာ"

တစ်မျိုးပဲ။

တူယုဉ်မှီပဲ စိတ်ထဲထင်နေလို့လား။ စွဲညို့ငင်က အေး...
နေခိုင်းပေမယ့် သူမစိတ်တွေ ပူနေမိသည်။ ဒေါ်မဟာစံ စီစဉ်...
မယ့်မင်္ဂလာပွဲကို စိတ်ထဲမှာ တစ်မျိုးကြီးခံစားနေရ၏။

ကိုကတောင်းဆိုထားတာဆိုတော့လည်း သူမဘာမှ...
ချင်။ ပြောရင်လဲ သူ့ဘက်ကအကြောင်းပြချက် တောင်းဦးမည်...

ဘာပဲပြောပြော ...

ကိုချစ်တဲ့အချစ်အပေါ်မှာတော့ သူမသံသယကင်း...





...မိသည်။ နေ့စဉ်မင်္ဂလာပွဲမှာတော့ ဒေါ်မဟာစံ ပုံစံကအေးအေး
...ဆေး တည်တည်ငြိမ်ငြိမ်ပါပဲ။ အကောင်းဆုံးပုံစံနဲ့ နေခဲ့တာ
...အမြင်ပဲ ဖြစ်သည်။

တူယုဉ်မှီ ...

စိုးရိမ်မှုတွေကြီးနေမိတာလဲ ဖြစ်ပါလိမ့်မည်။

စိတ်တွေ လျှော့ထားဦးမှပါပဲ။

♥ ♥ ♥

www.burmeseclassic.com

အခန်း ( ၂၀ )

လူကြီးချင်း စေ့စပ်စကားပြောပြီး သုံးရက်မြောက်နေ့ ထိုနေ့လေးတွင် စွဲညို့ငင်ဆိုတဲ့ သူနဲ့တူယှဉ်မှီဆိုတဲ့ ကျွန်မတို့ လ ထပ် လက်မှတ်ရေးထိုးဖြစ်ခဲ့ကြသည်။ ဒေါ်မဟာစံရဲ့ အစီအစဉ် ဒေါ်မဟာစံ ပိုင်ဆိုင်သောခြံဝန်းကျယ်ကြီးထဲက နှစ်ထပ်တိုက် ထဲမှာပဲ အခမ်းအနားကို ကျင်းပဖြစ်ခဲ့သည်။ လက်မှတ်ရေးထိုး မကြီးကျယ်လှပါ။ ဒေါ်မဟာစံ ဖိတ်ကြားခဲ့တဲ့ တရားသူကြီးရှေ့ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးဖြစ်ခဲ့ကြပါသည်။

စွဲညို့ငင်ဘက်က သက်သေနေရာတွင် ဒေါ်မဟာစံ ကိုယ် တိုင် လက်မှတ်ထိုးပြီး ဖိတ်ကြားထားတဲ့ မိတ်ဆွေတစ်ယောက် လက်မှတ်ရေးထိုး၏။ တူယှဉ်မှီဘက်ကတော့ သူငယ်ချင်းမ သဝဏ်လွှာနဲ့ မိခင်နေရာမှာ ဒေါ်စပယ်မွှေးက လက်မှတ်ရေးထိုး ပေးခဲ့သည်။

အစားအသောက်တွေကတော့ စုံစုံလင်လင်ပါပဲ။



www.burmeseclassic.com



ထိုနေ့က ...

ဒေါ်မဟာစံတစ်ယောက် ထင်ထားတာထက်ပင် ပို၍မြူး နေသည်ဟု တူယှဉ်မှီထင်မိသည်။ ရယ်မောသံလွင့်လွင့်လေးတွေက ဒေါ်မဟာစံရဲ့ နှုတ်ဖျားက မကြာခဏဆိုသလို စကားပြောနေရင်း ထွက်လာတတ်၏။

ဒေါ်ဒေါ်မွှေးကိုလည်း ဖော်ဖော်ရွှေရွှေ ဆက်ဆံပါသည်။

"တူယှဉ်မှီ ... "

"ရှင် ... "

"ပျော်လားဟင် ... "

"အင်း ... "

"ဟာကွာ ... ဘာလဲကွ ခေါင်းကြီးညိတ်တာ၊ ပါးစပ်ကဖြေ ကွာ ချစ်လေး ... အဲဒီလို အေးတိအေးစက်ကြီးလုပ်တာကို နည်း နည်းလေးမှ ကိုယ်မကြိုက်ဘူးနော်"

"အို ... "

ပြောလဲပြော ပါးကလေးကိုလဲ ရွှတ်ခနဲနေအောင် နမ်းလိုက် တဲ့ သူ့လုပ်ရပ်ကြောင့် ဘယ်သူတွေများမြင်သွားမလဲဆိုတဲ့ စိုးရိမ် စိတ်လေးနဲ့အတူ မျက်လုံးလေးဖြူးဘူးချီ၍ကြည့်မိတာက တူယှဉ်မှီရယ်ပါ။

"မမြင်ပါဘူးကွာ ... "

"ကိုနော် ... ဘယ်လိုဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အသံခပ်ကြိတ်ကြိတ်သတိပေးရင်း သူ့ခါးကို မသိမသာလေး ဆွဲလိမ်တော့ သူ့မျက်နှာက ရယ်ကျဲကျဲ။

"တူယှဉ်မှီ ..."

"ဟင် ..."

"လာဦး ... ကိုယ်မင်းကို ပြစရာရှိလို့ ..."

လက်ကိုခပ်တင်းတင်းဆုပ်ကိုင်ကာ ဆွဲခေါ်နေတဲ့ စွဲညို့ထင် နောက်ကို တူယှဉ်မှီ လိုက်သွားမိသည်။ သူက ဧည့်ခန်းကျယ်ကြီးထဲက လူတွေအားလုံးကို ကျောခိုင်းကာ လှေကားထစ်တွေအတိုင်း အပေါ်ထပ်သို့တက်သည်။

သူနဲ့အတူပင် သူမပါလိုက်တက်ခဲ့ရ၏။

မဟော်ဂနီရောင်ကျွန်းလှေကားကြီးပေါ် နှစ်ယောက်သား တက်ခဲ့ကြပြီး တိုက်ကြီးရဲ့အပေါ်ထပ်ရှိ အခန်းတံခါးတစ်ခုရဲ့လက် ကိုင်ဖုသီးလေး လှည့်ဖွင့်လိုက်သည်။

"ဒါ ... ကိုယ်တို့အတွက် မာမီပြင်ဆင်ပေးထားတဲ့ အခန်း လေ တူယှဉ်မှီ ..."

အခန်းလေးထဲတွင် ဖြည့်ဆည်းပေးထားတဲ့ အသုံးအဆောင် ပစ္စည်းတွေက အံ့မခန်းပါပဲ။ နဂါးရုပ်ပုံထုဆစ်ထားတဲ့ မင်္ဂလာကျွန်း ခုတင်ကြီးက မြင်ရသူအတွက် အားကျစရာ။ နံရံကပ်ဘီဒိုကြီးတွေ က အခန်းနံရံနဲ့တစ်ချပ်အပြည့်။ နံရံကပ်တီဗွီနဲ့ သက်တောင့်သက် သာကြည့်နိုင်မယ့် လိုက်ဖက်တဲ့နှစ်ယောက်တွဲ ဆိုဖာခုံ၊ စာရေး





စားပွဲနဲ့ နံရံကပ်စာအုပ်စင်လေးတွေနဲ့ ပြောစရာကိုမလိုလောက် အောင် ဒေါ်မဟာစံက ပြင်ဆင်ပေးထားတာပါ။

ရေချိုးခန်းနဲ့ သန့်စင်ခန်းကအစ ဘယ်အရာမှ လစ်ဟာမှု မရှိအောင်ကိုဘဲ ပစ္စည်းပစ္စယ စုံစုံလင်လင်နဲ့ ထည့်ပေးထားတာမို့ အသေးစိတ်အထိ ဒေါ်မဟာစံ သတိထားခဲ့တယ်ဆိုတာ သိသာ လွန်းလှပါသည်။

"ဘယ်နှယ့်လဲ ... တူယှဉ်မှီ၊ သဘောကျရဲ့လားဟင်"

"အင်း ..."

"ကြည့် ... ခေါင်းညိတ်ပြန်ပြီ၊ ပါးစပ်ကနေ ပွင့်ပွင့်လင်းလင်း ပြောပါဆိုကွာ ... ကိုယ့်ကိုအသည်းယားအောင် လုပ်ပြန်ပြီလား"

ပြောရင်း သန်မာတဲ့လက်တစ်စုံက တူယှဉ်မှီခန္ဓာကိုယ်လေး ဆီသို့ ရစ်နှောင်လာ၏။ တူယှဉ်မှီ လန့်သွားရသည်။ သူနဲ့နှစ်ယောက် တည်းပါလားဆိုတဲ့အသိကြောင့်လည်း ရင်ထဲအေးလှပ်လှပ်နဲ့။

"ကို ... လွှတ်ကွာ ..."

"သြော် ... ဒါတော့ ပြောတတ်တယ်ဟုတ်လား ... မလွှတ် ဘူးကွာ ... လုံးဝမလွှတ်ဘူး ... ကဲ ..."

"အို ..."

ပို၍တင်းကြပ်သော အပွေ့အဖက်နဲ့အတူ တားမရဆီးမနိုင် ပြီဆင်းကျလာတဲ့ သူ့အနမ်းတွေ။ တွန်းကန်ရုန်းဖယ်နေတဲ့ သူမ လက်တွေက တဖြည်းဖြည်းအင်အားမဲ့လာရသည်။ ရင်ခုန်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘြား အသိတရားတွေက ပျောက်ရှချင်နေ၏။

ဒီနေ့ ...

ကျွန်မတို့ တရားဝင်လက်ထပ်ပြီးကြပြီ။

ဘာပဲပြောပြော ...

တူယှဉ်မှီက သူ့ရဲ့ဇနီးမယားပဲလေ။

ထိုအသိကို ခေါင်းထဲထည့်မစဉ်းစားလို့မရဘူးဆိုပေမယ့် နှ ရှုံ့စိတ်တွေက တင်းခံချင်နေ၏။

"ကို ... လွှတ်ပါ ... "

တားဆီးသံက မပီမသ။

အသိစိတ်တွေထက် အချစ်စိတ်တွေနဲ့ ပျော်ဝင်နေတဲ့သူ့ကို ဘယ်လိုတားဆီးရပါ့မလဲ ... တူယှဉ်မှီဆိုတာ စွဲညို့ငင်ဆိုတဲ့ ယောကျာ်းတစ်ယောက် ပိုင်ဆိုင်တဲ့ဇနီးမယားတစ်ယောက်ထော

ပြီးတော့ ...

တူယှဉ်မှီကရော ...

လက်စားချေချင်စိတ်ကသက်သက်။ သူ့အပေါ်မှာ တွယ်ငြိ နေမိတာက သက်သက်ပဲမဟုတ်ပါလား။ ဒေါ်မဟာစံရဲ့သားဆိုတဲ့ အသိနဲ့ မုန်းစိတ်ကို ပျိုးထားရပေမယ့် ... ရင်ထဲက နူးညံ့တဲ့နှလုံး သားလေးထဲမှာတော့ ချစ်ခြင်းမေတ္တာတွေနဲ့သာ ပြည့်နှက်နေခဲ့ တယ်ဆိုတာတော့ အမှန်တရားပဲဖြစ်သည်။

"ချစ်တယ် ... တူယှဉ်မှီရယ်"





"မင်းလေးကို အရမ်းချစ်တာပဲကွာ ... "

အသံလေးက တိုးသွားလိုက်၊ ကျယ်လာလိုက် သူမနားစည် ထဲ တိုးဝင်လာကြသည်။

ချစ်တယ်တဲ့။

ယုံပါသည်။

ထိုစကားလေးကိုတော့ တူယှဉ်မှီအကြွင်းမဲ့ ယုံကြည်မိပါ သည်။

သူ့အနမ်းတွေက ကြမ်းသထက်ကြမ်းလာ၏။ အသက်ရှူသံ ခပ်ပြင်းပြင်းကို သူမကြားနေရသည်။ ခေါင်းခါယမ်းမိသလားဆိုတာ သူမကိုယ်သူမလည်း သတိမထားမိတော့ပါ။

သေချာတာကတော့ ...

အသစ်စက်စက် မင်္ဂလာခုတင်ကြီးရဲ့ ခေါင်းအုံးလေးထက် မှာတော့ မျက်ရည်လေးတစ်စက် စွန်းထင်ခဲ့တာတော့ အမှန်ပင်ဖြစ် တော့သည်။

ထိုမျက်ရည်စက်သည်။

သိပ်ချစ်လွန်းလို့ ကြွေဆင်းလာတာလား နာကြည်းမုန်း တီးလွန်းလို့ စီးကျလာတာလားဆိုတာတော့ ... ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၁ )

"မင်္ဂလာပွဲ ... ဟုတ်လား တူယုဥ်မှီ ... မင်းရဲ့မင်္ဂလာပွဲ ဘယ်တော့လုပ်ပေးမှာလဲလို့ မင်းလာမေးတာ ... ဟုတ်လား ... ဟား ဟား ဟား ... "

အို ...

ကြီးကျယ်ခမ်းနားထည်ဝါလွန်းတဲ့ ဧည့်ခန်းကြီးတစ်ခုလုံး လျှံတက်သွားသည်အထိ ဝါးလုံးကွဲမတတ် အော်ရယ်လိုက်တာက ဒေါ်မဟာစံ။ လက်ထပ်လက်မှတ်ရေးထိုးပြီးတာ သုံးရက်မြောက် နေ့ကိုရောက်လာတာတောင် မင်္ဂလာပွဲနဲ့ပတ်သက်ပြီး ဘာတစ်ခုမှ ဖွင့်ဟပြောဆိုခြင်း မရှိသေးချေ။

ရင်ပူလာရတာ တူယုဥ်မှီပါပဲ။

တစ်ခုခုဟာ အသေအချာလွဲချော်နေလောက်ပြီဆိုတာ တော့သိပါသည်။ သို့သော် ... ဘာရယ်ဆိုတာတော့ သူမမပြော ဘတ်ပါ။ ဒေါ်မဟာစံဘက်က တိတ်ဆိတ်ငြိမ်သက်လွန်းနေသလို





စွဲညှို့ငင်ကိုမေးတော့လဲ ရေရာတိကျတဲ့အဖြေက မရ။

နောက်ဆုံးတော့ ...

တူယုဥ်မှီ ဒေါ်မဟာစံနဲ့တွေ့ဆုံဖို့ ရောက်လာခဲ့ရပြီ။

"ဘာရယ်တာလဲ အန်တီ၊ ကျွန်မရဲ့မေးခွန်းထဲမှာ အန်တီ အတွက် ဘာဟာသပျက်လုံးပါသွားလို့ ... အခုလိုရယ်ရတာလဲ အန်တီ"

"ဟာသပျက်လုံး ... ဟုတ်တာပေါ့၊ ငါ့အတွက် မင်းပြော လိုက်တဲ့စကားက ဟာသပျက်လုံးပဲလေ ... မင်္ဂလာပွဲလို့ပြောရ အောင် မင်းကိုဘယ်သူက လုပ်ပေးမယ်ပြောလို့ ငါ့ကိုလာမေးနေရ တာလဲ တူယုဥ်မှီ ... "

"ဘယ်လို အန်တီ ... ဘာပြောလိုက်တယ်"

"မင်းမကြားလိုက်ဘူးလား ... တူယုဥ်မှီ၊ မင်းကိုမင်းသိပ် ပြီး ဟုတ်လှပြီလို့ထင်နေတာလား၊ မင်းဘယ်သူလဲဆိုတာ ငါသိပြီး သားပဲ တူယုဥ်မှီ ... "

မြတ်စွာဘုရား ...

တူယုဥ်မှီက ဘယ်သူလဲဆိုတာ ဒေါ်မဟာစံက သိနေပြီး သားတဲ့လေ။

"ဘာလဲ ... မင်းသိပ်ပြီး အံ့ဩသွားတာလားတူယုဥ်မှီ၊ ဒါမှ မဟုတ် သိပ်လန့်သွားတာလား"

"ဟင်း ... ဟင်း၊ မအံ့ဩပါဘူး အန်တီမဟာစံ ... ဒေါ်မဟာ



www.burmeseclassic.com

www.burmeseclassic.com



နံနဲ့တဲ့ အမျိုးသမီးကြီးဟာ လျှော့တွက်လို့မရတဲ့မိန်းမတစ်ယောက်ဆိုတာ အစောကြီးကတည်းက တွက်ထားပြီးသားပါ၊ ကျွန်မ သိပ်သွဲ့သွားတယ် ဒေါ်မဟာစံ ... ရှင်ယုံကြည်အောင် ဟန်မဆောင်နိုင်ခဲ့ဘူးလေ"

"တူယုဉ်မှီဆိုတဲ့နာမည်ကို ကြားကတည်းက မင်းအပေါ်မှာ သံသယရှိခဲ့တယ် ... မင်းဟာ သော်တာမှီသမီးပဲဖြစ်ရမယ်ဆိုတဲ့ အချက်ကို ငါ့ခေါင်းထဲမှာစွဲနေခဲ့တာလေ ... ထင်တဲ့အတိုင်းပဲ၊ မင်းက ယမင်းမှီရဲ့တူမဖြစ်နေခဲ့တယ် တူယုဉ်မှီ ... စပယ်မွှေးဆိုတာ မိမရှိ ဖမရှိ တစ်ကောင်ကြွက်မလေးပဲ၊ ညည်းအဘွားလက်ထက်ကတည်းက မွေးစားသလိုနဲ့ခေါ်ထားတဲ့အလုပ်သမားပဲ၊ လွန်ခဲ့တဲ့ သုံးနှစ်ဝန်းကျင်က ဘယ်မှာနေခဲ့သလဲဆိုတဲ့အဖြေကိုမရလို့ ငါ တပည့်တွေကို သေချာစုံစမ်းခိုင်းခဲ့တာလေ ... ကဲ ... ဘာပြောချင်သေးလဲ တူယုဉ်မှီ ... "

"ဘာပြောရမှာလဲ ဒေါ်မဟာစံ၊ ဝန်ခံရမှာပဲလေ ... ဟုတ်တယ် ဒေါ်မဟာစံ၊ တူယုဉ်မှီက ဒေါ်သော်တာမှီရဲ့သမီး၊ ဒေါ်ယမင်းမှီရဲ့တူမအရင်းပဲ ဒေါ်မဟာစံ ... ရှင့်ကို နှင်းဆီပန်းတွေပို့ပို့ပြီး စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်တဲ့သူကလည်း တူယုဉ်မှီဆိုတဲ့ ကျွန်မပဲလေ ... "

"ဟင်း ... ဟင်း ... သိတယ် ... သိတယ် ... ဟင်း၊ ဟင်း"

ကြည့်စမ်း ...





ဒေါ်မဟာစံ သဘောတွေကျပြီး သူမကိုလှောင်ရယ်နေပြန်သည်။

"နှင်းဆီပန်းသည်လေးကို မတော်တဆကားနဲ့ ပွတ်တိုက်မိချိန်ကစပြီး လေးလေးဦးတေဇာဟိန်းနားကို တိုးကပ်ခဲ့တဲ့ ရှင်ကြီးရဲ့လုပ်ရပ်ကြောင့် ကျွန်မရဲ့ကျေးဇူးရှင် အန်တီလေးနှလုံးရောဂါနဲ့ အသက်ဆုံးရှုံးခဲ့ရတာလေ ဒေါ်မဟာစံ ... နှင်းဆီအနီရဲရဲတစ်ပွင့်ကို ဦးတေဇာဟိန်းရင်ဘတ်က အိတ်ကပ်မှာထိုးစိုက်ပြီး အပိုင်ဖမ်းခဲ့တဲ့ ရှင့်ရဲ့လုပ်ရပ်ကြောင့် ကျွန်မတို့မိသားစုတွေအားလုံး စိတ်ဆင်းရဲမှုတွေနဲ့ စိတ်သောကရောက်မှုတွေနဲ့ ရှင်သန်ခဲ့ရတာလေ"

"အမလေး ... သိတယ် ... သိတယ် ... ငါလုပ်ခဲ့တဲ့လုပ်ရပ်တွေအားလုံး မင်းပြန်ပြောပြစရာမလိုလောက်အောင်ကို သိတယ် တူယုဉ်မှီ ... ဒါနဲ့များတော်င အဲဒီမိန်းမရဲ့သားကိုမှ မင်းကမင်္ဂလာပွဲဆင်နွှဲပြီး လူသိရှင်ကြား ယူဦးမလို့လား ... "

"မင်္ဂလာပွဲမဆင်နွှဲလည်း ကျွန်မနဲ့ဖွဲ့ညို့ငင်က တရားဝင်ဇနီးမောင်နှံဟုတ်တွေပဲလေ ... ကျွန်မတို့ တရားဝင်လက်ထပ်ထားကြပြီ ဒေါ်မဟာစံ ... ကျွန်မက ရှင်မလိုချင်တဲ့ ရှင့်ချွေးမပဲလေ"

"ဟင် ... ဟုတ်လား၊ မင်းက ငါ့ချွေးမ ... ဟုတ်လို့လား တူယုဉ်မှီ ... မင်းကိုတရားဝင် ငါ့ဖေ့စပ်ကမ်းလှမ်းထားတာပဲရှိသေးတယ် တူယုဉ်မှီ ... ဖေ့စပ်ပွဲဆိုတာ စိတ်သဘောထားချင်းမတိုက်ဆိုင်ရင် ဖျက်သိမ်းလို့ရတာပဲလေ ... တူယုဉ်မှီ ဟုတ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... ဘာပြောတာလဲ ဒေါ်မဟာစံ၊ ရှင် ... ရှင်"

"ဟား ... ဟား ... ဟား ... "

အို ...

ကြောက်စရာကောင်းလောက်အောင် ထွက်ပေါ်လာတဲ့ ဒေါ်မဟာစံရယ်မောသံကြီး။

"မင်းက ငွေခြေးမလုံးဝ မဟုတ်ဘူး တူယှဉ်မှီ ... မင်းတို့ လက်ထပ်ခဲ့ကြတယ်လို့ မင်းထင်သလား ... ဟား ... ဟား ပြစမ်း ပါဦး ... ငါ့သားနဲ့မင်း တရားဝင်လက်ထပ်ထားပါတယ်ဆိုတဲ့ အထောက်အထားတစ်ခု ... ပြလေ ... ဘယ်မှာလဲ မင်းကိုငါ့သား ယူထားပါတယ်ဆိုတဲ့သက်သေ ... "

ဟင် ...

အထောက်အထားတဲ့ ...

ဒေါ်မဟာစံက သက်သေထုတ်ပြခိုင်းနေပြီ။

တူယှဉ်မှီ သိလိုက်ပြီ။

သူမ လှလှပပကြီး ဒေါ်မဟာစံရဲ့ ထောင်ချောက်ထဲ တိုးဝင် သွားမိပြီဆိုတာပါပဲ။ စူးရှတဲ့မျက်ဝန်း၊ မဲ့ပြုံးတွေနဲ့ ကွေးညွတ်နေတဲ့ ဒေါ်မဟာစံရဲ့ပုံစံက သူမမျက်ဝန်းထဲမှာတော့ အကျည်းတန်လွန်း စွာပင် ရှိနေခဲ့သည်။

"ပြလေ ... တူယှဉ်မှီ၊ ငါ့သား မင်းကိုလက်ထပ်ထားပါတယ် ဆိုတဲ့ သက်သေအထောက်အထားကို ပြလေကွာ ... ဟား ... ဟား ... "

ဒေါ်မဟာစံ ရယ်မောသံကြီးက မိုးခြိမ်းသံကြီးအလား ထွက် ပေါ်လာခဲ့သည်။ တူယှဉ်မှီ မျက်လုံးအိမ်တွင် နာကြည်းခါးသီးခြင်း ကြောင့် မျက်ရည်များ စို့ဝဲတက်လာခဲ့ရ၏။

"ဘာလဲ တူယှဉ်မှီ ... ပြစရာမရှိတော့ဘူးလား ... ဟား ဟား ... "

ဟားတိုက်ရယ်မောသံက စူးစူးရှရှ။

"မတူရင် မတုရဘူး ... တူယှဉ်မှီရဲ့ ... မလောက်လေး လောက်စား အကြံဉာဏ်ကလေးနဲ့ စံတော်ဝင်ရတနာကုမ္ပဏီ ပိုင်ရှင် ဒေါ်မဟာစံကို လာတိုက်ခိုက်တာကိုး ... ဟား ... ဟား၊ ကျောက်တုံးကိုကြက်ဥကလာတိုက်တော့ ကြက်ဥပဲကွဲမှာပေါ့ တူ ယှဉ်မှီရယ် ... ဟား ... ဟား ... "

"သိပါတယ် ... ဒေါ်မဟာစံ၊ ရှင်ကြီး ဘယ်လောက်ကောက် ကျစ်တတ်တယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါကြောင့်လဲ ... ဟိုးလွန် ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က လမ်းဘေးမှာ နှင်းဆီပန်း ထက်ပွေ့ရောင်းခဲ့ရတဲ့ ဒေါ်မဟာစံက အခုလို စံတော်ဝင်ရတနာ ကုမ္ပဏီပိုင်ရှင် ဘဝရောက်အောင် တက်လှမ်းနိုင်ခဲ့တယ်ဆိုတာ တော်ရုံတန်ရုံ အကြံဉာဏ်လောက်နဲ့ မဟုတ်ဘူးဆိုတာ ကျွန်မသိ ပြီးသားပါ၊ ဒါပေမယ့် ... ရှင်ကြီးရဲ့လောဘတွေကြောင့် အပြစ်မရှိတဲ့ ကျွန်မအနန်တီလေးက သေပေးခဲ့ရတာလေ ... ရှင့်ရဲ့ကြီးပွားချမ်းသာ







www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်တွေကြောင့် ကျွန်မအန်တီလေးက မသိမသိုင်နေရာဖယ် ပေးခဲ့ရတာ တရားမျှတမှုမှ မရှိတာ ... ဘာကြောင့် ရက်ရက်စက် စက် ကျွန်မတို့မိသားစုကိုမှ ရွေးချယ်ခဲ့ရတာလဲ ဒေါ်မဟာစံ၊ ကျွန်မ ရှင့်ကိုအဲဒီအချက်ကြောင့် နာကြည်းခဲ့ရတာ ... ရှင်ကြီးကို အရမ်းမုန်း ခဲ့ရတာ ... ဒါကြောင့် ... ရှင်ကြီးကို တစ်ခုခုတုန့်ပြန်ရမှုကို ကျွန်မ ကျေနပ်နိုင်မယ် ဒေါ်မဟာစံ ... ”

“ဟား ... ဟား ... ဟား ... ”

ဒေါ်မဟာစံ အူလှိုက်သဲလှိုက် ရယ်ပြန်ပါပြီ။

“မှန်းပါ တူယှဉ်မှီ ... မင်း ငါ့ကိုမုန်းနိုင်ပါတယ်၊ ဒါပေမယ့် မင်းသိထားဖို့က မင်းရဲ့မဖြစ်စလောက် အမုန်းလေးနဲ့ စံတော်ဝင် ရတနာပိုင်ရှင် ဒေါ်မဟာစံကိုလဲပြိုအောင် ဖြိုလှဲလို့မရဘူးဆိုတာပဲ ဘာလဲ ... တူယှဉ်မှီ၊ မင်းက စံတော်ဝင်ရတနာကုမ္ပဏီနဲ့ ငါပိုင်ဆိုင် တဲ့ စည်းစိမ်ချမ်းသာမှုတွေအားလုံးကို လိုချင်တာလား၊ မင်းသိထား ဖို့က ဒီလိုအနေအထားထိရောက်အောင် ငါ့ရဲ့ပျော်ရွှင်မှုတွေ၊ လွတ် လပ်ပေါ့ပါးမှုတွေအားလုံးကို ပေးဆပ်ခဲ့ရတာ တူယှဉ်မှီရဲ့ ... သူများ အငြိုငြင်ခံ၊ အမုန်းတီးခံခဲ့ရတဲ့ ငါ့ရဲ့နေ့ရက်တွေကို မင်းသိလို့လား။ သူများတွေ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့ အနားယူအိပ်စက် နေတဲ့အချိန်မှာတောင် ငါ့မှာအနားမယူနိုင်ခဲ့ဘူးတူယှဉ်မှီ ... ငါ အလုပ်တွေကို ကြိုးကြိုးစားစားလုပ်ခဲ့ရတယ်၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း ကို စီးပွားရေးအတွက်ပဲ အချိန်ပေးခဲ့ရတာအေ့ ... ငါအခုလို အောင်





မြင်လာတော့မှ မင်းကအပိုင်လာသိမ်းချင်လို့ရမလား တူယှဉ်မှီ”

မဟုတ်ဘူး ... ဒေါ်မဟာစံ။

ကျွန်မ လောဘတက်လို့ ရှင်ပိုင်ဆိုင်တဲ့စည်းစိမ်ချမ်းသာမှု တွေကိုရအောင် လုပ်ခဲ့တာမဟုတ်ဘူး။ ရှင်ကြီး ရက်ရက်စက်စက် နည်းခြေအသုံးချခဲ့တာကို မခံနိုင်လို့လုပ်ခဲ့တာ။ ကျွန်မတို့ မိသားစု ဝင်တွေကိုမှ ရွေးချယ်ခဲ့လို့ တုန့်ပြန်ချင်တာ ဒေါ်မဟာစံရဲ့။

“အစကတော့ ... မင်းလို့ငါမထင်ခဲ့မိတာ အမှန်ပဲတူယှဉ်မှီ၊ ဒါကြောင့်လဲ ... နှစ်ဖက်လူကြီးချင်း စေ့စပ်ပေးဖို့ ငါကိုယ်တိုင် ကြည် ကြည်ဖြူဖြူပဲ လက်ခံခဲ့မိတယ်၊ အဲဒီစေ့စပ်ပွဲကို ငါလွှတ်ထားတဲ့လူ ရောက်လာမှပဲ အားလုံးသိခဲ့ရတာလေ ... မင်းဟာ ငါ့ကိုစိတ် အနှောက်အယှက်အမျိုးမျိုးပေးခဲ့တဲ့သူဆိုတာရယ်၊ ယမင်းမှီရဲ့တူမ အရင်းအချာဖြစ်နေတယ်ဆိုတာရယ်ပါ သိခဲ့တယ်လေ ... ဒါကြောင့် လဲ မင်္ဂလာကိစ္စနဲ့ပတ်သက်ပြီး ငါဘာမှဆက်မပြောဘဲ ဆွေးနွေး တိုင်ပင်ပါဦးမယ်ဆိုပြီး ချန်ထားခဲ့တာပဲ တူယှဉ်မှီ ... လက်ထပ်ပွဲ ဆိုတာလဲ ဟန်ဆောင်ကျင်းပခဲ့တာ၊ တရားသူကြီးဆိုတာလဲ အတုပဲ တူယှဉ်မှီ ... ငါ့သားကျေနပ်အောင်ပဲ ငါလုပ်ခဲ့တာ ... ”

“တော်တော့ ... တော်ပါတော့ ဒေါ်မဟာစံ၊ ဒီလောက်ဆို ရင် ကျွန်မသိလိုက်ပါပြီ၊ ဒါပေမယ့် ... ပွဲကမပြီးသေးပါဘူး ဒေါ်မဟာစံ ... ပွဲကအခုမှ တရားဝင်စသွားတယ်ဆိုတာတော့ ရှင် သိထားပေးပါ ... ကဲ ... ကျွန်မသွားလိုက်ပါဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... ဟင်း ... တူယှဉ်မှီရယ် ... ပွဲကအခုမှစတယ် ဘဲ့လား၊ အနိုင်အရှုံးက ဒီလောက်ပေါ်လွင်နေတာတောင် မင်းက ဒီလိုစကားမျိုးကိုပြောနိုင်သေးတယ်နော် ... အံ့ပါရဲ့တူယှဉ်မှီရယ် ဟင်း ... ဟင်း ..."

ဒေါ်မဟာစံ စကားသံတွေက ခါးသက်စရာကောင်းလှစွာ ပင် သူမနားစည်ထဲ တိုးဝင်လာခဲ့ပါသည်။

အံ့လေးကို တင်းနေအောင် စေ့ကြိတ်လိုက်မိသူက တူယှဉ် မှီ။

အနိုင်နဲ့အရှုံး။

သူမတကယ်ပဲ ရှုံးနိမ့်သွားတာလား။

ဟင့်အင်း ...

ကျွန်မ လက်မခံဘူး။

အဲဒီလို လွယ်လွယ်နဲ့ တူယှဉ်မှီ လက်မခံနိုင်ပါဘူး။

သို့ပေမယ့် ...

ရင်ထဲမှာတော့ နင့်သည်းမှုတွေက အပြည့်အလျှံနဲ့ပါ။ ဒေါ်မဟာစံ ရှေ့ကနေ ခေါင်းလေးမော့ ရင်လေးကော့ပြီး ထွက် လာခဲ့လိုက်သည်။

"ဩော် ... တူယှဉ်မှီ၊ မင်းနဲ့စေ့စပ်ပွဲက ပျက်ပြီနော်၊ မင်း မကျေနပ်ရင် တိုင်ချင်တဲ့နေရာမှာ မင်းရဲ့ဂုဏ်သိက္ခာကို အကျခံပြီး ဘိုင်နိုင်တယ်သိလား၊ မင်ကိုလျှော်ကြေး မျိုးမျိုးမြတ်မြတ်လေး ငါ





ပေးမှာပါ ..."

တောက် ...

တူယှဉ်မှီ ဒီတစ်ခါတော့ အသံလေးထွက်သွားရသည်။

"ဟင်း ... ဟင်း ..."

"ဟင်း ... ဟင်း ..."

ဒေါ်မဟာစံ ရယ်သံက သူမအနောက်ကနေ ထပ်ပါလာခဲ့ သလား။

သေချာတာကတော့ ...

သူမခန္ဓာကိုယ်တစ်ခုလုံး အမုန်းတရားတွေနဲ့ရှိနေခဲ့တယ်ဆို တာပါပဲလေ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂၂ )

"မင်း ... ကိုယ့်ကိုတွေ့ချင်တယ်ဆိုတာ ဘာအတွက်လဲ တူယှဉ်မှီ ..."

ဟင် ...

စွဲညို့ငင်ရဲ့မေးသံက အေးတိအေးစက်နဲ့မို့ တူယှဉ်မှီတင် အံ့သြသွားရသည်။ သူ့မျက်နှာကိုကြည့်တော့လဲ စိတ်ရှုတ်ထွေးမှုတွေနဲ့ ပြည့်နှက်နေသလိုမျိုး။

"ရှင် ... အားလုံးသိပြီးပြီလား ကိုစွဲညို့ငင်"

"ဘာကိုလဲ တူယှဉ်မှီ ... မင်းဘက်ကစိတ်ရှိတိုင်း ကိုယ်တို့ရဲ့မင်္ဂလာပွဲကို ဖျက်ပစ်လိုက်တဲ့အကြောင်းလား ... ကိုယ်သိပြီးပြီ တူယှဉ်မှီ ... မာမီပြောလို့ အကုန်သိပြီးပါပြီ ..."

"ဟင့်အင်း ... မဟုတ်ဘူး စွဲညို့ငင် ... ကျွန်မတို့မင်္ဂလာပွဲ မဟုတ်ဘူး၊ လက်ထပ်ခဲ့ကြတာလဲ အတုအယောင်ပဲဆိုတာ ရှင်သိ နေပြီးသားလားဆိုတာ ကျွန်မလာမေးတာပါ၊ ရှင့်အမေရဲ့အကွက်





တကျကျစီမံမှုမှာ ရှင်ကိုယ်တိုင်သိသိကြီးနဲ့ ပါဝင်ခဲ့တာလားဆိုတာကို သိချင်လို့ ရှင့်ကိုတွေ့ချင်တယ်ဆိုပြီး ချိန်းလိုက်တာပဲစွဲညို့ငင်"

"ဩော် ... ဒါလား ... အဟွန်း ... ဟွန်း ..."။

မြတ်စွာဘုရား ...

သူရယ်လိုက်တာလား။

ဟုတ်ပါတယ်။

သူ့အသေအချာကိုရယ်လိုက်တာကို သူမမြင်လိုက်ရသည် လေ။ ဒါဆို ... သူအားလုံးသိနေပြီးသားပေါ့နော်။ အတုအယောင် လက်ထပ်ပွဲဆိုတာ သိသိကြီးနဲ့သူမဘဝကို အပိုင်သိမ်းခဲ့တာများ လား။

ဘုရား ... ဘုရား ...

တူယှဉ်မှီ တကယ်ပဲညှို့ဖျင်းလွန်းလှတာပါလား။

သိပ်ချစ်ပါတယ်လို့ပြောခဲ့တဲ့ စကားလေးကို ဘာကြောင့် များ မစဉ်းစားမဆင်ခြင်ဘဲ ယုံကြည်ခဲ့ရတာပါပဲ။ တကယ်ဆိုရင် စွဲညို့ငင်ဆိုတာ ဒေါ်မဟာစံရဲ့သွေး၊ ဒေါ်မဟာစံသားပဲလေ။ ဒီ အချက်ကို သူမဘာကြောင့်များ မမြင်ခဲ့ရတာလဲ။ ရင်ထဲကချစ်ခြင်း မေတ္တာကိုပဲ အပြစ်တင်ရမလား။ အသုံးမကျတဲ့ နှလုံးသားက သူ့ကို မှ ချစ်မိသွားတာလေ။

"ရှင် ... ရှင် ..."

"မင်းဘာတွေထပ်ပြီး စွပ်စွဲဦးမလို့လဲ ... တူယှဉ်မှီ ... မာမီ



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ အကုန်လုံးကိုယ်သိထားပြီးပြီသိလား ... မင်းက မာမီအချ မုန်းတဲ့ နှင်းဆီပန်းတွေကို မရောက်ရောက်အောင်ပို့ပြီး ခြောက်လှ နေတဲ့သူတစ်ယောက်ဆိုတာကိုလေ တူယှဉ်မှီရဲ့ ... ကိုယ့်အနား တိုးကပ်လာတာ မာမီကို အနီးကပ်ခြိမ်းခြောက်ချင်တာရယ်၊ မင်း အလိုရှိတာကို အနီးကပ်တောင်းဆိုခွင့်ရဖို့အတွက်ရယ်ပဲ ရည်ရွယ် ထားတယ်ဆိုတာပါ ကိုယ်သိခဲ့ရတယ် တူယှဉ်မှီ၊ လက်ထပ်ပွဲ အတုအယောင်ပါလို့ မင်းကစွပ်စွဲပြီး မာမီကိုပြဿနာရှာသွားတယ် လို့ ကိုယ့်ကိုဖုန်းလှမ်းဆက်ပြီး မာမီအသိပေးတယ်လေ"

အမလေး ...

ကြောက်စရာကောင်းလိုက်တဲ့ ဒေါ်မဟာစံပါပဲ။

စွဲညို့ငင်နဲ့တူယှဉ်မှီကို မကွဲကွဲအောင်သွေးခွဲလိုက်ပုံများ အံ့သြချလောက်စရာ အကြောင်းပြချက်တွေ တသီတတန်းကြီး ချက်တင်ပြီးတော့ကို ဆွဲချပြခဲ့တာလေ။ မဟုတ်ပါဘူးလို့ ငြင်းရေ အောင်ကိုပဲ ဒေါ်မဟာစံက သက်သေတွေ ထုတ်ပြသွားတာပါ။

"မာမီပြောပြောချင်းတုန်းကတော့ ကိုယ်လုံးဝမယုံခဲ့ဘူး တူယှဉ်မှီ ... မင်းဘက်က ကိုယ့်ဆီအဆက်အသွယ်မလုပ်တော့ဘဲ ဖြတ်တောက်ထားလို့ ကိုယ်နေလို့မရအောင်ကို ခံစားခဲ့ရတယ်လေ မင်းကိုယ့်ကိုသိပ်ချစ်တယ်ဆိုတဲ့ အချက်ကိုပဲ ကိုယ်ကယုံကြည်ထား ခဲ့တာကို ... နောက်တော့ ... ကိုယ်လက်မခံချင်တဲ့ အချက်ကိုပဲ ခံခဲ့ရတယ်လေ၊ မင်းပြောခဲ့တဲ့ မင်းရဲ့အမေ ဒေါ်စပယ်မွှေးဆို





တာ မင်းအဖွားလက်ထပ်က မွေးစားထားတဲ့ အိမ်တော်ထိန်းကြီး ဖြစ်နေတယ်ဆိုတာပဲလေ၊ မင်းက ငါ့အမေရဲ့ပြိုင်ဘက် ဒေါ်သော် တာမှီရဲ့သမီးပဲ တူယှဉ်မှီ ... ဒေါ်သော်တာမှီသမီးဆိုရင် မင်းတို့ သဘောတူလက်ခံမှာ မဟုတ်မှန်းသိလို့ အကွက်ချစီစဉ်ပြီးမှ ကိုယ့် ရင်ခွင်ထဲကို တိုးဝင်ခဲ့တာတဲ့လေ ... ကိုယ် ... ကိုယ် ယုံတောင် မယုံနိုင်တော့ဘူး တူယှဉ်မှီရယ် ... "

"တော်တော့ ... တော်ပါတော့ ကိုစွဲညို့ငင် ... ကျွန်မ ရှင့်ကို ဘာစကားမှကို ဆက်ပြောစရာမရှိတော့သလို ရှင့်ဆီကလည်း ဘာစကားမှကို ကြားချင်စိတ်မရှိတော့ဘူး ... ရှင်တော်လိုက်တော့ စွဲညို့ငင် ... "

တားဆီးသံက မာဆတ်ပြတ်တောက်နေတာတော့ အမှန်ပဲ ဖြစ်သည်။ ဘာပဲပြောပြော သူမရင်ထဲက နှလုံးသားတွေက မခံစား နိုင်လောက်အောင်ပင် နာကျင်နေရတယ်ဆိုတာပါပဲ။ ဘယ်လိုဖြေ ရှင်းပြရမလဲ။ အမုန်းတွေ၊ အညိုးအတေးတွေ၊ နာကြည်းမှုတွေကြား ကနေ သူမရင်ထဲမှာ သူနဲ့ပတ်သက်ပြီး စစ်မှန်တဲ့ချစ်ခြင်းလေးတွေ ရှိခဲ့ပါတယ်ဆိုသည့်အကြောင်းကို သူလက်ခံယုံကြည်ပေးလာအောင် သူမဘယ်လိုရှင်းပြရပါ့မလဲ။

ဝမ်းနည်းလွန်းလို့ ဝေ့တက်လာတဲ့မျက်ရည်စတွေ သူ့ရှေ့မှာ ကျမလာအောင် မျက်တောင်ကော့စိပ်စိပ်လေးတွေကို ပုတ်ခတ်ပြီး ထိန်းချုပ်ထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မတော်နိုင်ဘူး ... တူယှဉ်မှီ၊ မင်းကိုမေးစရာရှိတာတော့ ကိုယ်ဆက်ပြီး မေးရဦးမှာပဲ ..."

" ... "

"မင်းကို ကိုယ်တစ်ခုမေးပါရစေ ... တူယှဉ်မှီ ..."

သူမခေါင်းလေးကို တအားခါယမ်းပစ်လိုက်မိသည်။

"မရဘူး တူယှဉ်မှီ ... မင်းဖြေမှရမယ်၊ မင်းရဲ့အဖြေက ကိုယ် မင်းအပေါ်မှာချစ်ခဲ့တဲ့ ချစ်ခြင်းမေတ္တာတွေအတွက် ဘယ်သောအခါမှ နောင်တမရဖို့အတွက်ပါ တူယှဉ်မှီ ... မင်း ကိုယ့်ကိုချစ်ခဲ့ဖူးလား တူယှဉ်မှီ ... ကိုယ့်ကို မင်းရင်ထဲမှာ ချစ်ခဲ့ဖူးရဲ့လားဆိုတဲ့အဖြေကို ဖြေပေးပါ"

ကိုစွဲညှို့ငင်ရယ်။

ရှင်မို့ အဲဒီမေးခွန်းကို မေးရက်တယ်နော်။

ရှင် ကျွန်မကို အယုံအကြည်မရှိဘူးဆို။ ရှင့်အမေပြောတာတွေကို အမှန်ပဲလို့ ရှင်ယုံကြည်ထားတယ်ဆို ကိုစွဲညှို့ငင်။ ဘာကြောင့် ... ကျွန်မကိုချစ်ခဲ့ဖူးရဲ့လားလို့ မေးခွန်းထုတ်နေသေးတာလဲရှင်။

ကျွန်မ ရှုံးပါတယ်။

ဘဝနဲ့ရင်းပြီးတော့လည်း ရှင့်အမေ ဒေါ်မဟာစံဆီမှာ ရှုံးနိမ့်ခဲ့တယ်။ အချစ်နဲ့ပတ်သက်ပြီးတော့လဲ စွဲညှို့ငင်ဆိုတဲ့ ရှင့်ဆီမှာ ရှုံးနိမ့်ခဲ့ရတယ်။ ကျွန်မ ဘာဆက်လုပ်လို့လုပ်ရမှန်းမသိအောင် ရှုံးနိမ့်ခဲ့တဲ့သူဆီမှာ ရှင်ဘာတွေထပ်ပြီး အနိုင်ပိုင်းဖို့ စဉ်းစားနေတာလဲဟင်။

တော်ပါတော့ရှင်။

တော်ကြပါတော့ရှင်။

ရှင်နဲ့စတွေ့တဲ့အချိန်ကစပြီး ကျွန်မကို ကျွန်မသိခဲ့တာက သိပ်မကြာခင်မှာ ရှုံးနိမ့်ရတော့မယ်ဆိုတဲ့အချက်ပါပဲ။

လှေကားထစ်လေးမှာ မထင်မှတ်ဘဲ ဝင်တိုက်မိချိန်ကစပြီး ညှို့ချက်ပြင်းတဲ့ ရှင့်အကြည့်နဲ့တင် ကျွန်မရင်ထဲက ရင်ခုန်သံလေးတွေက ထိန်းချုပ်လို့ကိုမရတော့တာလေ။ ရှင့်ကိုချစ်သွားမိတဲ့အချိန်ကစပြီး အရှုံးဆိုတာကို ကြေကွဲဝမ်းနည်းစရာကောင်းလောက်အောင်ပဲ ကျွန်မ လက်ခံလိုက်တာပါ ကိုစွဲညှို့ငင်ရယ်။

"တူယှဉ်မှီ ..."

" ... "

"ကိုယ်မင်းကို အရမ်းချစ်ခဲ့တယ် တူယှဉ်မှီ ..."

" ... "

"မင်းနဲ့ကိုယ့်မာမီနဲ့ကြားမှာ ဘယ်လိုအညှိုးအတေးတွေပဲ ရှိရှိ ကိုယ်မင်းကို သိပ်ချစ်တဲ့အချစ်ဟာ ထာဝရရှိနေခဲ့ပဲဆိုတာ မင်းသိထားပေးပါ ... အဲဒီအတွက်လဲ မင်းဘက်က ကိုယ့်ကိုချစ်ခဲ့တာ သီးသန့်ခံစားချက်လေးပါဆိုတာ ကိုယ့်ကိုပြောပါ ..."

"ဟင်း ... ဟင်း ..."







www.burmeseclassic.com

www.burmeseclassic.com



"ဟင်း … ဟင်း … "

"မင်း … မင်း … ဘာရယ်တာလဲတူယှဉ်မှီ … ကိုယ်စကားထဲမှာ မင်းအတွက် လှောင်ရယ်စရာပါသွားလို့လား … မင်း … မင်း … ကိုယ့်ကိုမချစ်ခဲ့ဘူးလား တူယှဉ်မှီ … "

"မချစ်ခဲ့ဘူး … စွဲညို့ငင်၊ ရှင့်ကို ကျွန်မလုံးဝမချစ်ခဲ့မိဘူး"

"ဟာ … "

"ဘာလဲ ကိုစွဲညို့ငင်၊ ရှင်အံ့သြသွားတာလား၊ ဒါမှမဟုတ် မအံ့သြပါဘဲ ဟန်ဆောင်ပြီး အံ့သြပြလိုက်တာလားကိုစွဲညို့ငင်၊ ရှင်ပဲပြောခဲ့တာလေ … ရှင့်အနားကို ကျွန်မက လက်စားချေချင်စိတ်တစ်ခုတည်းနဲ့ ချဉ်းကပ်ခဲ့တာရှင်သိပြီးပါပြီဆို၊ ဘာဖြစ်လို့ ဒီမေးခွန်းကိုရှင်ထပ်ပြီးမေးနေရသေးလဲ စွဲညို့ငင်ရယ် … ရှင့်အမေပြောတဲ့စကားတိုင်းကိုယုံကြည်နေတဲ့ရှင်က ဒီအချက်ကို နောက်တစ်ကြိမ်ထပ်ပြီးမေးနေရသေးလားရှင် … "

"တူယှဉ်မှီ … "

"ရှင်အကြွင်းမဲ့ယုံကြည်လိုက်ပါစွဲညို့ငင် … ရှင့်အမေပြောတာကိုပဲ ရှင်ယုံလိုက်ပါ … "

တူယှဉ်မှီရယ်။

ဖြုံစင်လိုက်တာကွာ။

မင်းလေးသိပ်ကိုဖြုံစင်လိုက်တာ။ တူယှဉ်မှီကလေးရယ်။

မင်းသိရဲ့လား တူယှဉ်မှီ။





မင်းနဲ့မာမီတို့အခြေအတင် စကားပြောနေတဲ့အချိန်မှာ ကိုယ်ရှိနေခဲ့တယ်ဆိုတာလေ။ ကိုယ့်ကုမ္ပဏီကို ထွက်သွားပြီလို့မာမီကထင်ပြီး မင်းရောက်လာတော့ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကျော်က အကြောင်းတွေကိုပြန်ပြောပြီး မင်းနဲ့အခြေအတင်စကားတွေပြောနေတာပေါ့။

တကယ်တော့ …

အဲဒီနေ့က ကုမ္ပဏီအစည်းအဝေးအတွက် လိုအပ်တဲ့စာရွက်စာတမ်းတွေ အခန်းထဲမှာကျန်ခဲ့လို့ ကိုယ်ပြန်လာယူခဲ့တာလေ။ ခြံနားရောက်မှ ဘာကြောင့်မှန်းမသိဘဲ စက်ကရပ်သွားလို့ အိမ်ဘေးကိုကြည့်ခိုင်းခဲ့ပြီး ကိုယ်ပဲခြံထဲကိုလမ်းလျှောက်ဝင်ခဲ့မိတယ်။

တိုက်ဝမှာ မင်းရဲ့ကားလေးရပ်ထားတာတွေ့တော့ ကိုယ်လေ အရမ်းကိုဝမ်းသာသွားမိတယ်ကွာ။ တွေ့ချင်နေတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ မင်းလေးက အိမ်ကိုရောက်နေတာဆိုတော့ ကိုယ်အရမ်းပျော်သွားမိတယ်။

ဒါပေမယ့် …

ကိုယ့်ရဲ့ပျော်ရွှင်မှုတွေက ကြာရှည်မခံခဲ့ဘူးတူယှဉ်မှီ။ မင်းနဲ့မာမီတို့ရဲ့စကားသံတွေက ကိုယ့်ရဲ့ပျော်ရွှင်မှုတွေကို အဆုံးသတ်ပစ်လိုက်တာပဲလေ။ ကိုယ်လေ … အရမ်းလဲဝမ်းနည်းကြေကွဲခဲ့ရတယ်။ ရှက်လည်းရှက်ခဲ့ရပါတယ်ကွာ။ မင်းတို့မိသားစုဝင်တွေအပေါ်မှာ အနိုင်ယူဗိုလ်ကျခဲ့တဲ့ မာမီရဲ့လုပ်ရပ်တွေကြောင့် ကိုယ်သိမင်းရှေ့မှာ မျက်နှာတောင် မပြရဲတော့တဲ့အထိကို သိမ်ငယ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောပါ။

ဒါကြောင့်လဲ ...

အဲဒီနေရာလေးကနေ အဝေးဆုံးကို ကိုယ်ပြန်ပြီးပြေးထွက်လာခဲ့တာပါ တူယှဉ်မှီရယ်။ အကြောင်းအရင်းမှန်တွေကို သိလိုက်ရလို့ မင်းနဲ့အဝေးဆုံးကို ကိုယ်ရှောင်ထွက်သွားခဲ့မိတာပါပဲကွာ။

မင်းသိရဲ့လား တူယှဉ်မှီ။

ကိုယ်မင်းကို အရမ်းချစ်တယ်ဆိုတာကိုပေါ့။

မင်းကို ...

ထင်မထားလောက်အောင်ပဲ ကိုယ်ရင်ထဲက နှလုံးသားတွေက ချစ်ခဲ့ပါတယ်ဆိုတာကိုပေါ့ တူယှဉ်မှီလေးရယ်။

"ရှင်မြဲမြဲမှတ်ထားဖို့က ရှင့်ကိုကျွန်မ အရမ်းမုန်းတယ်ဆိုတာပဲ စွဲညို့ငင်၊ ရှင့်အနားကိုရောက်အောင် နည်းမျိုးစုံနဲ့ တိုးကပ်ခဲ့တယ်ဆိုတာကလည်း ရှင့်အမေကို လက်စားချေချင်လို့ပဲဆိုတာ ယုံထားလိုက်ပါ ... ကဲ ... ကျွန်မ သွားမယ် ... "

ပြောပြီးတာနဲ့ ချာခနဲနေအောင် ကျောခိုင်းထွက်ခွာသွားတဲ့ တူယှဉ်မှီ။

နေရာလေးမှာငေးငိုင်ပြီး ကျန်နေရစ်ခဲ့တာကတော့ စွဲညို့ငင်ပဲ ဖြစ်ပါတော့သည်။

♥ ♥ ♥

အခန်း ( ၂၃ )

"ကဲ ... ငါမပြောဘူးလားတူယှဉ်မှီ ... ဒေါ်မဟာစံဆိုတဲ့ မိန်းမကြီးကသိပ်ပြီး ကြောက်စရာကောင်းပါတယ်လို့လေ၊ အဲဒီမိန်းမကြီးနဲ့သွားမယှဉ်ပါနဲ့လို့ ငါပြောခဲ့သားပဲတူယှဉ်မှီရယ်၊ ခုတော့ နင့်မှာဘဝလဲဆုံး၊ အချစ်လဲဆုံး၊ စည်းစိမ်ဥစ္စာတွေလဲဆုံးရှုံးခဲ့ရပြီမို့လား ... ဘာတွေထပ်တိုးပြီးရခဲ့လို့လဲ တူယှဉ်မှီ ... "

သဝဏ်လွှာတစ်ယောက် သူငယ်ချင်းမလေး တူယှဉ်မှီကိုကြည့်ပြီး ဒေါသတွေအကြီးအကျယ် ပေါက်ကွဲနေရချေပြီ။

သူမအတန်တန် သတိပေးနေတဲ့ကြားကနေ ဒေါ်မဟာစံကို သွားပြီးယှဉ်ပြိုင်တာလေ။ အခုတော့ ... အလဲလဲအကွဲကွဲခံလိုက်ရပြီ။

"သမီးလေးရယ် ... ဒေါ်ဒေါ်မွေး စိတ်မကောင်းလိုက်တာကွယ်၊ အဲဒါ ... ဒေါ်ဒေါ်မွေး ညံ့လို့သိလား၊ သူကပုသိမ်ကိုမရောက်ခင် ဘယ်မှာအိမ်ထောင်ကျပြီးနေတာလဲဆိုတာကို ဒေါ်ဒေါ်မွေး မဖြေနိုင်ခဲ့ဘူးလေ၊ ဒါကြောင့် ... အဲဒီဟာကွက်ကို ဒေါ်မဟာစံက ရိပ်မိသွားတာ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး ... အမေမွေး၊ အမေမွေးကြောင့်မဟုတ်ပါဘူး ဒူယှဉ်မှီ သိပ်ညံ့လို့ပါ၊ တူယှဉ်မှီရဲ့ အကြံအစည်တွေ ညံ့ဖျင်းလွန်းလို့သာ ရိုပ်မိတာပါ၊ ဒေါ်မဟာစံကို လျှော့တွက်လိုက်မိတာ"

တူယှဉ်မှီ ...

သူမကိုယ်သူမပဲ အပြစ်တွေတင်နေမိသည်။

တာဝန်မကျေနိုင်ခဲ့ဘူးလေ။

ကျေးဇူးရှင်အန်တီလေး ယမင်းမှီမတရားခံရတာကို ဘာမှ မလုပ်ပေးနိုင်ခဲ့ဘူး။ တူယှဉ်မှီ ညံ့တာပါ အန်တီလေးရယ်။ တူယှဉ်မှီရဲ့ အမှားတွေပါ။ တူယှဉ်မှီကို ခွင့်မလွှတ်ပါနဲ့အန်တီလေးရယ်။ ခွင့်မလွှတ်ပါနဲ့ရှင်။

ရင်ထဲကနေသာ အကြိမ်ကြိမ်ပြောနေမိတော့သည်။

"အံ့သြစရာကောင်းလိုက်တာ လက်ထပ်ပွဲက အတုတဲ့လား တော်တော်ဉာဏ်ပြေးတဲ့ ဒေါ်မဟာစံပဲ ... လုံးဝကိုမရိပ်မိအောင် ပိပိရိရိနဲ့ကို စီစဉ်ခဲ့တာ၊ လက်ထပ်စာချုပ်တွေရေးထိုးပြီးတာနဲ့ သူက တပည့်တစ်ယောက်ကို ကမ်းပေးပြီး သွားသိမ်းခိုင်းလိုက်တာကို၊ ထူးတော့ထူးဆန်းတယ်ထင်ပေမယ့် ... အဲဒီထူးဆန်းတဲ့အချက်ကိုပဲ ငါတို့က သတိမမူမိလိုက်တာလေ ..."

"တော်ပါတော့လွှာရယ် ... ဆက်မပြောပါနဲ့တော့ဟာ ငါ ဆက်ပြီးမခံစားနိုင်တော့လို့ပါလွှာရယ် ..."

"အေးပါဟယ် ... ငါမပြောတော့ပါဘူး၊ နင်အခုချိန်မှာ ဘယ်



လောက်တောင် ခံစားနေရတယ်ဆိုတာ ငါကိုယ်ချင်းစာလို့ရပါတယ်ဟာ ..."

"ငါ ... ငါအခံရဆုံးက သူ့ကိုမှသွားချစ်ခဲ့မိတဲ့ ငါ့ရဲ့နှလုံးသားတွေပဲလွှာ ... အရမ်းနာကျင်နေရတယ်"

"ငါသိပါတယ် တူယှဉ်မှီရယ် ... နင်နဲ့ငါ စံတော်ဝင်ရတနာ တူမွှေတီရှေ့ကိုသွားပြီး သူ့ကိုကြည့်တဲ့နေ့ကစပြီး အဲဒီအချက်ကို ငါ သိခဲ့တာပါဟာ ... ဒေါ်မဟာစံရဲ့ တစ်ဦးတည်းသောသားဆိုတဲ့အသိနဲ့တင် နင့်ရင်ထဲကနှလုံးသားတွေ ကြေမွသွားခဲ့တာ ငါမသိဘဲနေပါ့မလားဟယ် ..."

"ကံကြမ္မာက အရမ်းရက်စက်တာပဲလွှာရယ် ... ငါ့ရင်ထဲက နှလုံးသားတွေကို သူနဲ့မှချစ်ခိုင်းခဲ့ရတာလဲ ဘယ်လိုမှမဖြစ်နိုင်ပါဘူးဆိုတဲ့ ဒေါ်မဟာစံ သားနဲ့မှလေ"

"အေးလေဟယ် ..."

"ခုတော့ ... ငါဘာဆက်လုပ်ရတော့မလဲလွှာရယ်"

တူယှဉ်မှီရယ် ...

ငါ နင့်ကိုသနားလိုက်တာဟယ်။

နင်အရမ်းခံစားနေရတာကိုသိလေလေ ငါနင့်ကိုပိုပြီးသနားမိလေလေပဲ တူယှဉ်မှီရယ်။

"မမတူယှဉ်မှီ ..."

**အိမ်အကူကောင်မလေးအေးမိက သတင်းစာလေးယူလာ**

**ဖိုးလပြည့်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ပြီး သူမကိုခေါ်သည်။ အားလုံးရဲ့မျက်ဝန်းအကြည့်တွေ အေးမိထံ ခုပုံရောက်သွား၏။ အေးမိက မျက်စိမျက်နှာလေးပျက်ကာ သတင်း စာလေးကို သူမထံထိုးပေးသည်။

"ဘာလဲဟင် အေးမိ ..."

"သတင်းစာကို မမ ဖတ်ကြည့်လေ ..."

သူမလှမ်းယူပြီး လှန်လှောဖတ်လိုက်တော့ နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းတဲ့။

နှစ်ဦးသဘောထားချင်းမတိုက်ဆိုင်သဖြင့် စေ့စပ်ကြောင်း လမ်းခြင်းကို ဖျက်သိမ်းလိုက်ကြောင်း ထည့်ကြော်ငြာထားသည်။

ဩ ...

ဒေါ်မဟာစံ လက်ချက်ပဲဆိုတာမေးစရာမလိုလောက် အောင်ပင် သိလိုက်ပါသည်။

"ကောင်းပါတယ်လေ ... အားလုံးပြီးဆုံးသွားတာပေါ့"

"သေချာလို့လား ... တူယုဉ်မှီ ..."

သဝဏ်လွှာ ဘာကိုမေးသလဲဆိုတာ တူယုဉ်မှီသိပါသည်။ ဒေါ်ဒေါ်မွှေးကတော့ စိတ်မကောင်းလွန်းသဖြင့် မျက်ရည်တွေ တပေါက်ပေါက်ကျကာ ခြည်ခန်းလေးထဲ ထိုင်နေရာကနေ ထသွား၏။

"မသေချာတော့ရော ငါဘာဆက်လုပ်လို့ရတော့မလဲလွှား ငါ ... ငါစွဲညို့ငင်ကို တကယ်ပဲချစ်မိသွားတာလေ ... အဲဒီအတွက်





အရမ်းကို ရှုံးနိမ့်သွားပြီလွှာ ... အခု ... ဒေါ်မဟာစံက အားလုံး ကို အဆုံးသတ်ပေးသွားပြီလွှာ ..."

"ငါ ... စွဲညို့ငင်ကို တကယ်အနှံခြတယ်တူယုဉ်မှီ ... သူဟာ ဒေါ်မဟာစံရဲ့သွေးသားရင်းချာတစ်ယောက်ဆိုပေမယ့် ဒေါ်မဟာစံ စိတ်ဓာတ်မျိုးရှိနေလိမ့်မယ်လို့ မထင်မိဘူး နှင့်တို့သူအရမ်းချစ်လိမ့် မယ်လို့ပဲ ထင်ခဲ့တာ ..."

"အဟင်း ... ဟင်း ..."

"နင်လဲ အဲဒီလိုပဲတွက်ခဲ့တယ်မဟုတ်လား တူယုဉ်မှီ"

"ငါကသိပ်တော့မတွက်ခဲ့ပါဘူး လွှာရယ်၊ လူ့စိတ်ဆိုတာ ခန့် မှန်းရဘယ်လောက်ခက်သလဲဆိုတာ နင်လည်းသိတာပဲဟာ၊ ငါ အဲဒီလောက်ထိ သူ့ဆီကမမျှော်မှန်းခဲ့ပါဘူးလွှာ ... ငါ သူနဲ့တရားဝင် လက်ထပ်မယ်၊ ပြီးရင် ဒေါ်မဟာစံကို အနီးကပ်စိတ်ဆင်းရဲအောင် လုပ်မယ်၊ ငါဒါပဲ စဉ်းစားခဲ့တယ် ... သူ့ကိုချစ်တဲ့အချစ်တွေကတော့ နှလုံးသားရဲ့ တစ်ထောင့်တစ်နေရာမှာရှိနေပြီးသားပဲလေ၊ သူ့ ဘက်က ပြန်ပေးဆပ်တာကတော့ သူ့သဘောအတိုင်းပေါ့ဟာ"

"ငါသိပါတယ် တူယုဉ်မှီရယ် ..."

"ငါလေ ... နင်သိသလို ငါသူ့ကိုသိစေချင်တယ်လွှာ ... တစ်နည်းအားဖြင့် ဒေါ်မဟာစံပြောပြတဲ့အကြောင်းအရာတွေထက် ပိုပြီးမှန်ကန်တဲ့အဖြစ်အပျက်တွေကိုပေါ့၊ ဒါပေမယ့် ... ငါ့ဘက်က ဘယ်လောက်ပဲ ဆန္ဒတွေပြင်းထန်နေနေ ... သူကတော့ သူ့အမေ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာကိုပဲ လက်ခံယုံကြည်မှာပေါ့လေ ... ဒါကလည်း သူ့ဘက်ကအမှားတော့ မဟုတ်ပါဘူး၊ ဒေါ်မဟာစံက အဒေါ်ဆိုပေမယ့် မိခင်တစ်ယောက်ထက်တောင် သူ့အပေါ်ကိုကောင်းခဲ့တာကို သူ့ဘက်လိုလုပ်ပြီးပစ်ပယ်နိုင်မှာလဲလေ ... ငါလဲ အနိတ်ီလေးအပေါ်မှာ သူ့လိုခံစားချက်မျိုး ထားခဲ့တာပဲလေလွှာ ... ”

“နင် ... သူ့ကိုနားလည်ပေးနေတာလား တူယှဉ်မှီ”

“ငါက သဘာဝတရားကိုပြောတာပါလွှာ၊ ဒါပေမယ့် ... သူ့ငါ့အပေါ် ရက်စက်ရာကျနေတာကိုတော့ ငါဘယ်တော့မှမေ့ဖျောက်နိုင်မှာမဟုတ်တော့ပါဘူးဟာ ... ဒါဟာ သိပ်ချစ်လွန်းလို့သိပ်မုန်းသွားတာပဲပြောပြော ... အမုန်းခာတ်ခံရှိလို့ပဲဆိုဆို ကိုယ့်ကိုမချစ်လို့ထားသွားတဲ့ယောက်ျားတစ်ယောက်ကိုတော့ ဒူးထောက်အညံ့ခံမျက်ရည်ခံထိုးပြဖို့ စိတ်ကူး လုံးဝ မရှိတာတော့အမှန်ပဲလွှာ”

“တူယှဉ်မှီရယ် ... နင် ... သူနဲ့တွေ့တုန်းက တစ်ခါတည်းဘာဖြစ်လို့ ရှင်းမပြခဲ့ရတာလဲဟင် ... နင်သာရှင်းပြခဲ့ရင် အဖြေကအခုလောက် အထွက်ဆိုးမှာမဟုတ်ဘူး တူယှဉ်မှီ ... ”

“ဟင့်အင်း ... လွှာ၊ အဲဒီအခြေအနေကိုပဲ ငါတို့နှစ်ယောက်က မရောက်ခဲ့ကြတာပါ”

“ဒေါ်မဟာစံရဲ့အကြောင်းပြချက်တွေက အရမ်းနိုင်လုံသွားလို့ပဲဖြစ်မယ် ... တူယှဉ်မှီ ... ”

“အင်း ... ”





“နင် ... စိတ်လျှော့လိုက်ပြီလား တူယှဉ်မှီ ... ”

“မလျှော့ပါဘူးလွှာ ... ဒေါ်မဟာစံကို ငါဘက်ကစပြီး စိမ်ခေါ်ခဲ့တာပဲဟာ ... ဒေါ်မဟာစံ လဲပြိုကျသွားတဲ့အထိကို ငါကဆက်ကြိုးစားဦးမှာ ... ”

“နင် ... နင် ... ဘယ်လိုကြိုးစားမှာလဲ”

“ငါရဲ့အခုံးမဲ့မျှော်လင့်ခြင်းက စွဲညှို့ငင်နဲ့ နောက်ဆုံးတစ်နေ့မှာ လက်ထပ်ခြင်းပဲလေ လွှာရဲ့ ... စွဲညှို့ငင်ဟာ ငါ့ကို ဒူးထောက်တောင်းပန်ပြီးတော့ တရားဝင် အခမ်းနားဆုံးလက်ထပ်မင်္ဂလာပွဲကြီးတစ်ခုနဲ့ ... ဒီဇာတ်လမ်းကို အဆုံးသတ်နိုင်အောင် ငါကြိုးစားမယ်”

“တူယှဉ်မှီရယ် ... နင် ... နင် ... ”

“နင် ... စောင့်ကြည့်လိုက်ဦးပေါ့လွှာ ... နှလုံးသားချင်းပူးထပ်ပြီး လောင်းရတဲ့ပြိုင်ပွဲဆိုတာ တစ်ဖက်ဖက်ကတော့ မျက်ရည်နဲ့အရှုံးပေးရစမြဲပဲ ... အဲဒီမျက်ရည်ဟာ ငါ့ပါးပြင်လေးနှစ်ဖက်ပေါ်ကို ဘယ်တော့မှ ဖြတ်သန်းစီးကျမလာစေရဘူးဆိုတာ ငါကတိပေးတယ် နင်ငါ့ကိုယုံပါ ... အကောင်းဆုံးနဲ့ တရားအမျှတဆုံး ယှဉ်ပြိုင်သွားမယ့် ဒီပြိုင်ပွဲကြီးမှာ ငါ့ခံစားချက်နဲ့ ငါ့ရဲ့ကြေကွဲမှုတွေကို လက်ခံအသိအမှတ်ပြုပေးနိုင်မယ့် နင့်ဆီက လက်ခုပ်သံလေးတစ်ခုကိုတော့ ငါကြားချင်မိတာ အမှန်ပဲ ... လွှာ ... ”

“တူ ... တူယှဉ်မှီရယ် ... ဒီလက်ခုပ်သံလေးကို ငါကြား



www.burmeseclassic.com

www.burmeseclassic.com



အောင် ငါတီးပေးမှာပေါ့ … နင် … နင် အားမငယ်နဲ့နော် တူယှဉ်မှီ … နင့်ကို ဒေါ်မဟာစံက အနိုင်ယူသွားတယ်ဆိုတာ ခဏပဲဖြစ်မှာပါ၊ စွဲညို့ငင်ကလည်း နင့်ကိုအရမ်းချစ်နေတာပဲဟာ … ငါယုံတယ်၊ ဒီနောက်ဆုံးပြိုင်ပွဲမှာ နင်နိုင်ကိုနိုင်ရမယ် … အဲဒါ ငါသေချာပေါက်လောင်းကြေးထပ်ရဲတယ်သိလား တူယှဉ်မှီ … ”

“ဟင်း … ဟင်း … နင် ခုလိုအားပေးတာ ငါကျေးဇူးအရမ်းတင်တယ်သိလားလွှာ … လက်ရှိအချိန်မှာ ဒေါ်မဟာစံကို ငါရှုံးခဲ့ရပေမယ့် ဒီပြိုင်ပွဲက ပြီးဆုံးခြင်းတစ်ခုဆီကို မရောက်သေးဘူးလေလွှာရဲ့ … ငါအရောက်သွားချင်တာက ညို့ချက်ပြင်းတဲ့ ချစ်ခြင်းတွေရှိနေတဲ့နေရာတစ်ခုဆီကို အရောက်သွားချင်တာ”

“ဘုရားရေ … ညို့ချက်ပြင်းတဲ့ ချစ်ခြင်းတွေဆီကို နင်က သွားချင်တာ ဟုတ်လား”

“ဟား … ဟား … ”

နောက်ဆုံးမှာတော့ သူမရဲ့ ရယ်မောလိုက်သံလေးတစ်ခုကသာ အခန်းထဲမှာ ပျံ့နှံ့လို့သွားခဲ့ရသည်။ လွှာကတော့ မျက်တောင်ရှည်လေးတွေကို ကော့ဆန်ပင့်တင်ကာကြည့်ရင်း မျက်ဝန်းလေးတွေ ပြုံးကျယ်ဝိုင်းစက်လို့နေခဲ့ပြီ။

♥ ♥ ♥

အခန်း ( ၂၄ )

“ရော့ … လွှာ … ဒီလက်ထပ်မင်္ဂလာဖိတ်စာလေးက မခန့်နားဘူးလား … နင်ဖွင့်ကြည့်ပြီးတော့ ငါ့ကို အကြံဉာဏ်လေး ပေးပါဦး”

“အို … ဟယ် … တူယှဉ်မှီ … နင် … နင် …”

ဖိတ်စာလေးကို ဖွင့်ဖောက်ကြည့်ပြီး လွှာ့တစ်ကိုယ်လုံးကို အေးစက်သွားအောင် ထိုဖိတ်စာလှလှလေးက လွှာ့ကိုစွဲဆောင်သွားခဲ့သည်။

“ဟွန်း … အဲဒါပဲလေလွှာ … ဒါ … ငါ့ရဲ့ နောက်ဆုံးစိမ်ခေါ်မှုတစ်ခုကိုပြချင်လို့ ဒီဖိတ်စာလေးကို အကောင်းဆုံးပြင်ဆင်ထားလိုက်တာ၊ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်းဆိုတဲ့ ခေါင်းစဉ်လေးတစ်ခုအောက်မှာ မင်္ဂလာ ညစာစားပွဲကြီးတစ်ခုကို တက်ရောက်ဖို့ ဖိတ်ကြားထားတဲ့ဖိတ်စာလေ လွှာရဲ့ … ”

“ဒါ … ဒါကို စွဲညို့ငင်ဆီက သဘောတူခွင့်ပြုချက်ကို နင်



www.burmeseclassic.com

www.burmeseclassic.com



နရသေးဘဲနဲ့ နှင် ဒီလိုစီစဉ်လိုက်တာ … တစ်ဖက်သတ်ဆန်မနေ ဘူးလား၊ ဒေါ်မဟာစံသိသွားရင်ကော ဘာတွေဖြစ်လာနိုင်မလဲ ဒုက္ခပါပဲ တူယှဉ်မှီရယ် … နှင် နှင်လုပ်ဟာ အရမ်းမိုက်ရူးရဲဆန်နေပြီ ထင်တယ်တူယှဉ်မှီ၊ နှင့်နှလုံးသားထဲကဆန္ဒတွေ ရည်ရွယ်ချက်တွေ ကို ငါလိုက်လို့တောင်မမှီတော့ဘူး … နှင် … နှင် … ”

“ဟွန်း … ဟုတ်တာပေါ့လွှာ၊ ငါတို့နှစ်ယောက်ရဲ့နှစ်ဦး သဘောတူလက်ထပ်ပြီးစီးခြင်း ဖိတ်စာလေးကို မြင်လိုက်တာနဲ့ နှင် ဒီလိုဖြစ်လို့ ဝေဖန်တော့မယ်ဆိုတာ … ငါကြိုတင် တွက်ထားပြီး သားပါလွှာရယ် … ဟား … ဟား … အဲဒါ နှလုံးသားထဲကလာတဲ့ ဆန္ဒတွေ အမှန်တရားတွေနဲ့ စွဲညို့ငင်ကို သတို့သားနေရာကနေ ပါဝင်ပေးဖို့ ငါကိုယ်တိုင် စိမ်ခေါ်ဖိတ်ကြားရမယ့် ဖိတ်စာလေးပဲလေ ဒီ … ဖိတ်စာလေးကို စွဲညို့ငင်ဆီ အရောက်ပို့ပေးပြီးတော့ … သူတို့ရဲ့ အသိုင်းအဝိုင်းကြီးတစ်ခုလုံးကို ငါစိမ်ခေါ်မယ်၊ ဒီမင်္ဂလာ ညစာစားပွဲကြီးကို စွဲညို့ငင် အရောက်လာစေရမယ်”

“သူ … သူမလာရင် အရှုံးပေါ်အရှုံးဆင့်ပြီး နှင်ပဲအရှက်ကွဲ ရမှာနော် တူယှဉ်မှီ … သိပ်ကိုလျော်ကြေးကြီးမားတဲ့ အလောင်း အစားတစ်ခုကို မာနတွေ ဂုဏ်သိက္ခာတွေနဲ့ရင်းပြီး … နှင်လောင်း ကြေးမထပ်သင့်ဘူး … ”

“ဟင်း … နှင်စောင့်ကြည့်လိုက်စမ်းပါလွှာရယ်၊ ငါ … ငါက ဖိတ်စာလေးကိုကိုင်ပြီး အခုပဲ စွဲညို့ငင်ဆီကိုသွားတော့မှာ …





စွဲညို့ငင်ကလည်း ဒီနေ့ပဲ ကုမ္ပဏီမှာ အခမ်းအနားကြီးတစ်ခုကို ကျင်းပပြီး ကုမ္ပဏီရဲ့ ဦးဆောင်မန်နေဂျင်းဒါရိုက်တာရာထူးကို တခမ်းတနား လွှဲပြောင်းလက်ခံယူတော့မှာလေ”

“ဘယ်သူ … ဘယ်သူကလွှဲပေးတာလဲဟင် ဒေါ်မဟာစံက လွှဲပေးတာလား”

“ဒါပဲလေ … လွှာရဲ့၊ သတင်းစာမှာ ဈေးပေါက်ကြောင်းလမ်း ခြင်းဖျက်သိမ်းတာကို စွဲညို့ငင်က မကန့်ကွက်လို့ … အမေ ဒေါ်မဟာစံက အမွေတွေရော လုပ်ငန်းတွေကိုပါ စွဲညို့ငင်ကို အပြီးအပိုင်လွှဲ ပြောင်းပေးအပ်တဲ့ အခမ်းအနားတဲ့ … ”

“ဟင် … ဒါဆို ဒီအခမ်းအနားကို နှင်သွားတက်မှာလား”

“တက်ရမှာပေါ့ဟာ … မတက်လို့ရမလား၊ ငါကလဲ ဒီအခမ်း အနားကို တက်လာတဲ့ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကို ဒီဖိတ် စာတွေဝေရင်း ဒေါ်မဟာစံနဲ့ငါနဲ့ နှစ်ယောက်ကြားမှာရှိတဲ့ အရှုံးနဲ့ အနိုင်ကို ပြတ်ပြတ်သားသား ခွဲခြားသတ်မှတ်လို့ရအောင် ကြိုးစားရ တော့မှာ … ”

“တူယှဉ်မှီရယ် … နှင့်အစား ငါရင်မောလိုက်တာ”

“မမောပါနဲ့လွှာရယ် … နှင်ကတော့ … ထားလေးမောင်း ပြီး ငါ့ကို လိုက်ပို့ရုံတင်ပို့ပေးနော် … ဦးတော့ … ကားပါကင်မှာ ကားရပ်ပြီး နှင် ငါ့ကို စောင့်နေပေါ့”

“ဒါဆို … ဒီဖိတ်စာထဲမှာပါတဲ့အတိုင်း မင်္ဂလာညစာစားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပမယ့် အစီအစဉ်တွေအားလုံးကို နင်အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားပြီးပြီပေါ့”

“အားလုံးပြီးပြီလေ ...”

“သွက်လိုက်တာ တူယှဉ်မှီရယ် ...”

“ကဲ ... ပြောနေတာကြာတယ်လေလွှာရဲ့ ... ဒေါ်မဟာစံ ပိုင်ဆိုင်ရာ စံတော်ဝင်ကုမ္ပဏီကြီးဆီကို တို့တွေ ချီတက်လိုက်ကြ ဦးစို့ရဲ့ ...”

တူယှဉ်မှီက မျက်နှာလေးပြုံးကာ သွက်လက်နေသလောက် လွှာကတော့ ရင်တထိတ်ထိတ်ခုန်ကာ တစ်ကိုယ်လုံးအေးစက်လို့။

ကုမ္ပဏီကြီးရှေ့ကိုရောက်လို့ ကားပါကင်ကွက်လပ်ကလေး မှာ ကားကိုထိုးရပ်တော့ ကုမ္ပဏီလုံခြုံရေးမှူး ဦးတိုးက ခြေလှမ်းကျဲ ကြီးတွေနဲ့ ကားဆီကို အပြေးကလေးလှမ်းလို့လာနေခဲ့တာလေ။

“မပြေးနဲ့ ... မပြေးနဲ့ ... မင်းကို ဖမ်းချင်လို့ငါစောင့်နေတာ ကြာပြီလေ သူရဲမလေးရဲ့ ... ကြည့်ပါဦး ဟိုတစ်ခါလာသွားတုန်းက ဝတ်စုံလေးကိုဝတ်ပြီး မင်းပြန်ရောက်လာလို့ မင်းကိုမှတ်မိသွားတာ ဟား ... ဟား ... ဒီတစ်ခါတော့ မင်းပြေးလို့မလွတ်တော့ဘူးလေ သရဲမလေး ... ဆင်းစမ်း ... ဆင်းစမ်း ... ကားအောက်ကို မင်းတစ် ခါတည်းဆင်းလိုက်စမ်း ...”

“ဟယ် ... ဟုတ်တယ်နော် လွှာ ... အံ့ဩဖို့တောင် ကောင်း ...ဘာ၊ ငါကလည်း ဒါကိုမေ့ပြီး ဒီနေ့မှ အလန်းစတိုင်လ်လေးနဲ့





ခပ်ဟော့ဟော့လေး ထွက်လာမိခဲ့တာလေ”

“ကဲ ... ဘယ်လိုလုပ်မလဲ ဂိတ်မှူးဦးတိုးကတော့ သရဲမ လေးကို မိပြီဆိုပြီး အရမ်းပျော်နေပြီ ... ဒါကိုပဲ အရင်ဖြေရှင်းဖို့ နင်ကြိုးစား ဟိုက ... နင့်ကိုအတင်းဖမ်းချုပ်ပြီးတော့တောင် ဒေါ်မဟာစံရှေ့ကို ပို့တော့မှာ”

“လွယ်ပါတယ်ဟာ ... ဒီဖိတ်စာလေးပေးလိုက်တာနဲ့ ဦးတိုး တစ်ခါတည်း မျက်လုံးပြူးသွားမယ် ... ကဲ နင်ကြည့်လိုက်”

“ဟယ် ...”

တူယှဉ်မှီကတော့ တကယ်ပါပဲ။

“ဒီမှာလေ ဦးတိုးရဲ့ ... အခု ဦးတိုးစောင့်ဖမ်းချင်တဲ့ သရဲမ လေးက ဒီကုမ္ပဏီကြီးကိုပိုင်တဲ့ ဒေါ်မဟာစံရဲ့ တစ်ဦးတည်းသော အမွေဆက်ခံသူ ချွေးမလေးဖြစ်လာတော့မှာ ဟောဒီမှာ ... ကြည့်”

“ဟာ ... ကြည့်စမ်း ...”

“ဒီမှာလေ ... ကျွန်တော် မောင်စွဲညို့ငင်နှင့်ကျွန်မ တူယှဉ်မှီ တို့ရဲ့ မင်္ဂလာညစာစားပွဲကြီးကို မပျက်မကွက် ကြွရောက်ချီးမြှင့်ပေး ပါရန်တဲ့။ ကဲ ... ကြိုတုန်းလေး ဦးတိုးကြီးတို့ ကျွန်မတူယှဉ်မှီကိုယ် တိုင် ဖိတ်လိုက်မယ် ... ဆက်ဆက်ကြွခဲ့နော် ဦးတိုးကြီး ... ဦးတိုး ကြီးမှာ ကလေးတွေ တစ်ပြုံကြီးရှိရင်လည်း အဲဒီတပြုံလုံးကြီးကို ဦးတိုးကြီးခေါ်ခဲ့ ... ကျွန်မ အဝကျွေးမယ် ...”

“ဟေ ...”



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာလေးကို ဖတ်ကြည့်ကာ ဦးတိုးကြီးက ပါးစုံကြီးနှစ်ဖက် ကားထွက်သွားအောင်ကို ပြုံးသွားပြီ။

"ဟဲ ... ဟဲ ... ယုံပြီနော် ဦးတိုးကြီး ... ဦးတိုးကြီးကို ဖိတ်လက်စနဲ့ တစ်ချက်တည်း အကူအညီတောင်းချင်တာက ဟောဒီမှာ ကျန်မယူလာတဲ့ ဖိတ်စာတွေကို ကုမ္ပဏီကိုလာသမျှ ဂုဏ်သရေရှိ ဧည့်သည်တွေနဲ့ ကုမ္ပဏီဝန်ထမ်းတွေအားလုံးကို ကျွန်မကိုယ်စား ဦးတိုးကြီးကပဲ ဖိတ်ပေးပါလို့ ... "

"ဟာ ... ဖိတ်ပေးမယ် ... ဖိတ်ပေးမယ်၊ ပေး ... ပေး ... အဲဒီ ဖိတ်စာတွေအားလုံး တစ်စောင်မကျန် ဦးတိုးကြီးကိုပေး"

တူယှဉ်မှီ လုပ်နေသမျှကို မျက်လုံးကလေးပြူးပြီး ရင်တထိတ်ထိတ်ကြည့်နေရတာလွှာရယ်လေ။ သူမရဲ့လက်ထဲမှာတော့ စွဲညို့ငင်ကို ကိုယ်တိုင်ဖိတ်ဖို့ နောက်ဆုံးကျန်နေခဲ့တဲ့ တစ်စောင်တည်းသော ဖိတ်စာလေးကို နှုတ်ခမ်းလေးမဲ့ကာ သူမက ကိုင်လို့။

"တူယှဉ်မှီရယ် ... နင်ရိုက်ချလိုက်တဲ့ရိုက်ချက်က တကယ်ပဲပြင်းလိုက်တာဟာ၊ ဒါ ... ဒါ ခဏလေးနဲ့ ကုမ္ပဏီကိုလာသမျှ ဧည့်သည်တွေနဲ့ ဝန်ထမ်းတွေဆီကို ပလူပျံနေအောင် ရောက်သွားတော့မှာနော် တူယှဉ်မှီ ... မင်္ဂလာပွဲကို စွဲညို့ငင်ရောက်မလာရင် နင်ပဲ ချုံးပွဲချငိုနေရမှာနော် နင်ကြည့်လုပ် ... "

"ငါ ... ဂရုမစိုက်ပါဘူးလွှာ၊ သူနဲ့ငါနဲ့နှစ်ယောက်ကြားမှာ ဘယ်သူမှမသိထားတဲ့ ချည်နှောင်မှုလေးတစ်ခုရှိနေတာ သူနဲ့ငါနဲ့





နှစ်ယောက်တည်းပဲ သိထားခဲ့ကြတာလေ"

"ဘယ် ... ဘယ်လို တူယှဉ်မှီ၊ ချည်နှောင်မှု ဟုတ်လား"

လွှာက နားမလည်တော့ မျက်တောင်လေး တဖျတ်ဖျတ်ပုတ်ကာ သူမကိုလှည့်ကြည့်ရင်း မေးသည်။

"ဟုတ်တယ်လွှာ ... အဲဒီချည်နှောင်မှုဟာ သိပ်ကိုလှပဆန်းကြယ်တဲ့ ကောင်းကင်ပေါ်က တိမ်တိုက်တွေကြားကို ဖျားယောင်းသွေးဆောင်ပြီး ခေါ်ယူခြင်းခံရလိုက်ရတဲ့ ချည်နှောင်မှု၊ ယစ်မူးသင်းပျံ့တဲ့ ပန်းရနံ့နဲ့တွေနဲ့ အတုမဲ့တဲ့ ခံစားချက်တွေကို ဖွားမြောက်သန့်စင်ပေးခဲ့တဲ့ ချည်နှောင်မှု ... ကဲ ငါပြောတာ နင်သဘောပေါက်တယ်နော်လွှာ ... အဲဒီချည်နှောင်မှုထဲ ယောက်ျားပီသပြီး ... ဂုဏ်သိက္ခာရှိတဲ့ သတို့သားတစ်ယောက်ကို သိမ်းပိုက်ခွင့်ရှိလိမ့်မယ်ဆိုတာ ငါယုံကြည်လို့ ဒီနေရာကိုရောက်အောင် ငါလာခဲ့တာပါ"

"တူယှဉ်မှီရယ် ... "

နင့်ရဲ့ပေးဆပ်ခြင်းတွေကို ငါသိပါပြီ။

ဒါကို စွဲညို့ငင်ဆိုတဲ့လူတစ်ယောက်ကို ဒီချည်နှောင်မှုတွေကို ဖြစ်ပေါ်စေခဲ့တဲ့ပေးဆပ်ခြင်းတွေနဲ့ နင်ချစ်ခဲ့တာပေါ့နော် ... ဒီအတိုင်းဆိုရင် ခေါ်မဟာစ်ကို အနိုင်ယူဖို့ နင်ရင်းနှီးခဲ့ရတဲ့ အရင်းအနှီးတွေက သိပ်ကိုတန်ဖိုးကြီးမားခဲ့ပြီပေါ့။

နင်ပြိုင်သင့်ပါတယ်။

တရားမျှတတဲ့ ပြိုင်ပွဲဖြစ်လို့ နင်အနိုင်ရမယ်ဆိုတာလည်း ငါ



www.burmeseclassic.com

www.burmeseclassic.com



ညံ့ကြည်တယ်။

"ကဲ … လွှာ … အချိန်လည်းမရှိတော့ဘူး ငါသွားတော့မယ်"

"နင် … နင် သတိထားနော် … တူယှဉ်မှီ"

"စိတ်ချပါ လွှာရယ် … "

သူမလက်ထဲမှာ ကိုင်လာတာလည်း စွဲညို့ငင်လက်ထဲကို ပေးအပ်လိုက်ရမယ့် ဖိတ်စာလေးတစ်စောင်ရယ်ပဲပေါ့။

ဒီဖိတ်စာလေးဟာ …

ဒေါ်မဟာစံရဲ့ အသည်းနှလုံးနေရာတည့်တည့်ဆီကို ချိန်လွှတ် ပစ်လွှတ်လိုက်ရမယ့် အဆိပ်ပြင်းသော မြှားတစ်စင်းကဲ့သို့သာ သူမက ရည်ရွယ်ထားခဲ့တာဖြစ်သည်။

အပေါ်ထပ်လေးလွှာမှာရှိသည့် ကုမ္ပဏီအစည်းဝေးခန်းမကျယ်ကြီးဆီကို သူမရောက်သွားတော့ … ပိုင်ဆိုင်မှုနှင့်အုပ်ချုပ်မှုဆိုင်ရာ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားက လက်ခုပ်သံတွေ တညံညံနဲ့ စွဲညို့ငင်ဆိုတဲ့လူတစ်ယောက်ကို ဂုဏ်ပြုနေကြတာလေ။

သူမဝင်လာတာကိုလည်း ဆီးကြိုမယ့်သူမရှိ။

အပြုံးကလေးတစ်ခုဖြင့်ပင်လျှင် ခေါင်းညိတ်နှုတ်ဆက်မယ့်သူ နတ္ထိဖြစ်နေတာက ဧည့်ပရိသတ်တွေအားလုံးရဲ့ အကြည့်မျက်ဝန်းတွေက စင်မြင့်တစ်နေရာပေါ်က ဒေါ်မဟာစံနှင့် မန်နေဂျင်းဒါရိုက်တာ အသစ်ကြွပ်ချွတ် စွဲညို့ငင်ဆီမှာသာ ရစ်ဝဲနေကြတာကြောင့်လား။





ဖိတ်စာလေးတစ်စောင်ကို ရင်မှာ တင်းကြပ်နေအောင် ဆုပ်ဖက်ကိုင်ထားရှာ၏။ နောက်ဆုံးတန်းက ခုံလွတ်ကလေးမှာ တည်တင်းသော မျက်နှာထားကလေးဖြင့် ဝင်ထိုင်လိုက်သည့် သူမကို စွဲညို့ငင်ကိုယ်တိုင်ပင်လျှင် သတိထားမြင်နိုင်မှာလည်း မဟုတ်တာ လွန်စွာမှပင် သေချာနေခဲ့ပါသည်။

သည်အတိုင်းဆိုလျှင် သည်အခမ်းအနားကြီးပြီးအောင် သူမ စောင့်ရတော့မှာပေါ့။

ရပါတယ် ကိုစွဲညို့ငင်။

ရှင့်ကို မျက်နှာချင်းဆိုင်တွေ့ခွင့်ရတဲ့အထိ ကျွန်မ စောင့်မှာပါ။ ပြောရရင် ဒီနေ့ဟာ အားလုံးကို ကျွန်မရင်ဆိုင်ရမယ့်နေ့။

ခဏနေတော့ လက်ခုပ်သံတွေညံကာ အခမ်းအနားကြီးက အောင်မြင်စွာ ပြီးဆုံးသွားသည်။ လူတွေရှုတ်ထွေးသွားတာမို့ စွဲညို့ငင်နှင့်ဒေါ်မဟာစံ ဘယ်ကိုရောက်သွားမှန်းပင် သူမ မသိလိုက်ပါ။

သူမ မျက်တောင်လေးပင့်၊ မျက်ဝန်းလေးဝေ့ကာရှာတော့လည်း စွဲညို့ငင်ရော ဒေါ်မဟာစံပါ ပျောက်ခြင်းမလှပျောက်သွားသည်။ သေချာပါတယ် ရှင့်ဟာရှင် တထီးတနန်း ခံမြန်းနေထိုင်ရမယ့် ကုမ္ပဏီရုံးခန်းကြီးတစ်ခုထဲကို ရှင်ပြန်ရောက်သွားပြီဆိုတာပါပဲ။ ဒါဆိုဟိုတစ်ခါ သူမရောက်သွားတဲ့ ဒေါ်မဟာစံ နေထိုင်ခဲ့တဲ့ ရုံးခန်းကြီးပဲဖြစ်မှာပေါ့။

ခပ်တည်တည်ပဲ ထိုရုံးခန်းကြီးရှိရာကို သူမလိုက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အို … ကြည့်စမ်း …

အနက်ရောင်ဆုံလည်ကုလားထိုင်ကြီးပေါ်မှာ စွဲညို့ငင် ရောက်နေပါပေါ့လား။

"ဟို … ဟိုလေ မမ … ဘယ်သူနဲ့တွေ့ချင်လို့ ဒီအဝကနေ လာချောင်းကြည့်နေတာလဲ၊ ဒါ … ဒါ ဒီကုမ္ပဏီရဲ့မန်နေဂျင်းအသစ် ဦးစွဲညို့ငင် ရုံးထိုင်တဲ့အခန်းလေ"

ကုမ္ပဏီယူနီဖောင်းလေးဝတ်ထားသည့် ချိုသာသော အပြုံးပိုင်ရှင်မလေးတစ်ယောက်က စူးစမ်းသလိုကြည့်ရင်း သူမကိုမေးပါသည်။

"ဒီလိုပါ … ညီမလေးရယ်၊ မမနာမည်က တူယှဉ်မှိုလို့ခေါ်ပါတယ်၊ အစ်မတွေ့ချင်တာက ဦးစွဲညို့ငင်နဲ့တွေ့ချင်တာပါ"

"ဘုရားရေ … မမက တူယှဉ်မှိုဟုတ်လား … ဒါ … ဒါဆို အန်တီ ဒေါ်မဟာစံကို အသားတွေ တဆတ်ဆတ်တုန်အောင် ကုမ္ပဏီမှာ မင်္ဂလာဖိတ်စာတွေ ဝေခဲ့တာမမပေါ့၊ အခု … မမကိုရှာဖို့ Lift ကနေ အန်တီဒေါ်မဟာစံ အောက်ထပ်ကိုဆင်းသွားပြီလေ၊ ဒုက္ခပါပဲ မမရယ် … မမကြောင့် ဂုဏ်ပြုပွဲအခမ်းအနားကို ရုတ်တရက်ကြီး ရပ်ပစ်လိုက်ရတာ၊ ဝင် … ဝင်ပါ မမ … အထဲမှာ ဦးစွဲညို့ငင်က စိတ်ဓာတ်တွေကျပြီး ထိုင်နေတာ"

"ဟွန်း … "

ဒီလို ဖိတ်စာဝေတာကိုပဲ ရှင်ကစိတ်ဓာတ်ကျနေတယ်တဲ့





သား စွဲညို့ငင်ရယ်။ ဒါကြောင့်မို့ ပွဲက ရုတ်ရုတ်သဲသဲနဲ့ ရှင်တို့ ပျောက်သွားခဲ့တာ။

ကျွန်မဝေလိုက်တဲ့ မင်္ဂလာဖိတ်စာတွေကြောင့် ဒေါ်မဟာစံ သွေးပျက်သွားရတယ်ဆိုတော့ ကျွန်မရဲ့လှုပ်ရှားမှုတွေက ဒေါ်မဟာစံကို တိုက်ရိုက်စိမ်ခေါ်လိုက်သလို ဖြစ်သွားခဲ့ရပြီပေါ့။ ခုလည်း ရှင့်ကိုတွေ့ဖို့ ရှင့်အခန်းရှေ့အထိ ကျွန်မ ရောက်လာခဲ့တာလေ။

အဲဒါ … ဘယ်သူ့ကိုမှ ကျွန်မ ဂရုမစိုက်လို့ပေါ့။

"ဟင် … တူယှဉ်မှို … မင်း … မင်း … "

မျှော်လင့်မထားတဲ့အချိန်မှာ သူမကိုတွေ့လိုက်ရတာမို့ စွဲညို့ငင် အသက်ရှူမှားကာ ဆုံလည်ကုလားထိုင်ကြီးပေါ်မှ ထိတ်လန့်တကြား ထရပ်လိုက်တာကို သူမမြင်လိုက်ရသည်။

"ဟာ … ကိုစွဲညို့ငင် ထိုင်ပါ … ထိုင်ပါ ကျွန်မလာလို့ မျက်နှာပျက်မသွားပါနဲ့ … ဟင်းဟင်း"

တုန်လှုပ်မှုကင်းတဲ့ မျက်နှာထားလေးနဲ့ပဲ သူ့ရှေ့က ခုံလွတ်ကလေးတစ်လုံးမှာ သူမအေးအေးချမ်းချမ်းလေးပဲ ဝင်ထိုင်လိုက်ပါသည်။ သူကတော့ စိတ်ပင်ပန်းနွမ်းနယ်နေပုံပေါက်ကလေးနဲ့ ထိုင်ရတော့မလို ထရတော့မလိုဖြစ်ကာ မျက်နှာလေးက ညှိုးညှိုးငယ်ငယ်လေး ဖြစ်နေသည်။

"ဟွန်း … ကုမ္ပဏီထဲမှာ ကျွန်မဝေဝေသိုက်တဲ့ မင်္ဂလာဖိတ်စာလေးကို ရှင်တွေ့ပြီးလောက်ပါပြီနော် စွဲညို့ငင် … "



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ... ဘာသဘောနဲ့ ဒီလိုလုပ်ချလိုက်ရတာလဲ ... ငဲ တူယှဉ်မို ... အခု မင်းလုပ်ရပ်တွေကြောင့် ကိုယ့်မာမီ အရှင်းဒေါကန်သွားပြီ"

"အဲဒါ ... ကျွန်မ မတတ်နိုင်ဘူး"

"ဘာပြောတယ်"

"လုပ်သင့်လုပ်ထိုက်တယ်ထင်လို့ ကျွန်မလုပ်လိုက်တာ ရှင့်အမေက အကွက်ကျကျစီစဉ်ပြီး ကျွန်မတို့နှစ်ယောက်ရဲ့မင်္ဂလာပွဲကို ဖျက်ခဲ့ပေမယ့် ကျွန်မကလည်း စနစ်တကျစီစဉ်ပြီးတော့ ကျွန်မ သွားချင်တဲ့ခရီးဆုံးပန်းတိုင်ရောက်အောင် ရှေ့ကိုတစ်လှမ်းချင်းကို လာတော့မှာ"

"မင်း ... မင်း အဓိပ္ပာယ်မရှိတာတွေ လျှောက်မလုပ်ပါနဲ့ တူယှဉ်မို ... ကိုယ်မင်းကို တောင်းပန်တယ်သိလား"

"ဘုရားရေ ... ကျွန်မလုပ်တာ အဓိပ္ပာယ်မရှိဘူးဟုတ်လား ဟား ... ဟား ... "

ရုတ်တရက် မျက်နှာလေးမော့ကာ သူမရယ်ချလိုက်တာက ဟက်ဟက်ပက်ပက်လေးပါပဲ။ စွဲညို့ငင်ရယ် ... ရှင်မို့ ပြောရက်လိုက်တာ။ ကျွန်မ အခုလုပ်နေတဲ့လုပ်ရပ်တွေက ဂုဏ်သိက္ခာရှိတဲ့ သတို့သားတစ်ယောက်ကို ရွေးချယ်နေတာလေ။ အဲဒီသတို့သားဟာ ရှင်ပဲဖြစ်ရမှာ။ ဘာကြောင့်လဲဆိုရင် ရှင်နဲ့ကျွန်မနဲ့ နှစ်ယောက် ...သိထားခဲ့တဲ့ ရင်ခုန်သံစည်းချက်တွေအလွန်က အသိမဲ့ချည်နှောင်





မှုတစ်ခုကို ဂုဏ်သိက္ခာရှိရှိနဲ့ ရှင်တာဝန်ယူရလိမ့်မယ် စွဲညို့ငင်"

"မင်း ... မင်း ... ဒီလိုရယ်သံမျိုးနဲ့ ကိုယ့်ရှေ့မှာမရယ်ပါနဲ့ တူယှဉ်မို၊ ဒီရယ်သံဟာ ကိုယ့်နှလုံးသားတွေကို ထိတ်လန့်ချောက်ချားနေအောင် မင်းဘက်ကညို့ငင်ယူနေသလိုပဲ ကိုယ်သိတယ် ... မင်းရယ်လိုက်တဲ့ရယ်သံတွေထဲမှာ ဘယ်သူမှ အလွယ်တကူဘာသာပြန်လို့မရနိုင်တဲ့ အဓိပ္ပာယ်တွေရှိနေတာ၊ ကိုယ့်နှလုံးသားတွေက နားလည်နေတယ် ... ပြောပါ ... မင်းဖြစ်စေချင်တာတစ်ခုကို ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါ ... "

"ကျွန်မ ... ကျွန်မ ပြောချင်တာကို ရှင်ခုထိ နားမလည်သေးဘူးလား စွဲညို့ငင်၊ ရှင်ဟာ စံတော်ဝင်ကုမ္ပဏီကြီးရဲ့ ဂုဏ်သိက္ခာရှိတဲ့ မန်နေဂျင်းဒါရိုက်တာကြီးတစ်ယောက် မဟုတ်ဘူးလား ... မင်္ဂလာအပေါင်းနဲ့ ခညောင်းနေတဲ့ အောင်မြင်မှုလက်ခုပ်သံတွေအောက်မှာ ဒေါ်မဟာစံကိုယ်တိုင်က ရှင့်ကိုမီးရှူးသန့်စင် ဖွားမြင်ပေးလိုက်တာလေ ... ဒီလောက် ကမ္ဘာကိုပတ်ပြီး တက္ကသိုလ်ပေါင်းစုံ တက်လာခဲ့တဲ့လူတစ်ယောက်ဟာ နှုတ်ကနေ ထုတ်ပြောခွင့်မရနိုင်တဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲက ဘာသာစကားကို ရှင်တကယ်ပဲ နားမလည်တော့လို့ ကျွန်မကိုမေးနေတာလား စွဲညို့ငင်"

"ကိုယ် ... ကိုယ်ဘာလုပ်ရမှန်းမသိတော့လို့ မင်းကိုမေးနေတာ တူယှဉ်မို ... ဒီဖိတ်စာတွေကို မာနကြီးကြီး သတ္တိရှိရှိနဲ့ မင်းဝေလိုက်တာကို ကိုယ်က နားလည်နိုင်ပေမယ့် ကိုယ့်မာမီက ဆတ်



www.burmeseclassic.com

www.burmeseclassic.com



...ဘယ်ထိမခံနိုင်အောင် ပေါက်ကွဲသွားတာ၊ ဒါကို သူချက်ခြင်းဆန့်ကျင်လိမ့်မယ် ... ဒီမင်္ဂလာပွဲကို သူ့ဘက်က အသိအမှတ်မပြုတဲ့အကြောင်း သတင်းစာ ဂျာနယ်တွေထဲကနေ ပလူပျံနေအောင် သူကန့်ကွက်လာလိမ့်မယ်"

"အဲဒါ ... ကျွန်မ ဂရုမစိုက်ဘူး စွဲညို့ငင်"

"ဘာပြောတယ် ... "

သူအထိတ်တလန့်နဲ့ မတ်တပ်ရပ်လိုက်ရပြန်ပြီ။

စွဲညို့ငင်ရယ်။

ကျွန်မပြောနေတဲ့စကားတွေကို နားထောင်ပြီး ရှင်ဘာကြောင့်များ ဒီလောက်ထိ တုန်လှုပ်သွေးပျက်နေရတာလဲဟင်။ အတွင်းကြီးမားပြီးတော့ သိပ်ကိုလည်း ရက်စက်လွန်းတဲ့ ရှင့်အမေရဲ့ လှည့်စားအနိုင်ယူမှုတွေအောက်မှာ တူယှဉ်မှီဆိုတဲ့ မိန်းကလေးတစ်ယောက်က မျက်ရည်ဝဲဝဲလေးနဲ့ အရှုံးပေးလှည့်ထွက်သွားမဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ တစ်လောကလုံးကို ကြေငြာချင်လို့ ဒီကုမ္ပဏီကြီးပေါ်အထိ ကျွန်မ ခေါင်းမော့တက်လာတာပါ။

"ဟွန်း ... ကျွန်မပြောလိုက်လို့ ရှင်အံ့ဩမသွားနဲ့လေ စွဲညို့ငင်၊ အခု ... ကျွန်မလုပ်နေတဲ့လုပ်ရပ်က ရှင်းပါတယ်၊ ကုမ္ပဏီရဲ့ အမွေလွှဲပြောင်းဆက်ခံ တာဝန်ယူမဲ့သူကို ကြေငြာတဲ့ပွဲမှာ ကျွန်မတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲဖိတ်စာတွေ ဝေခဲ့တာ ရှုံးနိမ့်ခဲ့ရတဲ့ မိန်းမ





တစ်ယောက်ရဲ့ တိုက်ပွဲခေါ်သံတွေပဲ၊ အခု ... နောက်ဆုံးအနေနဲ့ ကျွန်မ ဆက်ပြီး တိုက်ပွဲခေါ်မှာက ရှင့်ကိုပဲ စွဲညို့ငင် ... ဟောဒီမှာ ကျွန်မရဲ့မင်္ဂလာပွဲကိုတက်ဖို့ ရှင့်ကိုဖိတ်ချင်တဲ့ ကျွန်မရဲ့ဖိတ်စာ"

"ရှင် ... သတ္တိရှိပါတယ်နော် စွဲညို့ငင်"

"ဘာ ... ဘာရယ်"

ဖိတ်စာလေးကိုတော့ ပြုံးပြုံးလေးပဲ သူမက ကမ်းပေးလိုက်သည်။ သူ့ရဲ့လက်ကလေးကတော့ သူမကမ်းပေးနေတဲ့ ဖိတ်စာလေးဆီ ရောက်မလာသေးပါ။

"ယူလေ ... "

"ဟွန်း ... မင်းကိုယ့်ကို သတ္တိမရှိဘူးလို့ ထင်မနေနဲ့ တူယှဉ်မှီ ... မင်းက ကိုယ်သိပ်ချစ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ပါ ... မင်းကြောင့် အရာရာကို ကိုယ်ရင်ဆိုင်ခဲ့ရတယ်ဆိုရင် မင်းယုံမလား ကိုယ့်မာမီရဲ့ ရက်စက်လွန်းတဲ့စီရင်ချက်တွေအောက်မှာ ကိုယ်ဘယ်လို ရှင်သန်နိုင်အောင် ကြိုးစားခဲ့ရတယ်ဆိုတာရော မင်းသိချင်သေးလား"

ဖိတ်စာလေးကို လှမ်းယူလိုက်တဲ့ သူ့လက်တွေ ဆေးသောလေး တုန်နေတာကို သူမလှမ်းမြင်လိုက်ပေမယ့် မသိချင်ဟန်ဆောင်ကာ မဲ့မဲ့လေးတော့ ပြုံးမိသည်။

"ဘာလဲ စွဲညို့ငင် ... တူယှဉ်မှီဆိုတဲ့ မိန်းမတစ်ယောက်ကို စွန့်လွှတ်ခွဲခွာလိုက်တာနဲ့ တစ်သက်စားမကုန်အောင် အမွေတွေ



www.burmeseclassic.com

www.burmeseclassic.com



ု့အောလွဲပြောင်းပေးမယ်ဆိုတဲ့ ရှင့်အမေရဲ့အကြွပ်ကိုင် ဆွဲဆောင် စည်းရုံးမှုတွေအောက်မှာ ရှင့်နှလုံးသားတွေ လဲပြိုခဲ့ရပါတယ်လို့ … ရှင် ကျွန်မကို ဝန်ခံချင်နေတာလား … မလုပ်ပါနဲ့ ကျွန်မထပ်ပြီး တော့ ဟားတိုက်ရယ်ချလိုက်ရင် ကြီးကျယ်ခမ်းနားတဲ့ ရှင့်ရဲ့မဟာ ရုံးခန်းတော်ကြီး ပွင့်ထွက်ပြီးတော့ တစစီ ပြိုကျသွားလိမ့်မယ်၊ ကျွန်မက တူယှဉ်မှိုပါ … ရှင့်အမေကို မာနနဲ့ပြိုင်ဖို့ ရှင့်အမေပိုင်တဲ့ စံတော်ဝင်ရတနာကုမ္ပဏီကြီးပေါ်ကို ခပ်မိုက်မိုက်တစ်ယောက် တည်း တက်လာတာ”

“ဟင်း … ဟင်း … ကိုယ့်ကို ဦးနှောက်မစားပါနဲ့ချစ်ရာ မင်းရိုက်ချလိုက်တဲ့ရိုက်ချက်ကပြင်းလို့ ကိုယ့်မာမီလည်း အရမ်း ပေါက်ကွဲနေရပါပြီ၊ ဒါကိုတောင် မကျေနပ်သေးဘဲ မင်းမာမီကို ဘယ်လောက်တောင် လက်စားချေ အနိုင်ယူချင်နေသေးလဲဟင် တူယှဉ်မှို … မင်းလျှောက်ရမယ့်လမ်းမှာ ကိုယ့်အသည်းနှလုံးတွေ ကို တစစီဖြန့်ခင်းပေးဖို့လိုအပ်နေတာလား … အဲဒီလိုအပ်မှုတွေ အတွက် ကိုယ့်မျက်ရည်တွေကိုပါ တံတားတစ်စင်းအဖြစ်နဲ့ ဖန်ဆင်း ပေးရမှာလား”

“အဲဒါကတော့ ရှင်ကိုယ်တိုင်ရွေးချယ်ရမယ့်အပိုင်းပဲလေ စွဲညို့ငင်ရဲ့ … အတိတ်တစ်နေရာဆီက ရှင့်အမေရဲ့ ရက်စက်မှုတွေ ကြောင့် အရှုံးတွေမျက်ရည်တွေ နှလုံးသား ကြေကွဲမှုတွေကို ခံစား ခဲ့ရတဲ့လူတွေရဲ့ နာကြည်းမှုတွေကို ဒီဘဝမှာ အကောင်းဆုံးပြန်ပေး





ဆပ်ရမှာက ရှင့်ရဲ့တာဝန်ပဲ … ကျွန်မ တစ်ခုပဲ ရှင့်ကိုမေးချင်တာက ဒီမင်္ဂလာပွဲကို ခပ်နွမ်းနွမ်းတိုက်ပုံလေး တစ်ထည်ကိုပဲဖြစ်ဖြစ် ရှင် ဝတ်ပြီး ကြွရောက်ချီးမြှင့်ပေးမယ်ဆိုရင် ကျွန်မကျေနပ်ပါပြီ၊ ဘယ် လိုလဲ စွဲညို့ငင် … တာဝန်သိပြီး ဂုဏ်သိက္ခာရှိတဲ့ သတို့သားတစ် ယောက်အဖြစ်ကို ရင်ကော့ခေါင်းမော့ပြီး ရှင်ရွေးချယ်မလား၊ ဒါမှ မဟုတ် ပိုက်ဆံတွေချမ်းသာသလောက် တစ်စက်မှ လူ့ဂုဏ်သိက္ခာ မရှိတဲ့ အကျင့်ပျက်ယိုယွင်းနေတဲ့ မန်နေးကျင်းဒါရိုက်တာအဖြစ်နဲ့ ရှင့်ကိုယ်ရှင် မြေမြှုပ်သင်္ဂြိုလ်ပစ်လိုက်မလားဆိုတာ ရှင် … ကျွန်မကို အခုတစ်ခါတည်း ရွေးချယ်ပေးပါ … ရှင့်ကို သုံးမိနစ် အချိန်ပေးမယ်”

“မင်း … မင်း ကိုယ့်ကိုအကြွပ်မကိုင်နဲ့နော်”

“ဘုရားရေ … ကြည့်စမ်း … ”

“ဒီပွဲကို ရောက်လာချင်လည်းရောက်လာမယ်၊ ရောက် မလာချင်လည်း ဘယ်တော့မှ ရောက်လာတော့မှာ မဟုတ်ဘူးဆို တာ မင်းလောလောဆယ် နားလည်ထားလိုက် ဟုတ်ပြီလား တူယှဉ်မှို … ”

“ဟား … ဟား … ဟား … ”

“ဟား … ဟား … ဟား … ”

“သဘောကျတယ်ဟေ့ … သဘောကျတယ်၊ မာမီ့သားကြီး ပြောတာကို မာမီ အရမ်းသဘောကျတယ်”

“ဖြောင်း … ဖြောင်း … ဖြောင်း … ”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးမော့ကာ ဟားတိုက်ရယ်ရင်း လက်ခုပ်ကလေးကိုပါ တစ်ဖြောင်းဖြောင်းလေး မြည်အောင်တီးလျှက် ရုံးခန်းကျယ်ကြီးထဲကို လှမ်းဝင်လာတာ အဖိုးတန်အကောင်းစား ပါတိတ် ပန်းနုရောင်လေးကို တဖျတ်ဖျတ်လတ်သော စိန်တွေနှင့်တွဲကာ တခန်းတနားဝတ်ထားသည့် စံတော်ဝင်ကုမ္ပဏီကြီးရဲ့အရှင်သခင် ဒေါ်မဟာစံရယ်ပါပဲ။

ဒီလိုမျက်နှာလေးမော့ရယ်တော့ စိန်တွေကို အရောင်တဖျတ်ဖျပ်လက်အောင် လှုပ်ခါချလိုက်လေသည့်နှယ်။ လက်ခုပ်သံလေးကလည်း မာနနဲ့ ဂုဏ်မနေတွေကို စည်းချက်ညီအောင် မြူးကြွသွက်လက်စေခဲ့သလို ...

သူမဘဝမှာတော့ ဒီမြင်ကွင်းနဲ့ဒီရယ်သံ ဒီလက်ခုပ်သံတွေကို ကြားလိုက်ရတဲ့အချိန်ဟာ တစ်ကိုယ်လုံးအေးခဲတောင့်တင်းသွားအောင် အဆုံးမဲ့နာကျင်သွားရတဲ့အချိန်တွေပါပဲ။ သူမ မျက်တောင်လည်းမခတ်နိုင်တော့ပါ။ သူမရဲ့ ထုံကျင်ကျင်အေးစက်စက် နှုတ်ခမ်းလေးအစုံဟာလည်း အသက်ရှူမှားသွားရတဲ့အထိ ဝိုင်းဟနေရလို့ပေါ့။

"ဟွန်း ... ငါ့သားစွဲညို့ငင် ပြောတာကို မင်းကြားတယ်နော် တူယုဉ်မှီ ... ဒီလို ဖိတ်စာတွေနဲ့မင်းဘယ်လိုပဲ လာချောက်ချောက် ဒါဟာ တရားဝင်ပါတယ်လို့ မင်းကိုယ်မင်းထင်ထားလို့လား ဒီပွဲကို ငါ့သားရောက်မလာရင် မင်းရဲ့ဂုဏ်သိက္ခာတွေ ဘယ်လောက်





ထိ ပွန်းပဲ့စုတ်ပြတ်သွားမယ်ထင်သလဲ မင်းစဉ်းစားစမ်း ... "

"ကျွန်မ ... ကျွန်မရဲ့ဂုဏ်သိက္ခာ ဟုတ်လား ... ကျွန်မရဲ့ဂုဏ်သိက္ခာ ... "

အယောင်ယောင်အမှားမှားနဲ့ တုန်လှုပ်နာကျင်စွာ ထရပ်လိုက်ရတာဟာ တူယုဉ်မှီဆိုတဲ့ သူမရယ်ပါပဲ။

"ဟုတ်တယ်လေ တူယုဉ်မှီရဲ့ မင်္ဂလာညစာစားပွဲကြီးကို မင်းဘယ်လိုပဲ ခမ်းနားနေအောင် ပြင်ထား ပြင်ထား ... ငါတို့ဘက်ကမှ လုံးဝအသိအမှတ်မပြုခဲ့တဲ့ဟာ နောက်ဆုံးမှာတော့ မျက်ရည်တွေနဲ့ပဲ အဆုံးသတ်သွားလိမ့်မယ် ရှင်းပြီလား"

"ဒီမှာ ဒေါ်မဟာစံ ... "

"ဘာလဲ တူယုဉ်မှီ ... မင်းပြောစမ်း ... "

လက်တစ်ကမ်းအကွာမှာပဲ နှစ်ယောက်မျက်နှာချင်းဆိုင် ရပ်ပစ်ကြပြီ။

"ဘယ်စကားကိုပဲပြောပြော ဘယ်လိုလုပ်ရပ်မျိုးကိုပဲလုပ်လုပ် သားသမီးချင်းကိုယ်ချင်းစာတဲ့စိတ် မိန်းကလေးချင်းငဲ့ညှာထောက်ထားတဲ့စိတ်နဲ့ ဆုံးဖြတ်လုပ်ကိုင်ရတယ်ဆိုတာ ရှင်ကြီးသဘောပေါက် နားလည်ထားစမ်းပါ"

"ဘယ် ... ဘယ်လိုကွဲ၊ ဒါတ ... မင်းကို ကိုယ်ချင်းစာရမယ် ဟုတ်လား ... ဟား ဟား — မလောက်လေးမလောက်စားမာယာလေးနဲ့များ ငါ့သားစွဲညို့ငင်ကို ငါ့ရင်ခွင်ထဲကနေ လုယူသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြ်ဖို့ စမ်ပြင်နေတဲ့ မိန်းမတစ်ယောက်ကို ငါက ဘယ်လိုကိုယ်ချင်းဘစိတ်တွေနဲ့ လက်ပိုက်ကြည့်နေရမှာလဲ တူယှဉ်မှီ ... မင်းပြောစမ်း၊ ငါမေးတာကို မင်းပြောကြည့်လိုက်စမ်း ... မင်းဟာ အညှိုးအတေးတွေနဲ့ ငါ့ကိုတုပြိုင်ဖို့ရောက်လာခဲ့တဲ့မိန်းမ ... ငါ့သိပ်မုန်းတဲ့နှင်းဆီတွေကို ငါ့ဆီကိုအရောက်ပို့ပေးပြီး ငါ့ကိုချွေယိုင်လဲပြိုသွားအောင် စစ်ဆင်တိုက်ခိုက်ခဲ့တဲ့မိန်းမ၊ ဒီမိန်းမကို မဟာစံဆိုတဲ့မိန်းမက အရှုံးပေး ဒူးထောက်သွားမယ် မင်းထင်လား ... အခုချက်ခြင်း ဒီအခန်းထဲကနေ မင်းထွက်သွား ... အခုချက်ခြင်း ငါ့ကုမ္ပဏီကြီးထဲကနေ မင်းထွက်သွား ... သွား ... သွား ... ”

ဒေါ်မဟာစံက အသားတွေ တဆတ်ဆတ်တုန်လျက် သူမကို အော်ဟစ်ကာမောင်းထုတ်နေပေမယ့် သူမကတော့ တုန်လှုပ်မသွားခဲ့ပါ။ ဒေါ်မဟာစံက အော်လေ ... သူမကလည်း ဂရုမစိုက်သလို တဟင်းဟင်းလေးနဲ့ရယ်မောလေ၏။

“အဟင်း ... ဟင်း ... ဟင်း ဒေါ်မဟာစံရယ် ... ရှင်မတော်ချင်ရင်တောင် တော်ကိုတော်ရတော့မယ့် ချွေးမလေးတစ်ယောက်ကို ဘာကြောင့်များ ဒီလိုရက်ရက်စက်စက် အော်ဟစ်မောင်းထုတ်ချင်နေရတာလဲဟင် ... ကျွန်မ ဒီလို ဖိတ်စာတွေဝေလိုက်တယ်ဆိုတာ ဒေါ်မဟာစံရဲ့ လူကြီးလူကောင်းမပီသတဲ့ လှည့်ဘားမှုတွေအောက်မှာ တူယှဉ်မှီဆိုတဲ့ကောင်မလေးတစ်ယောက်ပ်ှးသွားလို့ သွေးရှူးသွေးတန်းနဲ့ ကယောင်ချောက်ချားတွေ





လျှောက်လုပ်နေတယ်ဆိုပြီး ကျွန်မကို ရှုံ့ချကန့်ကွက်ဖို့ မကြိုးစားနဲ့လေ ဒေါ်မဟာစံရဲ့ ... ရှင်သတ္တိရှိတယ်ဆိုရင် ကိုယ်မွေးထားတဲ့သားကိုပဲ ရှင်ပြန်မေးလိုက်၊ ကျွန်မတို့နှစ်ယောက်ပဲသိတဲ့ လက်ထပ်စာချုပ်တစ်ခု ကျွန်မတို့နှစ်ယောက်ဆီမှာရှိတယ်”

“ဘုရားရေ ... နှစ်ယောက်တည်းသိတဲ့လက်ထပ်စာချုပ်လေးတစ်ခု ဟုတ်လား သား ... သူပြောတာ ဟုတ်သလား၊ မင်းမင်း ... မာမီကို အမှန်အတိုင်းဝန်ခံစမ်း၊ မာမီ ... မာမီ ရင်တုန်လိုက်တာ သားကြီးရယ် ... နှစ်ယောက်တည်းသိတဲ့ လက်ထပ်စာချုပ်က ဘယ်လိုလုပ်တရားဝင်မှာလဲနော် သားကြီး ... မာမီပြောတာဟုတ်တယ်နော်”

“စိတ်ညစ်တယ် မာမီရာ ... မာမီမေးတာကိုလည်း သားဘယ်လိုမှဖြေနိုင်မှာမဟုတ်တော့ဘူး၊ ဒီကိစ္စက သူနဲ့သားနဲ့နှစ်ယောက်တည်းရှင်းမှ ဖြစ်တော့မှာ ... ”

“ဟင် ... နှစ်ယောက်တည်းရှင်းမယ်”

စွဲညှို့ငင်အသံက တုန်တုန်လှုပ်လှုပ်လေးဖြေလိုက်တာမို့ သူမပင် အံ့သြသွားရ၏။ သူ့မျက်နှာလေးပေါ်မှာလည်း စိတ်ရှုတ်ထွေးနေဟန်ကလေးက ထင်ထင်ရှားရှားကလေးပေါ်လို့နေသည်။

“ကဲ ... ကြားတယ်နော် ဒေါ်မဟာစံ ... ”

“မင်း ... မင်းအဓိပ္ပာယ်မရှိတဲ့စကားကို ဒီအရူးလေးက လိုက်ပြီး မင်းမပြောနဲ့၊ နှစ်ယောက်တည်းသိတဲ့လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



းချုပ်ဆိုတာ ကမ္ဘာပေါ်မှာမရှိဘူး … အသိသက်သေမရှိတဲ့ ဘယ်လိုစာချုပ်မျိုးမှ တရားမဝင်ဘူး"

"ဒေါ်မဟာစံရယ် … ကျွန်မတို့နှစ်ယောက် ဒီလောက်ပြောနေတာတောင် ဒေါ်မဟာစံသဘောမပေါက်သေးဘူးလားဟင်၊ ကျွန်မတို့နှစ်ယောက်တည်း သိတဲ့လက်ထပ်စာချုပ်လေးက ယုံကြည်မှုနဲ့ဂုဏ်သိက္ခာကို သက်သေနေရာမှာထားပြီး ချစ်ခြင်းမေတ္တာဆိုတဲ့ တရားသူကြီးရှေ့မှာ သွေးနဲ့ရေးထိုးခဲ့ရတဲ့ လက်ထပ်စာချုပ်လေးပါ ဒေါ်မဟာစံ … ယုံမလားတော့မသိဘူး၊ အဲဒီစာချုပ်လေးက ယုံကြည်မှုနဲ့ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့ သတို့သားလောင်းတွေနဲ့ သတို့သမီးလောင်းတွေအတွက် တန်ဖိုးအရှိဆုံးစာချုပ်ပဲ"

"ဘုရား … ဘုရား … "

ဒေါ်မဟာစံ ရင်ဘတ်လေးဖိကာ ဘုရားတနေပြီ။

သူမကတော့ ဒေါ်မဟာစံကို မျက်နှာချင်းဆိုင်ပြောနေရာကနေ သူ့ဘက်ကို ချာခနဲ လှည့်လိုက်သည်။

"ကဲ … ကျွန်မပြောတာ ရှင်လည်း … သဘောပေါက်တယ် နော် စွဲညို့ငင် … နောက်ဆုံးအနေနဲ့ တစ်ခုပဲ ကျွန်မပြောခဲ့ချင်တာက ရှင့်ရဲ့နှလုံးသား၊ ရှင့်ရဲ့တည်ကြည်မှု ရှင့်ရဲ့ခမ်းနားတဲ့ ဂုဏ်သိက္ခာကို ယုံကြည်တယ်ဆိုရင် ကျွန်မရဲ့မင်္ဂလာညစာစားပွဲကို မပျက်ကွက် တက်ရောက်အားပေးရင်း ကျွန်မကို ချီးမြှင့်ပေးပါလို့ နှလုံး





သားထဲကလာတဲ့ သစ္စာတရားတွေနဲ့ ဂုဏ်သိက္ခာရှိစွာ ကျွန်မတောင်းဆိုပါတယ်"

"ဟာ … "

"ဟင် … "

ပြောပြီးတာနဲ့ ဘယ်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ သူမ ချာခနဲ လှည့်ထွက်ခဲ့ပြီ။

ဒီတောင်းဆိုမှုဟာ သူမရဲ့နောက်ဆုံးတောင်းဆိုမှုပါပဲ။

ဒါကိုမှ ဂုဏ်သိက္ခာမဲ့စွာ ပျက်ကွက်ခဲ့မယ်ဆိုရင်တော့ …

ပျက်ကွက်ခဲ့မယ်ဆိုရင်တော့ … ။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၅ )

"တူယှဉ်မှီ ... "

"ဟင် ... "

"နှင့်စိတ်ကူးနဲ့ပြင်ဆင်ထားတဲ့ မင်္ဂလာညစာစားပွဲအခမ်းအနားကြီးက အရမ်းကို (Roment) ဖြစ်တယ်ဟာသိလား ... မြက်ခင်းပြင် တစ်ခုလုံး နှင်းဆီခြင်းတွေ စီတန်းခင်းထားတာကိုက ကဗျာ အရမ်းဆန်နေတာ ... မင်္ဂလာမောင်နှံထိုင်မယ့် စင်မြင့်လေးပေါ်မှာလည်း ကြည့်ပါဦး ... နှင်းဆီပွင့်လေးတွေနဲ့ အလှပန်းစစ်တွေ ထိုးထားတာ ... ဟင်း ဟင်း ... ဒေါ်မဟာစံသာမြင်ရင်တော့ နေရာမှာတင် နှလုံးရပ်သွားမှာသေချာတယ်သိလား တူယှဉ်မှီ ... သူအရမ်းမုန်းတဲ့ နှင်းဆီတွေက သူ့ရဲ့တစ်ဦးတည်းသော သားကလေး စွဲညို့ငင်ရဲ့ မင်္ဂလာအခမ်းအနားမှာ အပြည့်အသိပ် နေရာယူထားတာလေ"

"ဒါပဲလေလွှာ ... ဒီမင်္ဂလာညစာစားပွဲအခမ်းအနားလေးကို



ဒေါ်မဟာစံတကယ်ရဲရင်သာ တက်လာခဲ့တော့ပဲ ဟင်း ... ဟင်း ..."

တူယှဉ်မှီ ရယ်သံလေးက သွေ့ခြောက်ခြောက်။

တကယ်တော့ ...

ဒီအပြင်အဆင်တွေအားလုံးက သူမရင်ထဲကနှလုံးသားလေးတွေထဲကနေ စီးဆင်းလာတဲ့နာကျင်ခံပြင်းမှုတွေနဲ့ ပြင်ဆင်မွမ်းမံခဲ့တာလေ။ ဒေါ်မဟာစံကို အရှုံးပေးဖို့ဆိုတာ သူမအတွက်တော့ လုံးဝမဖြစ်နိုင်တဲ့အရာပါပဲ။

ဒီအနိုင်ကိုသူမရခဲ့တယ်ဆိုလျှင်လည်း မိန်းမတစ်ယောက်အတွက် အကောင်းဆုံးဂုဏ်သိက္ခာကို မြှင့်တင်မှုတစ်ခုသာဖြစ်လာပါလိမ့်မည်။

ခုချိန်မှာတော့ ...

အရှုံးအတွက်ရော၊ အနိုင်အတွက်ပါ သူမရင်ခုန်သံတွေ မြန်ဆန်နေရပါသည်။ တကယ်လို့သာ သူမဖိတ်ကြားထားသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတွေနဲ့ ဧည့်သည်တော်တွေအားလုံး အခမ်းအနားကို တက်ရောက်လာပါလျှက် စွဲညို့ငင်ဆိုတဲ့ သတို့သားလောင်းတစ်ယောက် ပျက်ကွက်ခဲ့ပါလျှင် လူပုံအလယ်တည့်တည့် အရှက်ကွဲရချေတော့မည်။

ထိုသို့သာဖြစ်ခဲ့လျှင် သူမဘာဆက်လုပ်သင့်ပါသလဲ။

"တူယှဉ်မှီ ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"စွဲညို့ငင်က တကယ်လာပါ့မလား"

"ဂုဏ်သိက္ခာရှိတဲ့ ယောက်ျားတစ်ယောက်ဆိုရင် ကျိန်းသေ သူလာမှာပါလွှာ ..."

"သူ့အမေ လွှဲပြောင်းပေးတဲ့ စံတော်ဝင်ရတနာကုမ္ပဏီနဲ့ လက်ရှိပိုင်ဆိုင်သမျှ စည်းစိမ်တွေကိုရယူပြီး ရောက်မလာတော့ဘူး ဆိုရင်ရော တူယုဉ်မှီ ..."

"ဂုဏ်သိက္ခာနဲ့စည်းစိမ်ဥစ္စာကိုလဲရဲတယ်ဆိုရင်တော့ ငါ့ဘက် ကသူ့ကိုဆက်ပြီး ငဲ့ကြည့်စရာမလိုတော့ဘူးပေါ့ဟာ"

"ငါကတော့ စိုးရိမ်တယ် တူယုဉ်မှီရယ် ... သူ့မာမီရဲ့အမွေ ဆက်ခံခွင့်ကိုရယူဖို့အတွက် နင်နဲ့ဇာစပ်ထားတာကို သူ့အမေဖျက် ပစ်လိုက်တာတောင် သူကခေါင်းငုံ့လက်ခံခဲ့တာနော်"

"အဲဒါ ... ငါသိပါတယ်လွှာ ..."

"နင့်အတွက် မမှားလောက်ဘူးလို့တော့ ငါထင်ပါတယ် တူယုဉ်မှီရယ် ... သူနင့်ကိုချစ်တဲ့အချစ်ကတော့ စစ်မှန်မှာပါ"

ဒါက ...

သိပ်ပြီးမသေချာမရေရာတဲ့ခံယူမှု မဟုတ်လားလွှာ။ နင် မယုံမရဲဖြစ်နေတယ်ဆိုတာ နင့်စကားအသွားအလာကိုကြည့်က တည်းက ငါသိပါတယ်လွှာရယ်။ ငါလဲ အဲဒီအချက်ကိုပဲ အရမ်းစိုးရိမ် ထိတ်လန့်နေတာပါပဲဟာ။

"တူယုဉ်မှီ ..."





"ဟင် ..."

"နင်ပြင်ဆင်တော့လေ ... ဧည့်သည်တွေကို ဧည့်ခံဖို့အတွက် အလှပြင်ဆိုင်က ဝန်ထမ်းကောင်မလေးတွေအားလုံးနဲ့ ငါကိုယ်တိုင် ပဲ တာဝန်ယူလိုက်ပါ့မယ် ... နင်လုပ်စရာရှိတာပဲလုပ်ပါ ..."

"အေးပါဟယ် ... ငါပြင်တော့မှာပါ"

"တူယုဉ်မှီ ..."

"ဟင် ... ဘာလဲ ... လွှာ"

"အားတင်းထားနော် ... သူငယ်ချင်း ... နင် ... ဒီပွဲမှာနိုင် ကိုနိုင်မှာပါ"

"အင်းပါ ..."

သူမအပြုံးလေးနဲ့ပဲ ခေါင်းလေးကိုညင်သာစွာ ညိတ်ပြလိုက် ပါသည်။ သဝဏ်လွှာအနားကနေ ထွက်သွားပြီး သိပ်မကြာခင် သူမ ခေါ်ထားသည့် အလုပ်သမားကောင်မလေးဆွိ အနားကိုရောက်လာ၏။ သူမကို ဝိုင်းကူပေးရန် ခေါ်ထားခြင်းဖြစ်သည်။

ကျွမ်းကျင်သွက်လက်နေတဲ့ သူမလက်တွေက ဖူးအိနေတဲ့ သူမမျက်နှာလေးထက် လိပ်ပြာလေးတစ်ကောင်လို ဖွံ့သန်းနေ[illegible] ကိုယ်တိုင်အလှပြင်နေတာပါ။ အလှဆုံးဖြစ်အောင် သူမကြိုးစားဝမ်း စား သင်ယူထားတဲ့ပညာကို ထုတ်သုံးနေမိသည်။

ဆွိကလည်း ဝိုင်းကူညီသည်။ အပြီးသတ် အဝတ်အစားများ လဲလှယ်ပြီးချိန်မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မမမှီရယ် ... လှလိုက်တာ၊ ဆွိတစ်သက်တာမှာ ဒီလောက်လှပပြီးအပြစ်ပြောစရာတစ်ခုလေးမှတောင် မရှိတဲ့သတို့သမီးမျိုးတစ်ခါမှကိုမမြင်ခဲ့ဖူးဘူး သိလား ... မမမှီက အရမ်းလှပြီး အရမ်းကိုပဲ ချစ်စရာကောင်းလွန်းတာ ... "

ရင်ပိုင်းဖြတ်ကိုယ်ကြပ်နဲ့ အောက်ခြေဂါဝန်ကားကြီး ဝတ်ဆင်ထားတဲ့ သူမဟာ ဆွိပြောသလိုပဲ တကယ့်ကိုလှနေတာပါ။ လှပတဲ့မျက်နှာလေးက ကြွေရုပ်လေးလို ပြောင်ပြောင်လေးတင်းနေပြီး ... ခေတ်မှီဆံထုံးလေးရှေ့မှာ နှင်းဆီပန်းပွင့်လေးတွေကို ဘီးကုတ်လေးလို ပုံဖော်ကာ ပန်ဆင်ထားလေသည်။ လက်ကိုင်ပန်းကလည်း နှင်းဆီတွေနဲ့ပဲလေ။

မင်္ဂလာအခမ်းအနားတစ်ခုလုံး နှင်းဆီအဖြူ၊ အဝါ၊ ပန်းရောင်၊ လိမ္မော်ရောင်သန်းနေတဲ့ အပွင့်လေးတွေနဲ့ စီခြယ်ထားၿပီ။ နှင်းဆီရနံ့လေးတွေနဲ့ သင်းပျံ့ထုံအီလို့ပါ။

ကဲ ...

ဒေါ်မဟာစံ ...

ရှင်ဘယ်လိုလုပ်မှာလဲ။

ကျွန်မ စီစဉ်တဲ့ပွဲကို ရှင်တက်မှာလား။ ဖျက်မှာလား ဒေါ်မဟာစံ ... ကျွန်မကတော့ အရှုံးမပေးစတမ်း ရှင့်ကိုစောင့်ကြည့်နေမှာ။

တစ်ဖက်မှာလဲ ...





ဒေါ်မဟာစံတစ်ယောက်ကတော့ဖြင့် သားဖြစ်သူ့စွဲညို့ငင်ရဲ့အရိပ်အခြည်ကိုပဲ မပြတ်တမ်း စောင့်ကြည့်နေရသည်။

သားကိုလုံးဝမသွားရဘူးလို့ တားထားတာလေ။

တူယုဉ်မှီဆီ သားသွားလို့ကတော့ ဘဝတစ်သက်တာလုံးအတွက် ခွက်ခွက်လန်အောင်ပဲ ရှုံးရတော့မှာမဟုတ်လား။ နံရံကပ်နာရီကိုပဲ မျက်လုံးပြူးလေးတွေနဲ့ စောင့်ကြည့်ကာ အချိန်တွေမြန်မြန်ကုန်သွားပါစေတော့ဆိုပြီးပဲ ကြိတ်ဆုတောင်းနေမိတော့သည်။

သားက သူ့အခန်းထဲမှာ ငြိမ်သက်နေတာလေ။ ညနေစောင်းလို့ မင်္ဂလာအခမ်းအနားပွဲစဖို့ အချိန်ကိုနီးကပ်လာနေပြီ။ သားဆီက ဘာလှုပ်ရှားသံမှမကြားသဖြင့် ဒေါ်မဟာစံ ကြိတ်ဝမ်းသာနေရ၏။ သားဆီကိုလည်းမသွားရဲ၊ တော်ကြာနေ မိမိကိုမြင်မှ သူ့ရဲ့မင်္ဂလာပွဲကို သတိတရရှိသွားမှာလဲကြောက်သည်။

တူယုဉ်မှီမှာတော့ဖြင့် လက်မှာပတ်ထားတဲ့နာရီလေးကိုကြည့်လိုက်ခေါင်းလေးထောင်မတ်ကာ ဧည့်ခံပွဲလာတဲ့လူတွေထဲ စွဲညို့ငင်ကိုရှာလိုက်နှင့် ဂဏှာမငြိမ်နိုင်ဘဲကို ရှိနေရသည်။

သူမစီစဉ်ထားတဲ့ ညစာစားပွဲမင်္ဂလာအခမ်းအနားလေးထဲမှာ ဧည့်သည်တွေ တော်တော်များများရောက်နေကြပြီ။ စားပွဲဝိုင်းတွေမှာလည်း လူတွေကအပြည့်။ အခမ်းအနားစတင်ဖို့က သတို့သားလောင်းကို စောင့်နေရသည်။

"တူယုဉ်မှီ ... "



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံက အနီးကပ်။

"ပြော … ပြောလေလွှာ … "

"မင်္ဂလာအချိန် အရမ်းနီးနေပြီနော် … "

သူမလက်ကနာရီဆီ တစ်ချက်ကြည့်ကာ သက်ပြင်းမော လေးကို သဝဏ်လွှာ မသိအောင် ခိုးချမိ၏။

"ဘယ်လိုလုပ်ကြမလဲ … တူယှဉ်မှိ … စွဲ … စွဲညို့ငင်လည်း ခုထိမလာသေးဘူးလေ … "

တူယှဉ်မှို့အသံလေး တိတ်နေ၏။ သူမအစိုးရိမ်မိဆုံးအချိန် မို့လည်း တစ်ခြားဘာစကားကိုမှလဲ မပြောနိုင်ခဲ့ပါ။

"တူယှဉ်မှိ … "

"ခဏစောင့်ကြည့်ဦးမယ် သဝဏ်လွှာ … အချိန်ကလိုသေး တာပဲဟာ … ငါ စောင့်လိုက်ဦးမယ်"

"စိတ်ညစ်လိုက်တာ တူယှဉ်မှိရယ် … အခမ်းအနားမှူးက လည်း သတို့သားလောင်းမလာသေးဘူးလားချည်းပဲ မေးနေတာ ပွဲကိုကြည့်ကောင်းအောင် ထိန်းနေရတယ် တူယှဉ်မှိ … သူတို့က ကိုစွဲညို့ငင်ဆီ ဖုန်းဆက်ကြည့်ဦးလေဆိုပြီးတော့ပဲ ပြောနေကြ ဘယ်ဟာ … မြန်မြန်လာခိုင်းလေလို့ ပြောနေတယ်ဟယ်"

အင်းပေါ့လေ …

သူမတို့ရဲ့အခြေအနေမှန်ကိုမသိကြတော့လဲ သတို့သားပြင် ဆင်ပြီးသားပဲ အမေးခိုင်းမှာပေါ့ … မြန်မြန်လာဖို့ပဲ သတိပေးခိုင်း





မှာပေါ့လေ။

"တူယှဉ်မှိ … "

"ဟင် … "

"နင် … နင် … သူ့ဆီဖုန်းဆက်ကြည့်ပါလားတူယှဉ်မှိ"

"ဟင့်အင်း … "

တူယှဉ်မှိ ခေါင်းလေးကိုသွက်နေအောင်ခါယမ်းပစ်လိုက်မိ သည်။ သဝဏ်လွှာပေးတဲ့ အကြံဉာဏ်ကို သူမဘက်က ဘယ်လိုမှ လိုက်လုပ်ပေးနိုင်မှာမဟုတ်ဘူးလေ။

"ဘာဖြစ်လို့လဲတူယှဉ်မှိ … အခုလိုအခြေအနေမျိုးမှာ အနိုင် ရဖို့ နင့်အသံလေးက သူ့အတွက်လိုအပ်ရင် လိုအပ်နေမှာပေါ့"

"ငါ သူ့ကိုဖိတ်စာသွားပေးကတည်းက စကားအကုန်ပြောခဲ့ ပြီးပြီ သဝဏ်လွှာ … ငါမှာထပ်ပြောစရာမကျန်လောက်အောင်ပဲ သူ့ကိုပြောခဲ့ပြီးပြီလေ သဝဏ်လွှာရယ် … နောက်ထပ် ဖုန်းဆက် သတိပေးဖို့မှ မလိုတော့တာပဲဟာ … "

"ဒါ … ဒါပေမယ့် အခုချိန်ထိ စွဲညို့ငင်မှမလာတာ … "

"အဲဒါတော့ … ငါလဲမတတ်နိုင်ဘူးလေ သဝဏ်လွှာ ဖိတ်စာ ထဲမှာ ပွဲစချိန်ခြောက်နာရီတိတိလို့ ငါသေချာထည့်ထားတာပဲလေ"

"တူယှဉ်မှိ … "

"ဟင် … "

"သူလုံးဝမလာဘူးဆိုရင်ရောဟင် … အခုပဲ ခြောက်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတော့မှာဆိုတော့ သူမလာဖို့က သေချာသလောက်ကိုရှိနေပြီ မဟုတ်လား တူယှဉ်မှီ ... ”

“နောက်ထပ် ဆယ်မိနစ်လောက်စောင့်ကြည့်ဦးမယ်လွှာ အဲဒါမှ သူမလာတော့ဘူးဆိုရင်တော့ ညစာစားပွဲအခမ်းအနားလေး ကို ဝမ်းနည်းစွာနဲ့ပဲ ငါဖျက်သိမ်းလိုက်တော့မယ်လေ ... ”

“ဒါ ... ဒါဆို”

“ငါ ... သူ့ကိုလုံးဝ သည်းခံခွင့်လွှတ်ဖို့ မကြိုးစားတော့ဘူး လွှာ ... ငါ့မှာထောက်ထားငဲ့ညှာစရာ ဘာမှမရှိတော့ဘူးလေ ... သူ့ကို မနက်ဖြန် တရားရုံးကနေပဲ စကားဆက်ပြောတော့မှာ”

“ဘာ ... ဘယ်လို တူယှဉ်မှီ ... နင်ဘာပြောလိုက်တယ်”

“ငါ ... လုပ်သင့်တာကိုဆက်လုပ်တော့မှာလွှာ ... ”

ဟယ် ...

တူယှဉ်မှီစကားလေးကြောင့် သဝဏ်လွှာမှာ ဘာစကားမှ ဆက်မပြောနိုင်တော့အောင်ဘဲ ဖြစ်သွားရပါပြီ။

“နင် ... နောက်ထပ်ထပ်စောင့်ပေးဖို့ အခမ်းအနားမှူးကို ပြောလိုက်ပါ ... ဆယ်မိနစ်လောက်မှမလာဘူးဆိုရင် ငါကိုယ်တိုင် ပဲ စင်မြင့်လေးဆီကိုလာခဲ့ပါ့မယ် ... ”

“ဪ ... အေး ... အေး ... တူယှဉ်မှီ၊ ဒါဆို ... ငါသွား လိုက်ဦးမယ်နော်”

“အေးပါ ... အခုလိုနင်ကူညီနေတာ ကျေးဇူးပါပဲလွှာ ... ”





“တူယှဉ်မှီရယ် ... မလိုပါဘူးဟာ၊ နင် ... ငါ့ကိုကျေးဇူးတင် စရာမလိုပါဘူး တူယှဉ်မှီရယ် ... ”

သဝဏ်လွှာတစ်ယောက် နေရာလေးကနေ ပြန်ထွက်သွား ပြန်ပါပြီ။

အလှပြင်ဆင်ဖို့ပေးထားတဲ့ အခန်းလေးထဲမှာတော့ တူယှဉ် မှီတစ်ယောက်တည်း။

စိတ်အစဉ်မှာတော့ စွဲညို့ငင်ဆီသာ ဖွံ့လွင့်နေခဲ့သည်။

နာရီလက်တံတွေက တရွေ့ရွေ့သွားနေ၏။ သတို့သား လောင်းဖြစ်တဲ့ စွဲညို့ငင်ကတော့ဖြင့် အရိပ်အယောင်လေးမျှပင် မမြင်ရသေးပါချေ။

တူယှဉ်မှီရင်ထဲက နှလုံးသားလေးက တဆစ်ဆစ်နာကျင် လာရပြီ။ မျက်ဝန်းအိမ်မှာ မျက်ရည်လေးတွေ စွေတက်လာရ၏။

ရှင် ...

တကယ်ပဲ စည်းစိမ်ဥစ္စာတွေကို ရွေးချယ်လိုက်တာလား ဟင်။

ကျွန်မ တကယ်မယုံချင်ဘူး စွဲညို့ငင်ရယ်။

ကျွန်မတို့နှစ်ယောက်ကြားက သံယောဇဉ်လေးကို ရှင် တကယ်ပဲ ဖြတ်တောက်ပစ်လိုက်ပြီလားရှင်။

နာရီလက်တံလေးက ခြောက်နာရီထိုးပြီးလို့ ဆယ်မိနစ်တိ တိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆိုရင် သူမအတွက် လုံလောက်သွားပါပြီလေ။

နေရာလေးကနေ သူမထရပ်လိုက်သည်။ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်တွေကိုအားနာဖို့ ကောင်းလှပါပြီလေ။ သူမသွားမှ သင့်တော်ပါတော့မည်။ တူယှဉ်မှီ အခန်းလေးထဲကနေ တရွေ့ရွေ့ လှမ်းလျှောက်လာခဲ့လိုက်၏။ သတို့သမီးလေးထွက်လာတာမြင် လိုက်တော့ ခပ်ကြိတ်ကြိတ်စကားသံတွေ ရပ်သွားသည်။ မျက်ဝန်း အကြည့်တွေအားလုံး သတို့သမီးလေးဖြစ်တဲ့ တူယှဉ်မှီဆီရောက် လာ၏။

လျှောက်လမ်းလေးအတိုင်း သူမတရွေ့ရွေ့သွားမိသည်။ မင်္ဂလာမောင်နှံအတွက် ထိုင်ဖို့ပြင်ဆင်ထားတဲ့ စင်မြင့်လေးဆီကို ဦးတည်ကာ သွားနေမိပါသည်။

ပြီးဆုံးသွားပြီ မဟုတ်ပါလား။

သူမကိုယ်တိုင်ပဲ ပြင်ဆင်ခဲ့တဲ့ မင်္ဂလာပွဲခင်းလေးကို သူမ ကိုယ်တိုင်ပဲ ဖျက်သိမ်းလိုက်ပါပြီလို့ တရားဝင်ကြေငြာပေးရတော့ မယ့်အဖြစ်လောက် ရင်နင့်စရာကောင်းတာမရှိတော့ပါ။

ဂါဝန် ဖားဖားကြီးကို ညင်သာစွာမလို့ စင်မြင့်လေးပေါ် ခြေ အလှမ်း။

"တူယှဉ်မှီ ... "

ဟင် ...

ခေါ်သံလေးတစ်ခု။





ဟုတ်ရဲ့လား ...

ဒီအသံဟာ သူမနဲ့အင်မတန်မှ ရင်းနှီးကျွမ်းဝင်ဖူးခဲ့တဲ့အသံ ကလေးမှဟုတ်ပါရဲ့လား။ ချာခနဲနေအောင် ခေါင်းလေးလှည့် စောင်းကြည့်လိုက်တော့ ပါးပြင်လေးပေါ် စီးကျလာတဲ့ မျက်ရည် စက်တွေက လွင့်ခနဲ မြေပြင်လေးထက် ကြွေဆင်းကျသွား၏။

"စွဲညို့ငင် ... "

နှုတ်ခမ်းလေးမှ တီးတိုးရေရွတ်သံလေး။

မျက်ရည်တွေကြောင့် ဝေဝါးနေတဲ့ အမြင်အာရုံလေးကို ကြည်လင်အောင် တစ်ချက်တော့ မျက်လုံးလေးကိုတင်းတင်းဖိပိတ် လိုက်တော့ မျက်ရည်စတွေ စီးကျသွားပြန်၏။ သူမပြန်ဖွင့်လိုက် ချိန်မှာတော့ လျှောက်လမ်းလေးအတိုင်း လာနေတဲ့အဖြူရောင် အနောက်တိုင်းဝတ်စုံလေးနဲ့ စွဲညို့ငင်ကို တွေ့လိုက်ရပါသည်။

"တူယှဉ်မှီ ... "

သူမလက်ကလေးကို တင်းတင်းလေး လာရောက်ဆုပ်ကိုင် ကာ သူခေါ်တော့ ...

"ကျွန်မ ရှင်မလာတော့လောက်ဘူးလို့ထင်တာ ... "

သူမအသံလေးက ဝမ်းနည်းမှုတွေကြောင့် တုန်ယင်လို့ခါ လို့နေပါသည်။

"ဘာလဲ ... အခမ်းအနားကို ဖျက်သိမ်းဖို့ကြေငြာတော့မလို့ ပေါ့လေ ... "



www.burmeseclassic.com

www.burmeseclassic.com



"သတို့သားမပါဘဲ ကျွန်မတစ်ယောက်တည်းနဲ့ ဒီညစာစားပွဲ ခင်းလာအခမ်းအနားကို ဘယ်လိုကျင်းပရမလဲ ဇွဲညို့ငင် ... ရှင်ပြောပါဦး၊ ကျွန်မဘယ်လိုဆက်ပြီး ကျင်းပရမှာလဲရှင် ... "

"ကိုယ် ... မင်းဆီကို မရောက်ရောက်အောင်လာမှာပဲဆိုတာကို မင်းမယုံဘူးလား တူယုဉ်မို ... ကိုယ်မင်းကို ဘယ်လောက်တောင်ချစ်သလဲဆိုတာ ရင်ခွဲပြလို့ရရင် ခွဲပြလိုက်ချင်ပါတယ်ကွာ၊ ကိုယ့်ဘဝတစ်သက်တာလုံးမှာ မင်းတစ်ယောက်တည်းကိုပဲချစ်ခဲ့တာပါ ... တူယုဉ်မိုလေးရယ်"

"ဘာပဲပြောပြော ရှင်အခုလိုရောက်လာပေးတဲ့အတွက် အရမ်းကိုပဲ ကျေးဇူးတင်ပါတယ်"

"ဘာလဲ တူယုဉ်မို ... ကိုယ်လာလို့ ဒေါ်မဟာစံဆိုတဲ့ ကိုယ့်မာမီကိုမင်းအနိုင်ရသွားလို့လားဟင် ... အဲဒီအတွက် ကိုယ့်ကိုကျေးဇူးတင်စကားတွေပြောနေတာလား ... အချစ်ကိုအနိုင်အရှုံးတွေနဲ့ မင်းတွက်ချက်နေတာလားကွာ ... အဲဒီလိုဆိုရင်တော့ ကိုယ်တကယ်ပဲခံစားရတယ်၊ ကိုယ်က ကိုယ်တို့နှစ်ယောက်ရဲ့ကြားမှာရှိတဲ့ ချစ်ခြင်းလေးတွေကို အဖြူစင်ဆုံးနဲ့ အသန့်စင်ဆုံးဖြစ်စေချင်ခဲ့တာ ... ဘာအရောင်တွေမှ အစွန်းထင်းမခံဘဲနဲ့လေ ... "

ကိုဇွဲညို့ငင်ရယ်။

တကယ်တော့ ကျွန်မရဲ့ဆန္ဒအမှန်ကလည်း ရှင်နဲ့ထပ်တူပါပဲရှင်၊





"ကိုယ်တွက်တာမှားသွားပြီလား တူယုဉ်မို ... မင်းဟာ မာမီအပေါ်မှာ အတိတ်ကအငြိုးအတေးတွေနဲ့ ဘယ်လောက်ပဲ နာကြည်းမုန်းတီးပြီး လက်စားချေနေပါစေ ... ကိုယ့်အပေါ်မှာထားတဲ့ ချစ်ခြင်းမေတ္တာလေးကတော့ စစ်မှန်မှာပဲလို့လေ ... ကိုယ်ဒီကိုလာဖို့ ဘာကြောင့်နောက်ကျနေခဲ့ရသလဲဆိုတာ မင်းသိရဲ့လား တူယုဉ်မို ... ကိုယ် ... ကိုယ်လေ ရှေ့နေကြီးကိုစောင့်နေရလို့ အလာနောက်ကျနေတာ တူယုဉ်မို ... "

ဟင် ...

သူ့အနောက်ဘက် ခပ်လှမ်းလှမ်းမှာရပ်နေသော တိုက်ပုံအင်္ကျီအနက်ရောင် ပိုးပြောင်ပုဆိုးကွက်စိပ်ကိုဝတ်ဆင်ထားပြီး ရပ်နေသောလူကြီးတစ်ယောက်။

"ဟောဟိုက လူကြီးက ကိုယ့်အသိမိတ်ဆွေတရားသူကြီး ဦးဝင်းကိုကိုပဲ တူယုဉ်မို ... သူဒီပွဲလေးကို ဘာကြောင့်ရောက်လာရသလဲဆိုတာရော မင်းသိချင်လားတူယုဉ်မို ... မင်းရဲ့အန်တီလေး ဒေါ်ယမင်းသော်ဆီက မတရားလုယူထားတဲ့ ညည်းနိမ့်ချမ်းသာမှုတွေနဲ့ရပ်တည်ခဲ့တဲ့ မာမီ့စည်းစိမ်ဥစ္စာတွေအားလုံးကို ကိုယ့်လက်ထဲကနေတစ်ဆင့် မင်းကိုအားလုံးလွှဲပြောင်းပေးပြီဆိုတာ တရားဝင်ဆောင်ရွက်ပေးဖို့ လိုက်လာတာ ... "

မြတ်စွာဘုရား ...

သူ ... သူဘာပြောလိုက်တာပါလဲ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ဥစ္စာတွေအားလုံး သူမကိုပြန်ပေးဖို့လိုက်လာတာတဲ့ ခလေ။

"ကိုယ်အားလုံးသိပြီးပါပြီ ... တူယှဉ်မှီရယ်၊ မင်းနဲ့မာမီတို့ ကိုယ်တို့အိမ်မှာအခြေအတင် စကားများကြတဲ့နေ့ကတည်းက အကြောင်းအရာတွေအားလုံးကို ကိုယ်သိခဲ့တာပါ ... ဒါကြောင့်လဲ ကိုယ်အရမ်းခံစားခဲ့ရတာပေါ့၊ မင်းကိုလဲ ကိုယ်ရင်မဆိုင်ရဲဘူးလေ၊ ကိုယ့်မာမီရဲ့လုပ်ရပ်တွေကြောင့် မင်းရဲ့မျက်နှာကိုတောင် ကိုယ် မကြည့်ရဲခဲ့ဘူးကွာ၊ ဒါကြောင့် ... မာမီဆီက အမွေအနှစ်တွေလွှဲ ပြောင်းရယူလို့ရအောင် ကိုယ်ကြိုးစားခဲ့တာပါ ... ကိုယ့်လက်ထဲ ရောက်မှ မင်းကိုပြန်ပေးလို့ရမှာမို့ မာမီယုံကြည်အောင်ကိုယ်ဟန် ဆောင်ပြခဲ့တာပါ တူယှဉ်မှီရယ် ... "

ဘုရား ... ဘုရား။

စွဲညို့ငင် ရှင်းပြနေတဲ့အကြောင်းအရာလေးကို နားထောင် ပြီး စိတ်ထဲကနေ ဘုရားတလိုက်မိသူက တူယှဉ်မှီရယ်ပဲမဟုတ်ပါ လား။ သူမအမှားကြီးမှားသွားခဲ့ပြီဆိုတာ ကိုယ်တိုင်ကလွဲပြီး ဘယ် သူကပိုပြီးသိမှာတဲ့လဲလေ။

ဒီလောက်ဆိုရင် သူဘာကိုဆိုလိုချင်သလဲဆိုတာ တူယှဉ်မှီ မသိဘဲနေပါတော့မလဲလေ။

စွဲညို့ငင်ရယ် ...

ကျွန်မ အရမ်းကိုမှားသွားပြီရှင်။





"ဘာပဲပြောပြော အခုဆိုရင် မင်းနိုင်သွားပါပြီ တူယှဉ်မှီ၊ လက်မှတ်လေးတစ်ချက်ထိုးလိုက်တာနဲ့တင် မင်းမာမီကိုအားလုံး အောင်နိုင်သွားပါပြီ၊ ပြီးတော့ ... မင်းစိတ်မပါဘဲ အရှုံးအနိုင်အတွက် တပင်တပန်း ပြင်ဆင်ထားတဲ့ဒီမင်္ဂလာပွဲ၊ မင်းရင်ထဲက မာမီ့အပေါ် မှာထားရှိတဲ့ အမုန်းအငြိုးတွေသာ ပြေမယ်ဆိုရင် ကိုယ်ကျေကျေ နပ်နပ်ပေးဆပ်တဲ့အနေနဲ့ မင်းနဲ့ယှဉ်တွဲပြီး မင်္ဂလာဆောင်ပေးပါ့ မယ် ... ပြီးရင်တော့ ... မင်းစိတ်ထဲမှာရှိတဲ့အတိုင်းသာ စိမ်ခြယ် လှယ်လိုက်ပါတူယှဉ်မှီ ... အခုချိန်မှာ မင်းဘာကိုပဲဆုံးဖြတ် ဆုံး ဖြတ် ကိုယ့်ဘက်ကတော့ လက်ခံလိုက်နာဖို့ပဲ ပြင်ဆင်ထားပါ တယ်တူယှဉ်မှီရယ် ... "

အို ...

ဒါဟာ သူ့ကိုအလိုမရှိရင် သွားခိုင်းနိုင်ပါတယ်ဆိုတဲ့သဘောပဲ မဟုတ်လား။ ပစ္စည်းဥစ္စာတွေလဲ သူပြန်ပေးခဲ့ပြီးပြီဆိုတော့ သူ့ကို စွန့်ပစ်ချင်ရင်လဲ နေရစ်ခဲ့ပါ့မယ်ဆိုတဲ့သဘောပဲလေ။

"တူယှဉ်မှီ ... "

သူ့ခေါ်သံက အက်ရှရှ ...

မျက်ဝန်းတစ်စုံကတော့ မှိန်ဖျော့လို့နေလေရဲ့ ...

"ကိုယ်မင်းကိုနောက်ဆုံးအနေနဲ့ အသိပေးစကားပြောချင် တာကတော့ မင်းရဲ့အနိုင်အတွက် ဂုဏ်ယူစွာနဲ့လက်ခုပ်တီးပေးဖို့ ကိုယ့်မာမီကိုယ်တိုင်လိုက်လာခဲ့တယ်ဆိုတာပါပဲကွာ ... မာမီ့ မှား



www.burmeseclassic.com

www.burmeseclassic.com



ဖွင်းတဲ့အယူအဆတွေနဲ့ အတ္တစိတ်တွေကို ကိုယ်ကြောင့်နဲ့ပဲ ဖွန့်သွတ်ပြီးသူလိုက်လာခဲ့တာပါ။ ဟောဒီကမ္ဘာကြီးထဲမှာ စည်းစိမ်ဥစ္စာတွေထက် တန်ဖိုးအရှိဆုံးအရာက ကိုယ့်သားသမီးဆီက အထင်ကြီးလေးစားမှုပဲဆိုတာကို သိသွားတဲ့မာမီက ကိုယ်ဖွန့်လွှတ်မှာကိုမလိုလားလို့ လိုက်လာခဲ့တာလေ၊ ဟော့ဟိုနောက်ကစားပွဲဝိုင်းလေးကိုကြည့်လိုက် တူယုဉ်မှီ ... မာမီဒေါ်မဟာစံထိုင်နေတယ် ... မင်းကြည့်လိုက်ပါ ... ”

အို ...

ဒေါ်မဟာစံ၊ လှပနုသစ်နေတဲ့ ပန်းနုရောင်ဝတ်စုံလေးနဲ့ထိုင်နေသည်။ တကယ့်ကို တည်တည်ငြိမ်ငြိမ်နဲ့ပါပဲလေ။

“ကဲ ... မင်းဒီလောက်ဆိုကျေနပ်ပြီမဟုတ်လား တူယုဉ်မှီ”

သူခေါင်းလဲမညိတ်မိ။ ခေါင်းလဲမခါမိပါချေ။

“တူယုဉ်မှီ ... ”

“ဟင် ... ”

“မင်္ဂလာပွဲကိုစတင်လို့ရပါပြီ ... စနိုင်းလိုက်ပါ တူယုဉ်မှီ”

အို ...

တူယုဉ်မှီ ရင်ထဲကနှလုံးသားတစ်ခုလုံး တုန်ခါနေရသည်။ လှာက အခြေအနေကိုရိပ်မိစွာပဲ အခမ်းအနားမှူးကို မင်္ဂလာပွဲအခမ်းအနားစတင်ဖို့ ကပျာကယာ သတိပေးပါသည်။

စတင်ပါပြီ။





တူယုဉ်မှီနဲ့စွဲညို့ငင်ရဲ့ ညစာစားပွဲမင်္ဂလာဧည့်ခံပွဲလေးကို စတင်ခဲ့ပါပြီ။ သူကလည်း ကြည်သာစွာပင် သတို့သားလောင်းလေးနေရာတွင်ရှိနေပေးပါသည်။ မျက်နှာချောချောလေးထက်မှာတော့ အပြုံးနုနုလေးတွေနဲ့ပါ။ သူပြောသလိုပါပဲ ကြည်ကြည်သာသာပဲ သူမနဲ့ယှဉ်တွဲကာ စိတ်ပါလက်ပါ မင်္ဂလာဆောင်နေခဲ့သည်။

စွဲညို့ငင်ရယ် ...

ရှင်ကစကားတွေ အကြောင်းအရာတွေ အများကြီးကိုပြောပြခဲ့တယ်နော်။ ဘယ်လိုမှထင်မှတ်မထားတဲ့ စကားတွေကို ရှင်တရစပ်ပြောပြခဲ့တာပါ။

ကျွန်မလေ အံ့ဩလွန်းလို့ ဘာစကားတစ်ခွန်းကိုမှ ပြန်မပြောနိုင်ခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရင်ထဲမှာ အံ့ဩမှုတွေရော၊ ကြည်နူးမှုတွေရော နှောင်တတရားတွေပါ ရောထွေးပြီးရှုတ်ယှက်ခတ်နေခဲ့လို့ပါပဲ စွဲညို့ငင်ရယ်။

ဒါပေမယ့်လေ ...

ကျွန်မ ရှင့်ကိုပြန်ပြောချင်တဲ့စကားလေးကတော့ ရင်ဘတ်နဲ့အပြည့်အသိပ် ရှိခဲ့ပါတယ် စွဲညို့ငင်ရယ်။

အဲဒါ ...

ဒီမင်္ဂလာအခမ်းအနားလေး ပြီးဆုံးရင်တော့ ရှင့်ကိုကျွန်မသေသေချာချာပြောမှာပါ ... ရှင်နားထောင်ချင်သည်ဖြစ်စေ မထောင်ချင်သည်ဖြစ်စေပေါ့။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားက ...

စွဲညို့ငင်ဆိုတဲ့ ရှင့်ကိုဘယ်လိုအကြောင်းမျိုးနဲ့မှ ကျွန်မ မစွန့်လွှတ်နိုင်ပါဘူးဆိုတဲ့စကားလေးပဲပေါ့ရှင်။ စည်းစိမ်ဥစ္စာတွေထက် ကျွန်မကို သိပ်ချစ်တဲ့ရှင့်ကို ပိုပြီးမက်မောပါတယ်ဆိုတာပေါ့။ ကျွန်မလေ ... ရှင်သိအောင်စကားတွေအများကြီး ပြောပြချင်ပါသေးတယ်ရှင်။ ရှင့်ကိုသိပ်ချစ်တယ် စွဲညို့ငင် ... ထင်မထားလောက်အောင်ဘဲ ချစ်ခဲ့မိတာပါ ရှင်ရယ် ... ရှင့်ရဲ့ ညို့ချက်ပြင်းတဲ့ချစ်ခြင်းလေးဆီကနေ ဘယ်ကိုမှ ရှောင်ထွက်မသွားနိုင်ပါဘူးလို့ ဝန်ခံရင်း ... ။

*ရင်ခုန်သံမရပ်သရွေ့ အမြဲချစ်တာတော်နေမယ် ...*

ရှင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com